# ဘာသာရေး ပြဿနာများ

၂

ရဝေထွန်း

ဒုတိယအကြိမ်

PDF processed with CutePDF evaluation edition www.CutePDF.com

www.dhammaransi.com

PDF processed with CutePDF evaluation edition www.CutePDF.com

ရဝေထွန်း

# ဘာသာရေးပြဿနာများ(၂)

ပါရမီ
စာပေ

www.dhammaransi.com

**ဘာသာရေးပြဿနာများ(၂)**
ဒုတိယအကြိမ်၊ ၂၀၀၄ ခုနှစ် ဇွန်၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၈၂/ ၂၀၀၃(၇) နှင့် စာမူခွင့်ပြုချက်အမှတ် ၁၈၆/ ၂၀၀၃(၃) တို့အရ ဦးတင်ရှိန်(၀၃၇၆၃) စန်းရောင်ရှိန်စာပေ၊ ၄/ ၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာက ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦးပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၁၂၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/ ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

www.dhammaranasi.com

# မာတိကာ


| | |
|---|---|
| ကာမေသု မိစ္ဆာစာရအကုသိုလ် ကျော်ပျောက်ရန် | ၁၈၉ |
| ကာယသံသဂ္ဂကိစ္စ | ၂၁၂ |
| ကာလနဂါးမင်း | ၄၄ |
| ကုသိုလ်ကို လှူခြင်း | ၁၂၆ |
| ကုသိုလ်အတူရ မရ | ၂၂၀ |
| ကေစိဝါဒ | ၉၉ |
| ကန်တော့ခန်း ဆုတောင်း | ၁၃၄ |
| ကန်တော့ခြင်း | ၁၈၈ |
| ကန်တော့ဆွမ်းနှင့် ကန်တော့ခြင်း | ၁၅၀ |
| ကျောင်းတိုက်ပြင်ပ ကထိန်အလှူ | ၁၃၆ |
| ကျောင်းတိုင်းမနေခြင်း စသည် | ၁၈၂ |
| ကျောင်းနှစ်ကျောင်း၌ ဝါကပ်ခြင်း | ၁၆၄ |
| ကြေးစည်နှင့်အသုဘ | ၁၅၁ |
| ကြယ်ကြွေခြင်းလော | ၁၇၇ |
| ကွမ်းတောင်ပန်းတောင် | ၃၁ |
| ကွယ်လွန်သူက အနံ့ပေးခြင်း | ၆၁ |


www.dhammaransi.com

| | |
|---|---|
| ကွယ်လွန်သူများကို ကန်တော့ခြင်းနှင့်သီလ | ၅၅ |
| ကျွတ်လွတ်ခြင်း | ၅၄ |
| ခေါင်းလောင်း | ၁၄၅ |
| ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ | ၁၁၃ |
| ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ | ၅၁ |
| ခြသေ့ံရုပ် | ၂၀၄ |
| ဂုဏ်တော်စသည် ရွတ်ဆိုခြင်း | ၈၄ |
| ငရဲပြည်နှင့် ငရဲထိန်းများ | ၈၈ |
| ငါးပါးသီလနှင့် သီလရှင်များ | ၈၂ |
| စကြဝေတီနှင့် ကုသိုလ်အကုသိုလ် | ၄၆ |
| စရဏတရားတစ်ဆယ့်ငါးပါး | ၂၁၆ |
| စရိုက်ခြောက်ပါးနှင့် ကမ္မဋ္ဌာန်း | ၉၀ |
| စာမတတ်သူ | ၁၆၅ |
| စာအုပ်ကိုရှိခိုးခြင်း | ၁၈၀ |
| စုဆောင်းခြင်း | ၇၆ |
| စေတီလေးမျိုး | ၃၂ |
| စေတီဟောင်းပြင်ဆင်ရာ၌ | ၁၆၇ |
| စည်းချရွတ်ဆိုရာ၌အရပ်မျက်နှာ | ၁၈၁ |
| ဆရာဇီဝက၏ဘဝ | ၈၃ |
| ဆုတောင်းသင့် မသင့် | ၁၉၆ |
| ဆံပင်ထပ်ရိတ်ခြင်းနှင့် သကြားလုံးစားခြင်း | ၂၀၅ |
| ဆွေခုနစ်ဆက်မျိုးခုနစ်ဆက် | ၂၁၃ |
| ဆွမ်းစားစဉ် ရှိခိုးခြင်း | ၁၄ |


www.dhammaransi.com

ဆွမ်းတော်တင်စားအပ် မအပ် ၁၉၄
ဆွမ်းတော်မတင်မီ စားခြင်း ၃၉
ဆွံ့အ နားမကြားနှင့်ဘုရားစာ ၁၂၂

ဥ ယျမိတရားငါးပါး ၂၀၁

တဏှာကျက်ရာဘုရား၏ မိဖုရားအမည် ၁၉၀
တိရစ္ဆာန်တို့စကား ၁၀၄
တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ် ၄၀
တစ်ဆယ့်လေးချက် ခမ္မစက် ၈၉
တစ်ထောင့်ငါးရာ ကိလေသာ ၅၀

ဒါနပြုရာဝယ် ၁၂၃
ဒုစရိုက်နှင့် ကံသုံးပါး ၇၀
ဒေဝဒတ်နှင့် အဇာတသတ် ၂၀၁
ဒေဝဒတ်နှင့် ကြွဒ္ဒိပါဒ်တန်ခိုး ၄၉
ဒက္ခိဏာသာခါထုလုပ် ကိုးကွယ်ခြင်း ၁၃

ဓာတုပရိနိဗ္ဗာန်ရောင်တော်ပြန် ၂၂
ဓားမအလှူ ၁၇၆

နတ်နဂါးနတ်ဘီလူး ၁၇၀
နတ်နှင့် ပါဠိ ၁၂၀
နိဗ္ဗာန်ကိုရခြင်း မျက်မှောက်ပြုခြင်း ၅၈
နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန် ၁၅၅
နှစ်ကျိပ်ရှစ်ဆူနှင့် ဘုရားခုနစ်ဆူ ၇၂
ပထမံဂါထာနှင့် အစိန္တေယျလေးဂါထာ ၇၅

www.dhammaransi.com

ပရိဝါသ် မာနတ်ညဉ့်ပြတ်ဝတ်ပျက်ကိစ္စ ၂၀၇
ပရိတ်တော်များနှင့် အမနုဿများ ၁၄၄
ပါဏာတိပါတ ၁၈၆
ပါဏာတိပါတကံမှာ စေတနာသုံးပါးပါမပါ ၁၇၂
ပါဠိဘာသာစကား ၁၃၅
ပိဋကတ်တော်များရောက်ရှိချိန် ၂၁၇
ပုတီးစိပ်ခြင်း ၁၅
ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်း ၄၆
ပုထုဇဉ်နှင့် သောတာပန် ၁၁၈
ပစ္စည်းကောက်ရလျှင် ၁၉၇

ဖွားဖက်တော်ခုနစ်ဦး ၂၀၉

ဗောဓိဆု ၂၁၇
ဗောဓိညောင်ပင်ဗောဓိညောင်ရွက် ၂၁၂

ဘဘုန်း ၁၉၉
ဘာသာ ၂-မျိုး၊ ၃-မျိုးကိုးကွယ်လျှင် ၂၅
ဘုရားကိုးဆူ ၂၁
ဘုရားဆုနှင့် ဗျာဒိတ်တော် ၂၁၄
ဘုရားနှင့်ခြသေ့်ရုပ် ၉၈
ဘုရားပေါ်တက်၍ သန့်ရှင်းရေးလုပ်ခြင်း ၁၈၂
ဘုရားဘွဲ့မည်တော် ၂၈
ဘုရားမဟုတ် ညာတင်ကုတ် ၁၁၆
ဘုရားရှိခိုးနှင့် အိမ်စောင့်နတ် ၃၅
ဘုရားလှူစရာ ပန်းမာလာ ၃၇


www.dhammaransi.com

ဘုန်းကံ ၈၅
ဘုမ္မစိုးနှင့် ရဟန္တာဘဝ ၁၂၀
မစားကောင်းသော အသား ၁၀-မျိုး ၁၄၈
မနုဿီဟ ၁၈၇
မဟာမြတ်မုနိနှင့် အတူသုံးဆူ ၁၆၆
မဟာဝင်ဝတ္ထု ၁၇၀
မဟာသာဝက ဆုတောင်းထားပါ၍ ၁၁၅
မဟောသဓ အဘယ်ကြောင့် နဂါးဖြစ် ၁၈၇
မာယာလေးဆယ် ၆၄
မိဘပြစ်မှား အပြစ်များ ၁၃၈
မိမိကိုယ်ကို အဆုံးစီရင်ခြင်း ၁၄၇
မတ္တလုဂ်ီနှင့် အဖျဉ်းအပြင် ၁၀၅
မေတ္တာသုတ်အကြောင်း ၁၅၆
မိန်းမဘဝဖြင့် နိဗ္ဗာန်ရမရ ၃၆
မယ်တော်မာယာအသက် ၂၇
မာရ်နတ် ၃၄
မာရ်နတ်နှင့် ဗြဟ္မာ့ပြည် ၂၀
မြေနုတ်ခြင်း ၃၈
မြေအောက်၌ ဓာတ်တော်ဌာပနာခြင်း ၁၄၀
မြောက်သို့ဦးခေါင်းတော်ပြု၍ ပရိနိဗ္ဗာန်စံဝင်မှု ၁၇၂
မြတ်စွာဘုရား ကျိန်းစက်ခြင်း ၂၁၈
မြန်မာလူမျိုးနှင့် မြတ်စွာဘုရား ၆၃

ယသပကာပြာဋိဟာ ၂၀၀

ရဟန်းခံကြရာတွင် ၉၅
ရဟန်းခံလျှင် ၁၉၈
ရဟန်းနှင့် သူနာပြုဆရာမ ၁၇၄
ရဟန္တာနှင့် ကာလနဂါး ၁၀၂
ရဟန်းဒါယိကာမနှင့် အသက်အရွယ် ၈၁
ရဟန်းဘဝနှင့် မိဘဆရာသမား ၆၀
ရဟန်းလောင်းနှင့် အသက် ၅၇
ရဟန်းသံဃာထံမှ ခံယူခြင်းနှင့် ရပ်ပြစ်လွတ်ရေး ၄၀
ရေစက်ချရန်လို မလို ၁၀၀
ရပ်၍ ရှိခိုးခြင်း ၅၉
ရုပ်နာမ် အနိစ္စ ၂၀၃
ရွတ်ဆိုသော ပရိတ်ဂါထာများ ၁၆၆
ရွတ်ဖတ်ကိစ္စ ၆၃
ရှောက်သီးသုပ် ၂၀၄
ရှင်တစ်ရာ ၂၀၈
ရှင်မပြုဘဲ ရဟန်းခံ၍ရမရ ၁၆၃
ရှင်ဥပဂုတ္တ ရဟန္တာ ၁၇၆
ရှစ်ပါးသီလနှင့် တီဗွီ ဗွီဒီယို ၄၈
ရှစ်လုံးဘွဲ့နှင့် နစ္စ ကိစ္စ ၁၀၆

လူနှင့်ရဟန်း ကုသိုလ်အကုသိုလ် ၁၂၈
လူပုဂ္ဂိုလ်နှင့် ဓုတင် ၁၀၃
လူပုဂ္ဂိုလ်နှင့် ဥဒ္ဒိဿမံသ ၁၉၂
လူပျိုဘုရား ၁၁၁
လူ့အသွင်ဖြင့် ရဟန္တာဖြစ်သူများ ၇၄

www.dhammaransi.com

| | |
|---|---|
| လောကီ လောကုတ္တရာ သရဏဂုံ | ၁၁၉ |
| လက်ယာရစ် လက်ဝဲရစ် | ၁၈၃ |
| လက်အုပ်နှင့်လက်စုံ | ၁၆၀ |
| လယ်တီဆရာတော်နှင့် သင်္ဂါယနာ | ၁၇၄ |
| လှူဒါန်းခြင်းနှင့် ကန်တော့ခြင်း | ၁၉ |
| ဝိညာဉ် | ၇၆ |
| ဝိပါက်အမှန် ဇောအပြန် | ၇၉ |
| ဝိဇ္ဇာစရဏ သမ္ပန္န | ၁၄၄ |
| ဝင်္ကြွေးကြေအောင် | ၂၉ |
| ဝဋ်နှင့် ငရဲ | ၅၃ |
| ဝါသ်ဆောက်တည်မှု | ၁၉၀ |
| ဝိသာသဂ္ဂါဟ | ၁၈၅ |
| သဘင်သည်နှင့်ဈေးသည် | ၁၅၃ |
| သာမဏေနှင့် ၂၂၇သွယ် | ၄၂ |
| သာရဏီယဝတ် စသည့်အကြောင်း | ၁၅၈ |
| သိကြားသာသနာ | ၉၄ |
| သီလမဂ္ဂင်သုံးပါး မရခြင်းကား | ၁၁၄ |
| သူတော်ကောင်းတရားခုနစ်ပါး | ၁၅၁ |
| သူတစ်ပါးအတွက် ကုသိုလ်ပြုခြင်း | ၂၀၇ |
| သေခါနီး၌ နတ်ရထားဆိုက်ခြင်း | ၁၂၄ |
| သေခါနီးအချိန် | ၁၆၁ |
| သေမင်း၏စစ်သည်များ | ၁၁၂ |
| သေသူအတွက် ရိက္ခာဆက် | ၆၆ |
| သောတာပန်နှင့် ခုနစ်ဘဝ | ၁၇၂ |


www.dhammaransi.com

| | |
|---|---|
| သောတာပန်နှင့် နောက်ဘုရား | ၃၃ |
| သောတာပန်ဖြစ်ရန် | ၁၅၃ |
| သံဃဘေဒကကံ | ၁၅၇ |
| သံဃိကကျောင်း | ၂၁၉ |
| သံရှစ်ချက်ဂါထာ | ၆၇ |
| သက်ရာကျော်များ | ၂၁၄ |
| သိက္ခာချခြင်း | ၂၁၀ |
| သက်န်းရောင် | ၁၀၉ |
| သကြ်န်ရက်နှင့် သိကြားမင်း | ၇၃ |
| သင်္ဂါယနာတင်ချိန်နှင့် မြန်မာမင်းများ | ၁၉၈ |
| သင်းကျစ်တော်နှင့် ညှပ်ရိုးတော်ဓာတ် | ၆၉ |
| သတ်ချိန်နှင့် သေချိန် | ၁၀၇ |
| သတ္တဝါအနန္တ | ၁၃၂ |
| သတ္တာဝါသဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါး | ၉၂ |
| သဒ္ဓါသီလတူမျှပါစေ | ၁၄၁ |
| သိဒ္ဓိ ၁၀-ပါး | ၇၇ |
| သဗ္ဗေမမွာ အနတ္တာဉ္ဇ နိဗ္ဗာန်ပါမပါ | ၅၈ |
| သိမ်ဝင်စိပ်ပုတီး | ၈၀ |
| ဟသ်ာရုပ်နှင့် တံခွန်တိုင် | ၂၁၅ |
| အကုသိုလ်ပြု၍ လှူဒါန်းခြင်း | ၅၁ |
| အကျွတ်တရားနှင့် အရိမေတ္တေယျဘုရား | ၁၂၆ |
| အခြားဘာသာဝင်များ သုဂတိရောက်မရောက် | ၄၃ |
| အစောင့်အရှောက် အကူအညီ | ၁၅၅ |


www.dhammaransi.com

အဆန်းတကြယ် စေတီဝယ် ခြယ်လှယ်သင့်မြတ်ပါအံ့နည်း ၁၅၉
အနန္တော အနန္တငါးပါး ၉၉
အပရာဇိတ ပလ္လင်တော် ၆၅
အမွေးအရေအတွက် လည်လှီးခံရချက် ၉၁
အမျှဝေခြင်း ၁၀၈
အရိမေတ္တေယျ မြတ်စွာဘုရား ၉၆
အရိယာ ပုဂ္ဂိုလ်များဟု သိနိုင်မသိနိုင် ၃၀
အရက်ထည့်၍ ချက်သောဟင်း ၁၈၄
အရုဏ်မတက်မီ ဆွမ်းတော်တင်ခြင်း ၁၉၃
အရှင်ဒါရုစိရိယနှင့် အခြားပြဿနာများ ၁၆၉
အရှင်ရာဟုလာအကြောင်း ၁၃၁
အရှင်လတ်လတ်မြေမြှုံခံရသူများနှင့် နတ်ပြည်ရောက်သူများ ၁၄၆
အရှင်အနုရုဒ္ဓါ၊ အရှင် နန္ဒနှင့် အရှင်ရာဟုလာ ၁၄၉
အလွတ်ရွတ်နှင့် ဖတ်ရွတ် ၁၁၀
အသူရကာယ် ၂၆
အသောကမင်းနှင့် ဘုရားစေတီများ ၁၆
အသက်နှစ်ဆယ်မပြည့်မီ ရဟန်းပြုခြင်း ၆၈
အာဇီဝဋ္ဌမကသီလ ၁၃၉
အာဝါဟ ဝိဝါဟ မင်္ဂလာ ၁၈၀
အာဝေဏိက ဂုဏ်တော် ၅၆

ဥပနှင့် ပရမတ္ထပါရမီ ၈၆
ဥပုသ်သည် စစ်စစ်ဖြစ်ရေး ၁၃၃
ဥပုသ်သည်နှင့် ခမ္ဘဂီတ ၁၃၇
ဥရုဝေလကဿပ ရသေ့ညီနောင်နှင့် တန်ခိုးတော်များ ၁၄၂

www.dhammaransi.com

အက္ခရာနှင့်ဘာသာ ၁၈၂
ဥစ္စာစောင့် ၁၆
အန္တရာယ်ကင်းဂါထာနှင့် ထေရဝါဒ ၁၃၀
ဣန္ဒြေ ၁၇၇

www.dhammaransi.com

# ဒက္ခိဏသာခါ ထုလုပ် ကိုးကွယ်ခြင်း

**မေး**။ အရှင်ဘုရား၊ ဒက္ခိဏသာခါဘုရားမှာ ဦးခေါင်းတော်၊ ဇက်တော် ပုဝိုင်း၍ လက်တော်ဘန်းတန်းပုံတော်နှင့် မှို ၉ ချက် ပါဝင်၍ ဗောဓိတောင်ကိုင်းကိုမှ ထုလုပ် ကိုးကွယ်ရသည်မှာ အဘယ်ကြောင့်ပါနည်းဘုရား။ ရှင်းပြတော်မူပါ။

ဒေါ်တင်မေလှိုင်(သုဝဏ္ဏ)

**ဖြေ**။ သာသနာနှစ် ၂၃၆ တွင်အသောကမင်းကြီးက မဟာဗောဓိပင်၏ တောင်ဘက်ကိုင်းကို ဆေးဒန်း၊ မြင်းသီလာတို့ဖြင့် ရစ်၍ အဓိဋ္ဌာန်လျက် ဖြတ်စေတော်မူပြီး သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ ပို့ဆောင် စိုက်ပျိုး ကိုးကွယ်စေသဖြင့် ထိုဗောဓိပင်ကို ဒက္ခိဏသာခါ (တောင်ကိုင်း) ဗောဓိပင်ဟု ခေါ်ဆိုပါသည်။ ထိုဗောဓိပင်မှ အရွက် ခြောက်၊ အကိုင်းခြောက်များကို သားရိုးသစ်စေးများဖြင့် နယ်၍လည်းကောင်း၊ အသား ကို ထု၍လည်းကောင်း ပြုလုပ်သော ရုပ်ပွားတော်ကို ဒက္ခိဏသာခါ ရုပ်ပွားတော် ဟူ၍ ခေါ်ပါသည်။

သီဟိုဠ်နှင့် မြန်မာသည် ရှေးရှေးပုဂံခေတ်မှစ၍ သာသနာရေး ဆက်သွယ်မှု ရှိခဲ့ပြီး သီဟိုဠ်ရဟန်းတော်များ မြန်မာနိုင်ငံသို့ ကြွရောက်လေ့ရှိရာ ၎င်းတို့နှင့်အတူ ရုပ်ပွားတော်များပါလာလေ့ရှိကြောင်း၊ အထူးအားဖြင့် မြန်မာသက္ကရာဇ် ၇၈၈ ခုနှစ်၊ ရတနာပူရ (အင်းဝ)၌ ရွှေနန်း

www.dhammaransi.com

တက်တော်မူသော မိုးညှင်းမင်းတရားလက်ထက်တွင် အကြီး အငယ် အဆူ သုံးရာကျော် ရောက်လာကြောင်း၊ မင်းမှုးမတ်မှစ၍ ပြည်သူတို့ အမြတ်တနိုး ကိုးကွယ်ကြကြောင်း သမိုင်းစာတမ်းတို့၌ ပါရှိသည်။ မှို ဇချက်ဆိုသည်မှာ ဒက္ခိဏသာခါ သားရိုးဆင်းတု၌ ကြုတ်ငယ်ကလေး ကိုးလုံး နှံသွင်း၍ ဓာတ်တော် စသည်များ ထည့်ပြီး ကိုးကွယ်ကြသည် ဟု ဒက္ခိဏသာခါ ကိုးကွယ်နည်းကျမ်းတို့၌ အဆိုရှိသည်။ ပုပု ဝိုင်းဝိုင်း လက်တော်တန်းတန်းပုံသဏ္ဌာန်တော်မှာ မူလ သီဟိုဠ်ပုံသဏ္ဌာန် ဖြစ် ဟန်တူပါသည်။ နောက်ထုလုပ်ကြသူများက ရှေးနည်းရှေးဟန်အတိုင်း ထုလုပ်၍ ဤပုံမျိုး တည်တံ့နေသည်ဟု ခန့်မှန်းရပါသည်။

သို့သော် ဒက္ခိဏသာခါ ဗောဓိသားမှ ဖြစ်မည်၊ ဤပုံမျိုး ထုလုပ်မှ ဖြစ်မည်ဟု မဆိုသာပါ။ မြတ်စွာဘုရားရုပ်တုတော်များမှာ သွားတော်၊ လျှာတော် စသော မမြင်ရသည့် အတွင်းလက္ခဏာတော် ၁၂ ပါးမှ တစ်ပါး ဖူးမြင်နိုင်သောလက္ခဏာတော် ၂၀ နှင့်အညီ ထုလုပ်မှ ကြည်ညို ဖွယ်ရာ ဗုဒ္ဓရူပ ဥဒ္ဒိဿ စေတီတော် ဖြစ်၍ မည်သည့်သစ်သားကို ဖြစ်စေ မြန်မာ့ယဉ်ကျေးမှု ပုံစံကျကျ မူလဘူမိဖဿ သပ္ပါယ်ကြည်ညို ဖွယ်ရာ ထုလုပ်ကိုးကွယ်ခြင်းသည်သာ အမှန်ကန်ဆုံး ဖြစ်ကြောင်း ပြောကြားလိုပါသည်။

*

## ဆွမ်းစားစဉ် ရှိခိုးခြင်း

**မေး**။ ရဟန်းတော်များ ဆွမ်းဘုဉ်းပေးစဉ် လူပုဂ္ဂိုလ်များ ရှိခိုးသင့်၊ မခိုးသင့်၊ ရှိခိုးသော လူပုဂ္ဂိုလ်များ အကျိုးအပြစ် ရှိမရှိ သိလိုပါသည် ဘုရား။

မောင်မောင်ပြုံး

လည်ဝေါက်၊ ယင်းမာပင်မြို့နယ်။

www.dhammaransi.com

**ဖြေ**။ ပရိဝါ ပါဠိတော်(ဝိ၊ ၅၊ ၃၅၇)၌“ခါဒန္တော အဝန္ဒိယော၊ ဘုဥ္ဇန္တော အဝန္ဒိယော” စသည်ဖြင့် ပါ၍ ‘ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်သော၊ ဆွမ်းကိုစားသော ရဟန်းအား ရှိမခိုးအပ်’ဟုဆိုကာ ရဟန်းတော်များ ဆွမ်းစားနေစဉ် လူများ ရှိခိုးဦးချ မပြုရဟု အချို့ ဆုံးမကြသည်။ ထို့ကြောင့် အချို့ ဒကာ၊ ဒကာမများက ဆွမ်းစားနေသော ရဟန်းများအား ရှိခိုးဦးချ မပြုကြဟု ကြားသိရပါသည်။ အမှန်မှာ ဤအဝန္ဒိယ အပိုင်း၌ ပါရှိသည်မှာ ရဟန်းအချင်းချင်းကိုသာ ဆိုလိုသဖြင့် ဆွမ်းဒါယကာ၊ ဒါယိကာမများအနေဖြင့် ဆွမ်းဘုဉ်းပေးနေသော ရဟန်းများအား ရှိခိုးကောင်းရုံမက ‘ဤဟင်းကလေး ကောင်းပါသည်ဘုရား၊ ဤမုန့်ကလေး ကောင်းပါသည်ဘုရား၊ အားရှိစေသော အာဟာရ ဖြစ်ပါသည်ဘုရား၊ ဘုဉ်းပေးပါဦးဘုရား’ စသည်ဖြင့် လျှောက်ထား၍ ရဟန်းများက ပိုမိုသုံးဆောင်သွားလျှင် ကုသိုလ်ပင် ဖြစ်သေးကြောင်း၊ ရိုရို သေသေ ဆွမ်းလုပ်ကျွေး၍ ဤသို့လျှောက်ထားခြင်း၊ အကပ်မပျက် စေဘဲ ထည့်ပေးခြင်း၊ လိုသည်ထက် ပိုမိုသုံးဆောင်စေခြင်းတို့ကြောင့် ဝိသာခါသည် မိဘအိမ်မှ ထွက်ခွာရာ၌ မိဘပေးသည့်ထက် ပစ္စည်းဥစ္စာများ ပိုမို ရရှိခြင်း၊ မြင်း၊ နွားနှင့် ကျေးကျွန်များ အတင်းခုန်လွှား၍ ဝိုင်းဝန်း လိုက်ပါသွားကြခြင်း၊ အခြံအရံ အလွန် များပြားစွာ ရရှိခြင်း စသော အကျိုးတရားများ ဖြစ်ပွားရကြောင်း ဆိုပေသည်။ ထို့ကြောင့် ဆွမ်းဘောဇဉ် လှူဒါန်းရာ၌ ရှိခိုးဦးချ ရိုသေစွာ လုပ်ကျွေးကြရုံမက ပိုမိုဘုဉ်းပေးရန် လျှောက်ထား ဝတ်ပြုတတ်ရန် လိုအပ်လှပေသည်။

*

## ပုတီးစိပ်ခြင်း

**မေး**။ (၁) ဘုရားသာသနာတော်၌ ပုတီးစိပ်ရန် ဟောကြားထားသော တရားတော် ရှိပါသလော။

www.dhammaransi.com

(၂) မြတ်စွာဘုရား တရားဟောကြားသောအခါ၌ 'ငါဘုရား'ဟု အသုံးပြုခြင်းကို စာအုပ်များတွင် ဖတ်ရှုရပါသည်။ ထိုသို့ အသုံးပြုရာ၌ သက္ကာယဒိဋ္ဌိ ဖြစ်မဖြစ် သိလိုပါသည်ဘုရား။

မောင်ထွန်းနိုင်ဦး
ချောင်းဦးမြို့။

**ဖြေ**။ (၁)ပုတီးစိပ်ခြင်းမှာ ဘုရားလက်ထက်က မရှိ။ နောက်မှ ပေါ်လာခြင်း ဖြစ်၍ ပုတီးစိပ်ရန် ဘုရားဟောသော တရား ဟူ၍ မရှိပါ။ သို့သော် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို ပုတီးလုံးချ၍ ပွားများခြင်းကို ပုတီးစိပ်ခြင်းဟုဆို၍ 'ဗုဒ္ဓါနုဿတိ ဘာဝေထ' စသော ဘုရားဟောဒေသနာတော်များသည်ပင် ပုတီးစိပ်တရားတော်များဟု မှတ်သားသင့်ပါသည်။

(၂) မြတ်စွာဘုရား တရားဟောရာ၌ လောကသမုတိ ပညတ်ကို မစွန့်လွှတ်ဘဲ ဟောလေ့ရှိပါသည်။ တစ်ခါတစ်ရံ အဟံ (ငါသည်)ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံ တထာဂတော၊ တထာဂတသည် (ရှေးဘုရားတို့ကဲ့သို့သော ဘုရားသည်) စသည်ဖြင့်လည်းကောင်း ဟောပါသည်။ သို့သော် မြန်မာဘာသာပြန်ရာ၌ အဟံ၊ ငါဘုရားဟု အခြားအဟံ၊ ငါများနှင့် ကွဲရန် နောက်ဘာသာပြန်ဆရာတော်တို့က ဘုရားထည့်၍ ပြန်ခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင် အဟံဗုဒ္ဓေါ၊ အဟံ ဘဂဝါ စသည် သုံးနှုန်းဟောကြားခြင်း မရှိပါ။

*

## အသောကမင်းနှင့် ဘုရားစေတီများ

**မေး**။ မြန်မာနိုင်ငံတွင် အသောကမင်း တည်သည်ဆိုသော ဘုရားစေတီများကို နယ်တကာအနှံ့ တွေ့နေရပါသည်။ အသောကမင်းကြီးသည် ထိုခေတ် အိန္ဒိယအင်ပါယာကြီးအတွင်းမှလွဲ၍ မြန်မာ

www.dhammaransi.com

နိုင်ငံဒေသသို့ မရောက်ရှိခဲ့ ဟု ထင်မြင်ယူဆမိပါသည်။ မှန်မမှန် သိလိုပါ သည် အရှင်ဘုရား။

မောင်ဘအေး

ရွာထောင်ရွာ၊ မုံရွာမြို့နယ်။

**ဖြေ**။ အသောကမင်းကြီးသည် အဇာတသတ်မင်းကြီး မြှုပ်နှံ ဌာပနာ ထားခဲ့သော ဓာတ်တော်များကို ထုတ်ဖော်၍ ဇမ္ဗူဒိပ်ကျွန်း အနှံ့ စေတီများ တည်ခဲ့သည်။ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို ရည်စူး၍ စေတီတော်ပေါင်း ရှစ်သောင်းလေးထောင် တည်ခဲ့သည်ဟု ဆိုပါသည်။ အသောကမင်းကြီး အိန္ဒိယ(မဇ္ဈိမဒေသ)ပါဋ္ဌလိပုတ်တွင် နန်းစံနေစဉ် မြန်မာနိုင်ငံ၌ သရေခေတ္တရာပြည်တွင် ဒွတ္တဘောင်မင်းကြီး၏ မြေးတော် ရန်ဘောင်မင်း(သာသနာ ၁၉၃-၂၄၃)နန်းစံသည်။ ထိုမင်းနှစ်ပါး ထီးပြိုင်နန်းပြိုင်ဖြစ်၍ အချင်းချင်းချစ်ကြည် လေးစားကြသည်။ ရာဇမဟာမိတ်များ ဖြစ်ကြသည်ဟု ဆိုသည်။ မြန်မာနိုင်ငံသည်လည်း ဇမ္ဗူဒိပ်ကျွန်း၌ ပါဝင်ခြင်း၊ မင်းအချင်းချင်း ရာဇမဟာမိတ်ဖြစ်ခြင်း၊ အသောကမင်းကြီး၏ သာသနာပြန့်ပွားလိုစိတ် ရှိခြင်း၊ ဘုရားတစ်ဆူနှင့်တစ်ဆူအကွာအဝေးမှာ တစ်ယူဇနာ(ဝမိုင် သို့မဟုတ် ၁၂ မိုင်) ကွာဝေးစေခြင်းတို့ကြောင့် ယူဇနာတစ်သောင်းမျှသာ ကျယ်သော အိန္ဒိယ အင်ပါယာ၏ အပြင်ဘက် ကျသော်လည်း စေတီပေါင်း ရှစ်သောင်းလေးထောင် (ယူဇနာ ရှစ်သောင်းလေးထောင်) နယ်နိမိတ်အတွင်း၌ မြန်မာနိုင်ငံ ပါဝင်ပါသည်။ ထို့ကြောင့် အသောက၏ စေတီတော်များ မြန်မာနိုင်ငံသို့ မရောက်ရှိနိုင်ဟု မဆိုသာပါ။

စေတီတော်များ၌ ဓာတ်တော်မွေတော်များကို ဌာပနာ၍ ဌာပနာတိုက် တစ်ချိန်တည်း ပိတ်ရန် စီစဉ်ကြသည်။ ယင်းသို့ စီစဉ်ရာ၌ ထို ဌာပနာပိတ်ရက် (သမိုင်းအဆို သာသနာ ၂၂၄ ခုနှစ်၊ တော်သလင်း လပြည့်နေ့)တွင် လကို ရာဟုဖမ်း(လမွေမ်ဖမ်း)သဖြင့် လရာဟုမှ လွတ်

www.dhammaransi.com

ချိန်၌ စေတီအားလုံး တစ်ပြိုင်တည်း ဌာပနာ ပိတ်ရမည်ဟု အမိန့်ပေးထားကြောင်း အားလုံးက အသင့်ဖြစ်စေပြီး လကို ကြည့်နေကာ ရာဟုလွတ်သည်နှင့် တစ်ပြိုင်နက် “မုတ္တော (လွတ်ပြီ)”ဟု ကြွေးကြော်လျက် ဌာပနာတိုက်ကို ပိတ်ရကြောင်း၊ ထိုသို့ မုတ္တော ဟု ကြွေးကြော်သည်ကို စွဲ၍ စေတီတော်များကို “မုတ္တော၊ မုတ္ထော၊ မုဋ္ဌော၊ ရွှေမုဋ္ဌော”ဟု မြန်မာနိုင်ငံ၌ အမည်တော် တွင်ကြောင်း ရွှေမုဋ္ဌောသမိုင်းများတွင် ပါရှိပေသည်။

*

## ဥစ္စာစောင့်

**မေး**။ ဥစ္စာစောင့်ဟူသည် အဘယ်အမျိုးအစား ဖြစ်ပါသလဲဘုရား။

မည်သို့သော ကံအကြောင်းတရားကြောင့် ဖြစ်၍ မည်သည့်အခါမှ ကျွတ်လွတ်နိုင်ပါသလဲ ဘုရား။

မောင်ဝင်းမောင်

၂၄- လမ်း၊ ရန်ကုန်။

**ဖြေ**။ ဥစ္စာစောင့်ဟူသည်မှာ မြေဘုတ်ဘီလူး အနွယ်ဝင်များ ဖြစ်သည်။

ကုဝေရနတ်မင်းကြီးလက်အောက် အတော်အတန် တန်ခိုးကြီးသော ဘုမ္မစိုး နတ်ဘီလူးတို့၏ အအုပ်အချုပ်ခံ ဘုန်းတန်ခိုး နည်းပါးသော အမျိုးဖြစ်သည်။ ယင်းဘုမ္မစိုးနတ်ဘီလူးတို့၏စေခိုင်းရာ မြေတွင်းရှိ ဥစ္စာသိုက်စသည်များကို စောင့်ကြပ်ကြရသူများ ဖြစ်ပါသည်။ ၎င်းဥစ္စာစောင့်ခေါ် မြေဘုတ်ဘီလူးများမှာ မူလရုပ်ဆင်း ဆိုးဝါးသူများဖြစ်ကြသည်။ သို့သော်လည်း မိမိကိုယ်ကို လှပအောင် ဖန်ဆင်းနိုင်ကြပြီး သိုက်နန်းအတွင်း၌ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြကြောင်း၊ သူတို့ဘဝကို စွဲလမ်းသာယာနေကြသူများ ဖြစ်ကြောင်း၊ လူ့ပြည်ရှိ လူသားများနှင့်ဆက်ဆံနိုင်သော အခြေအနေ ရှိကြောင်း၊ ထိုသို့ သူတို့ဘဝကို စွဲလမ်း

www.dhammaransi.com

သာယာနေကြ၍ ကျောင်းကန်ဘုရားနှင့်နီးစပ်ပြီး လူ့ပြည်မှ တော်တော်တန်တန် ကုသိုလ်ပြု၍ အမျှပေးဝေကြသည့်တိုင်အောင် ကျွတ်လွတ်သူ နည်းပါးကြကြောင်း အဆိုရှိပါသည်။

*

## လှူဒါန်းခြင်းနှင့် ကန်တော့ခြင်း

**မေး။** (၁) ယခုဘဝ၌ လှူဒါန်း ပေးကမ်းသော နေရာဌာနတွင် နောက်ဘဝ ပြန်လည်ရောက်ရှိတတ်သည် ဆိုသည်မှာ မှန်ပါသလား ဘုရား။

(၂) မိဘ၊ဘိုးဘွား၊ဆရာသမား၊ သက်ကြီးဝါကြီးများကို ကန်တော့လျှင် ဦး ၃ ကြိမ်ချရုံဖြင့် ပြီးပါသလား။ မည်သို့ နှုတ်က ဆိုရပါသနည်း ဘုရား။

မစန်းဌေး(ဖြူး)

**ဖြေ။** (၁)မိမိကိုယ်တိုင်က ပြန်လည်ရောက်ရှိလို၍ ဆုတောင်းလျှင်၊ ဆုမတောင်းသည့်တိုင်အောင် ပြန်လည်ရောက်ရှိလိုစိတ် ပြင်းထန်လျှင် ဖြစ်နိုင်ပါသည်။ သို့သော် လွန်ကဲသော ကုသိုလ်အကျိုးကြောင့် ဒေဝဂတိ စသည်မှာ ဖြစ်သည်က များတတ်၍ လှူဒါန်းပေးကမ်းရာ ဌာန၌ သေချာပေါက်ဖြစ်မည်ဟု မဆိုနိုင်ပါ။

(၂) မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးများကို ကန်တော့ရာ၌ ဦးသုံးကြိမ်ချ၍ကန်တော့သည်ထက် ဩကာသ စသောကန်တော့ချိုးကိုဆို၍ ကန်တော့သင့်ပါသည်။ ယင်း၌ 'ရတနာသုံးပါး၊ ဆရာသမား၊ အမိအဖ၊ အဘိုးအဘွား၊ သက်ကြီးဝါကြီးတို့အား' စသည် ဖြည့်စွက် ရွတ်ဆို၍ ကန်တော့ကာ အပါယ်လေးပါး၊ ကပ်သုံးပါး၊ အခါ ၁ပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်

www.dhammaransi.com

တရားတော်မြတ်ကို ရပါလို၏'ဟု ဆက်လက်ဆုတောင်းရန်လည်း လိုအပ်ပါသည်။

*

## မာရ်နတ်နှင့် ဗြဟ္မာ့ပြည်

**မေး**။ အရှင်ဘုရား၊ အရှင်ဥပဂုတ္တမထေရ်က မာရ်နတ်လည်၌ တန်ခိုးတော်ဖြင့် ခွေးသေကောင်ပုပ်ကို ဆွဲပေးလိုက်ရာ မာရ်နတ်က နတ်မင်းကြီးများနှင့် သိကြားမင်း စသည်တို့အား ချွတ်ခိုင်း၍မရသဖြင့် ဗြဟ္မာ့ဘုံသို့သွား၍ ဗြဟ္မာကြီးများကို ချွတ်ခိုင်းကြောင်း ဇိနတ္ထပကာသနီတွင် ဖတ်ရပါသည်။ သို့သော် အချို့စာများတွင် ကာမာဝစရနတ်များက ဗြဟ္မာများကို မမြင်ရကြောင်း ဖတ်ရပြန်ပါသည်။ ထို့ကြောင့် ကာမာဝစရ နတ်ဖြစ်သော မာရ်နတ်က ဗြဟ္မာ့ပြည်သွားနိုင် မသွားနိုင်၊ မြင်နိုင် မမြင်နိုင် ဖြေကြားပေးပါရန်ပါ ဘုရား။

ဦးတင်အုန်း
သုဝဏ္ဏမြို့။

**ဖြေ**။ သာမန်နတ်တို့အနေဖြင့် အထက်အထက်နတ်များ၊ ဗြဟ္မာများကို မမြင်နိုင်ဟု ဆိုသော်လည်း သိကြားမင်း၊ နတ်မင်းကြီး စသော တန်ခိုးကြီးသော နတ်များကား အထက်ဘုံများသို့ သွားလည်းသွားနိုင်၍ မြင်လည်း မြင်နိုင်ပါသည်။ မာရ်နတ်မှာ တန်ခိုးကြီးသော နတ်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ သွားနိုင်ရုံမက ကြမ်းတမ်းသူဖြစ်၍ ဗြဟ္မာများကိုပင် ပူးဝင် နှိပ်စက်နိုင်ကြောင်း မူလပဏ္ဏာသ ပါဠိတော်၊ ဗြဟ္မနိမန္တနိကသုတ်တွင် ပါရှိပါသည်။ ဗကဗြဟ္မာကြီးအား မြတ်စွာဘုရား ချွတ်တော်မူသောအခါတွင် မာရ်နတ်က အရန်ဗြဟ္မာများကို ပူးဝင်၍ အတ္တဝါဒ မှန်ကန်ကြောင်း သက်သေခံစေကြောင်း ပါဠိတော်တွင် အကျယ်ပါရှိသဖြင့် မာရ်နတ်က ဗြဟ္မာ့ပြည်သို့လည်း သွားနိုင်၊ ဗြဟ္မာများအားလည်း

www.dhammaransi.com

မြင်နိုင်၊ ပူးဝင် နှိပ်စက်၍ မိမိအလိုသို့ပင် ပါစေနိုင်ကြောင်း မှတ်သား သင့်ပါသည်။

*

## ဘုရားကိုးဆူ

**မေး**။ ဘုရားကိုးဆူ သမိုင်းကြောင်းနှင့် ဘုရားကိုးဆူ နေရာချထားပုံ၊ ရွတ်ဖတ်မှုကို ရဟန်းတော်များ မလုပ်ဘဲ လူများလုပ်ခြင်းနှင့် နေ့ မလုပ်ဘဲ ညလုပ်ရပုံများ သိလိုပါသည်ဘုရား။

၁။ ထွေးလင်းထွဋ်(အင်းစိန်)
၂။ ထိုက်ထိုက်(တံတားဦး)
၃။ ဝင်းနိုင်ဦး(သဲကုန်း)

**ဖြေ**။ သက္ကရာဇ် ၉၂၀ ကျော်၊ ဘုရင့်နောင်မင်းကြီးလက်ထက်ဇင်းမယ် ပြည်မှ နတ်ကြီး ၉ ပါး ပူဇော်ပွဲကို ဘုရင့်နောင်မင်းတရားကြီး သားတော် ဇင်းမယ်စား နော်ရထာစောက သာသနာပြု ဆရာတော်များ နှင့် တိုင်ပင်၍ ဓမ္မပဒ၊ အာယုဝဍ္ဎန သတ္တိုသား ဝတ္ထုအရ ဘုရားကိုးဆူ ပူဇော်မှုကို စီရင်ခဲ့သည်ဟု သမိုင်းများက ဆိုပါသည်။

အလယ်ဗဟိုမှာ မြတ်စွာဘုရား သီတင်းသုံး၍ လက်ယာဘက် တောင်အရပ်မှ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ၊ လက်ဝဲဘက် မြောက်အရပ်မှ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်၊ ရှေ့တော် အရှေ့အရပ်မှ သက်တော်အကြီးဆုံး အရှင်ကောဏ္ဍည၊ နောက်တော် အနောက်အရပ်မှ နောက်တော်ပါအလုပ်အကျွေး အရှင်အာနန္ဒာ။ (ဤ လေးပါးကို လောကုတ္တရာနည်းအရ နေရာချထား၏။) တနင်္ဂနွေ ထောင့်မှာ ဂြိုဟ်သက်အငယ်ဆုံးဖြစ်၍ သက်တော်အငယ်ဆုံးအရှင် ရာဟုလာ၊ အင်္ဂါထောင့် အရှင်သာရိပုတ္တရာအနီး၌ ၎င်း၏ညီအငယ် အရှင်ရေဝတ၊ စနေထောင့်၌ စနေနံသည် တရားသူကြီးဂြိုဟ်ဖြစ်၍

www.dhammaransi.com

ဝိနယဓရ အရှင် ဥပါလိ၊ ရာဟုထောင့်၌ ပသုဟူသော ရာဟုဂြိုဟ်၏ ပရိယာယ်အရ ပသု၊ နွားလားတို့၏။ ပတိ၊ အရှင်ဖြစ်သော အရှင်ဂဝံပတိ။ (ဤလေးပါးကို လောကီနည်းအရ နေရာချထား။) ဤသို့ ရဟန္တာ ၈ ပါးကို နေရာချထားပေးသည်။

ဘုရားကိုးဆူ ပူဇော်ရာ၌ နံနက် အရုဏ်တက်ချိန်တွင် ဆွမ်းကပ်လှူရမည်ဖြစ်၍ ညပိုင်းတွင် ပြင်ဆင် ပင့်ဆောင်ထားရသည်။ ဘုရားကိုးဆူ ဒါယကာက ဧည့်သည်များကို ညတွင် ဖိတ်ကြားကာ ဘုရားဖူးစေသဖြင့် ညမှာ ကျင်းပသကဲ့သို့ ဖြစ်နေသည်။ ထို့ပြင် ညပိုင်းတွင် ဘုရားပင့်ခြင်း၊ ဂြိုဟ်ဖိတ်၊ နတ်ဖိတ်ပြုလုပ်ခြင်း၊ ရွတ်ဆိုခြင်းတို့မှာ လူတို့အလုပ်ဖြစ်၍ ရဟန်းတော်များနှင့် မသက်ဆိုင်ဘဲလည်း ဖြစ်နေပေသည်။

ဘုရားကိုးဆူပူဇော်မှုကို အိမ်ရှင်များက ကျန်းမာချမ်းသာ အသက်ရှည်စွာနှင့် ဘေးအန္တရာယ် ကင်းကွာ၍ ကျက်သရေမင်္ဂလာ တိုးစေရန် ပြုလုပ်လေ့ ရှိကြပါသည်။ ထိုကိစ္စအားလျော်စွာ အိမ်ရှင်တို့ကိုယ်တိုင် အိမ်၌ ဘုရားကိုးဆူ ပူဇော်ထားစဉ် ဘုရားရှိခိုးခြင်း၊ ရွတ်ဆို ဆုတောင်းခြင်း၊ ဆွမ်းဘောဇဉ် ဆက်ကပ်ခြင်းတို့ကို ဘိသိက်ဆရာကို လွှဲမထားဘဲ ကိုယ်တိုင်ပြုလုပ်မှသာ အဓိပ္ပာယ်ပြည့်ဝစရာ ရှိပေသည်။ (မေးသူများပြား၍ စုပေါင်းဖြေဆိုလိုက်သည်။) ယင်းနှင့်စပ်သော ဂြိုဟ်နတ်များ၊ တံခွန်ကုက္ကား စသည်များအကြောင်း အခြားအဖြေတို့တွင် ဖြေဆိုခဲ့ပြီး ဖြစ်သည်။

*

## ဓာတုပရိနိဗ္ဗာန် ရောင်တော်ပြန်

**မေး**။ ဆရာတော်ဘုရား၊ သာသနာတော် ကုန်ဆုံးသောနေ့တွင် ဗောဓိမဏ္ဍိုင်၌ မြတ်စွာဘုရားဓာတ်တော်များ စုပေါင်း၍ ဓာတု ပရိ

www.dhammaransi.com

နိဗ္ဗာန်ပွဲ ဖြစ်ပေါ်ရာတွင် နတ်ဗြဟ္မာများ ကျွတ်တမ်းဝင်ကြဦးမည် ဆိုပါသည်။ ထိုအကြောင်းကို ကျမ်းဂန်အတိုင်း အထောက်အထားများနှင့် သိလိုပါသည် ဘုရား။

ဦးအံ့ကျော်၊ ဘီအေ၊ ဘီအယ်လ်၊
ဗဟိုတရားရုံးရှေ့နေ။

**ဖြေ**။ ထိုအကြောင်းကို အင်္ဂုတ္တရဋ္ဌကထာ (အံ၊ဋ္ဌ၊၁၊၇၀) ဓာတုအန္တရဓာနအခန်းတွင် ပါရှိပါသည်။ သင့်လျော်သလို မြန်မာမှု ပြန်ရသော် "ဓာတုအန္တရဓာန၊ ဓာတ်တော်တို့ ကွယ်ပျောက်ခြင်း (ဓာတုပရိနိဗ္ဗာန်)ကို ဤသို့ မှတ်ရမည်။ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်တို့သည် ထိုထိုအရပ်တို့၌ ကောင်းစွာ ပူဇော်ကိုးကွယ်မှုကို မရကြတော့လျှင် မြတ်စွာဘုရား၏ အဓိဋ္ဌာန် အစွမ်းအားလျော်စွာ ပူဇော်ကိုးကွယ်မှု ရရာအရပ်သို့ ကြွကြလိမ့်မည်။ ထို့နောက် သာသနာတော် ကုန်ဆုံးသောအခါသီဟိုဠ်ကျွန်း(သီရိလင်္ကာ)တွင် ဓာတ်တော်အားလုံး စုပေါင်းကာ မဟာစေတီကြီး၌ တည်လာလိမ့်မည်။ ထို့နောက် နာဂဒီပကျွန်း ရာဇာယတနစေတီ၌ တည်ပြီးနောက် မဟာဗောဓိမဏ္ဍိုင် ပလ္လင်တော်သို့ ကြွကြကုန်လတ္တံ့။ နဂါးပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့မှ ဓာတ်တော်တို့သည်လည်း မဟာဗောဓိမဏ္ဍိုင်ပလ္လင်တော်သို့သာလျှင် ကြွရောက်လာကြကုန်လတ္တံ့။ ဓာတ်တော် မွေတော်အားလုံးတို့သည် မုန်ညင်းစေ့မျှလောက်ပင် မကြွင်းမကျန်ဘဲ ကြွရောက်လာကြကုန်လတ္တံ့။

ဓာတ်တော်မွေတော်အားလုံးတို့သည် မဟာဗောဓိမဏ္ဍိုင် ပလ္လင်တော်၌ စုဝေးကြပြီး မြတ်စွာဘုရား အသွင်တော်ကိုယူ၍ ဗောဓိမဏ္ဍိုင်၌ တင်ပျဉ်ခွေထိုင်တော်မူကာ သုံးဆယ်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့နှင့်တကွ ထက်ဝန်းကျင်မှ ရောင်

ခြည်တော်တို့နှင့် ပြည့်စုံသော ဗုဒ္ဓအသရေတော်ကို ဆောင်တော်မူလျက် သက်တော်ထင်ရှား ရှိတော်မူစဉ်က ယမိုက်ပြာဋိဟာ ပြတော်မူသကဲ့သို့ ရေမီးအစုံသော တန်ခိုးတော်များကို ပြတော်မူလတ္တံ့။

ထိုအခါ ထိုနေရာသို့ လူသတ္တဝါတို့ မရောက်နိုင်ဘဲ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအားလုံးတို့ စည်းဝေး ရောက်လာကုန်လျက် "ယနေ့ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်တော်မူပြီ၊ ဤနေ့မှစ၍ အမှောင်တိုက်ကြီး ဖြစ်ကုန်ပြီ" ဟုဆို၍ ငိုကြွေကုန်လတ္တံ့။ ထို့နောက် ဓာတ်တော် မွေတော် ရုပ်ပုံတော်မှ မီးအလျှံကြီး ဖြစ်ပေါ်၍လာကာ ဓာတ်တော် မွေတော် ကိုယ်တော်မကြွင်း လောင်ကျွမ်းခြင်းသို့ ရောက်ကာ မီးအလျှံကြီးသည် ဤလူ့ပြည်မှ ဗြဟ္မာ့ပြည်တိုင်အောင် တက်ရောက်သွားပေလတ္တံ့။ ထို့နောက် ဓာတ်တော် မွေတော်ဟူ၍ မုန်ညင်းစေ့ငယ်လောက်မျှ မကျန်တော့ဘဲ လောင်ကျွမ်း၍ သွားပေလတ္တံ့။

ထိုအခါ စည်းဝေးရောက်လာကုန်သော နတ်ဗြဟ္မာအားလုံးတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံသောနေ့၌ကဲ့သို့ နတ်ပန်းနံ့သာ တူရိယာတို့ဖြင့် ပူဇော်ကုန်လျက် သုံးကြိမ်တိုင် လက်ယာရစ်ပတ်၍ ပူဇော်ကာ 'နောင်ပွင့်လတ္တံ့သောမြတ်စွာဘုရားကို ပူဇော်ခွင့်ကို ရရပါလို၏'ဟု ဆုတောင်းမြွက်ဆိုကာ မိမိတို့နေရာ ထိုထိုအရပ်တို့သို့ ပြန်ကြကုန်လတ္တံ့သတည်း။" ပါဠိကို လိုလျှင် အင်္ဂုတ္တရဋ္ဌကထာ(အံ၊ ဋ္ဌ၊၁၊၇၀) တွင် ယူပါ။ ဤအဋ္ဌကထာပါဠိတွင် ကျွတ်တမ်းဝင်မည်ဟူသော စကားမပါပေ။ 'နောင်ပွင့်လတ္တံ့သောဘုရားကို ဖူးတွေ့ရန်'ဆိုသဖြင့် ကျွတ်တမ်း ဝင်ခွင့်မရဟု သိသာနိုင်ပါသည်။

*

www.dhammaransi.com

# ဘာသာ ၂ မျိုး၊ ၃ မျိုး ကိုးကွယ်လျှင်

**မေး**။ ဆရာတော်ဘုရား၊ ဘာသာ ၂ မျိုး၊ ၃ မျိုးတွဲ၍ကိုးကွယ်လျှင် ရနိုင်ပါသလား။ ဤသို့ ကိုးကွယ်သူသည် ဗုဒ္ဓဘာသာအရ သရဏဂုံတည်နိုင်ပါမည်လား။ ဖြေကြားတော်မူပါဘုရား။

မစန်းစန်းမြ

ပန်းဆွဲလမ်း၊ သုံးဆယ်မြို့။

**ဖြေ**။ ကိုးကွယ်မှုဟူသည် မိမိစိတ်က အကြွင်းမဲ့ ယုံကြည်မှု ရှိမှသာ အစစ်အမှန် ဖြစ်နိုင်ပါသည်။ အချို့ဗုဒ္ဓဘာသာ အမည်ခံသူများသည် မိဘရိုးရာက ဗုဒ္ဓဘာသာဖြစ်၍သာ ဗုဒ္ဓဘာသာ ဖြစ်နေကြသည်။ ရတနာသုံးပါး၌ ခိုင်မြဲသော သဒ္ဓါတရား မရှိကြပါ။ ထိုသူတို့အဖို့ သီလစသော တရားများလည်း မမြဲစွဲနိုင်ကြဘဲ ဟိုဘာသာ သည်ဘာသာ ရောကာ ယောင်ကာနှင့် နှစ်မျိုးသုံးမျိုး ပြောင်းလဲ၍ နေကြသည်။

သရဏဂုံဟူသည်မှာ မိမိစိတ်ထဲနှလုံးထဲမှ နှစ်နှစ်ကာကာ ယုံကြည်စွဲမြဲမှု ရှိမှသာ ဖြစ်သည်။ ထိုသို့ ဘာသာနှစ်မျိုးသုံးမျိုး ကိုးကွယ်သူ၌ သရဏဂုံ တည်နေသည်ဟု မဆိုနိုင်ပါ။ ထို့ပြင် ဗုဒ္ဓဘာသာ၌ သရဏဂုံတည်တံ့သော ဥပါသကာစစ်စစ် ဟူသည်မှာ (၁) ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးကိုသာ ယုံကြည်ခြင်း၊ (၂) ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော အကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၃) နတ်၊ ဂိုဏ်း၊ ဝိဇ္ဇာ၊ ဗေဒင်၊ ယတြာ စသော အယူတို့ကို မစွဲမယူခြင်း၊ (၄) လောကီမင်္ဂလာတို့ကို မယုံကြည်ခြင်း၊ (၅) ဗုဒ္ဓသာသနာတော်တွင်း၌သာ ကောင်းမှုကို ရှာမှီးခြင်း။ ဤငါးမျိုးနှင့် ပြည့်စုံရပေသည်။

ထိုမှတစ်ပါးလည်း အတ္တသန္နိယျာတန သရဏဂုံ ရတနာသုံးပါး၌ မိမိခန္ဓာကိုယ်ကို စွန့်လွှတ်အပ်နှင်း၍ ကိုးကွယ်ခြင်း စသော သရဏဂုံယူမှုမျိုးတို့ကို ထောက်ဆက ဘာသာနှစ်မျိုးသုံးမျိုး ကိုးကွယ်သူ ဟူ၍

မရှိသင့်ကြောင်း ထင်ရှားလှပါသည်။ အချုပ်မှာ ဗုဒ္ဓဘာသာဟူသည် 'ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှ တစ်ပါး ကိုးကွယ်ရာမရှိ'ဟူ၍ ခံယူထားသူသာ ဖြစ်သင့်ကြောင်း ဖြေကြားအပ်ပါသည်။

*

## အသူရကာယ်

**မေး**။ ဆရာတော်ဘုရား၊ တပည့်တော်တို့ကို လူကြီးတွေက "မင်းတို့ အားလုံးသေရင် အသူရကာယ် ဖြစ်မယ်" ဟု ပြောပါသည်။ အသူရကာယ်ဆိုတာ ဘယ်သတ္တဝါမျိုးကို ခေါ်ပါသလဲ။ အဘယ်အကုသိုလ်ကို ပြုလုပ်၍ဖြစ်ကာ အဘယ်မျှ သက်တမ်းရှိသည်ကို သိလိုပါသည်ဘုရား။

မောင်လပြည့်ဝန်း
ကော့ကရိတ်။

**ဖြေ**။ အသူရကာယ်ကား ဘုံသီးခြား မရှိ။ ပြိတ္တာများကဲ့သို့ပင် လူ့ဘုံရှိ သမုဒ္ဒရာ တော တောင် စသည်တို့၌ တည်သည်။ ပြိတ္တာများထက် ကိုယ်ကာယ၊ ဆင်းရဲဒုက္ခ အသက်တမ်း ကြီးမားရှည်လျားသည်။ ကာလကဥ္စိက အသုရာ စသည်ဖြစ်၍ ၎င်းတို့ကိုယ်ကာယမှာ ၃ ဂါဝုတ်ခန့် ကြီးမားသည်။ အသားအသွေး အလွန်နည်းပါးလျက် ဖက်ရွက်ရော်ကဲ့သို့ ကြုံလှီဖျော့တော့သည်။ ပုစွန်မျက်စိပမာ မျက်စိတို့က ပြူးရရှူးထွက်နေကြသည်။ မျက်လုံးတို့ကလည်း နေရာ မဟုတ်၊ ဦးထိပ်၌ ရှိသည်။ ကိုယ်ကာယ ကြီးမားပြီး ပါးစပ်ကမူ အပ်ပေါက်ပမာ အလွန်သေးငယ်သည်။ ယင်းပါးစပ်သည်လည်း ဦးခေါင်းထက်၌ရှိ၍ အစာကိုမြင်လျှင် ဦးစိုက်၍ ယူရသည်။ သို့သော် မည်သည့်အခါမျှ ဝလင်အောင်မစားရ၊ မြစ်တို့ကိုတွေ့လျက် ရေမသောက်ရ။ မီးတဟုန်းဟုန်းတောက်

www.dhammaransi.com

လျက် သက်တမ်းရှည်သမျှ ငတ်မွတ် ဆာလောင်သော ဒုက္ခကို ခံနေကြရသည်။

၎င်းတို့မှာ ကျမ်းဂန်အရ မိစ္ဆာဒိဋ္ဌိ၊ ကံကြွင်းကြောင့် ခံရခြင်း ဖြစ်၏။ သီလဝန္တ၊ ရဟန်းသံဃာတော်တို့ကို ပြစ်မှား၍ ဖြစ်ရခြင်း စသည်ဖြင့် ပေတဝတ္ထုများ၌ လာရှိသည်။

(မိစ္ဆာဒိဋ္ဌိကံ၏ အကျိုးရင်းကြောင်းကား ငရဲ၌ ခံခဲ့ရပြီးပြီ) ၎င်းတို့ သက်တမ်း အမြဲမရှိ၊ အကုသိုလ်ကံ မကုန်သမျှ ခံစားရသည်။ အချို့ကမ္ဘာသက်တမ်းနှင့်အမျှပင် ခံစားရသည်ဟု ဆိုပေသည်။

*

## မယ်တော်မာယာ အသက်

**မေး**။ မယ်တော်မာယာ အသက်ငါးဆယ်ကျော်မှ ဘုရားလောင်းကို ဖွားသည်ဆိုသည်မှာ ဟုတ်ပါသလား။ ငါးဆယ်မှ ဘယ်လောက်ကျော်ပါသလဲ။ ကျမ်းဂန်သာဓကနှင့် သိလိုပါသည်ဘုရား။

ဒေါ်ကေသာဝတီ(စစ်ကိုင်းတောင်)

**ဖြေ**။ 'ဗောဓိသတ္တမာတာပိ ပဌမဝယေ သမ္ပတ္တိံ အနုဘဝိတ္ဝာ မဇ္ဈိမဝယေ တတိယကောဋ္ဌာသေ ဝိဇာယိတွာ ကာလံကရောတိ အယ မေတ္ထ ဓမ္မတာ” ဟူ၍ သုတ် မဟာဝါ အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊၂၊၂၉၊) စသည်၌ လာသည်။ ပါဠိကို မြန်မာပြန်သော် “ဘုရားလောင်း မယ်တော်သည်လည်း ပဌမအရွယ်၌ စည်းစိမ်ခံစား၍ မဇ္ဈိမအရွယ်၏ သုံးခုမြောက်သောအစု၌ ဘုရားလောင်းကို ဖွားမြင်ကာ (ခုနစ်ရက် နေပြီးလျှင်)သေလွန်သည်။ ဤကား ဓမ္မတာ” ဟု အဓိပ္ပာယ်ရသည်။ ဆိုလိုသည်မှာ အသက်တစ်ရာတမ်းကို သုံးစုပြုသော် ပဌမအရွယ် ၃၃ နှစ် ၄ လ၊ မဇ္ဈိမအရွယ် ၃၃ နှစ် ၄ လ၊ ပစ္ဆိမအရွယ် ၃၃ နှစ် ၄ လ စီရှိ၏။ ယင်း၌ မဇ္ဈိမအရွယ် ၃၃ နှစ် ၄ လကို သုံးပုံ ပုံသော် ပဌမအပုံ ၁၁

www.dhammaransi.com

နှစ် ၁လနှင့် ၁၀ ရက်၊ ဒုတိယအပုံ ၁၁ နှစ် ၁ လနှင့် ၁၀ရက်၊ တတိယအပုံ ၁၁နှစ် ၁ လနှင့် ၁၀ ရက် ရသည်။ ပထမအပုံနှင့် ဒုတိယအပုံ ပေါင်း ၂၂ နှစ် ၂ လနှင့် ၂၀ ရက်ကို ပထမအရွယ် ၃၃ နှစ် ၄ လနှင့် ပေါင်းလျှင် ၅၅နှစ် နှင့် ၆ လ၊ အရက် ၂၀ ရ၏။ ထိုအချိန်တွင် ဘုရားလောင်းကို ပဋိသန္ဓေ ယူသည်။ ယင်း၌ ၁၀ လထည့်သော် ၅၆ နှစ်၊ ၄ လ၊ ၂၀ ရက်တွင် ဘုရားလောင်းကို ဖွားတော်မူသည်။

*

# ဘုရားဘွဲ့ မည်တော်

**မေး**။ "မဟာသံ့သာရ ဘုရား"

ဆရာတော်ဘုရား၊ ဖော်ပြပါဘုရားရုပ်ပွားတော်အမည်ကို ဘယ်လို အသံထွက် ဖတ်ရမည်လဲ။ အဓိပ္ပာယ်ကိုလည်း သိလိုပါသဖြင့် ရှင်းလင်းမိန့်ကြားစေလိုပါသည် ဘုရား။

မောင်မျိုးညွန့် (မြန်မာစာ)

**ဖြေ**။ ၎င်းအမည်တော်မှာဘုရားရုပ်ပွားတော်၏စမ္ဗခဏ်တွင် ပါရှိသည့်ရေးက သတ်ပုံပင် ဖြစ်ကြောင်း၊ မည်သည့်ခေတ်က ထုလုပ်သည်ဟု မသိနိုင်။ အလွန်ရှေးကျလှပြီး သစ်သားဆင်းတုတော်ဖြစ်၍ ပြုပြင်စောင့်ရှောက်ထားရကြောင်း၊ စမ္ဗခဏ်တွင် 'မဟာသံ့သာရ ရုပ်ရှင်တော်' ဟု စာပါကြောင်း ဆိုင်ရာသို့ စုံစမ်းသိရှိရသည်။ 'မဟာသွန်သာရ' ဟု အသံထွက်နိုင်ပါသည်။ 'မဟာ၊ ကြီးမြတ်သော။ သွံ၊ သုဝဏ္ဏ၊ ရွှေအဆင်းကဲ့သို့ တင့်တယ်သပ္ပာယ်သောအဆင်း ရှိသည့်။ သာရ၊ အနှစ်ဖြစ်သော ရုပ်ရှင်တော်ဘုရား' ဟု အဓိပ္ပာယ် ဖော်ဆိုနိုင်ပါသည်။

'ရုပ်ရှင်တော်' ဟု ဆိုသည့်အတိုင်း ယင်း မဟာသံ့သာရ မြတ်စွာဘုရား ရုပ်ပွားတော်မြတ်သည် မျက်နှာတော် အဆင်းသဏ္ဌာန် အမျိုးမျိုး ပြောင်းလဲတတ်ကြောင်း၊ ရံခါ အိုမင်းရင့်ရော်သောအသွင်ဖြင့်

www.dhammaransi.com

ဖူးမြင်ရ၍ ရံခါ နုပျိုသောအသွင်ဖြင့် ဖူးမြင်ရကြောင်း၊ ရံခါ တည်ကြည်သောအသွင်ဖြင့် ဖူးမြင်ရ၍ ရံခါ ပြုံးရွှင်နေသောအသွင်တော်ဖြင့် ဖူးမြင်ရကြောင်း၊ သုံးလေးကြိမ် သွားရောက်ဖူးမြော်သူတို့ အသွင်တော်သုံး လေးမျိုး ဖူးတွေ့ရကြောင်း ပြောဆိုသည်ကို ကြားသိရသည်။ ဘုရားရုပ်ပွားတော်၏ ဓာတ်ပုံတော်၌ပင် တစ်ပုံနှင့်တစ်ပုံ မတူသည်ကို တွေ့ရသဖြင့် ဘုန်းတန်ခိုးကြီးမားသော ရှေးဟောင်းဥဒ္ဒိဿစေတီတစ်ဆူ ဖြစ်ကြောင်း သိနိုင်ပါသည်။

*

## ဝဋ်ကြွေးကျေအောင်

**မေး**။ ယခင်ဘဝများက ဝဋ်ကြွေးများ ပါရှိနေလျှင် ယင်းဝဋ်ကြွေးများ ကျေအောင် မြတ်စွာဘုရားထံ၌ မည်ကဲ့သို့ ပေးဆပ်ရမည်ကို အကျယ်တဝင့် ရှင်းလင်းဖြေကြားပေးတော်မူပါ ဘုရား။

မခိုင်

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**ဖြေ**။ ဝဋ်ကြွေးဟူသည်မှာ မိမိပြုခဲ့သော မကောင်းမှုများမှ ငရဲစသော ပဋိသန္ဓေကျိုးပေးပြီးနောက် အကျိုးဆက်အနေဖြင့် ကျန်ရှိနေသော ကံကြွင်း ဖြစ်သည်။ ထိုကံကြွင်းကြောင့် ဤဘဝ ပဝတ္တိအခါတွင် ခံစားရသောဘေးဒုက္ခများပင် ဖြစ်သည်။ ဥပမာ သူတစ်ဦးတစ်ယောက်ကို ဓားဖြင့် ခုတ်သတ်ခဲ့၍ ငရဲ၌ ကျရောက်ခံစားရသည်။ ငရဲမှ လွတ်ကာ တိရစ္ဆာန် စသည်ဖြစ်ရာ ဓားခုတ်ခံရ၍ သေခြင်း၊ လူ့ဘဝ ရောက်သည့်တိုင်အောင် ဓားလက်နက်ဖြင့် ထိပါး၍သေရခြင်းစသည်ဖြင့် ဝဋ်ကြွေးများကို ခံစားရတတ်ပါသည်။ သူ့အသက်ကို သတ်ရာ၌ အသတ်ခံရသူ မသေ၍ ကမ္မပထ မမြောက်သဖြင့် ငရဲ၌ မခံရသည့်တိုင်အောင် သေလောက်သည့် လက်နက်တစ်မျိုးမျိုး ထိခိုက်ရနာခြင်း စသည့် ဝဋ်

www.dhammaransi.com

ကြွေးများလည်း ရှိတတ်ပါသည်။ ယင်းဝဋ်ကြွေးအန္တရာယ်မှ ကင်းလွတ်ရန် သို့မဟုတ် သက်သာရန် မြတ်စွာဘုရားထံ၌ ပေးဆပ်ရန် မလို။ ကုသိုလ်ကောင်းမှုများကို အဆက်မပြတ် ပြုလုပ်ရန်သာ လိုပါသည်။ အကုသိုလ်အန္တရာယ်များ ကြားဖြတ်မဝင်နိုင်ရန် သရဏဂုံသီလကို မပျက်အောင်၊ ကျိုးပေါက်ပြောက်ကျားမရှိအောင် စောင့်ရှောက် ထိန်းသိမ်းခြင်း၊ အမြဲတမ်း ဘုရားရှိခိုး၍ ပရိတ်မေတ္တာဘာဝနာတို့ကို ပွားများ၍နေခြင်း၊ သမထဝိပဿနာတို့ကို သင့်လျော်သလို အားထုတ်ခြင်း၊ ဒါနကုသိုလ်ကို သင့်လျော်သလိုပြုလုပ်ခြင်း စသည်ဖြင့် ကုသိုလ်တရားဖြင့် ထုံမွမ်းနေရန်၊ ကုသိုလ်ကံစေတနာ အားသေးမသွားရန် အရေးကြီးပါသည်။အဘယ်ကြောင့်ဆိုသော်ဝဋ်ကြွေးအန္တရာယ်တို့သည် ကုသိုလ်ကံ အားနည်းချိန်တွင် ဝင်ရောက်တတ်သောကြောင့်ပင် ဖြစ်ပါသည်။

*

## အရိယာပုဂ္ဂိုလ်များဟု သိနိုင် မသိနိုင်

**မေး**။ အရှင်ဘုရား၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များကို ဘယ်လို သိနိုင်ပါသလဲ အရှင်ဘုရား။ ရှင်းပြပါရန်။

မချို၊ မုန်းမုန်းရှိန်၊ တွံတေး။

**ဖြေ**။ သောတာပန် စသည်ကို မဆိုထားဘိ၊ ရဟန္တာပုဂ္ဂိုလ်များကိုပင် ဤပုဂ္ဂိုလ်သည် ရဟန္တာတည်းဟု သိရန် မလွယ်ကူဟု ဆိုပါသည်။ ရဟန္တာပုဂ္ဂိုလ်၏နောက်မှ တကောက်ကောက် လိုက်ပါနေသော်လည်း ငါ၏ရှေ့မှ ကြွသွားသောပုဂ္ဂိုလ်သည် ရဟန္တာဖြစ်သည်ဟု မသိနိုင်ကြောင်း ကျမ်းဂန်များ၌ ပါရှိ၏။ အရိယာပုဂ္ဂိုလ်တို့သည် အလွန်လျှို့ဝှက်ကြသည်။ ငါ သောတာပန်၊ ငါရဟန္တာဟု နှုတ်မြွက် မပြောရုံသာမက သိသွားမည်ကိုပင် စိုးရိမ်ကြသည်။ ရဟန်းတော်တို့ ဝိနည်းတွင် ငါသောတာပန်၊ ငါရဟန္တာဟု ပြောလျှင် ပြောသည့်အတိုင်း ဟုတ်မှန်

www.dhammaransi.com

လျှင် အာပတ်သင့်သည်။ လုံးဝမပြောရပေ။ မဟုတ်မမှန်ဘဲ ပြောလျှင်မူ ပါရာဇိက ကျလေတော့သည်။ ပုဂ္ဂိုလ်တစ်ပါးပါးအား အရိယာပုဂ္ဂိုလ်ဟု ထင်က အနီးကပ် လုပ်ကျွေး၍ ယင်းပုဂ္ဂိုလ်၏ ပြောမှု၊ ဆိုမှု၊ နေထိုင်ပြုမူ၊ ကျင့်သုံးမှုတို့ကို အကဲခတ်၍ အရိယာပုဂ္ဂိုလ် ဟုတ်မဟုတ် ဆုံးဖြတ်ကြရမည်။ အချို့သော ပုထုဇဉ် သီလဝန္တ သိက္ခာကာမ အရှင်မြတ်များမှာ ရဟန္တာနှင့် ခွဲခြားရန် ခက်သည်။ မိုးကြိုးကျခြင်း စသည်တို့ကြောင့် လန့်ဖျပ်မှု၊ မလန့်ဖျပ်မှုတို့ဖြင့်သာ သိနိုင်သည်။ ရဟန္တာ ပုဂ္ဂိုလ်များကား လန့်ဖျပ်ရွံ့ကြောက်မှု မရှိဟု ဗုဒ္ဓစာပေတို့တွင် ဆိုထားပါသည်။

*

## ကွမ်းတောင် ပန်းတောင်

**မေး**။ ရှင်ပြုပွဲ အလှူကြီးတွင် ရှင်လောင်းလှည့်(ဝင်းလှည့်)ရာ၌ ကွမ်းတောင် ပန်းတောင်တို့သည် မည်သည့်အဓိပ္ပာယ်ဖြစ်၍ မည်သည့် အကြောင်းကြောင့် ပါဝင်ရကြောင်း ရှင်းပြစေလိုပါသည် ဘုရား။

မဆွေ(အညာမြေ)
မြစ်ငယ်၊ စက်ကွေ့။

**ဖြေ**။ ရှင်လောင်းလှည့်ခြင်းဟူသည်မှာ ယခုခေတ်တွင် အရပ်သားများဖြစ်သော်လည်း ရှေးရှေးရာဇဝင်လာ မင်းညီမင်းသားများ ထွက်တော်မူသည့် အခမ်းအနားကို တုပ၍ ရှေ့ဝင်း နောက်ဝင်းတို့ဖြင့် ခင်းကျင်းလေ့ ရှိပါသည်။ မင်းညီမင်းသားများ ထွက်တော်မူရာတွင် ကွမ်းတော် ရေတော်များကို အလိုရှိက အဆင်သင့်ဖြစ်စေရန် အခြွေအရံအပျိုတော်များက အသင့်ကိုင်ဆောင်၍ လိုက်ရသည်။ ကွမ်းခွက်၊ ပန်းတောင်၊ တကောင်း၊ မြူတာ စသည့် မင်းခန်းဝင် အချို့အသုံးအဆောင်များကို တုပ၍ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အမျိုးသမီးများက

www.dhammaransi.com

ရှင်လောင်းကို ခြံရံ၍ လိုက်ပါလျက် တခမ်းတနား ဆင်ယင်ခင်းကျင်း ဂုဏ်ပြုကြရခြင်းပင် ဖြစ်ဟန်တူပါသည်။

ယခုခေတ်တွင် ဒေဝါဝင်း၊ ရာဇာဝင်း ဟူ၍ နှစ်မျိုး ရှိရာ ရှင်လောင်းလှည့်ခြင်း စသည့်လှူမှုကိစ္စများ၌ ရာဇာဝင်းလောက်သာ ခင်း၍ ဘုရားပင့်ခြင်း စသည့် သာသနာနှင့် ဆိုင်ရာတို့တွင် ဒေဝါဝင်းပါ နှစ်မျိုးလုံး ခင်းလေ့ရှိပါသည်။ ထို့ပြင် ရှင်လောင်းလှည့်ရာ၌ ရွှေထီးမျှသာ ဆောင်းမိုးစေပြီး ဘုရားစသည်၌ ကနက္ကဒဏ်ထီး စသောထီးဖြူများကို ဆောင်းမိုးစေရပါသည်။ သတိပြုရန် ဖြစ်ပါသည်။

*

## စေတီလေးမျိုး

**မေး**။ ဆရာတော်ဘုရား၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ အမြတ်တနိုး ကိုးကွယ် ပူဇော်ရာ ဌာနဖြစ်သော စေတီကို အချို့စာများတွင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟူ၍ လေးမျိုးလာရှိသည်။ အချို့စာတွင် အထက်ပါ လေးမျိုးအပြင် ပါဒစေတီဟူ၍ ငါးမျိုး ဖော်ပြထားသည်ကို တွေ့ရပါသည်။ မည်သည်က မှန်ကြောင်း ဖြေကြားတော်မူပါဘုရား။

ခင်ဇော်လွင်၊ ပန်းတောင်း။

**ဖြေ**။ စေတီကို ကာလိင်္ဂဗောဓိဇာတ်တွင် ဥဒ္ဒိဿစေတီ၊ သာရီရိက စေတီ၊ ပရိဘောဂစေတီ ဟူ၍ သုံးမျိုး စတင် ဟောကြားခဲ့ပါသည်။ သာရီရိကစေတီမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ကိုယ်တော်မှဖြစ်သော ဓာတ်တော်မွေတော်များဖြစ်၍ ယင်းတို့ကို ဌာပနာပြီး ဓာတုစေတီတော်အဖြစ် ပူဇော်ကိုးကွယ်ကြသည်။ တရားဓမ္မကျမ်းများကို ဓမ္မစေတီ ခေါ်သည်။ ဘုရား၏ပုံတော်ကို ရည်မှန်းခြင်း၊ ပုံတော်ထုလုပ် ကိုးကွယ်ခြင်းကို ဥဒ္ဒိဿစေတီခေါ်သည်။ သပိတ်တော်၊ တောင်

www.dhammaransi.com

ဝေ့းတော်၊ ရေသနုပ်တော် စသည်များနှင့် ဗောဓိညောင်ပင် စသော အသုံးအဆောင်တော်များကို ပရိဘောဂစေတီဟုခေါ်ပါသည်။ ကာလိဂ်ဗောဓိ ဇာတ်တွင် သုံးမျိုးသာ လာရှိသော်လည်း နောင်တွင် လေးမျိုး ပူဇော်ခဲ့ကြပါသည်။ ထို့နောက်တွင် ပူဇော်စရာအနေဖြင့် မြတ်စွာဘုရားက ထင်ရှားပြတော်မူသော စက်လက္ခဏာတော် အပြည့်အစုံနှင့် ခြေတော်ရာကို ကိုးကွယ်ရာတစ်ပါးပြု၍ ပါဒစေတီဟုထင်ရှားလာပါသည်။ ထိုခြေတော်ရာကို အကြောင်းပြု၍ မာဂဏ္ဍိယပုဏ္ဏားကြီး ဇနီးမောင်နှံ၊ သစ္စဗန္ဓထေရ် စသည်တို့ ရဟန္တာဖြစ်ကြသဖြင့် ပါဒစေတီမှာလည်း ကိုးကွယ်ရာ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့် စေတီသုံးပါး၊ လေးပါး၊ ငါးပါး အရာဌာနအားလျော်စွာ မှန်ကန်ပါကြောင်း ဖြေကြားလိုက်ပါ သည်။

*

## သောတာပန်နှင့် နောက်ဘုရား

**မေး**။ အရှင်ဘုရား၊ ယခုဘဝတွင် သောတာပန်ဖြစ်အောင် အားထုတ်ပြီး သေလွန်၍ တုသိတာ(စသော)နတ်ပြည်တို့သို့ ရောက်ခဲ့သော် နောင်ပွင့်မည့်ဘုရားကို မီ မမီ၊ ထိုသို့ ဖြစ်အောင် မည်သို့ အားထုတ်ရမည်ကို လမ်းညွှန်ပေးပါ အရှင်ဘုရား။

နော်ဝါးဝါး

သုဝဏ္ဏမြို့။

**ဖြေ**။ ယခုဘဝတွင် သောတာပန်ဖြစ်၍ တုသိတာနတ်ပြည်သို့ ရောက်သည်ဆိုလျှင် တုသိတာနတ်တို့၏ သက်တမ်းမှာ လူတို့အရေအတွက်ဖြင့် နှစ်ပေါင်း ငါးဆယ်ခုနစ် ကုဋေ ခြောက်သန်းမျှသာ ဖြစ်သည်။ သောတာပန်သည် အလွန်ဆုံးခုနစ်ဘဝသာ နေ၍ နိဗ္ဗာန်ကူးသွားတော့မည်ဖြစ်သည်။ နောက်ဘုရားပွင့်ရန်ကား ယခုနှစ်တစ်ရာ

www.dhammaransi.com

တမ်းမှ ဆယ်နှစ်တမ်းအထိ ကျဆင်းသွားပြီး ယင်းဆယ်နှစ်တမ်းမှ တဖြည်းဖြည်း သက်တမ်းတိုး၍ရေတွက်ခြင်းငှာ မတတ်သာသော အသင်္ချေယျ အသက်ရှည်သည်အထိ တိုးပွားသွားရဦးမည်။ ထိုအသင်္ချေယျတမ်းမှ ကျဆင်းလာပြန်ပြီး အနှစ်တစ်သိန်းတမ်းအရောက် (သို့မဟုတ် နောက်ပေါ်ထွန်းမည့် အသင်္ချေယျကပ်တစ်ကပ်)တွင် ယခုလူတို့နောက် ဘုရားဟု ဆိုသော အရိမေတ္တေယျမြတ်စွာဘုရား ပွင့်ပါမည်။ ထို့ကြောင့် ခုနစ်ဘဝသာ နေ၍ နိဗ္ဗာန်ကူးမည့် သောတာပန် နောက်ဘုရား မီနိုင် မမီနိုင် စဉ်းစားကြည့်နိုင်ပေလိမ့်မည်။ 'ထိုသို့ဖြစ်အောင်'ဟူသည်မှာ သောတာပန် အဖြစ်ဖြင့် နောက်ဘုရားမီအောင်ဟု ဆိုလိုက မဖြစ်နိုင်ဟု ဆိုရပါမည်။ သောတာပန်ဖြစ်အောင် ဟုဆိုပါက ဤဘဝတွင်ပင် သံယောဇဉ် အနှောင်အဖွဲ့များကို ဖြတ်တောက်ဖယ်ခွာ၍ ဝိပဿနာစခန်း ကြိုးပမ်းအားထုတ်ရန်သာ လိုပါသည်ဟု လမ်းညွှန်လိုပါသည်။

*

## မာရ်နတ်

**မေး**။ ဘုရားလက်ထက်က မာရ်နတ် ယခုတိုင် ရှိနေပါသေးသလား။

ယင်းသည် မည်သည့်အကျိုးကို မျှော်ကိုး၍ မြတ်စွာဘုရားကို အမြန်ပရိနိဗ္ဗာန် စံဝင်စေလိုပါသနည်း။ အရိမေတ္တေယျ ဘုရားလက်ထက်တွင်လည်း မာရ်နတ် နှောင့်ယှက်နေဦးမှာလား။ ၎င်း မာရ်နတ်သည် ဤဘုရားလက်ထက် မာရ်နတ်ပင်ဖြစ်မည်လား၊ မာရ်နတ် အသစ် လား သိလိုပါသည်။

ဦးဘဆိုင်(အင်းစိန်)

**ဖြေ**။ မာရ်နတ်အပါအဝင် ဝသဝတ္တိနတ်တို့၏ သက်တမ်းသည် လူတို့ အရေအတွက်အားဖြင့် နှစ်ပေါင်းကုဋေ ကိုးရာခြောက်သန်း ရှည်သည်။ ၎င်းတို့အနေဖြင့် ဘုရားပွင့်ပြီးသည်မှာ နာရီပိုင်းခန့်သာ ရှိသည်

www.dhammaransi.com

ဟုဆိုရမည်။ မာရ်နတ်သည် ဘုရားပွင့်ပြီး နှစ် ၂၀၀ ကျော် အသောက မင်းလက်ထက်တွင်ပင် ထင်ထင်ရှားရှား လာရောက် နှောင့်ယှက်သေး ကြောင်း၊ ရှင်ဥပဂုတ် ကြွရောက်နှိမ်နင်းကြောင်း စာဟောင်းရှိပါသည်။ ထို့ကြောင့် ယခုအချိန်မှာလည်း ရှိနေသေးမည်ဟု ဆိုစရာပင်။ မာရ်နတ် က မြတ်စွာဘုရားကို ပရိနိဗ္ဗာန် စံဝင်စေလိုသည်မှာ မြတ်စွာဘုရား ရှိနေလျှင် လူများ နိဗ္ဗာန်တရား ရရှိကြ၍ သူ့ဆိုင်ရာ နယ်ပယ်မှ လွတ် မြောက်သွားမှာ စိုးရိမ်သည်။ မာရ်နတ်သည် ကာမ ၁၁- ဘုံတွင် အမြင့် ဆုံးဘုံတွင် နေသူ၊ ၎င်းဘုံ တစ်စိတ်တစ်ဒေသကို စိုးပိုင်သူဖြစ်၍ လူများ ကာမနယ်၌သာ မွေ့လျော်နေစေချင်သည်။ ဈာန်ရ၍ ရူပ၊ အရူပ ဗြဟ္မာ့ ဘုံသို့ပင် မသွားစေချင်ပေ။ ထို့ကြောင့် နိဗ္ဗာန်ဆုတောင်း၍ ကုသိုလ်ပြု သူ၊ ဈာန်မဂ်ဖိုလ်ရရန် သမထဝိပဿနာ ပွားများသူများကို နှောင့်ယှက် တတ်သည်။ အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်တွင်လည်း မာရ် နတ် ဟူ၍ ရှိဦးမည်ပင်။ ဤဘဒ္ဒကပ်ဦး ကကုသန်မြတ်စွာ ဘုရားလက် ထက်တွင် ဤယခုမာရ်နတ်၏ဘကြီး ဒူသီ မာရ်နတ် ဟူ၍ ရှိကြောင်း စာလာရှိသည်။ အရိမေတ္တေယျ ဘုရားလက်ထက်၌လည်း ဤမာရ်နတ် ၏အနွယ် မာရ်နတ်တစ်ဦး ဖြစ်လာနိုင်စရာအကြောင်း ရှိပေသည်။ အန္တရကပ် တစ်ကပ်မျှ ကွာခြားနေသေး၍ ဤလက်ရှိ မာရ်နတ်ကား ထိုအချိန်တွင် မရှိနိုင်တော့ပါ။

*

## ဘုရားရှိခိုးနှင့် အိမ်စောင့်နတ်

**မေး**။ သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာကို အိမ်အတွင်း၌ နှစ်ခေါက်ထက်ပို၍ မရွတ်ဆိုရ။ 'ပိုရွတ်လျှင် အိမ်စောင့်နတ် မခံနိုင်' ဟု ဆိုသည်မှာ မှန်ပါသလား၊ ဖြေရှင်းတော်မူပေးပါဘုရား။

ခင်ချောစု (အလုံ)

www.dhammaransi.com

**ဖြေ**။ ဂုဏ်တော်၊ ကျေးဇူးတော်နှင့် စပ်သော မည်သည့်ဘုရားရှိခိုး ဂါထာတော်၊ ပရိတ်တော်၊ တရားတော်သံကိုမဆို နတ်သူတော်ကောင်း၊ နတ်ကောင်းနတ်မြတ်တို့ နှစ်သက်မြတ်နိုး ရိုကျိုးနာယူ ကြည်ဖြူ လက်ခံလေ့ ရှိပါသည်။ သူတော်ကောင်းပုဂ္ဂိုလ်တို့ နေထိုင်သော အိမ်ဂေဟာတို့တွင်လည်း နတ်ကောင်းနတ်မြတ်များသာ စောင့်ရှောက်နေထိုင်လေ့ ရှိတတ်ကြပါသည်။ ဘုရားရှိခိုးခြင်း၊ ပရိတ်တော်များ ရွတ်ဆိုခြင်း၊ မိမိပြုသောဒါန၊ သီလ၊ ဘာဝနာတို့ကို နတ်တို့အား အမျှဝေခြင်း၊ မေတ္တာပို့ခြင်းတို့ကို အခါမလပ်ပြုလုပ်ကြခြင်းကိုသာ နတ်ကောင်းနတ်မြတ်တို့က အလိုရှိကြောင်း၊ ယင်းတရားသံ၊ အမျှဝေသံ စသည်တို့ကို နေ့ညမပြတ် ကြားလို သိလို သာဓုခေါ် လိုကြကြောင်း ဗုဒ္ဓကျမ်းစာများ၌ အဆိုရှိပါ သည်။ ထို့ကြောင့် 'အိမ်စောင့်နတ်မခံနိုင်၍ မရွတ်ဆိုရ' ဟူသော စကားမမှန်ဟု ယုံမှတ်စေလိုပါသည်။

*

## မိန်းမဘဝဖြင့် နိဗ္ဗာန် ရ မရ

**မေး**။ နိဗ္ဗာန်မျက်မှောက်ပြုရန် (မဂ်ဖိုလ်အဆင့် တစ်ခုခုရောက်ရန်) ယခု မိန်းမဘဝမှ ဘဝသစ် မဖြစ်ဘဲ မိန်းမဘဝဖြင့်ပင် ကြိုးစား၍ ရောက်နိုင်ပါသလား။ သို့မဟုတ် နောက်ဘဝတွင် ယောကျ်ားဘဝသို့ ရောက်ပြီးမှ ရနိုင်ပါသလား။ ဖြေကြားတော်မူပါရန်။

မစန်းစန်းမြ(သုံးဆယ်မြို့)

**ဖြေ**။ မြတ်စွာဘုရားလက်ထက်တော်ကလည်း မိန်းမဘဝဖြင့် မဂ်တရား ဖိုလ်တရားများ ရရှိကြသည့် ရဟန္တာထေရီမယ်များ မြောက်မြားစွာ ရှိပါသည်။ ခေမာမိဖုရားကြီးဆိုလျှင် လူဝတ်ဖြင့် အရဟတ္တဖိုလ်ရ၍ နေ့ချင်းပင် ဘိက္ခုနီအဖြစ် ကူးပြောင်းရသည်။ မြတ်စွာဘုရား တရားတော်မှာ ပါရမီပြည့်ဝခဲ့သူသာ ဖြစ်က ကျား မ မရွေး မဂ် ဖိုလ် ရနိုင်ပါ

www.dhammaransi.com

သည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိသကဲ့သို့ပင် ဤယခုခေတ်ကာလ၌လည်း မဂ်ဖိုလ်ရရေး အကျင့်တရားများ (ဗောဓိ ပက္ခိယ တရား ၃၇ ပါးနှင့် ကျင့်ကြံအားထုတ်နည်း သတိပဋ္ဌာန်တရား များ) ထင်ရှားရှိနေသဖြင့် ယောက်ျား၊ မိန်းမ မဟူ မည်သူမဆို ကြိုးစား အားထုတ်က မျက်မှောက်ဘဝမှာပင် မဂ်ဖိုလ်ရရန် အကြောင်းရှိပါ သည်။ ဤခေတ်တွင် 'မည်သူ မည်သို့ တရားရရှိသွားသည်' ဟု ပြောရန် ကား မလွယ်ပါ။ မြတ်စွာဘုရား လက်ထက်တော်က ရဟန္တာထေရီမယ် ကြီးများသည် ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် မြတ်စွာဘုရားအား လျှောက် ထားကြသဖြင့် ယင်းတို့၏ မဂ်တရား၊ ဖိုလ်တရား ရရှိပုံများကို အပဒါန် ကျမ်းတွင် မှတ်တမ်းတင်နိုင်ခဲ့လေသည်။ ဤခေတ်၌မူ မဂ်ဖိုလ်ရသူ ကိုယ်တိုင်က လည်း 'မိမိ ရရှိပါသည်' ဟု ထုတ်ဖော်ပြောဆိုခြင်း မပြု။ ဆရာသမား စသည်တို့ကလည်း ထုတ်ဖော်၍မပြောသဖြင့် မည်သူ (မည်သည့် ယောက်ျား မည်သည့်မိန်းမ) မည်သည့်မဂ်ဖိုလ်ကို ရပါသည် ဟု မသိရ ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိန်းမဘဝဖြင့်ပင် ပါရမီလည်းရှိ၊ ကြိုးစား အားထုတ်မှုလည်း ရှိလျှင် ဤဘဝမှာပင် နိဗ္ဗာန် မျက်မှောက်ပြုနိုင် ကြောင်း ဖြေကြားအပ်ပါသည်။

*

## ဘုရားလှူစရာ ပန်းမာလာ

**မေး**။ မြတ်စွာဘုရားအား ကပ်လှူရန် ဘယ်လိုပန်းများ အကောင်းဆုံး ဖြစ်ပါသလဲ အရှင်ဘုရား။

မသင်းသင်း

ဂန့်ဂေါမြို့။

**ဖြေ**။ ဘုရားပန်း ရွေးချယ်ရာတွင် ပထမ မွှေးကြိုင်၊ လှပ၊ လတ်ဆတ် ပျူငှာ အင်္ဂါသုံးပါး ညီသည့်ပန်းကို ရွေးရပါသည်။ ဒုတိယ၊

www.dhammaransi.com

လှပ လတ်ဆတ်သော အင်္ဂါနှစ်ပါးညီသည့်ပန်းကို ရွေးရပါသည်။ မရနိုင်မှ လတ်ဆတ်သောပန်း၊ သို့မဟုတ် သစ်ညွန့်သစ်ကိုင်းကို ဖြစ်စေ လှူဒါန်းနိုင်ပါသည်။ မည်သည့်ပန်းမျှ မရနိုင်လျှင် ဘုရားအိုးတွင် နီးရာသစ်ပင် ပန်းပင်မှ အခက်၊ အညွန့်ကို ချိုး၍ လှူဒါန်းရန် ရှေးက ရဟန္တာဟုကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလ စသည်တို့ နည်းပေး ဟောပြောလေ့ရှိကြောင်း မှတ်သားရပါသည်။ အရေးကြီးသည်ကား ဘုရားပန်းအိုး၌ ပန်းမညိုးအောင် ကြံစည်လှူဒါန်း၍ သဒ္ဓါပန်းခိုင် မြိုင်ဆိုင်နေကြရန် ကြိုးစားကြစေလိုကြောင်း ဖြေကြားလိုပါသည်။

*

## မြေနုတ်ခြင်း

**မေး**။ သိမ်နုတ် ကမ္မဝါစာကို လူဒါယကာ ဒါယိကာမတို့ နေထိုင်ရာမြေနေရာများ၊ အိမ်ဆောက်မည့်မြေနေရာများ၌ သံဃာတော်များက ဖတ်ရွတ်၍ မြေနုတ်ပေးထိုက်ပါသလား။ ဖတ်ရွတ်၍ မည်သို့ အကျိုးရှိပါသနည်း၊ ဖြေကြားပေးတော်မူပါဘုရား။

ဦးဘဝင်း(မြို့မရပ်၊ ခန္တီးမြို့)။

**ဖြေ**။ ဤမြေနုတ်ခြင်းကိစ္စ၌ ရည်ရွယ်ချက်နှစ်ခု ရှိရာ ပထမ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာသက် နှစ်ပေါင်းအတန်ကြာ ရှည်ခဲ့ပြီးဖြစ်၍ သိမ်များလည်း နေရာအနှံ့အပြား၌ သမုတ်ခဲ့ဖူးပေမည်။ အချို့သိမ်များမှာ ပျောက်ပျက်သွား၍ မြေအောက်၌ နစ်မြုပ်သွားကြပေလိမ့်မည်။ မည်မျှပင် မြေအောက်တောချုံတို့အောက်၌ နစ်မြုပ်ပျောက်ကွယ်၍နေစေကာမူ သံဃာတော်အရှင်မြတ်တို့ မြတ်စွာဘုရား၏ အာဏာဒေသနာတော်အရ ကမ္မဝါစာဖြင့် သမုတ်ထားခဲ့သဖြင့် ပျက်ပြယ်၍ မသွား၊ သိမ်၏အာနိသင် ရှိနေမြဲ ဖြစ်သည်။ သိမ်သည် လူတို့နှင့်မစပ်အပ်။ 'သိမ်မြေ ၌ နေထိုင်မိလျှင် ကြီးပွားတိုးတက်မှု မရှိ'

www.dhammaransi.com

ဟု ရှေးက ယူဆကြသဖြင့် သိမ်ဖြစ်ခဲ့ဖူးသော် ပျက်ပြယ်ရန် သိမ်နုတ်ကမ္မဝါစာဖြင့် သံဃာတော်တို့က နုတ်ကြခြင်း ဖြစ်သည်။ ဒုတိယ ရည်ရွယ်ချက်မှာ သချိုင်းမြေ ဟူသောမြေပုပ်၊ မြေဖုတ်ဘီလူး စသည်ရှိသော မြေကြမ်းဖြစ်နေခဲ့သော် ယင်းမြေပုပ်၊ မြေကြမ်းအဖြစ်မှ ပျောက်ပျက်သန့်စင်သွားရန် သိမ်နုတ်ကမ္မဝါစာဖြင့် ဖြစ်စေ၊ အန္တရာယ်ကင်း ကမ္မဝါစာဖြင့်ဖြစ်စေ ဖတ်ရွတ်သန့်စင်စေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အချို့ ပြည့်ပြည့်စုံစုံ ပြုလုပ်ကြသူတို့သည် အရပ်ရှစ်မျက်နှာတို့၌ ပရိတ်သဲအိုး၊ အုတ်ခဲကျောက်တုံး စသည်များကို နိမိတ်ကြား၍ မြှုပ်နှံခြင်း၊ စည်းချဂါထာများကို ရွတ်ခြင်းတို့ကို ပြုလုပ်ကြသည်။ မည်သည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဖြစ်စေ ကမ္မဝါစာ ဖတ်ကြရသည်ဖြစ်၍ သံဃာဂိုဏ်း ပြည့်ရန် ၄ ပါး၊ ၅ ပါး အောက် မလျော့နည်းစေရန် သတိပြုအပ်ပါသည်။

*

## ဆွမ်းတော်မတင်မီ စားခြင်း

**မေး။** မြတ်စွာဘုရားအားဆက်ကပ်ရန် ရည်စူးထားသောသစ်သီးဆွမ်းတို့ကို စားလျှင် မည်သည့်ကံ ထိုက်ပါသနည်း။

မောင်ရွှေပြည်စိုး၊ ပန်းတနော်။

**ဖြေ။** လွန်ခဲ့သော ၉၂ ကမ္ဘာထက်၌ ပွင့်တော်မူသော ဖုဿမြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားအား ဆက်ကပ်ရန် စီမံထားသော ဆွမ်းဟင်း၊ သစ်သီး စသည်များကို ဦးဦးဖျားဖျား စားသောက်ကြသူများ သေပြီးသည်နောက် ပြိတ္တာဖြစ်ကြရာ ဤကမ္ဘာအထိ မကျွတ်လွတ်ကြပေ။ ဂေါတမမြတ်စွာဘုရားလက်ထက်၌ ဗိမ္ဗိသာရမင်းကြီး ဆွမ်းလှူဒါန်း၍ အမျှဝေမှ ကျွတ်လွတ်ကြရကြောင်း တိရောကုဋ္ဋသုတ် ၌ ပါရှိသည်။ ထို့ကြောင့် ဆွမ်းတော်တင်ရန် ရည်စူးထားသောဆွမ်း၊ ဟင်း [illegible] စသည်တို့ကို ဦးဦးဖျားဖျား မစားမသောက်ရန် သတိပြုကြရ

www.dhammaransi.com

မည်။ ဆွမ်းတော်စွန့်ပြီးမှ စားသောက်ကြလျှင် ဗုဒ္ဓဝေယျာဝစ္စပြုသူတို့ အဖို့ အပြစ်မရှိပါ။

*

## ရဟန်းသံဃာထံမှ ခံယူခြင်းနှင့် ရပ်ပြစ်လွတ်ရေး

**မေး**။ အရှင်ဘုရား၊ ရဟန်းသံဃာတို့ ပေးကမ်းသော လက်ဆောင်ကို တပည့်တော်တို့ ခံယူထိုက်ပါသလား၊ ထို့ပြင် ရပ်ပြစ်ရှစ်ပါး လွတ်ကင်းအောင် မည်ကဲ့သို့ ကျင့်ကြံနေထိုင်ရပါမည်နည်း။ ဖြေကြားတော်မူပါရန်။

စန္ဒာဝင်း(ရွှေဘိုမြို့)

**ဖြေ**။ ရဟန်းသံဃာတော်တို့သည် စားသောက်ပြီးသော ဆွမ်းကြွင်း ဆွမ်းကျန်များနှင့် မသုံးလိုသော ပစ္စည်းများကို ကျောင်းသား၊ ကပ္ပိယ၊ အရာမ်စောင့်နှင့် ဝေယျာဝစ္စပြုသူများ၊ ထို့ပြင် အလုပ်အကျွေး ခံ မိဘများအားသာ ပေးထိုက်ပါသည်။ အထူးစစ်မြေမှလာသောမင်း၊ အချိန်မတော်ရောက်လာသော ခိုးသားဓားပြ၊ ခရီးသွား စသည်တို့အား လည်းပေးနိုင်ပါသည်။ ယင်းကိုထောက်၍ လက်ဆောင်ပစ္စည်းဟူသည် ကိုမူ မပေးအပ်။ ထို့ကြောင့် ခံယူသူကလည်း မခံယူထိုက်ဟု ဆိုရပါ မည်။ ရှေးသူတော်ကောင်းပုဂ္ဂိုလ်များသည် ရဟန်းတော်များထံမှ ပစ္စည်းများကို ခံယူလေ့ မရှိ။ 'ကျောင်းစရှောင်'ဟုပင် စကားရှိပါသည်။

ဤခေတ် မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံ၍ မြင်ကြား သွားလာ ကောင်းစွာလူစဉ်မီသူအဖို့ ရပ်ပြစ်ရှစ်ပါး လွတ်နေပြီ ဖြစ်သည်။ ဤကဲ့သို့ ရပ်ပြစ်ရှစ်ပါး အစဉ်လွတ်ကင်းနိုင်ရန် ဗုဒ္ဓဘာသာသမ္မာန္ဒယ်ဝင် သူတော်စင်များ ဖြစ်ကြပြီး သရဏဂုံသုံးပါး နှင့် ငါးပါးသီလကို ကျိုးပေါက် ပြောက်ကျားမရှိအောင် စောင့်ရှောက် ထိန်းသိမ်းရန် အထူးလိုအပ်ပါသည်။

*

## တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်

**မေး**။ ၁။ ဝိပဿနာတရား အားထုတ်ရာတွင် 'တိဟိတ်ပုဂ္ဂိုလ်များသာ ယခုဘဝ၌ တစ်မဂ် တစ်ဖိုလ် ရနိုင်၍ ဒွိဟိတ်ပုဂ္ဂိုလ်များမှာ ယခုဘဝတွင် တစ်မဂ်တစ်ဖိုလ်မရနိုင်'ဆိုသည်မှာ ဟုတ်ပါသလား ဘုရား။

၂။ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်ဆိုသည်မှာ မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ခေါ်ဆိုပါသနည်း။

၃။ မိမိကိုယ်ကို ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်မည်၊ တိဟိတ်ပုဂ္ဂိုလ် ဖြစ်မည်ဟု မည်ကဲ့သို့ ခွဲခြားသိရှိနိုင်ပါမည်နည်း။

မစန္ဒာအုံး(အုံး ခာတ်ပုံတိုက်)
ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။

**ဖြေ**။ မေးခွန်းသုံးခုကို ပေါင်း၍ ဖြေဆိုလိုက်ပါသည်။ လူတိုင်းအဖို့ အကုသိုလ်ဖြစ်မှု၊ ကုသိုလ်ဖြစ်မှုနှင့် သက်ဆိုင်သော အကြောင်းစိတ်(ဟေတု ဟိတ်) ၆ မျိုး ရှိပါသည်။ ၎င်းမှာ လောဘ၊ ဒေါသ၊ မောဟနှင့် အလောဘ၊ အဒေါသ၊ အမောဟတို့ ဖြစ်သည်။ ဝိပဿနာတရားအားထုတ်မှုဆိုင်ရာ၌ ကုသိုလ်ဟိတ် သုံးမျိုးဖြစ်သည့် အလောဘ၊ အဒေါသ၊ အမောဟတို့ကိုသာ ယူပါသည်။ မြန်မာလို လောဘနည်းပါး၊ သဒ္ဓါပွားမှု၊ မေတ္တာတရား ပွားများမှုနှင့် ပညာကြီးမှုတို့ ဖြစ်ပေသည်။ ဤသုံးမျိုးနှင့် ပြည့်စုံမှသာ တရားအားထုတ်၍ တစ်မဂ်တစ်ဖိုလ် ရနိုင်သည်။ ဤသုံးမျိုးတွင် အမောဟပညာ ကင်းမဲ့နေလျှင် အလောဘ၊ အဒေါသ၊ ဟိတ်နှစ်မျိုးသာရှိသော ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်၍ မဂ်ဖိုလ် ရနိုင်စွမ်း မရှိနိုင်ပါ။ အမောဟဟိတ် မပါသဖြင့် ပညာသင်၍ မရခြင်း၊ အလွန် ဉာဏ်ပညာခေါင်းပါးခြင်း၊ အကောင်းအဆိုး ခွဲခြား၍ သိနိုင်စွမ်း မရှိခြင်း စသောအချက်များကိုကြည့်၍ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်၊ မဖြစ်နိုင်ပုံ၊နှုံးဆ သိသာပါလိမ့်မည်။ ဤခေတ်တွင် ပညာသင်၍တတ်မြောက်

ခြင်း၊ ဉာဏ်ကောင်းခြင်း၊ လောကီ လောကုတ္တရာ ဗဟုသုတ အဖြာဖြာ တို့၌ အကင်းပါးခြင်း စသည်တို့မှာ အများအားဖြင့် ပြည့်စုံလျက် ရှိနေ၍ တိဟိတ်ပုဂ္ဂိုလ် ဖြစ်နိုင်သူ များပြားပါသည်။ ထို့ကြောင့် အလျင်အမြန် တရားအသိအလင်း မပေါက်သဖြင့် လုံ့လကို လျှော့ကာ 'ငါ ဒွိဟိတ် ပုဂ္ဂိုလ်ပဲ၊ သည်ဘဝ မဂ်တရား၊ ဖိုလ်တရား ရနိုင်မည် မထင်ပါဘူး ဟု မယူဆလိုပါ။ ဉာဏ်ပညာအသင့်အတင့်ရှိသူတိုင်း တရားအမြင် ပေါက် အောင် ကြိုးစား အားထုတ်သင့်ကြောင်း ဖြေဆိုရပေသည်။

*

## သာမဏေနှင့် ၂၂၇ သွယ်

**မေး**။ သာမဏေ(ကိုရင်)များသည် ရဟန်းတို့ကဲ့သို့ ၂၂၇ သွယ်သော သိက္ခာပုဒ်တို့ကို စောင့်ထိန်းရပါသလား။ ထိုသိက္ခာပုဒ်များ ပျက် ပါက ရဟန်းများကဲ့သို့ အာပတ်သင့်ပါသလား။

ကိုနိုင်၊ လှည်းကူးမြို့။

**ဖြေ**။ သာမဏေ(ကိုရင်)များနှင့် မုချသက်ဆိုင်သော သိက္ခာပုဒ်များမှာ ဆယ်ပါးသီလသိက္ခာပုဒ်များသာ ဖြစ်ပါသည်။ သို့သော်လည်း လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ ၇၅ ပါး၊ စုဒ္ဒသခန္ဓကဝတ်များနှင့် ရဟန်းဆိုင်ရာ ၂၂၇ သွယ် သိက္ခာပုဒ်များမှ သုက္ကဝိဿဋ္ဌိ၊ ကာယ သံ သဂ္ဂ စသော သိက္ခာပုဒ်များကိုလည်း အာဘိသမာစာရိက ဝတ်အနေ ဖြင့် ရဟန်းနှင့်အတူ ကျင့်သုံးရသေးသည်။ ထိုသိက္ခာပုဒ်များကို ကျင့် သုံး၍ပျက်ပါက ရဟန်းများကဲ့သို့ အာပတ်ကား မသင့်။ ဒဏ်သင့်သဖြင့် ဆရာပေးသော သဲဒဏ်၊ ရေဒဏ် ဆောင်ခြင်း စသည်တို့ဖြင့် အပြစ်ကို ဖြေဖျောက်ရပေသည်။

*

## အခြားဘာသာဝင်များ သုဂတိ ရောက်မရောက်

**မေး**။ သရဏဂုံပျက်လျှင်၊ အပါယ်လေးပါး၌ ဖြစ်ရန် အခွင့်အလမ်း ဖြောင့်တန်းနေပါသည်ဆိုလျှင် အခြားဘာသာဝင်များ သုဂတိဘုံ ဘဝများသို့ မရောက်နိုင်ဟု ဆိုလိုပါသလား။ သိလိုပါသည် ဘုရား။

မောင်မြင့်တင်
ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

**ဖြေ**။ သရဏဂုံဟူသည်မှာ အပါယ်ဘေးကြီးကို တားဆီးပေးပြီး နောင် တမလွန်ကောင်းစားရေး၊ သံသရာမှ လွတ်မြောက်ရေးတို့အတွက် ခံယူဆောက်တည်၍ မတုန်မလှုပ် သက်ဝင်ယုံကြည်ရသောတရား ဖြစ်သည်။ သရဏဂုံ ခံယူထားပြီးမှ ယင်းသရဏဂုံကို ဖျက်ဆီးပယ်ရှား ဘာသာတစ်ပါး ပြောင်းဝင်သွားခြင်းကြောင့် ဖော်ပြပါ အကျိုးတရားတို့မှ ဆန့်ကျင်ဘက်အပြစ်များ ရောက်လာနိုင်သည်။ ထို့ကြောင့် အပါယ်ရောက်လမ်း ဖြောင့်တန်းနေသည်ဟုဆိုခြင်း ဖြစ်ပါသည်။ မည်သည့် ဘာသာမဆို ကံ ကံ၏အကျိုးတရားကို ယုံကြည်မှုရှိ၍ ပေးကမ်းလှူဒါန်းမှု၊ ကိုယ်ကျင့်တရားကောင်းမှု၊ စိတ်ထားမြင့်မြတ်မှုတို့ကြောင့် လူ့ ရွာနတ်ရပ် ကောင်းမြတ်သော သုဂတိဘဝများသို့ ရောက်နိုင်ပါသည်။ အလှူ၏အကျိုး မရှိ၊ ကောင်းမှု မကောင်းမှုဟူ၍မရှိ၊ မိဘဆရာသမား ကျေးဇူးတရားမရှိစသည့် မိစ္ဆာဒိဋ္ဌိဘာသာတရားမျိုးဖြစ်လျှင်မူ သုဂတိဘုံ ဘဝများသို့ ရောက်နိုင်လမ်းမရှိ။ ဒုဂ္ဂတိဘုံဘဝတို့၌သာ လားရောက်ရာ ရှိပါသည်။ သို့မဟုတ်က ဗုဒ္ဓဘာသာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နတ်ရွာသုဂတိ ရောက်နိုင်ပါသည်။ မြတ်စွာဘုရား မပွင့်မီက ဗုဒ္ဓဘာသာဟူ၍ မရှိသော်လည်း ဘုရားအလောင်း သူတော်ကောင်းတို့ အဆုံးအမကိုခံယူ၍ နတ်ရွာသုဂတိတို့ကို ရောက်ရကြောင်း ဇာတ်တော်များတွင် တွေ့နိုင်ပါသည်။

www.dhammaransi.com

# ကာလနဂါးမင်း

**မေး**။ ကာလနဂါးမင်းကြီးသည် ဘုရားတစ်ဆူနှင့် တစ်ဆူအကြား တစ်ကြိမ်သာ(ရွှေခွက် ထပ်သံကြား၍)နိုးသည်ဟု ပြောစမှတ်ပြု နေကြသော ဗုဒ္ဓဘာသာတစ်စုတို့၏အယူကို စင်ဖြူအောင် ဖြေရှင်းပေး တော်မူရန်နှင့် ၎င်းနဂါးမင်းကြီးသည် ဧရာပထ စသောနဂါး ၄ မျိုးတို့ တွင် မည်သည့်အမျိုး၌ အကျုံးဝင်ပါသနည်း။ ၎င်းပြင် နဂါးမျိုးများ၌ (မုတ်ဆိတ် စသော)အမွေးများ ရှိကောင်းပါသလော။

အရှင်စန္ဒောဘာသ၊ သထုံမြို့၊
သာသနာ့ရိပ်သာ။

**ဖြေ**။ ကာလနဂါးမင်းကြီးသည် ကမ္ဘာ ကုန်ဆုံးသည့် တိုင်အောင် အသက်တမ်းရှည်သည့် နတ်နဂါးမျိုးတို့၏ဘုရင် ဖြစ်သည်။ ဗုဒ္ဓ ဝင်တွင် ရွှေခွက်သံကြား၍ ဘုရားတစ်ဆူ ပွင့်ပြန်ပြီဟုဆိုကြောင်း ပါရှိ သဖြင့် ထိုအခါကျမှ တစ်ကြိမ်နိုးလေဟန် ပြောဆိုကြခြင်း ဖြစ်သည်။ အမှန်မှာ ကမ္ဘာဦးကပင် နတ်နဂါးဘဝသို့ ရောက်လာရသူ ဖြစ်၍ ယခင် သုံးဆူသော ဘုရားများကိုလည်း မီလိုက်သူဖြစ်ရကား ဂေါတမ မြတ် စွာဘုရား ပွင့်တော်မူရာ၌လည်း ဝမ်းမြောက်ဝမ်းသာ ကောင်းချီး ပေး ကြောင်း စာရှိသည်။ ရွှေခွက်သံကြောင့် ဘုရားပွင့်တော့ မည်ဟု သိကာ ဗောဓိမဏ္ဍိုင်သို့ လာရောက်ပြီး မြတ်စွာဘုရားအလောင်း ဗောဓိမဏ္ဍိုင် ၌ သီတင်းသုံး ထိုင်နေတော်မူသောအခါ သီကြားဗြဟ္မာများနှင့်အတူ ပူဇော်နေလေသည်။ မာရ်နတ်မင်း စစ်ခင်းရန် လာရောက်သောအခါမှ နဂါးပြည်သို့ ပြန်ပြေးလာကာ မျက်စိကို မှိတ်၍ အိပ်စက်နေကြောင်း၊ မာရ်နတ်မင်းစစ်ရှုံး၍ မြတ်စွာဘုရားသဗ္ဗညုတဉာဏ်တော်ရကာ ဘုရား အဖြစ်သို့ ရောက်သောအခါ၌ အလျင်အမြန် လာရောက်၍ ချီးကျူး ဂါထာများကို ရွတ်ဆိုပူဇော်ပြန်ကြောင်း ဗုဒ္ဓဝင်တွင် ပါရှိ၍ အစဉ်အိပ်

နေသော နဂါးမဟုတ်ကြောင်း သိသင့်ပါသည်။ အသောက မင်းကြီးအားလည်း ဘုရားအသွင် ဖန်ဆင်းပြခဲ့သေးကြောင်းသိရသဖြင့် အလွန်တန်ခိုးကြီးသော နတ်နဂါးကြီး ဖြစ်လေသည်။

ခန္ဓသုတ်လာ ဧရာပထ စသော နဂါးမျိုးများကား ဤကာလနဂါးမင်းကြီးကဲ့သို့ တန်ခိုးကြီးသော နဂါးများ မဟုတ်ကြပါ။ မြွေမျိုးအပါအဝင် မြွေမင်းတို့ အဆင့်ရှိနဂါးများသာ ဖြစ်ပါသည်။ ကျမ်းစာများတွင်လာသောဂဠုန်၏အစာ၊ ဂဠုန်အသုတ်ခံ ရေနဂါးများဟုသာ ယူဆသင့်သည်။ ကာလနဂါးမင်းကြီးကား မြတ်စွာဘုရား၏ အောင်ခြင်းရှစ်ပါးလာ နန္ဒောပနန္ဒ နဂါးမင်းကြီးကဲ့သို့ နတ်နဂါးများ ဖြစ်သည်။ ကာလနဂါးမင်း၊ နန္ဒောပနန္ဒ နဂါးမျိုးတို့ကို ဂဠုန် မသုတ် မယူနိုင်ပေ။ ဂဠုန်၏အစာ ဖြစ်သော နဂါးမျိုး မဟုတ်ပေ။ ကုသိုလ်ပြုစဉ်က နဂါး၏စည်းစိမ်ကို ညွတ်မိသဖြင့်သာ နဂါးဖြစ်နေရသော နတ်အမျိုးအစားဝင် ဖြစ်၍နတ်တို့ကဲ့သို့ အသွင်အမျိုးမျိုးကိုလည်း ဖန်ဆင်းနိုင်လေသည်။ ၎င်းတို့၏ တိုင်းပြည်များမှာ နက်ရှိုင်းသော သမုဒ္ဒရာကြီးများအောက် ကြီးမားသောတောင်ကြီးများအတွင်း စသည်တို့၌ ရှိကြကြောင်း လောကပညတ္တိ ကျမ်း၌ လာ၏။ နတ်ပြည်အလား ကြီးမားသော နဂါးပြည်တွင် စည်းစိမ် ခံစားနေသော နဂါးမျိုးများ ဖြစ်ကြ၏။ ဇာတ်တော်တို့တွင် ၎င်းတို့၏ အသွေးအရောင်နှင့်စပ်၍ ဘူရိဒတ်နဂါးမင်းမှာ ခြင်းခြင်းနီသော အဆင်းရှိကြောင်း၊ စမ္ပေယျနဂါးမင်း၊ သင်္ခပါလ နဂါးမင်းတို့မှာ ဖြူဖွေးသောအဆင်းရှိကြောင်း ဆို၏။ ကာလနဂါးမင်း၏အသွေးအရောင်ကိုမူ မဆိုပေ။ သို့သော် ကာလသဒ္ဒါအရ ညိုသောအရောင်ရှိလိမ့်မည်ဟု ယူဆရ၏။ ငါး၊ လိပ် စသော ရေသတ္တဝါတို့သည် အမွေးမရှိ။ အကြေးသာ ရှိနိုင်မည်ကို ထောက်၍ ရေနတ်နဂါးများမှာလည်း မုတ်ဆိတ် စသောအမွေးများအစား အကြေးများ ရှိနိုင်ကြောင်း ကြံစည်မည်ဆိုက ကြံစည်နိုင်စရာ ရှိပေသည်။

✳

## ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်း

**မေး**။ ပုတီးစိပ်ရာတွင် အချို့က စကားပြောရင်း၊ လမ်းလျှောက်ရင်း၊ အိပ်ရင်းစိပ်ကြ၍ အချို့ဘုရားရှေ့တွင် စနစ်တကျထိုင်၍စိပ်ကြပါသည်။ ဘယ်အရာက မှန်ပါသလဲဘုရား။ ဘယ်လိုနှလုံးသွင်းပြီး စိပ်သင့်ပါသလဲဘုရား။ ဥပုသ်နေ့တွေမှာ ထွက်လေ၊ ဝင်လေမှတ်ပြီး တရားထိုင်ခြင်းနှင့် ပုတီးစိပ်ခြင်းမှာ ဘယ်အရာကို ပြုလုပ်သင့်ပါသလဲဘုရား။

မစန်းစန်းနွယ်
ရေနံချောင်းကျေးရွာ၊ မအူပင်မြို့နယ်။

**ဖြေ**။ ပုတီးစိပ်ခြင်းမှာ စိတ်ကိုထိန်းချုပ်၍ သမာဓိရအောင် လုပ်သောအလုပ်ဖြစ်ရာ စိတ်တည်ငြိမ်ပြီး သမာဓိရနိုင်သော ဣရိယာပုထ်ဖြင့်သာ ပြုလုပ်သင့်ပါသည်။ ထိုင်၍စိပ်ခြင်း၊ လျောင်း၍စိပ်ခြင်းတို့က ပို၍ သမာဓိရစရာရှိပြီး ဘုရားရှေ့တွင်ထိုင်ကာ ဘုရားအာရုံပြု၍ စိပ်ခြင်းက ပို၍ကောင်းမွန်ဖွယ် ရှိပါသည်။ ပုတီးစိပ်သည်ဆိုရာ၌ အများအားဖြင့် မြတ်စွာဘုရား၏ဂုဏ်တော်ကို အာရုံပြု၍ စိပ်ရသဖြင့် မိမိနှုတ်တက်ရ၍ ကျေပွန်ပွန်းတီးလျက်ရှိသော ဂုဏ်တော်ကိုးပါးကို အာရုံယူ နှလုံးသွင်း၍ စိပ်ခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။ တရားမှတ်ခြင်း နှင့် ပုတီးစိပ် ခြင်းတွင် ပုတီးစိပ်ခြင်းမှာ သမထဘာဝနာ၌ အကျုံးဝင်၍ တရားမှတ်ခြင်းမှာ ဝိပဿနာဘာဝနာ၌ အကျုံးဝင်ပါသည်။ ထို့ကြောင့် ထိုနှစ်မျိုးတွင် တရားမှတ်ခြင်းက ပို၍ အဆင့်မြင့်သဖြင့် ပြုလုပ်သင့်ပါသည်။

*

## စကြဝေတီနှင့် ကုသိုလ် အကုသိုလ်

**မေး**။ (၁) စကြဝတေးမင်းကို စေတီတည်ထား ကိုးကွယ်ကြသည် ဆိုသည်မှာ ဟုတ်ပါသလား။ ဘာကြောင့်ပါလဲ ဘုရား။

www.dhammaransi.com

(၂) အကုသိုလ်တရားများကို မလွဲမရှောင်သာ၍ ကျူးလွန်ပြီး နောက် ကုသိုလ်တရားများကို ပြုလုပ်ခြင်းကြောင့် အကုသိုလ်တရား များ ပပျောက်ပါသလား။ အဟောသိကံ ဖြစ်ပါသလား ဘုရား။

မင်းမင်းထွန်း၊ သုံးဆယ်။

**ဖြေ။** (၁) လောကတွင် စေတီထိုက်သူ ၃ ဦးမှာ ဘုရား၊ ရဟန္တာတို့နှင့် စကြဝတေးမင်းဟု ဆိုပါသည်။ ဘုရား၊ ရဟန္တာတို့၏ ဓာတ်တော် များကို စေတီတည်၍ ကိုးကွယ်က လူ့နတ်နိဗ္ဗာန် သုံးတန်သောချမ်းသာ ကို ရနိုင်ပြီး စကြဝတေးမင်း၏အရိုးဓာတ်တို့ကို စေတီတည်၍ ကိုးကွယ် က လူချမ်းသာ၊ နတ်ချမ်းသာ နှစ်မျိုးကို ရနိုင်ကြောင်း အင်္ဂုတ္တရ၊ ဒုက နိပါတ အဋ္ဌကထာတွင် ဆိုပါသည်။ စကြဝတေးမင်းသည် လောကရှိ မင်းကျင့်တရားများအပြင် စက္ကဝတ္တိဓမ္မတို့နှင့် ပြည့်စုံလျက် လူ့လောက အား ငါးပါးသီလမြဲအောင် အမြဲမပြတ် ဟောပြော ပြသသူ ဖြစ်သည်။ ဘုရားသာသနာမရှိသော ခေတ်ကာလတွင် လူသားတို့အား မနုဿ ဒေဝသမ္ပတ္တိတို့ကို ဖြစ်စေ၍ အလွန်တရာ ကျေးဇူးကြီးမားလှသဖြင့် ၎င်းအား စေတီတည်၍ ကိုးကွယ်ထိုက်ခြင်း ဖြစ်ပါသည်။

(၂) အကုသိုလ်တရားများကို ပြုလုပ်က မကောင်းမှုအကျိုးကို ပေးမည်သာဖြစ်သည်။ မိမိက ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်မှု များ၍ ကုသိုလ်အကျိုးကို ဆက်ကာဆက်ကာ ပေးနေလျှင် အကုသိုလ်ကျိုး သည် ကြားမဝင်သာ၍ အကျိုးမပေးဘဲ ငုပ်နေတတ်သည်။ ကုသိုလ် ကျိုး အားနည်းလာက ကြားဝင်၍အကျိုးပေးပေလိမ့်မည်။ မဂ်ကုသိုလ် ဖြစ်၍ နိဗ္ဗာန်ဝင်သည့်တိုင်အောင် အကုသိုလ်က အကျိုးမပေးသာလျှင် ကား အဟောသိကံ ဖြစ်သွားနိုင်ပါသည်။ အင်္ဂုလိမာလ၏ လူပေါင်း များစွာ သတ်ခဲ့သော အကုသိုလ်ကံသည် ရဟန္တာဖြစ်သွား၍ ပဋိသန္ဓေ ကျိုး မပေးနိုင်သော်လည်း ပဝတ္တိ၌ ခဲမှန်၍ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရ သေးသည်အထိ ပဝတ္တိ၌ အကျိုးပေးသေးသည်ကို သတိပြုပါ။

# ရှစ်ပါးသီလနှင့် တီဗွီ ဗွီဒီယို

**မေး**။ အရှင်ဘုရား၊ သီလဆောက်တည်ရာ၌ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလများတွင် ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းနှင့် ကြည့်ရှုနားထောင်ခြင်းတို့မှ ရှောင်ကြဉ်ပါမည်ဟု ဆိုပါသည်။ သီလ ဆောက်တည်ထားသော ဥပုသ်သည်သည် ယခုခေတ် တီဗွီ၊ ဗွီဒီယိုများ ကြည့်ရှုပါက ဆောက်တည်ထားသော သီလကျိုးပေါက်ခြင်းရှိ မရှိ သိလိုပါသည် ဘုရား။

ချိုအေး

မြို့မရပ်၊ အထက်မင်းလှ။

**ဖြေ**။ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလ ဆောက်တည်သူသည် ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့နှင့် ယင်းတို့အား ကြည့်ရှုနားထောင်ခြင်းတို့ကို လုံး၀ရှောင်ကြဉ်ရသည်။ အနည်းဆုံး မျောက်ကခြင်း၊ ဥဒေါင်းကခြင်း စသည်မျိုးကို ကြည့်ရှုနားထောင်ခြင်းမပြုရသဖြင့် ရေဒီယိုမှ လာသော သီချင်းသံများ၊ တီဗွီ၊ ဗွီဒီယိုတို့မှ ပြသသော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းများကို ကြည့်ရှုနားထောင်မှု မပြုရသည်မှာ ထင်ရှားသည်။ ဥပုသ်စောင့်သုံးခြင်းမှာ လောကရေးရာမှုဖြစ်သော ကာမဂုဏ်မှုကိစ္စတို့မှ အနားပေးကာ အရိယာပုဂ္ဂိုလ်တို့ကို တုပနည်းယူလျက် ဗုဒ္ဓဘာသာတို့၏ အနှစ်သာရ သီလတရားတို့ဖြင့် မိမိစိတ်နှလုံးကို ထုံမွမ်းပြီးလျှင် ဘာဝနာစခန်းသို့ တက်လှမ်း အားထုတ်ရန် ကြိုးစားနေခြင်းမျိုးသာ ဖြစ်၍ လူ့လောကဆိုင်ရာ ကာမဂုဏ်အားပေးသော အပျော်အရွှင်မျိုးတို့ကို ဖယ်ရှားနိုင်ရန်သာ အားထုတ်ရပါမည်။ ထို့ကြောင့် ဥပုသ်သီလ စောင့်သုံးသော နေ့တို့တွင် ဇနီးမောင်နှံခွဲခြား၍ အိပ်စက်ခြင်း၊ ညစာဟူသမျှ ရှောင်ကြဉ်ခြင်း၊ အဆိုပါ ကခုန်သီဆိုမှုတို့ကို မျက်နှာလွှဲခြင်းနှင့် မှုတာင်မွေ့ရာ ထည့်ဝါခမ်းနားသော အသုံးအဆောင်တို့ကို ရှောင်ရှား

ခြင်းပြုလျက် ပုတီးစိပ် ဂုဏ်တော်ပွားများခြင်း၊ မေတ္တာပို့ခြင်း၊ ဝိပဿနာ တရား ပွားများခြင်း စသော ကုသိုလ်ကောင်းမှုတို့ဖြင့် တစ်နေ့တာကို ကုန်ဆုံးစေသင့်ပါသည်။

*

## ဒေဝဒတ်နှင့် ဣဒ္ဓိပါဒ်တန်ခိုး

**မေး**။ ဇာတ်တော်များမှာ အမျိုးသမီးတို့အာရုံကြောင့် ဈာန်ရရသေ့များ ဈာန်လျှောရကြောင်း မကြာမကြာ ဖတ်ရှုရပါသည်။ သို့သော် မြတ်စွာဘုရားအား အမျိုးမျိုး ရန်လုပ်၍ သတ်ဖြတ်ရန်အထိ ကြံစည်ခဲ့သည့် ဒေဝဒတ်မှာ ဈာန်ဣဒ္ဓိပါဒ်တန်ခိုးများ ရရှိသည်ဆိုသည်မှာ ဖြစ်နိုင်ပါရဲ့လား ဘုရား။

ဦးခင်မောင်ကြီး
ရွှေသူဌေးကုန်း၊ ချောက်မြို့။

**ဖြေ**။ မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီး ဝါတော်တစ်ဝါရပြီးနောက် ကပိလဝတ်ပြည်သို့ ကြွရောက်၍ ပြန်လည်ကြွသွားသည့်အခါတွင် ဒေဝဒတ်သည် ဘဒ္ဒိယသာကီဝင်မင်း၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဆတ္တာသည် ဉပါလိတို့နှင့် အတူ ဘုရားနောက်သို့ လိုက်သွားပြီး ရဟန်းပြုခဲ့ပါသည်။ ထိုအချိန်က မြတ်စွာဘုရားအား ရန်ငြိုးလည်း မဖွဲ့သေး၊ ရန်လည်း မလုပ်သေး၊ သဒ္ဓါတရားအပြည့်အဝ ရှိနေပါသေးသည်။ ထို့ကြောင့် ရဟန်းတရားကို အားထုတ်၍လောကီဈာန်တန်ခိုးဣဒ္ဓိပါဒ်တို့ကို ရခဲ့ပါသည်။ နောက်အတန်ကြာမှ အလိုဆိုး နှိပ်စက်၍ အဇာတသတ်ကို ချဉ်းကပ်ကာ လာဘ်များကြောင်းကို ရှာကြံလျက် မြတ်စွာဘုရားအား ရန်ပြု[illegible]ဖြင့် ရရှိထားသော ဈာန်တန်ခိုးများ ကွယ်ပျောက်သွားရပါသည်။ [illegible]ကြောင့်

ဒေဝဒတ်၏ ဈာန်တန်ခိုးများမှာ အလိုဆိုးမနှိပ်စက်မိ စိတ်ကောင်းရှိစဉ်က ရရှိခြင်း ဖြစ်သဖြင့် ဖြစ်နိုင်ပါသည်။

*

## တစ်ထောင့်ငါးရာ ကိလေသာ

**မေး။** ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာနှင့် တစ်ထောင့်ငါးရာ ကိလေသာဆိုသည်ကို မကြာမကြာ ကြားနေရပါသည်။ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာကို မေတ္တာပို့ဆိုင်ရာစာအုပ်များတွင် တွေ့ရ၊ ဖတ်ရှုမှတ်သားရပါသည်။ တစ်ထောင့်ငါးရာ ကိလေသာတွက်နည်းကို အတွေ့ရနည်းပါးသဖြင့် ရှင်းလင်းဖော်ပြပေးစေလိုပါသည် ဘုရား။

ကိုဟန်ဝင်း

၆ လမ်း၊ (ခ)ရပ်ကွက်၊ အင်းစိန်မြို့သစ်။

**ဖြေ။** တစ်ထောင့်ငါးရာ ကိလေသာဟူသည်မှာ စိတ်တစ်ခုယုတ် ကိုးဆယ် (၈၉)ကို ဝိညာဏက္ခန္ဓာအရ ၁ ခု သာ ယူ၍ စေတသိက်၅၂ ပါးနှင့် ပေါင်းသော် နာမ်တရား ၅၃ ပါး ဖြစ်သည်။ ရုပ် ၂၈ ခုတွင်လည်း နိပ္ဖန္နရုပ် ၁၈ ပါးနှင့် လက္ခဏာရုပ် ၄ ပါးကို ယူကာ နာမ်ရုပ်တရား ၇၅ပါး ရသည်။ ၎င်း ၇၅ ပါးကို အဇ္ဈတ္တ၊ ဗဟိဒ္ဓ သန္တာန် ၂ ပါးနှင့် မြှောက်သော် ၁၅၀ ရ၏။ ထို ၁၅၀ ကို လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူသော ကိလေသာ ၁၀ ပါးနှင့် မြှောက်သော် ၁၅၀၀ ကိလေသာ ဖြစ်ပါသည်။

ထို့ကြောင့် “ခုနစ်ဆယ့်ငါး၊ နာမ်ရုပ်ထားမှ၊ နှစ်ပါးဆယ်ထွေ၊ မြှောက်ပွားရေသော်၊ ကိလေသာစက်၊သုံးထောင်ဝက်”ဟူ၍ ကိုးခန်းပျို့၌ စပ်ဆိုထားပါသည်။

*

www.dhammaransi.com

## အကုသိုလ်ပြု၍ လှူဒါန်းခြင်း

**မေး**။ အခြားသူမပေးသော ပန်းကလေးများကို ခိုးယူ၍ ဘုရားတင်ခြင်း၊ သူများပစ္စည်းကို မရိုးမသား ခိုးဝှက်၍ လှူဒါန်းခြင်း ပြုလုပ်ပါက မည်သည့်အကျိုးတရားများ ရရှိနိုင်ပါသလဲ ဘုရား။

ဦးစံဇေ
စံရွေးကျေးရွာ၊ သာယာဝတီမြို့နယ်။

**ဖြေ**။ အကုသိုလ်ပြု၍ လှူဒါန်းရာ၌ အကုသိုလ်၏အကျိုးက တခြား၊ လှူဒါန်းသော ဒါနအကျိုးက တခြား အကျိုးပေးပါသည်။ ဓမ္မပဒလာ ပူတိဂတ္တတိဿမထေရ်ဝတ္ထုကို ထောက်၍ သိသင့်ပါသည်။ ၎င်းဝတ္ထု၌ ပူတိဂတ္တတိဿမထေရ်အလောင်းသည် မုဆိုးဘဝက ငှက်များကို ဖမ်း၍ ရောင်းလည်း ရောင်း၊ စားလည်း စားသည်။ ရောင်း၍ မကုန်သော ငှက်များကို အတောင်နှင့် ခြေများကို ချိုး၍ လှောင်ထားပြီး ရက်ရှည် သတ်၍ စားသည်။ တစ်နေ့တွင် ထိုငှက်သားဖြင့် ရဟန္တာပုဂ္ဂိုလ်အား ဆွမ်းလှူ၍ 'ဤကောင်းမှုကြောင့် အရှင်ဘုရားတို့ သိအပ်သောတရားကို သိရပါလို၏'ဟုဆုတောင်းခဲ့သည်။ ထို့ကြောင့် ဤဘုရားလက်ထက် ပူတိဂတ္တတိဿမထေရ်ဖြစ်လာ၍ ငှက်တို့ကို အတောင်ခြေထောက်များကို ချိုး၍ သတ်စားခဲ့သော မကောင်းမှုကြောင့် အနာကြီးများပေါက်ကာ အရိုးများကျိုးရခြင်း၊ ယင်းငှက်သားဟင်းဖြင့် ဆွမ်းလှူဆု တောင်းခဲ့ခြင်းကြောင့် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်ရခြင်း အကျိုးတို့ကို ခံစားရရှိပါသည်။

*

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

**မေး**။ ဆရာတော်အရှင်သူမြတ်ဘုရား။ ခန္ဓာငါးပါးနှင့် ဥပါဒါနက္ခန္ဓာငါးပါး မြတ်စွာဘုရား ခွဲခြားဟောထားပါသဖြင့် ဥပါဒါနက္ခန္ဓာ

www.dhammaransi.com

ငါးပါးမှာ ပုဂ္ဂိုလ်တိုင်းမှာ ရနိုင်ပါသလား ဘုရား။ ဘယ်ပုဂ္ဂိုလ်မှာ ရနိုင်၍ ဘယ်ပုဂ္ဂိုလ်မှာ မရနိုင်ကြောင်း သိလိုပါသည် ဘုရား။

အရှင်ကောဝိဒ

အောင်ခဲ့စဉ်ကျောင်း၊ ပုဏ္ဏားကာအုပ်စု၊ ရေဦးမြို့နယ်။

**ဖြေ**။ ခန္ဓာငါးပါးနှင့် ဥပါဒါနက္ခန္ဓာငါးပါးကို အများသိရန် ဖော်ပြလိုက်ပါသည်။ ခန္ဓာငါးပါးမှာ ရုပ်အစု ရူပက္ခန္ဓာ၊ ခံစားမှုဝေဒနာအစု ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုသညာအစု သညာက္ခန္ဓာ၊ ပြုပြင်မှု သင်္ခါရအစု သင်္ခါရက္ခန္ဓာ၊ သိမှုဝိညာဏ်အစု ဝိညာဏက္ခန္ဓာဟူ၍ ငါးပါး ပြား၏။ ထိုတွင် မဟာဘုတ်လေးပါး၊ ဥပါဒါရုပ်နှစ်ဆယ့်လေးပါး ဟူသော များစွာသော ရုပ်တို့ကို စုပေါင်း၍ ရူပက္ခန္ဓာရုပ်အစုဟု ခေါ်ဝေါ်ခြင်းသည် သင့်တန်စေ၊ သညာစေတသိက် တစ်ခုတည်းကို အဘယ်ကဲ့သို့ သညာအစု သညာက္ခန္ဓာဟု ခေါ်မည်နည်းဟု မေးပြောအံ့။ တစ်ခုတည်းသော သညာစေတသိက်သည်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည် တစ်ဆယ့်တစ်ပါး ကွဲပြားသောကြောင့် သညာအစု သညာက္ခန္ဓာ ဟု ခေါ်သင့်ပေသည်ဟု ဖြေရာ၏။

ခန္ဓာဟူ၍ သာမညအားဖြင့် ခေါ်ဝေါ်သုံးစွဲလျှင် နိဗ္ဗာန်မှတစ်ပါးသော လောကီ လောကုတ္တရာ တရားအားလုံးကို ယူရမည်။ ခန္ဓာပုဒ်ရှေ့၌ ဥပါဒါနသဒ္ဒါ တွဲဖက်၍ ဥပါဒါနက္ခန္ဓာဟုဆိုလျှင် လောကီ ရုပ်နာမ်တရားများကို ယူလေ။ အကြောင်းမူ လောကီရုပ်တရား နာမ်တရားများသည် လောဘဒိဋ္ဌိဟူသော ဥပါဒါန်တရားတို့၏ကျက်စားရာ အာရုံဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာ မည်၏။

ထို့ကြောင့် လုံး၀ ဥပါဒါနက္ခန္ဓာကင်းနိုင်သောပုဂ္ဂိုလ်မရှိ။ ရဟန္တာပုဂ္ဂိုလ်များ၌ အဇ္ဈတ္တဥပါဒါန် ကင်းသော်လည်း ရှင်အနုရုဒ္ဓါ စသည်၌ ချစ်ခင်စွဲလမ်းသော အမျိုးသမီးများ ရှိခဲ့သည်ကို ထောက်၍ ဗဟိဒ္ဓဥပါဒါန် တရားများ ရှိနေကြောင်း သိသာ၏။

# ဝဋ်နှင့် ငရဲ

**မေး**။ ဆရာတော်ဘုရား၊ သတ္တဝါတစ်ဦးဦးကို အသက်မသေစေဘဲ ကျိုးအောင်၊ ကန်းအောင်၊ မသွားနိုင်အောင် ပြုလုပ်မိတဲ့အခါ ဒီအတိုင်း ထားရင် အပြစ်ကြီးတယ်။ ဝဋ်လိုက်တတ်တယ်။ တစ်ခါတည်း အသေသတ်တာက ကောင်းတယ်၊ အပြစ်မကြီးဘူးလို့ ပြောကြပါတယ်။ အဲဒီစကား ဟုတ်နိုင် မဟုတ်နိုင် သနားသဖြင့် ဖြေကြားပေးပါဘုရား။

ခင်မိုးဝေ

ချောင်းဆုံတောင်ရွာ၊ တနင်္သာရီမြို့နယ်။

**ဖြေ**။ ကျိုးရုံကန်းရုံပြုလုပ်ခြင်းထက် သတ်ခြင်းက အပြစ်ကြီးပါတယ်။

လူတို့သည် 'ဝဋ်မှာအမြဲ ငရဲအပ' ဟူသောစကားကို အားကိုး၍ ဝဋ်သည် မပျက်မကွက် အမြဲခံရ၍ ငရဲမှာ လွတ်မြောက်နိုင်သည်ဟု ယူဆကြဟန်တူပါသည်။ သူ့အသက်သတ်၍ ခံရမည့်ငရဲကို ကျော်လွှား လွတ်မြောက်နိုင်ဖို့အတွက် ကုသိုလ်အဆက်ဆက် ပြုလုပ်နေရန်၊ ကုသိုလ်အကျိုးချည်း ဆက်ပေးနေရန် မလွယ်ပါ။ ဝဋ်နှင့် ငရဲ ဟူသည်မှာလည်း ဝဋ်မှာ ပဝတ္တိအကျိုးသာ ဖြစ်၍ ငရဲမှာ ပဋိသန္ဓေအကျိုးဖြစ်သဖြင့် အကြီးအသေး ကွာခြားလှပါသည်။ ထို့ပြင် ဝဋ်မှာ တစ်ခဏ၊ ငရဲမှာ တစ်ဘဝဟုဆိုသော်လည်း ငရဲတစ်ဘဝကျသွားလျှင် အကုသိုလ်ကျိုးများဆက်၍ သုဂတိဘဝသို့ ပြန်ရောက်ရန် မလွယ်ကူပါ။ ထို့ကြောင့် ဝဋ်ထက် ငရဲကို ပိုပြီး ကြောက်သင့်ပါသည်။ မျက်မြင်မှာလည်း ကျိုးခြင်းနှင့် သေခြင်းကို နှိုင်းယှဉ်ကြည့်ပြီး ကျိုးခြင်းထက် သေခြင်းက ပို၍ဆိုးသဖြင့် သူ့အသက်သတ်ခြင်းကို လုံးဝမပြုလုပ်မိရန် လွန်စွာ အရေးကြီးလှပါသည်။

✳

www.dhammaransi.com

# ကျွတ်လွတ်ခြင်း

**မေး**။ လူတစ်ယောက် သေဆုံးသွားသောအခါ ကျွတ်မကျွတ် မည်ကဲ့သို့ သိနိုင်ပါသနည်း အရှင်ဘုရား။

မျိုးမမ၊ အင်းစိန်မြို့သစ်။

**ဖြေ**။ လူသေတိုင်း ပြိတ္တာဘဝကဲ့သို့သော ဘဝသို့ ရောက်ရသည်ဟု ယူဆ၍ မေးဟန်တူ၏။ လူ သို့မဟုတ် သတ္တဝါတစ်ဦးဦး သေဆုံးတိုင်းပင် (၁) နိရယဂတိ ငရဲဘဝ၊ (၂) တိရစ္ဆာနဂတိ တိရစ္ဆာန်ဘဝ၊ (၃) ပေတဂတိ ပြိတ္တာဘဝ၊ (၄) မနုဿဂတိ လူ့ဘဝ၊ (၅) ဒေဝဂတိ နတ်ပြဟ္မာ ဘဝ ဤငါးမျိုးတွင် တစ်မျိုးမျိုးသို့ မိမိပြုသော ကံအားလျော်စွာ လားရောက်ရပေသည်။

ပေတဂတိ၊ ပြိတ္တာဘဝမှလွဲ၍ အခြားဘုံဘဝဆိုင်ရာတို့၌ ကျွတ်မကျွတ် ပြဿနာဆိုဖွယ်ရာ လိုမည် မဟုတ်ပါ။ ပေတဂတိ ပြိတ္တာဘဝဟူသည်မှာ ဝေမာနိက ပရဒတ္တူပဇီဝိကပြိတ္တာဆိုလျှင် ဒုဂ္ဂတိဘဝတို့တွင် သက်သာသောဘဝဟု ဆိုရပါမည်။ အကုသိုလ်နှင့် ကုသိုလ် အနည်းအပါးစီ ရှိသူတို့ ရောက်ရာ ဘုံဘဝဖြစ်၍ ရံခါကုသိုလ် အကျိုးကို ခံစားရပြီး အချို့တိဟိတ် ပဋိသန္ဓေနေ၍ မဂ်တရား၊ ဖိုလ်တရားများပင် ရနိုင်သေးသည်။ ယင်းဘဝတို့မှာလည်း လူတို့ထင်သလို ရုပ်မရှိ၊ နာမ်တရား (ဝိညာဉ်)သာ လွင့်ပျံ့သွားလာနေရသည်မဟုတ်ပါ။ လူ့ဘဝက ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် ကံအားလျော်စွာ ယင်းဘဝတွင် ပဋိသန္ဓေတွယ်၍ ရုပ်တရား၊ နာမ်တရားများ တစ်ပြိုင်နက်ဖြစ်ပေါ်ရသည်။ တန်ခိုးဖြင့်လည်းကောင်း၊ ဆေးဝါးဆေးမြစ်တို့ဖြင့်လည်းကောင်း ရုပ်အသွင်ကို ကွယ်ထားကြလေ့ ရှိပါသည်။

အချို့ပြိတ္တာတို့သည် ဆာလောင်မွတ်သိပ်လွန်း၍ မိမိဆွေမျိုးမိသားစုတို့အား တစ်နည်းနည်းဖြင့် အသိပေး၍ ကုသိုလ်ပြုစေကာ

www.dhammaransi.com

သာဓုခေါ်လျက် ချမ်းသာမှုကို ရယူတတ်ကြသည်။ ထိုသို့ အသိပေး ကုသိုလ်ပြုစေ၍ သာဓုခေါ်ကြသော ဝေမာနိက ပရဒတ္တူပဇီဝိတ္တာတို့သာ မိမိတို့ ချမ်းသာသွားလျှင် ချမ်းသာသွားကြောင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် သာဓုမခေါ်နိုင်၍ ဆင်းရဲမှ မလွတ်လျှင် မလွတ်သေးကြောင်း အိပ်မက်စသည်ဖြင့် အသိပေးတတ်ကြသည်ဟု ကြားသိရဖူးသည်။ ပြဿနာရှင်ဆိုလိုသော ကျွတ် မကျွတ်ဆိုသည်မှာ ထိုကိစ္စမျိုးပင် ဖြစ်စရာရှိပါသည်။ အခြားနည်းဖြင့် သိနိုင်သော အကြောင်းမျိုး ဗုဒ္ဓ စာပေတွင် မရှိပါ။

*

# ကွယ်လွန်သူများကို ကန်တော့ခြင်းနှင့် သီလ

**မေး**။ (၁) ကွယ်လွန်ပြီးသော ဘိုးဘွားမိဘများနှင့် အသက်ကြီးသူ ရပ်ဆွေရပ်မျိုးတို့အား နေ့စဉ်ကန်တော့ခြင်းမှာ ကုသိုလ်ရပါသလား။ သို့မဟုတ် အကျိုးမရှိ ဖြစ်ပါသလား။

(၂) ရှစ်ပါးသီလ ဥပုသ်စောင့်ပြီး မိမိအိပ်နေကျ ခုတင်ပေါ်တွင် ဇနီး ခင်ပွန်း အတူ အိပ်ကောင်းပါသလား။

(၃) ၎င်းဥပုသ်သည်သည် တစ်ထောင့်ထွာထက် မမြင့်သော ခုတင် ကုလားထိုင်ပေါ်၌ အိပ်ခွင့်ထိုင်ခွင့် ရှိပါသလား။

ခင်ဖုန်းတင့်
မော်လမြိုင်မြို့။

**ဖြေ**။ (၁)ကွယ်လွန်ပြီးသော ဘိုးဘွားမိဘ စသည်တို့အား ရည်မှန်း၍ ကန်တော့ခြင်းမှာ ဂုဏ်ကို ရည်မှန်း၍ ကန်တော့ပါက ကုသိုလ်ဖြစ်ပါ၏။ သို့သော် ထိုသို့ ကန်တော့ခြင်းထက် ကုသိုလ်ပြု၍ အမျှဝေခြင်းက သာလျှင် သာလွန်၍ အကျိုးရှိပါသည်။

(၂) ရှစ်ပါးသီလ ဥပုသ်စောင့်သူသည် ဗြဟ္မာစရိယအကျင့်မြတ်ကြီး မညစ်နွမ်းစေရန် ဇနီး ခင်ပွန်း တစ်အိပ်ရာတည်းအတူ မအိပ်သင့်ပါ။ တစ်အိပ်ရာစီသာ ခွဲ၍အိပ်သင့်ပါသည်။ ရှေးခေတ်က ဥပုသ်သည်တို့မှာ အမျိုးသမီးများသာ အိမ်ပြန်ကြ၍ အမျိုးသားများမှာ ကျောင်းကန်ဘုရား ဥပုသ်ဇရပ်တို့တွင် အိပ်ကြပါသည်။

(၃) ဥပုသ်သီလ ခံယူထားသူသည် တစ်ထောင့်ထွာထက် မမြင့်သောခုတင်(မိမိ အိပ်နေကျအိပ်ရာ)ပေါ်၌ နူးညံ့သော၊ လဲမှို့ဝါဂွမ်းသွတ်သောဘုံလျှို(မွေ့ရာ)အခင်းတို့ကို ဖယ်ရှား၍ အိပ်သင့်ပါသည်။ မြင့်သောနေရာအဖြစ် တရားအင်းပျဉ် ပလ္လင် သဋ္ဌာလီတို့ကို ယူ၍ မြတ်သောနေရာအဖြစ် လဲ ဝါဂွမ်း သွတ်သောအခင်း၊ နူးညံ့သော မွေးရှည် ကော်ဇောကြီး စသည်တို့ကို ယူနိုင်ပါသည်။

*

## အာဝေဏိကဂုဏ်တော်

**မေး**။ အရှင်ဘုရား၊ မြတ်စွာဘုရား၏ အာဝေဏိကတရားတော်များသည် မည်သည့်ကျမ်းမှ လာပါသနည်း။ မူအမျိုးမျိုး ဖြစ်နေပါသည်။ တစ်မူတည်း ဖြစ်သင့်ပါသည် ဘုရား။

ဦးလှဖေ၊ က. ပ. စ၊ တပ်တွင်းအိမ်ထောင်စု
ချော်တွင်းကုန်း၊ ရန်ကုန်။

**ဖြေ**။ အာဋ္ဌာနာဋိယ သုတ်တော်ပါ အဋ္ဌာရသ ဗုဒ္ဓဓမ္မ ခေါ် အာဝေဏိက ဂုဏ်တော် ၁၈ ပါးမှာ သုတ်ပါထိက၊ သင်္ဂီတိသုတ် အဖွင့်(ဒီ၊ ဋ္ဌ၊ ၃၊ ၁၇၆) ဋီကာ(ဒီ၊ ဋီ၊ ၃၊ ၁၉၇)တို့တွင် လာသည်။ သို့သော် အစဉ်တစ်မျိုးစီ ဖြစ်နေ၍ ရှုပ်ထွေးသလို ရှိနေသဖြင့် ရွတ်ဆို၍ ကောင်းရန် ဝိဘင် မူလဋီကာက ပြင်ဆင်စီစဉ်ပေးထားသည်။ အများအားဖြင့် ဝိဘင်း မူလဋီကာမူအတိုင်းပင် ဆိုကြပါသည်။ အချို့အစဉ်တစ်မျိုး ဖြစ်နေသော်လည်း အဓိပ္ပာယ်မများပါ။

www.dhammaransi.com

ယင်းအာဝေဏိက ဂုဏ်တော် ၁၈ ပါးမှာ အခြားမည်သည့် ပုဂ္ဂိုလ်မျှ မရနိုင်။ မြတ်စွာဘုရားသာ ရသည်။ မြတ်စွာဘုရား တစ်ပါးတည်းနှင့်သာ သက်ဆိုင်သော ဂုဏ်တော်အထူးများ ဖြစ်သဖြင့် အထူး ကြည်ညိုလေးစားစွာဖြင့် ရွတ်ဆိုပွားများကြရန် သင့်ပါသည်။

*

## ရဟန်းလောင်းနှင့်အသက်

**မေး**။ အသက် ၁၉ နှစ်နှင့် ၁၅ ရက်သာ ရှိသေးသူကို ရဟန်းခံပေး၍ ရဟန်းဖြစ်မဖြစ်၊ ရဟန်းခံပြီးနောက် သံသယရှိနေသောသူ သည် သိက္ခာပုဒ်များကို ကျူးလွန်မိက အာပတ်သင့် မသင့် သိလိုပါသည် ဘုရား။

ဦးချစ်စိန်

၇- ရပ်ကွက်၊ သာကေတမြို့။

**ဖြေ**။ အမိဝမ်း၌ ပဋိသန္ဓေ စတင်ဖြစ်ပွားချိန်ကပင် လူသားဟူ၍ ဘဝသစ်ဖြစ်၍ ပေါ်လာခဲ့သည်။ ထို့ကြောင့် အမိဝမ်းတွင် ပဋိသန္ဓေစတင်သည်မှ အသက် ၂၀ ပြည့်လျှင် ရဟန်းပြုနိုင်သည်ဟု ဆိုသည်။ ပဋိသန္ဓေ ၁၀ လဆိုက မွေးဖွားပြီး ၁၉ နှစ်နှင့် ၂ လရှိရမည်။ ပဋိသန္ဓေ ၇ လနှင့်လည်း ဖွားနိုင်သဖြင့် ယင်းအတွက် ၁၉ နှစ် ၅ လရှိမှ အသက် ၂၀ ပြည့်သည်ဟု ဆိုရပါမည်။

အနှစ် ၂၀ တွင် ရက်မစုံလအတွက် လျှော့ရက်၊ ဝါထပ်နှစ်အတွက် တိုးရက်များပါ ထည့်တွက်၍ ဖြစ်သည် မဖြစ်သည်ထား။ သံသယကင်းအောင် ၇ လ ပဋိသန္ဓေကိုယူ၍ အသက် ၁၉နှစ်မှ အနည်းဆုံး ၅ လသာသာ စွန်းမှသာ သံသယ ကင်းနိုင်ပါသည်။ ၁၉ နှစ်နှင့် ၁၅ ရက်သာ စွန်းရုံမျှနှင့် ရဟန်းခံ၍ မဖြစ်နိုင်ပါ။ ရဟန်းမဖြစ်က လည်း သိက္ခာပုဒ်ဆိုင်ရာများ၌ အာပတ်သင့်ခြင်း၊ မသင့်ခြင်းမှာ

www.dhammaransi.com

ပြောစရာပင် မလိုပေ။ အသက်ပြည့်ချိန်တွင် ထပ်မံ၍ ရဟန်းခံမှသာ ရဟန်းအစစ် ဖြစ်နိုင်ပေလိမ့်မည်။

*

## နိဗ္ဗာန်ကို ရခြင်း၊ မျက်မှောက်ပြုခြင်း

**မေး**။ အရှင်ဘုရား၊ 'နိဗ္ဗာန်ကို ရခြင်း'နှင့် 'နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း' ကွာခြားမှု မည်သို့မည်ပုံ ရှိသည်ကို ထင်လင်းအောင် ရှင်းလင်း ဖြေကြားတော်မူပါဘုရား။

ဦးခွန်ညန်
မြစပယ်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်မြောက်ပိုင်း။

**ဖြေ**။ နိဗ္ဗာန်ဟူသည်'စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ'ဟူသည်နှင့် အညီ မဂ်ဉာဏ်လေးပါးတို့ဖြင့် မျက်မှောက်ပြုအပ်သည်ဟု တိုက်ရိုက်အဆိုရှိသည်။ ထို့ကြောင့်'နိဗ္ဗာန်ကို မျက်မှောက်ပြုသည်'ဟူသော စကားသာ အမှန်ကန်ဆုံး ဖြစ်သည်။ သို့သော် နာမည်ရသည်၊ ဂုဏ်ထူးရသည်၊ ဘွဲ့ရသည်ဟူသော စကားများကဲ့သို့ 'နိဗ္ဗာန်ရသည်'ဟု ဆိုခြင်းမှာ တင်စား၍ ဆိုခြင်းအနေဖြင့် မှားသည်ဟုကား မဆိုနိုင်ပါ။ ထို့ကြောင့် နိဗ္ဗာန်ကို ရသည်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်တို့သည် အဓိပ္ပာယ်အတူတူ ဖြစ်သည်ဟုဆိုသော် ဖြစ်နိုင်ပါသည်။

*

## သဗ္ဗေဓမ္မာ အနတ္တာ၌ နိဗ္ဗာန်ပါ မပါ

**မေး**။ ဆရာတော်အရှင်သူမြတ်ဘုရား၊

"သဗ္ဗေဓမ္မာ အနတ္တာ၊ ယဒါပညာယ ပဿတိ"အစရှိသော ပါဠိတော်အရ 'ဓမ္မာ'ကို ယူရာ၌ ရုပ်နာမ်နှင့် နိဗ္ဗာန်ကိုပါ ထည့်၍ ယူရကြောင်း ဖတ်ဖူး မှတ်ဖူးပါသည်။ သို့ရာတွင် ဝတ်ရွတ်စဉ် စာတစ်အုပ်

တွင် သဗ္ဗေ ဓမ္မာ၌ ဓမ္မာအရ'ဓမ္မာတိ ဣမိနာ ပဉ္စက္ခန္ဓာ ဃေဝ အဓိပ္ပေ တာ' ဟူသော ဓမ္မပဒအဋ္ဌကထာကို ထောက်၍ ခန္ဓာငါးပါးကိုသာ ယူ ရန် ဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ မည်သို့ ယူသင့်ကြောင်း ဖြေကြား တော်မူပါဘုရား။

ဦးလှတင်

အမှတ် ၂၊ မော်ကွန်းတိုက်လမ်း။

**ဖြေ**။ ပါဠိတော်များကို အဓိပ္ပာယ်ကောက်ရာတွင် အရာဌာနအား လျော်စွာသာ ကောက်ယူရပါသည်။ ဝတ်ရွတ်စဉ် စာအုပ်တွင် သဗ္ဗေဓမ္မာ ဂါထာကို ဖော်ပြရာ၌ 'သင်္ခါရကို လက္ခဏာယဉ်တင်၍ ရှုရန်' ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြထားခြင်းဖြစ်၍ "ဓမ္မာအရလည်း ခန္ဓာ ငါးပါးပင်တည်း။ နိဗ္ဗာန်ကို မယူရာ"ဟု နိဗ္ဗာန်ကို ခန္ဓာငါးပါးနှင့် ရောထွေး၍ ကောက်ယူမည်စိုးသဖြင့် ခွဲခြားနိုင်ရန် မှာခြင်းဖြစ်သည်။ တရားသဘောအနေအားဖြင့်ကား နိဗ္ဗာန်နှင့် ပညတ်တရားများလည်း အနတ္တပင် ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တော်တိုင်ကပင် "အနိစ္စာ သဗ္ဗေသင်္ခါရာ၊ ဒုက္ခာ နတ္တာ စ သင်္ခတာ၊ နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ"ဟူ၍ (ဝိ၊ ၅၊ ၁၊ ၅၇) ဟောတော်မူပါသည်။ "သင်္ခါရ တရား အားလုံး တို့သည် အမြဲမရှိကုန်၊ သင်္ခတတရားအားလုံးတို့သည် ဆင်းရဲလည်း ဆင်းရဲကုန်၏။ ကိုယ်လည်း မဟုတ်ကုန်၊ နိဗ္ဗာန်နှင့် ပညတ်တို့ ကိုယ် မဟုတ် 'အနတ္တ'ဟူ၍ ဆုံးဖြတ်အပ်၏ဟု အဓိပ္ပာယ်ရ ပါသည်။

*

## ရုပ်၍ ရှိခိုးခြင်း

**မေး**။ ဆရာတော်ဘုရား၊ မြတ်စွာဘုရား ရုပ်ပွားတော်များကို ရှိခိုး ပူဇော်ရာတွင် အချို့က ရုပ်၍ ရှိခိုးပူဇော်ကြပါသည်။ ရုပ်လျက်

www.dhammaransi.com

ရှိခိုးပူဇော်ရာတွင် မည်သို့သောအင်္ဂါရပ်များနှင့် ပြည့်စုံရမည်ကို ဖြေကြားတော်မူပါဘုရား။

ဦးယုကို
ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းရွာသစ်ကြီး။

**ဖြေ**။ 'ဝစသာ မနသာစေဝ၊ ဝန္ဒာမေတေ တထာဂတေ။

သယနေ အာသနေဋ္ဌာနေ၊ ဂမနေစာပိ သဗ္ဗဒါ'ဟူသော အာဋာနာဋိယသုတ်လာ ဂါထာစကားအရ သွား၊ ရပ်၊ ထိုင်၊ လျောင်း အပေါင်းလေးဖြာ ဣရိယာပထ ပြည့်ဝစုံလင်အောင် ရှိခိုးသူတို့အတွက် မတ်တတ်ရပ်လျက်လည်း ရှိခိုးကြောင်း ဆိုပါသည်။ ထိုင်၍ပျပ်ဝပ်ရိုကျိုး ရှိခိုးခြင်းသာ တည်ခြင်း(ထိခြင်း)ငါးပါးနှင့်ပြည့်စုံ၍ အကောင်းဆုံး ဖြစ်ပါသည်။ သို့သော် စာအရ ရပ်၍လည်း ရှိခိုးနိုင်သဖြင့် သုံးပုံတံချူကျမ်းတွင် "နယတစ်ဖြာ၊ နည်းအလာကား၊ ရပ်ကာဌိတော၊ ရှိခိုးပေမူ၊ ခြေလျှင်နှစ်ဖက်၊ မြေဝယ်ယှက်၍၊ နှစ်ဖက်လက်ဝါး၊ရှိဘြားယှဉ်ပူး၊ နဖူးထက်တွင်၊ တင်ပြီးချင်မှ၊ ကြည်လင်ရွှေရှု၊ ညွတ်ကာပြုလော့၊ နှစ်ခုလက်တွင်၊ ဦးခေါင်းတင်မှ၊ ငါးအင်ဝန္ဒနာ၊ ပြည့်စုံရာသည်၊ မကွာမြဲထွေ စွဲကြလေ"ဟု မုန်တိုင်ပင် ဆရာတော် လင်္ကာစီကုံးခဲ့ပါသည်။

*

## ရဟန်းဘဝနှင့် မိဘဆရာသမား

**မေး**။ အနန္တော အနန္တငါးပါးအား အမြဲဦးထိပ်မှာ ပန်ဆင်သူ ပုဂ္ဂိုလ်တစ်ယောက် ရဟန်းသာမဏေဘောင်သို့ ရောက်သွားသောအခါမှာ အမိအဖနှင့်လူဆရာသမားတို့အား ဂုဏ်ကျေးဇူးကိုရည်မှန်းပြီး ရှိခိုးဦးချ ကောင်းပါသလား။ ကျေးဇူးပြု၍ ဖြေကြားပေးစေလိုပါသည်ဘုရား။

မိုးသူထွန်း(ပျော်ဘွယ်)
ခေတ္တ မြောင်မြို့။

www.dhammaransi.com

**ဖြေ**။ ရဟန်းတော်များမှာရတနာသုံးပါးဉပဇ္ဈာယ်စသော ဆရာသမားများနှင့် မိမိထက် သိက္ခာဝါကြီးသော ရဟန်းများမှတစ်ပါး မိမိအောက် ဝါငယ်သူ၊ သာမဏေနှင့်လူဝတ်ကြောင်ယောကျ်ား၊ မိန်းမတို့ကို ရှိမခိုးရပါ။ မိဘနှင့် လူဆရာသမားတို့၏ဂုဏ်ကျေးဇူးတို့ကို ရည်မှန်း၍ တရားစာပေ ဟောပြောရခြင်း၊ ရတနာသုံးပါး၌ မကြည်ညိုလျှင် ကြည်ညိုအောင်၊ ကြည်ညိုပြီးဖြစ်လျှင်လည်း အတိုင်းထက်အလွန် တိုး၍ ကြည်ညိုအောင်၊ တရားထူး တရားမြတ်များ ရရှိအောင် ရှေ့ဆောင်လမ်းညွှန် ပြုပေးခြင်းဖြင့် ကျေးဇူးတုံ့ပြန်ရမည် ဖြစ်ပါသည်။

*

## ကွယ်လွန်သူက အနံ့ပေးခြင်း

**မေး**။ ရှင်ဘုရား၊ တပည့်တော်၏မိခင်ကြီးသည် သေဆုံးပြီး ရက်လည်၌ အပုပ်နံ့ကို ပေးပါသည်။ ထို့နောက် တစ်လမြောက် ဆွမ်းဒါနပြုလုပ်ရာတွင် သိသာထင်ရှားစွာ မွှေးသောအနံ့ကို ပေးပါသည်။ ဗုဒ္ဓကျမ်းစာများအရ မည်သည့်ဘဝသို့ ရောက်ရှိနေသည်ဟု ခန့်မှန်းရပါမည်နည်း ဘုရား။

ဒကာဝင်းမောင်
ပင်လုံရပ်၊ ကလေးမြို့။

**ဖြေ**။ ပုပ်သောအနံ့ကို ပေးခြင်းမှာ မကောင်းသော ဘဝသို့ ရောက်နေကြောင်း သိစေလိုခြင်း၊ မွှေးသောရနံ့ကို ပေးခြင်းမှာ ကောင်းသောဘဝသို့ ရောက်နေကြောင်း သိစေလိုခြင်း လက္ခဏာဟု ခန့်မှန်းရပါသည်။ ဗုဒ္ဓစာပေ ပေတဝတ္ထုတို့တွင် ဤသို့ ပုပ်နံ့ မွှေးနံ့တို့နှင့် တွေ့ဆုံရကြောင်း ဖတ်ရှုရပါသည်။ မတ္တာပေ[illegible]ဝတ္ထုအဋ္ဌကထာတွင် မတ္တာမ[illegible]သော သူဌေးကတော်သည် မကောင်းမှုကြောင့် ကွယ်လွန်ပြီး [illegible]လောကသို့ ရောက်သွား၍ သူ[illegible]ခင်ပွန်းသူဌေးကို ပေတ

www.dhammaransi.com

အသွင်ဖြင့် အပုပ်နံ့လှိုင်စွာဖြင့် လာရောက်၍ ကုသိုလ်ပြုပေးရန် ပြောသည်။ သူဌေးက ကုသိုလ်ပြု အမျှပေးဝေ၍ ထိုနေ့တွင်ပင် မွေးကြိုင်သောရနံ့ဖြင့် နတ်သမီးအသွင်ကို ပြကာ ကျေးဇူးတင်ကြောင်း ပြောဆိုသွားသည်ဟုပါရှိသည်။ ဤဝတ္ထုတွင် အသွင်အပြင်ကို ဖော်ပြသည်သာထူးသည်။ အပုပ်နံ့ အမွှေးနံ့ ပေးပုံချင်း တူသည်။ ထို့ကြောင့် ပြဿနာရှင်၏မိခင်ကြီးမှာ ဒေဝဂတိ၌ ဖြစ်ရကြောင်း ခန့်မှန်း သိသာနိုင်ပါသည်။

*

## မြန်မာလူမျိုးနှင့် မြတ်စွာဘုရား

**မေး။** ဆရာတော်ဘုရား၊ "ဗုဒ္ဓအလောင်းအလျာသည် အန္တိမဘဝ နောက်ဆုံးကာလ၌ ခတ္တိယနှင့် ဗြာဟ္မဏအန္တိမမျိုးတို့၌သာ ဖြစ်ရသည်"ဟု စာအုပ်တစ်အုပ်၌ တွေ့ပါသည်။ သို့ပါ၍ မြန်မာလူမျိုး ဘုရား ဖြစ်နိုင် မဖြစ်နိုင် သိလိုပါသည် ဘုရား။

မျိုးညွန့်

မြန်မာ့ခရီးသွားလုပ်ငန်းဌာန၊ ရန်ကုန်။

**ဖြေ။** ဓမ္မတာအားဖြင့် ဘုရားအလောင်းတော်များ လူ့ပြည်တွင် ပဋိသန္ဓေနေတော်မူခါနီး၌ ကြည့်ခြင်းကြီးငါးပါးဖြင့် ကြည့်လေ့ရှိသည်။ ယင်းတို့မှာ (၁) ကာလ၊ ဘုရားဖြစ်ရာကာလ၊ အသက် တစ်သိန်းတန်းနှင့် တစ်ရာတန်း ကြားကာလ၊ (၂) ဒီပ၊ ကျွန်းလေးကျွန်းတွင် ဇမ္ဗူဒိပ်ကျွန်း၊ (၃) ဒေသ၊ ဇမ္ဗူဒိပ်ကျွန်း၏အချက်အချာ မဇ္ဈိမဒေသ၊ (၄) ကုလ၊ အမျိုးလေးပါးတွင် ခတ္တိယနှင့် ဗြာဟ္မဏမျိုး၊ (၅) မာတု အာယုပရိစ္ဆေဒ၊ မယ်တော်၏ဆယ်လနှင့် ခုနစ်ရက် အသက်အပိုင်းအခြားဟူ၍ ငါးပါးဖြစ်သည်။

မြန်မာနိုင်ငံသည်မဇ္ဈိမဒေသ၏အပြင်ဘက်၌ ကျနေခြင်း (ဗောဓိ ပင်ကို ဗဟိုထား၍ အိန္ဒိယပြည် ဗီဟာနယ်တွင် အရှေ့လားသော် ဇင်္ဂလ နိဂုံး၊ အရှေ့တောင်လားသော်သလ္လဝတီမြစ်၊ အနောက်လားသော် ထူန ပဏ္ဍားရွာ၊ မြောက်လားသော် ဥသိရဒ္ဓဇတောင်အတွင်း၊ အဝန်းယူဇနာ ကိုးရာအတွင်း၏အပြင်ဒေသဖြစ်နေခြင်း)ကြောင့် မြန်မာလူမျိုး ဘုရား ဟူ၍ ဖြစ်နိုင်ဖွယ် မရှိပါ။ သို့သော် လူ့သမိုင်းအရ မြန်မာလူမျိုးတို့သည် မြတ်စွာဘုရား၏ သကျသာကီဝင်မျိုးမှ ဆင်းသက်လာကြောင်း ဆိုရှိ သဖြင့် တစ်နည်းအားဖြင့် မြန်မာတို့သည် မြတ်စွာဘုရား၏အမျိုး အနွယ်များပင် ဖြစ်သဖြင့် ကျေနပ်အားရဖွယ်ပင် ဖြစ်ပေသည်။

*

# ရွတ်ဖတ်ကိစ္စ

**မေး**။ အရှင်ဘုရား၊ ပါဠိနှစ်ဆင့်ရှိလျှင် (တတ္ထ) အထက်အက္ခရာသည် အသတ်ဖြစ်သည် မဟုတ်ပါလော(တတ်ထ)။ ပါဠိစာတွင် တွေ့ ရသော တတ္ထာနှင့်တသ္မာ ဤနှစ်ခုကို ဖတ်ရာတွင် တတ္ထာကို တတ် ထာဟုဖတ်၍ တသ္မာကို တသ်မာဟု မဖတ်ဘဲ အဘယ်ကြောင့် တသ် သမာဟု ဖတ်ရပါသလဲ။ ခြားနားပုံ သိချင်ပါသည်။

ခရစ်ရှုနာ
၂၅- လမ်း၊ မန္တလေး။

**ဖြေ**။ ဤပါဠိသတ်ပုံများကို ဆောင်းပါးရေးခြင်း၊ စာအုပ်ထုတ်ခြင်း များဖြင့် ပညာရှင်များ အတော်များများ ဖြန့်ဝေထားကြသည်။ တင်ပြပုံ မှန်ကန်တိကျ နည်းပေးလှသော်လည်း အများအမြင် မရှင်းဘဲ ရှိနေကြသေးသည်။ သို့ဖြင့် အလွယ်ကူဆုံးသောနည်းကို ညွှန်ပြပါမည်။ ကကြီး ခခွေး ဗျည်း၃၃ လုံးကို ၅ လုံးစီ ဇယားချ ရေးကြည့်ပါ။ က, တန်း၊ စ,တန်း၊ ဋ,တန်း၊ တ,တန်းနှင့် ပ,တန်း၊ အ,တန်း၊ ၅ တန်းရှိ စာလုံး

များ သူ့အတန်းနှင့်သူ အချင်းချင်းဆင့်ခြင်းမှာ ထုံးစံအတိုင်းဆင့်ခြင်း ဖြစ်၍ အဆင့်၏အပေါ်စာလုံးမှာ အသတ်ဖြစ်သွားပြီး အသံပျောက် ရပါသည်။ (ပုံစံ၊ တတ္ထ- တတ်ထ၊ အဆင့် တဝမ်းပူသံ ပျောက်သည်) ယ မှစ၍ အ အထိ ၈ လုံးသောစာလုံးများ အဆင့်အနေနှင့် တွေ့လျှင် ထုံးစံ မဟုတ်သော ဆင့်ခြင်းဖြစ်၍ သုတိ(အက္ခရာတူ)ဖြစ်သော စာလုံး များ (ဥပမာ၊ လ္လ'ဝေပုလ္လစသည်')တို့မှလွဲလျှင် အဆင့်၏ အထက်စာလုံး မှာ အသတ်လည်း ဖြစ်သည်။ အသံလည်း မပျောက်ရပါ။ (ဥပမာ တသ္မာ- တသ်သမာ) သသည် အသတ်လည်း ဖြစ်သည်။ အသံလည်း မပျောက်ရပါ။ ထို့အတူ တမ္ဟာ(မနှင့်ဟဆင့်)တမ်မှာ၊ တဒြ (တနှင့်ရ ဆင့်) တတ်တရ (လျှာလိပ်သံ)၊ ဟိတွာ (တနှင့်ဝဆင့်)ဟိတ်တဝါ၊ ဒဠှ (ဠနှင့်ဟဆင့်) ဒဠ်ဠှ(ဒန်လှုံ)၊ မယှံ(ယနှင့်ဟဆင့်)မယ်ယှံ စသည်ဖြစ်၏။ ဗြာဟ္မဏော ဟူသော ပါဠိကို ပါဠိအသံအတိုင်းဆိုက ဗရာဟ်ဟမဏော ဟု ဖတ်သင့်သော်လည်း မြန်မာအသံဖြင့် ဗြန်မဏောဟု ဖတ်ခြင်းမှာ ခြွင်းချက်ဟု ဆိုရပေမည်။

*

## မာယာလေးဆယ်

**မေး**။ ဗုဒ္ဓစာပေများကို ဖတ်ရှုရာတွင် မိန်းမတို့ မာယာအနေအားဖြင့် ကိုယ်လက်ကို ဆန့်၏။ ညွတ်၏။ စံပယ်၏။ ရှက်စနိုးကဲ့သို့ ပြု၏ မှစ၍ ထဘီပြင်ဝတ်ခြင်း၊ ဆံပင်ထုံးခြင်းများပါ ဖော်ပြထားရာ မိန်းမ များအနေဖြင့် မာယာမများရန် လက်ကလေးမျှပင် မလှုပ်ဝံ့စရာ ဖြစ်နေ ပါသည်။ ထို့ကြောင့် ၎င်းမာယာလေးဆယ်ဆိုသည်မှာ ဘယ်ကဲ့သို့ မှတ် ယူရမည်ကို အရှင်ဘုရား ဖြေကြားသင့်သည်ထင်က ဖြေကြားပေးစေ လိုပါသည်။

www.dhammaransi.com

ဌေးဌေးဝင်း၊ အ-ထ-က၊ မုဒုံ။

**ဖြေ**။ မာယာလေးဆယ်မှာ အသီတိနိပါတ် မဟာကုဏှာလဇာတ်လာ ဖြစ်သည်။ ဗုဒ္ဓစာပေအရပင် ဖြစ်သဖြင့် ဖြေရှင်းဟောပြသင့်သောတရားပင် ဖြစ်၍ ဖြေဆိုပါမည်။ မိန်းမတို့မှာ မာယာလေးဆယ် မဖြစ်အောင် ခြေလက်မျှကိုပင် မလှုပ်ဝံ့စရာဟု ဆိုက ဆိုစရာပင် ဖြစ်သည်။ မြတ်စွာဘုရား ဟောတော်မူသောအလိုမှာ အခါခပ်သိမ်း လှုပ်ရှားမှုကို မဆိုလို။ မိမိစိတ်ဝင်စားသော ယောကျ်ားတစ်ဦးရှေ့တွင် မိန်းမတို့သည် ငြိမ်ငြိမ်သက်သက်မနေဘဲ မိမိကို စိတ်ဝင်စားစေလိုသောဆန္ဒဖြင့် လှုပ်ရှားမှုတစ်ခုခုကို ပြုလုပ်ပြခြင်း၌ ဤလေးဆယ်မျိုးတွင် တစ်မျိုးမျိုးကို ပြုလုပ်တတ်ကြောင်း ဟောတော်မူလိုရင်းပင် ဖြစ်သည်။ ဖြစ်နိုင်၊ မဖြစ်နိုင် မြတ်စွာဘုရားဟောတော်မူချက် မှန်၊ မမှန် မိန်းမတစ်ဦးအနေဖြင့် စဉ်းစားတွေးခေါ်ကြည့်၍ မြတ်စွာဘုရား၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ကြည်ညိုလျက် ကုသိုလ်ပွားစေလိုကြောင်း အကြံပေးလိုပါသည်။

*

## အပရာဇိတပလ္လင်တော်

**မေး**။ ဆရာတော်ဘုရား၊ ဘုရားအလောင်းသိဒ္ဓတ်မင်းသားသည်တောထွက်သောအခါ မြက်ထမ်းသမားထံမှ မြက်အလှူခံပြီးနောက် ဖြန့်ချလိုက်သောအခါ ချက်ချင်း ပလ္လင်ပေါ်လာပါသလား။ ဘုရားဖြစ်မှ ပလ္လင်ပေါ်လာပါသလား။ ဖြေရှင်းပေးတော်မူပါဘုရား။

မောင်ထက်နောင်ဝင်း၊
၅-ရပ်ကွက်၊ လယ်ဝေးမြို့။

**ဖြေ**။ ဘုရားအလောင်းမြက်ရှစ်ဆုပ် အလှူခံသည်မှာ တောထွက်တော်မူစက မဟုတ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူခါနီး ကဆုန်လ

ပြည့်ညနေဆည်းဆာအချိန်၌ ဖြစ်၍ ဗောဓိပင်အောက် အရှေ့မြောက် အရပ်၌ ကြွဖြန့်တော်မူရာ "မြက်အသွင်ကွယ်ပျောက်၍ တစ်စုံတစ် ယောက်သော ပန်းချီဆရာ၊ ပန်းပုဆရာမျှ ရေးထုခြင်းငှာ မတတ်သာ အောင် လွန်စွာဆန်းကြယ်သည့် တစ်ဆယ့်လေးတောင် ပမာဏ ရှိ သော ရတနာပလ္လင်တော်ကြီး ပါရမီတော်အားလျော်စွာ ပေါ်ပေါက် တော်မူလာရသည်" ဟု ဗုဒ္ဓဝင်တွင် ဖော်ပြထားလေသည်။

*

## သေသူအတွက် ရိက္ခာဆက်

**မေး**။ ။ ဆရာတော်ဘုရား၊ လူပုဂ္ဂိုလ်တစ်ယောက် ကွယ်လွန်သေဆုံး သောအခါ ငွေတစ်မတ်နှင့် ထမင်းထုပ်၊ ၎င်းပုဂ္ဂိုလ်ကြိုက်တတ် သော လက်ဖက်၊ ဆေးလိပ်၊ ကွမ်းယာ စသည်များကို အဘယ်ကြောင့် ထည့်သွင်းပေးရပါသနည်း။ ထည့်သွင်းပေးသော ပုဂ္ဂိုလ်တို့မှာ အဘယ် အကျိုးတရားများကို ရ၍ အပေးခံရသော ပုဂ္ဂိုလ်မှာလည်း အဘယ်ကဲ့ သို့သော အကျိုးတရားများကို ရနိုင်ပါသနည်း ဘုရား။

မောင်ဝင်းသွင်

စွန်းဘိုကုန်းရပ်၊ ဆင်ဖြူကျွန်းမြို့။

**ဖြေ**။ ။ ရှေးက ဤသို့ သေသူအတွက် ထည့်ပေးသော ထမင်းကိုကုတ္တီး ထမင်းဟု ခေါ်သည်။ ချီးမြှောက်ပူဇော်ခြင်း တစ်မျိုးပင်။ သို့ သော် ယင်းတို့မှာ အယူသီးမှုများသာ ဖြစ်သည်။ သေသူလည်း စား သောက်သုံးဆောင်နိုင်သည် မဟုတ်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ မရှိ မီက ရှေးရှေးအယူအဆများ ဖြစ်ရာ ဗုဒ္ဓဘာသာ သာသနာတော်အလို အရမူ သေသူအတွက် ရတနာသုံးပါးအား လှူဒါန်း၍ ပတ္တိဒါနခေါ် အမျှပေးဝေခြင်းသာ သဘောမှန် ဖြစ်သည်။ အမျှပေးဝေသည်ကို

သေသူက ရောက်ရာဘဝမှ သာဓုအနုမောဒနာခေါ်နိုင်က ကုသိုလ် အကျိုးကို ခံစားရ၍ ဒုဂ္ဂတိဘဝ၌ ဖြစ်နေရသည့်တိုင်အောင် သုဂတိသို့ ရောက်ရှိနိုင်သည်။

*

## သံရှစ်ချက်ဂါထာ

**မေး**။ အရှင်ဘုရား၊ သံရှစ်ချက် ဂါထာတော်ကို ရွတ်ဖတ်ခြင်းကြောင့် မည်သို့သော အကျိုးကျေးဇူးများ ရရှိကြောင်းနှင့် ၎င်းဂါထာ၏ အနက်ကိုပါ ဖြေကြားပေးတော်မူပါဘုရား။

မောင်ကြည်အေး
ကျွန်းချောင်းကျေးရွာ၊ တိုက်ကြီးမြို့နယ်။

**ဖြေ**။ သံသာရစက္ကဝိဒ္ဓံသံ၊
သံသုဒ္ဓ'မသ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊
သံဃံ အပိ သုမာနသံ။

သံသာရစက္ကဝိဒ္ဓံသံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာစဉ်ဆက် သံသရာစက်ကို ပယ်ဖျက်တော်မူတတ်သော။ ဗုဒ္ဓံအပိ၊ သစ္စာလေးပါး ဧဝံချင်းကို ခွဲခြားပိုင်နိုင် ကိုယ်တိုင်သိတတ် ဘုရားမြတ် ရတနာကိုလည်းကောင်း။ သံသာရစက္ကဝိဒ္ဓံသံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာစဉ်ဆက် သံသရာစက်ကိုပယ်ဖျက်တော်မူတတ်သော။ သံသုဒ္ဓံ၊ ခရုသင်းပွတ်သစ်ပုလဲနှစ်အတူ ဖြူစင်သန့်ရှင်း ညစ်ကြေးကင်းတော်မူသော။ ဓမ္မံအပိ၊ မဂ်ဖိုလ်ရှစ်တန်၊ နိဗ္ဗာန် ပရိယတ်ဆယ်ပါးသော တရားမြတ်ကိုလည်းကောင်း။ သံသာရစက္ကဝိဒ္ဓံသံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာစဉ်ဆက်သံသရာစက်ကို ပယ်ဖျက်တော်မူတတ်သော။ သံသုဒ္ဓံ၊ ခရုသင်းပွတ်သစ် ပုလဲနှစ်အတူ ဖြူစင်သန့်ရှင်း

ညစ်ကြေးကင်းတော်မူသော။ အသ႑၊ ထိုသံသရာဖြတ် ဘုရားမြတ်၏။ ဩရသံ၊ တရားရင်နှစ် သားတော်စစ်ဖြစ်တော်မူသော။ ဘဝေ၊ ကာမရူပ အရူပဟု ဘဝသုံးစား ဘုံသုံးပါး၌။ အာသံ၊ တွယ်တာစုံမက် နှစ်သက် ငြိကပ် တဏှာငတ်ကို။ သံဆိန္ဒကံ၊ ငွေ့သက်မချန် အမြစ်လှန်၍ မဂ် ဉာဏ်ဖြင့်သတ် ကောင်းစွာ ဖြတ်တော်မူတတ်သော။ သုမာနသံ၊ ဒုက္ခ ခပ်သိမ်း ကင်းလွတ်ငြိမ်းကြောင်း စိတ်ကောင်းရှိတော်မူသော။ သံဃံ အပိ၊ ရဟန်းမြတ်အစု လေးစုံပြု၍ ပုထုရိယာ ကုန်စွာပေါင်းအပ် ရှစ်ပါး သော သံဃာတော်မြတ် ကိုလည်းကောင်း။ အဟံ၊ သံသရာစက် ပြတ် ချက်ရည်မျှော် ဘုရားတပည့်တော်သည်။ နမာမိ၊ ရုပ်နာမ်ဆက်စပ် ခန်- အာ-ဓာတ်ကို ဖြတ်ရန် ရွယ်ကိုး ရှိခိုးပါ၏ ဘုရား။

ဤပဏာမအနက်သည် ဘုရားဂုဏ်အနည်းအပါး၊ တရားဂုဏ် အလတ်စား၊ သံဃာ့ဂုဏ်အများအပြားဖြင့် ဩစိတျဂုဏ်ရောက်အောင် စီစဉ်ထား၍ ဆုမတောင်းဘဲ နိဗ္ဗာန်ဆုကြီးပင် ပြီးစေလေသည်။ တွင်းပ အန္တရာယ် အသွယ်သွယ်ကို ကွယ်စေ၊ ပျောက်စေလေသည်။ (ဘုန်း တော်ကြီး ဦးသီလ ထေရုပ္ပတ္တိ ပဏာမ မှ)

*

## အသက်နှစ်ဆယ်မပြည့်မီ ရဟန်းပြုခြင်း

**မေး**။ အသက်နှစ်ဆယ်မပြည့်မီ ရဟန်းပြုသော ၎င်းပုဂ္ဂိုလ်သည် မည်ကဲ့သို့ အကျိုးအပြစ်ရှိကြောင်းနှင့် သိက္ခာမချဘဲ ရဟန်းဘဝမှ လူထွက်နိုင်ပါသလား ဘုရား။

မောင်ဟံထွန်း

အိုးတန်းရပ်၊ မိုးကောင်းမြို့။

**ဖြေ**။ ပဋိသန္ဓေရက် အပါအဝင် အသက်နှစ်ဆယ်ပြည့်လျှင် ရဟန်းခံ နိုင်သဖြင့် ဝေါဟာရအားဖြင့် အသက်နှစ်ဆယ် မပြည့်သော်

www.dhammaransi.com

လည်း ၇ လ အမိဝမ်း၌ နေခဲ့ရသူသည် (သီတင်းကျွတ်လပြည့်နေ့ဖွား ဆိုလျှင်) ၁၉ နှစ်ပြည့်၍ ၃ လလွန် (ပြာသိုလပြည့်နေ့၌)ရဟန်းခံနိုင် သည်။ ၁၀ လဖွားဆိုလျှင် သီတင်းကျွတ်လပြည့်နေ့၌ပင် ရဟန်းခံနိုင် သည်။ "ရဟန်းလောင်း၏အမိဖြစ်သူက သူ၏သားသည် ၁၀ လဖွား ဖြစ်ပါသည်ဟု အတပ်ပြောသော်လည်း အမှန်မုချ အယုံခက်လှသော အရာမျိုးဖြစ်ခဲ့၍ အယုတ်ဆုံးအားဖြင့် ၇ လဖွားကို အတည်ပြု၍ ရှေး ဆရာမထေရ်ကြီးတို့၏ အလိုအရ လထပ်ရက်ငင်ကို ထည့်သွင်းရေ တွက်လျှင် ၁၉ နှစ်နှင့် ၃ လအောက် မယုတ်စေရ။

"မူလအဋ္ဌကထာဆရာ၏အလိုအရ လထပ်ရက်ငင်ကို ထည့်သွင်း မရေတွက်လျှင် ၁၉ နှစ်နှင့် ၅ လအောက် မယုတ်စေရ။ ပိုလျှင်သာ ပိုစေရမည်ဟု ငါတို့ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး မိန့် တော်မူ၏"ဟု လယ်တီဆရာတော်ဘုရား ရေးသားထားခဲ့ပေသည်။

အသက်နှစ်ဆယ် မပြည့်သော်လည်း ပြည့်သည်ဟု အမှတ်ရှိ၍ ရဟန်းခံလျှင် ရဟန်းမဖြစ်။ သို့သော် ရဟန်းလောင်းက မိမိကိုယ်ကို ရဟန်းဖြစ်သည်ဟူသော အမှတ်သညာဖြင့်နေလျှင် အပြစ်မရှိ။ (ဝိ၊ဋ္ဌ၊ ၃၊ ၁၃၆)။ ရဟန်း မဖြစ်သဖြင့် သိက္ခာမချဘဲ လူထွက်နိုင်ခွင့် ရှိသည်။ မိမိကိုယ်မိမိ ရဟန်းဖြစ်သည်ဟု ယူဆနေသဖြင့်ကား သိက္ခာချခြင်းသာ သံသယကင်းဖွယ် ရှိပါသည်။

*

## သင်းကျစ်တော်နှင့် ညှပ်ရိုးတော်ဓာတ်

**မေး**။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ကိုယ်တော်မှ ဖြစ်သော အဝိပ္ပကိဏ္ဏ ဓာတ်တော်များမှ စွယ်တော် ၄ ဆူ တည်ရှိရာကို သိရပါသည်။ ကျန် နဖူးသင်းကျစ်တော်နှင့် ညှပ်ရိုးတော် ၂ ဆူတို့မှာ မည်သည့်နိုင်ငံ အရပ်ဒေသတွင် ကိန်းဝပ်စံပယ်တော်မူနေသည်ကို သိလိုပါသည် ဘုရား။ www.dhammaransi.com

ဦးမြသောင်း
ကော့သောင်းမြို့။

**ဖြေ**။ အဝိပ္ပ ကိဏ္ဏာစာတ်တော် ၇ ဆူဟူ၍လည်းကောင်း၊ အသမ္ဘိန္န စာတ်တော်ဟူ၍လည်းကောင်း ခေါ် ဆိုသော စွယ်တော်လေးဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူနှင့် ညှပ်ရိုးတော်စာတ်နှစ်ဆူတို့တွင် နဖူးသင်းကျစ်တော်စာတ်မှာ စာတ်တော်ဝေရာ၌ ကုသိနာရုံ မလ္လာမင်းတို့ အစု၌ ပါဝင်၍ အရှင်မဟာကဿပမထေရ်က 'မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိစဉ်ကပင် တမ္ဗပဏ္ဏိ(သီရိလင်္ကာ)ကျွန်း၌ တည်ရန် ဗျာဒိတ်ထားဖူး၍ ငါတို့အား ပေးပါ'ဟု မိန့်တော်မူကာ တောင်းဆိုရယူကြောင်း၊ ထို့နောက် တပည့် မဟာနန္ဒကို စောင့်ရှောက်ရန် အပ်နှံကြောင်း၊ မဟာနန္ဒမထေရ်၊ စန္ဒဂုတ္တမထေရ်၊ ဘဒ္ဒသေနမထေရ်၊ ဇယသေနမထေရ်နှင့် မဟာသံဃရက္ခိတမထေရ်တို့ အဆင့်ဆင့် စောင့်ရှောက်ခဲ့၍ ဒေဝါနံပိယတိဿမင်း၏ ညီတော် မဟာနာဂအိမ်ရှေ့မင်း လက်ထက်တွင် သီရိလင်္ကာကျွန်းသို့ ရောက်၍ အဆက်ဆက် ပူဇော်ကြကြောင်း၊ နောက်ဆုံးတွင် မဟိယင်္ဂဏ စေတီ၌ ဌာပနာကြောင်း နလာဋဓာတုဝင် (နာလာဋဓာတ်တော်)ကျမ်း၌ အကျယ်တဝင့် ပါရှိပါသည်။

ထိုကျမ်းမှာပင် အရှင်သာရိပုတ္တရာ၏ တပည့် သရဘူမည်သော ရဟန္တာမထေရ်က ထင်းပုံထက်မှ (ဇိနဂီဝဋ္ဌိ၊ လည်ရိုးတော်စာတ် (ဝါ) ညှပ်ရိုးတော်စာတ်)နှစ်ဆူကို ပင့်ယူသွားကြောင်း ဂါထာဖြင့် ဖော်ပြ၍ နောင်အဆက်ဆက် ပူဇော်စောင့်ရှောက်ခဲ့ပြီး အဆုံးတွင် ဖော်ပြပါ မဟိယင်္ဂဏစေတီတော်မှာပင်  ဌာပနာခဲ့ကြောင်း (အချို့ကျမ်းများတွင် လက်ဝဲညှပ်ရိုးတော်စာတ်မှာ ဗြဟ္မာ့ဘုံ၌ရှိကြောင်း) ပါရှိပေသည်။ (ယင်း 'နလာဋဓာတုဝံသ' ပါဠိဘာသာ ရေးကျမ်းကို ပိဋကဗျူဟာအဖွဲ့မှ မြန်မာပြန်၍ 'နလာဋဓာတ်တော်ကျမ်း'ဟူသော အမည်ဖြင့် ပုံနှိပ်

www.dhammaransi.com

ထားသဖြင့် မြတ်စွာဘုရား၏ အသမ္မိန္နဓာတ်တော်များအကြောင်းကို ဖတ်ရှု ကြည်ညို အသိဉာဏ် ပွားနိုင်ကြပေသည်။)

*

## ဒုစရိုက်နှင့် ကံသုံးပါး

**မေး**။ (၁)ဒုစရိုက် ၁၀ ပါးတွင် မည်သည့် ဒုစရိုက်သည် ငရဲကျခြင်းကို ဖြစ်စေ၍ မည်သည့်ဒုစရိုက်သည် ဝင့်လိုက်ခြင်းကို ဖြစ်စေပါသနည်း။

(၂) ဩကာသ ကန်တော့ခန်းတွင် "ကာယကံ၊ ဝစီကံ၊ မနောကံ ထိုအပြစ်တို့မှ ပျောက်ပါစေခြင်း"ဟု ပါရှိရာ ၎င်းကံသုံးပါးတို့မှာ ရှိခိုး ကန်တော့ရုံဖြင့် ပျောက်ကင်းပါသလား။ ဖြေကြားပြတော်မူပါဘုရား။

ရဲအောင်

ဆင်ရေကန်လမ်း၊ အလုံမြို့နယ်။

**ဖြေ**။ (၁) ငရဲကျခြင်းဟူသည် ပဋိသန္ဓေအကျိုးဖြစ်၍ ဝင့်လိုက်ခြင်း ဟူသည်မှာ ပဝတ္တိအကျိုး ဖြစ်သည်။ ဒုစရိုက် ၁၀ ပါးလုံးပင် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး နှစ်မျိုးလုံးကိုပင် အကြောင်းအားလျော်စွာ ဖြစ်စေနိုင်သည်။

(၂) ဩကာသကန်တော့ခန်းလာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ မှာ ဒုစရိုက် ၁၀ ပါးလာ ကံ ၃ ပါးကို ဆိုလိုသည် မဟုတ်ပါ။ ရတနာ သုံးပါး၊ မိဘ၊ ဆရာသမား စသည်တို့အား ကာယကံဖြင့် ကျူးလွန်မှု၊ ဝစီကံဖြင့် ပြောဆိုမှု၊ မနောကံဖြင့် ပြစ်မှားမှုများကိုသာ ဆိုပါသည်။ ၎င်းတို့မှာ ရှိခိုးကန်တော့ခြင်းဖြင့် ပျောက်ကင်းနိုင်သော ကံများဖြစ်၍

ဒုစရိုက်လာ ကံ ၃ ပါးတို့ကား ရှိခိုးကန်တော့၍ ပျောက်နိုင်သော ကံများ

မဟုတ်ပါ။ ထို့ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံဟု နာမည်ချင်း တူသော်လည်း တစ်သီး တခြားစီ ဖြစ်ကြောင်း ခွဲခြားမှတ်သားထားရပါမည်။

*

## နှစ်ကျိပ်ရှစ်ဆူနှင့် ဘုရားခုနစ်ဆူ

**မေး**။ အရှင်ဘုရား၊ ဂေါဝါဠုသြဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တွေထဲမှ အဘယ်ကြောင့် နှစ်ကျိပ်ရှစ်ဆူဟူ၍လည်းကောင်း၊ ခုနစ်ဆူဟူ၍လည်းကောင်း အထူးဝိသေသပြု၍ ထုတ်နုတ်ဆိုထားကြောင်းကို ဖြေကြားပေးတော်မူပါဘုရား။

မောင်သန်းနိုင်(ရတနာ)
ညဏ်ကွဲရပ်၊ ပြင်ဦးလွင်။

**ဖြေ**။ မြတ်စွာဘုရားတို့သည် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီးဖြစ်ကြသော်လည်း ဂေါတမမြတ်စွာဘုရား နိယတဗျာဒိတ် ရတော်မူရာဖြစ်သည့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူသည့် မြတ်စွာဘုရားများမှာ မိမိ(ဂေါတမမြတ်စွာဘုရား)အထိ နှစ်ကျိပ်ရှစ်ဆူမျှသာ ရှိသဖြင့် ဗုဒ္ဓဝင်တွင် ယင်းနှစ်ကျိပ်ရှစ်ဆူကို သီးခြားဟောတော်မူခဲ့ပါသည်။ ဘုရားခုနစ်ဆူအကြောင်းကား ဒီဃနိကာယ၊ မဟာဝဂ္ဂ၊ မဟာပဒါနသုတ်၌ နိဂုံးအဖြစ် သုဒ္ဓါဝါသခရီးစဉ်ကို ဟောရာ ထိုသုဒ္ဓါဝါသဘုံများသို့ မြတ်စွာဘုရား ကြွတော်မူစဉ် ဝိပဿီ စသော ဘုရားခုနစ်ဆူတို့၏ တပည့်သာဝက ဗြဟ္မာများက ထိုဘုရားအသီးသီးတို့၏ အကြောင်းကိုသာ မေးလျှောက်ရာ ဘုရားခုနစ်ဆူ၏ အကြောင်းကိုသာ ဟောတော်မူလေသည်။ (ဒီ၊ ၂/၂) ထို့ကြောင့် ဘုရားခုနစ်ဆူ၏ ရှေးအဖြစ်

www.dhammadownload.com

ကိုသာ ဟောသော မဟာပဒါနသုတ္တန်အရပင် နောင်အခါ ဘုရားခုနစ်ဆူ ရှိခိုးသော အလေ့ဖြစ်လာ၏။ ယင်းကိုစွဲ၍ အာဋာနာဋိယသုတ်၌ ဝေဿဝဏ်နတ်မင်းကြီးက ဘုရားခုနစ်ဆူ ရှိခိုးပုံ၊ ခန္ဓသုတ်၌ နမော သတ္တန္နံ သမ္မာ သမ္ဗုဒ္ဓါနံဟု ဘုရားခုနစ်ဆူရှိခိုးပုံတို့ အစဉ်အလာဖြစ်လာပါသည်။ တစ်နည်းအားဖြင့်လည်း နတ်ပြဟ္မာတို့၏ သက်တမ်းအရ ဤဘုရားခုနစ်ဆူအထိသာ သိမြင်နိုင်ကြ၍ မိမိတို့ သိမြင်သော ဘုရားခုနစ်ဆူ ဘုရားရှိခိုးမှာ တွင်ကျယ်၍ နေသည်ဟု ဆိုနိုင်ပါသည်။

*

## သင်္ကြန်ရက်နှင့် သိကြားမင်း

**မေး**။ ဆရာတော်ဘုရား၊'နတ်ပြည်မှာ တစ်ရက် လူ့သက်တမ်းတစ်ရာ' ဟု စာပေကျမ်းဂန်များမှာ ဖတ်ရှုရပါသည်။ ဆရာကြီးများ ဟောသည်ကိုလည်း နာကြားရဖူးပါသည်။ ထို့ကြောင့် သင်္ကြန် ၃၊ ၄ ရက်အတွင်း သိကြားမင်း လူ့ပြည်သို့ ဆင်းသည်ဟူသည်မှာ မဖြစ်နိုင်ဟု မှန်းဆမိပါသည်။ ယင်းအချက်ကို ဖြေရှင်းပေးတော်မူပါဘုရား။

ဦးတင့်ဆွေ

စံပြ ဖဆပလ၊ မင်္ဂလာတောင်ညွန့်။

**ဖြေ**။ သင်္ကြန်အခါ၌ သိကြားမင်း ဆင်းသည်ဟူသော ဝေါဟာရမှာ ကလေးသူငယ်တို့ စကားသဖွယ် သေးသိမ်နုနယ်နဲ့သော ဝေါဟာရသာ ဖြစ်သည်။ တစ်နှစ်ကုန်ဆုံး၍ မိန်ရာသီမှ မိဿရာသီသို့ ပြောင်းခြင်းကို သင်္ကန္တ၊ သင်္ကြန်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ တနင်္ဂနွေ ဂြိုဟ် ပြောင်းခြင်း ဖြစ်၍လည်း သိကြားမင်း မဟုတ်၊ တနင်္ဂနွေဂြိုဟ်မင်းဟူ၍ တင်စားပြောဆိုက ပြောဆိုနိုင်စရာ ရှိပါသည်။

တစ်နှစ်ကုန်ဆုံးရက်ကိုသာ ကျရောက်သဖြင့် သင်္ကြန်ကျခြင်းဟု ခေါ်

ဆိုကာ တစ်နှစ်ကုန်ဆုံးသော်လည်း နှစ်မကူးသေးဘဲ ရက်ကြွင်း (နှစ်ရက်၊ လေးနာရီ လေးမိနစ်၊ လေးဆယ်စက္ကန့်) ကျန်နေသေး၍ ယင်းကို အကြတ်ရက်ဟု သတ်မှတ်ကြသည်။ ရက်ကြွင်းကုန်၍ နှစ်သစ်သို့ တက်ရောက်ကူးပြောင်းသွားသည်ကို အတက်နေ့ဟု သတ်မှတ် ခေါ်ဝေါ်ကြသည်။ ယင်းကို ကလေးများက သိကြားမင်းဆင်းသည်၊ တက်သည်ဟု လွယ်လွယ်ခေါ်ခြင်းသာ ဖြစ်သည်။

အမှန်အားဖြင့် ဤသင်္ကြန်ကိစ္စတို့မှာ ဗုဒ္ဓဘာသာရေးဆိုင်ရာ ကိစ္စများ မဟုတ်သော်လည်း လူမျိုး၊ ယဉ်ကျေးမှုနှင့် နှစ်သစ်ကူးခြင်းဆိုင်ရာများ ဖြစ်၍လည်းကောင်း၊ ဤသင်္ကြန်ကာလတွင် ဒါနပြုခြင်း၊ သီလ စောင့်ခြင်း၊ ဘာဝနာပွားခြင်း စသော ဘာသာရေးကိစ္စများကို တွင်တွင်ကျယ်ကျယ်လုပ်ဆောင်လေ့ ရှိကြသဖြင့်လည်းကောင်း၊ ဤတွင် ဘာသာရေးပြဿနာတစ်ရပ်အနေဖြင့် လေးလေးစားစား ဖြေဆိုလိုက်ပါသည်။

*

## လူ့အသွင်ဖြင့် ရဟန္တာဖြစ်သူများ

**မေး**။ အရှင်ဘုရား၊ လူ့အသွင်ဖြင့် ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်ငါးဦး ရှိသည်ဟု ကြားဖူးပါသည်။ ၎င်းပုဂ္ဂိုလ်များအကြောင်းကို သိလိုပါသည်။ မည်သည့်ကျမ်းစာအုပ်များတွင် ရှာကြည့်ရမည်ကို ညွှန်ကြားပေးတော်မူပါဘုရား။

ဦးကျင်စိန်

**ဖြေ**။ လူ့အသွင်ဖြင့် ရဟန္တာဖြစ်သူများမှာ (၁) သုဒ္ဓေါဒနမင်းကြီး၊ (၂) ဥဂ္ဂသေန၊ (၃) သန္တတိအမတ်ကြီး၊ (၄) ဒါရုစိရိယ ပရိဗိုဇ်၊ (၅) ဝီတသောကလုလင်ဟူ၍ ဖြစ်ပါသည်။ ၎င်း ၅ ဦးတွင် (၁) သုဒ္ဓေါဒနမင်းကြီးအကြောင်းကို ဗုဒ္ဓဝင်တွင် ကြည့်နိုင်ပါသည်။ (၂)၊ (၃)၊ (၄)တို့

www.dhammadana.com

၏ အကြောင်းကို ဓမ္မပဒဝတ္ထုတွင် ကြည့်နိုင်ပါသည်။ (၅) ဝိတသောက လုလင်အကြောင်းမှာ အမည်မျှသာ တွေ့ရသည်။

*

## ပထမံဂါထာနှင့် အစိန္တေယျ လေးပါးဂါထာ

**မေး**။ (၁) သစ္စာအနက် ဆယ့်ခြောက်ချက် ပထမံဂါထာတွင် အချို့ ကျမ်း၌ နောက်ဆုံးပိုဒ်မှာ "ဝိဘဇေကမတော ပဉ္စမေန ဝိနာ"ဟု တွေ့ရ၍ အချို့မှာ "ကမတော ဝိဘဇေ ပဉ္စမေန ဝိနာ"ဟု တွေ့ရပါ သည်။ မည်သည်က အမှန်ဖြစ်သည်ကို သိလိုပါသည် အရှင်ဘုရား။

(၂) အစိန္တေယျလေးပါး ဘုရားရှိခိုးဂါထာ၏ ဝါစာအစိန္တေယျ ပုဒ်တွင် "တေနမှာ တုလဝါစကာ"ဟု တွေ့ရ၍ အချို့တွင် "တေနမှာ တုလ ဝါစကော"ဟု တွေ့ရပါသည်။ မည်သည်က အမှန်ဖြစ်သည်ကို သိလိုပါသည်ဘုရား။

မောင်မြင့်ထွန်း
၁၄၁ လမ်း၊ မအူကုန်း၊ ရန်ကုန်။

**ဖြေ**။ (၁) သစ္စာအနက်ဆယ့်ခြောက်ချက် ဂါထာမူရင်းမှာ အဘိဓမ္မတ္ထ သင်္ဂဟအဖွင့် သင်္ခေပဝဏ္ဏနာဋီကာ (၂၆၉)လာ ဖြစ်၍ ယင်း၌ နောက်ဆုံးပိုဒ်မှာ "ကမတော ဝိဘဇော ပထမေန ဝိနာ"ဖြစ်ပါသည်။ သို့သော် ဝိဘဇေ ကမတော ပထမေန ဝိနာဆိုလျှင်လည်း မမှားပါ။ ပါဒတိုင်း သ ဂိုဏ်းလေးခုစီရှိသော မ္ဘောဋကဂါထာမျိုးဖြစ်၍ ကမတော လည်း သ ဂိုဏ်း၊ ဝိဘဇေလည်း သ ဂိုဏ်း ဖြစ်သည်။ မည်သည့်ပုဒ်က အစကနေနေ အဓိပ္ပာယ်လည်း မပျက်ပါ။ နှစ်သက်သလို ရွတ်နိုင်ပါ သည်။

(၂) အစိန္တေယျဘုရားရှိခိုးမူရင်းမှာ သုတဝန္ဒနာကျမ်းဖြစ်၍ ယင်း၌ "တေနမှာ တုလဝါစကော"ဟုရှိပါသည်။ လိင်အရပုလ္လိင်ဖြစ်၍ တုလဝါ စကောပင် မှန်ပါသည်။ ရူပါဝါ၊ ဣဒ္ဓိမာ၊ ဉာဏဝါဟု အခြား အပိုဒ်များ၌ အာကာရန္တရှိနေ၍ ဝါစကာဟ အသံတူအောင် ဆိုနေကြ ခြင်း ဖြစ်ဟန် တူပါသည်။

www.dhammaransi.com

# စုဆောင်းခြင်း

**မေး**။ အရှင်ဘုရား၊ တပည့်တော်မသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်၍ မိမိခင်ပွန်းဖြစ်သူ၏ ဝင်ငွေထဲမှ ခင်ပွန်းဖြစ်သူအား အသိမပေးဘဲ နောင်ရေးအတွက် မြော်မြင်၍ သီးသန့်ဖယ်ရှား စုဆောင်းထားကာ လက်ဝတ်ရတနာတချို့ ပြုလုပ်ထားပါသည်။ အရေးကြုံလျှင် ထုခွဲသုံးစွဲရန် ရည်ရွယ်ပါသည်။ သို့သော် ခင်ပွန်းဖြစ်သူကို အသိမပေးဘဲ ထားသဖြင့် အဒိန္နာဒါနကံ ကျူးလွန်ရာ ရောက်နေမည်လားဟု သံသယဖြစ်ပါသည်။ ထို့ပြင် စုဆောင်းထားသော ငွေပိုငွေလျှံများမှ လှူဒါန်းခြင်း၊ မိဘဆွေမျိုးများအား ထောက်ပံ့ခြင်း၊ မရှိနွမ်းပါးသူများအား ပေးကမ်းခြင်းလည်း ပြုလုပ်ပါသည်။ မိမိလိုအပ်သော အဝတ်အစား အသုံးအဆောင်များလည်း ဝယ်ပါသည်။ ထိုကိစ္စများကို ခင်ပွန်းသည်အား အသိမပေး၍ တပည့်တော်မမှာ အဒိန္နာဒါနကံ ထိုက်မထိုက် သိလိုပါသည်ဘုရား။

ခင်ခင်ချို (မန္တလေး)

**ဖြေ** ။ အိမ်ထောင်ရှင် ယောက်ျားတစ်ဦး၏ ရှာဖွေရရှိသော ဝင်ငွေမှာ ဇနီးမောင်နှံနှစ်ဦး ပိုင်ဆိုင်သောပစ္စည်းပင် ဖြစ်သည်။ ၎င်းပစ္စည်းကို ဇနီးဖြစ်သူက ဖြုန်းတီးမှုမျိုး မဟုတ်ဘဲ တရားသဖြင့် သုံးစွဲလျှင် အပြစ်မရှိပါ။ ထို့ပြင် ဇနီးမယား၏ ဝတ္တရားငါးပါးမှာ "အိမ်တွင်းမှု လုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိ မမူ၊ ဝတ် ငါးဆူ၊ အိမ်သူကျင့်အပ်စွာ" ဟု လာရှိပါသည်။ "ရှိတော့ တန်ဆာ၊ မရှိ တော့ ဝမ်းစာ"ရည်ရွယ်ကာ လက်ဝတ်လက်စားလုပ်ထားခြင်းမှာ "သုသံ ဝိဟိ တကမ္မန္တ" ဟူသော သိင်္ဂါလသုတ် ပါဠိတော်လာ ဖော်ပြပါ လက္ခဏာ၏သိမ်းထုပ်သေချာအရ ဇနီးမယားဝတ္တရားနှင့်အညီပင် ဖြစ်ပေသည်။ ထို့ပြင် မိဘဆွေမျိုးများအား ထောက်ပံ့ခြင်း စသည်မှာလည်း

"သင်္ဂဟိတ ပရိဇနာ" ပါဠိတော်လာ လျော်အောင် ဖြန့်ချိခြင်းပင် ဖြစ်၍ ဝတ္တာရားအရပင် ညီညွတ်လျက် ရှိပြန်သည်။ ထို့ကြောင့် ပြဿနာရှင်၏ ပြုမူဆောင်ရွက်မှုမှာ အဒိန္နာဒါနကံ မထိုက်သည့်ပြင် စိတ်ထားတတ်က မြတ် ဟူသောစကားအတိုင်း ကုသိုလ်ပင် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

*

## သိဒ္ဓိ ၁၀ ပါး

**မေး**။ အရှင်ဘုရား၊ တပည့်တော်သည် သိဒ္ဓိ ၁၀ ပါးရှိသည်ဟုသာမန်သိရှိထားပါသည်။ ယင်းသိဒ္ဓိ ၁၀ ပါးကို တစ်ပါးချင်း အနက်အဓိပ္ပာယ်နှင့်အတူ အစဉ်လိုက် သိလိုပါသဖြင့် ဤစာစောင်မှ ဖြေကြားပေးတော်မူပါဘုရား။

မောင်ဇင်မောင်ဆွေ
လှည်းတန်း၊ ကမာရွတ်။

**ဖြေ**။ (၁) အာရောဂျသိဒ္ဓိ= အနာရောဂါကင်းခြင်း၊ (၂) ယောဗ္ဗနသိဒ္ဓိ= မအိုခြင်း၊ (၃) အာယုသိဒ္ဓိ=အသက်ရှည်ခြင်း၊ (၄) ကာယသိဒ္ဓိ= ခါးလုံ့သေနတ်ပြီးခြင်း၊ (၅) ပိယသိဒ္ဓိ=သူတကာတို့ ချစ်ခင်ခြင်း၊ (၆) ဓနသိဒ္ဓိ=ရွှေငွေဖြစ်ခြင်း၊ (၇) ပထဝီသိဒ္ဓိ = ခရီးမြန်စွာ ရောက်ရန် မြေကြောကို ရှုံ့ခြင်း၊ (၈) ဥဒကသိဒ္ဓိ=ရေပေါ်၌ လမ်းလျှောက်သွားနိုင်ခြင်း၊ (၉) အာကာသသိဒ္ဓိ=ကောင်းကင်၌ သွားနိုင်ခြင်း၊ (၁၀) ဣဒ္ဓိဝိဓသိဒ္ဓိ=အထူးထူး အထွေထွေ တန်ခိုးဖန်ဆင်းနိုင်ခြင်း။ လောကီဝိဇ္ဇာရေကျမ်းတို့၌ လာသော သိဒ္ဓိ ၁၀ မျိုး ဖြစ်ပါသည်။ သာသနာတော်၌ ဈာန်အဘိညာဉ် ရသော ပုဂ္ဂိုလ်များသည်လည်း ယင်းသိဒ္ဓိတို့၌ ပြည့်စုံနိုင်စရာ ရှိပါသည်။ သာသနာတော်ကျမ်းတို့၌ ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တ ဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု ဟူ၍ အဘိညာဉ်တန်ခိုး

www.dhammaransi.com

ငါးမျိုးသာ ပြထားပါသည်။ အလွန် လောကီဆန်သော ကာယသိဒ္ဓိ၊ ခနသိဒ္ဓိ စသည်တို့ကို မလိုအပ်၍ မထည့်သွင်းသော်လည်း အချို့သိဒ္ဓိများမှာ သင့်လျော်ရာ အဘိညာဉ်တို့၌ အကျုံးဝင်သွားနိုင်ပါသည်။

*

## ဝိညာဉ်

**မေး**။ ဆရာတော်ဘုရား၊ ဗုဒ္ဓဘာသာအရ ဘဝကူးဝိညာဉ်မရှိကြောင်း မှတ်ယူရပါသည် ဘုရား။ ခန္ဓာငါးပါး၌ "ဝိညာဏက္ခန္ဓာ=သိမှုဝိညာဉ်အစု"ဟုလည်းကောင်း၊ နာမ်တရားကို ဝိညာဉ်ဟုလည်းကောင်း မှတ်သိရပါသည်ဘုရား။ သို့သော်လည်း ပဋိစ္စသမုပ္ပါဒ်အရ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံဟု ပါရှိပါသည်။ ပဋိစ္စသမုပ္ပါဒ်အရ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ရသည်ကို မရှင်းပါသဖြင့် ဆရာတော်ဘုရားမှ ရှင်းပြပေးပါဟု ရိုသေလေးမြတ်စွာဖြင့် လျှောက်ထားအပ်ပါသည် ဘုရား။

မောင်အောင်မင်း၊ သန်လျင်မြို့။

**ဖြေ**။ ခန္ဓာငါးပါး၌ ပါရှိသော ဝိညာဉ်မှာ သူ့ချည်းသက်သက် တည်ရှိနေသည် မဟုတ်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့နှင့် အတူတည်ရှိနေသည်ဟု ဆိုရပါမည်။ ဝိညာဉ်ဟု ခေါ်ဆိုရသော အသိစိတ်သည် ဆိုင်ရာဝတ္ထုရုပ်၌သာ တည်ရှိနေရသည်။ စက္ခုဝိညာဉ်ခေါ် မြင်သိစိတ်သည် စက္ခုဝတ္ထုခေါ် မိမိမှီရာ ဝတ္ထုရုပ်၌ မှီရပေသည်။ ထို့အတူ သောတဝိညာဉ် စသည် ကြားသိစိတ် စသည်တို့သည်လည်း သောတ ဝတ္ထုစသည်တို့၌သာ မှီကြရကုန်ပြီတည်း။ ပဋိစ္စသမုပ္ပါဒ်အရ ဝိညာဏ ပစ္စယာ နာမရူပံဟူသည်မှာလည်း ဝိညာဉ်က ဘဝကူးသွားပြီး နာမ်ရုပ်ကိုဖြစ်စေသည်မဟုတ်။ ဝိညာဉ်ဟု ဆိုရသော စိတ်တစ်ခုရုပ်

www.dhammaransi.com

ကိုးဆယ် ၈၉ က နာမ်ရုပ်ဟုဆိုရသော စေတသိက် ငါးဆယ့်နှစ်ပါး၊ ရုပ်နှစ်ဆယ့် ရှစ်ပါးတို့ကို အကြောင်းအားလျော်စွာ ဖြစ်စေခြင်းကိုသာ ဆိုပါသည်။ "မီးတွင်ရှိန်ဝါ၊ ထက်ကြပ်ပါသို့" ဟူသောစကားအတိုင်း မီးဟု ဖြစ်ပေါ်လာလျှင် ထိုမီး၏အရှိန်အဝါသည်လည်း အတူတကွ ပါလာသည်။ အလားတူ ဝိညာဉ်ခြောက်ပါး ဖြစ်ပွားလာလျှင် ထိုဝိညာဉ် တို့၏ အစွမ်းသတ္တိကြောင့် စေတသိက်ခေါ် နာမ်တရားများ၊ မဟာ ဘုတ်ရုပ်ကြီးလေးပါးနှင့် ဥပါဒါရုပ်နှစ်ဆယ့်လေးပါးတည်းဟူသော ရုပ်တရားများ ထင်ရှားဖြစ်ပေါ်လာမြဲပင် ဖြစ်လေသည်။

*

## ဝိပါက်အမှန် ဇောအပြန်

**မေး**။ ဆရာတော်ဘုရား၊ "ဝိပါက်မှာ အမှန်၊ ဇောမှာအပြန်" ဟူသော စကားကို ရှင်းလင်းဖြေကြားပေးတော်မူပါ ဘုရား။

လင်းထိုက်

လမ်းမတော်၊ ရန်ကုန်။

**ဖြေ**။ အဘိဓမ္မာသဘောအရ အလွန်လိုအပ်သော ဘုရားအစရှိသော အာရုံတို့ကို မြင်ရခြင်းသည် ကုသလဝိပါက် (ကုသိုလ်၏အကျိုး တရား)ပင် ဖြစ်သည်။ သူတော်ကောင်းတို့အဖို့ ထိုဘုရားအစရှိသော အာရုံတို့ကို မြင်ရလျှင် မဟာကုသိုလ် သောမနဿဇောများ ဖြစ်ပွားကြ သည်။ ၎င်းမှာ "ဝိပါက်အမှန် ဇောအမှန်" ပင် ဖြစ်လေသည်။ သို့သော် မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့အဖို့ကား ကုသိုလ်အကျိုးကြောင့် တွေ့ကြုံဖူးတွေ့ ရသော မြတ်စွာဘုရား၏ အဆင်းသဏ္ဌာန်၌ ကုသိုလ်ဇော မစောနိုင်ဘဲ အကုသိုလ် ဒေါသဇောများ စောရလေသည်။ ၎င်းမှာ "ဝိပါက်အမှန် ဇောအပြန်" ဖြစ်ခြင်းပင်တည်း။ မစင်ဘင်ပုပ် စသောမကောင်းသော အာရုံကို တွေ့ကြုံရခြင်းမှာ အကုသလဝိပါက်ဖြစ်၍ အကုသိုလ်ဒေါသ

ဇော စောရမည်ဖြစ်သော်လည်း ခွေးတို့အဖို့ကား နှစ်သက်ဝမ်းသာ သာယာမက်မော သောမနဿဇော ဖြစ်လေရာ ယင်းမှာလည်း "ဝိပါက် အမှန် ဇောအပြန်" ဖြစ်ခြင်းတစ်မျိုးပင်။

*

## သိမ်ဝင် စိပ်ပုတီး

**မေး**။ အရှင်ဘုရား၊ ရိုးရိုးပုတီးတစ်ကုံးထက် သိမ်ဝင်ထားတဲ့ ပုတီးက ဘာအကျိုးကျေးဇူးတွေ ပိုပါသလဲဘုရား။ ဘာအတွက် ကောင်းပါသလဲဘုရား။

မသန္တာဦး
ပုဏ္ဏားကုန်းတောင်ပိုင်း၊ တာမွေ၊ ရန်ကုန်။

**ဖြေ**။ သိမ်ဝင်ပုတီး၊ သိမ်ဝင်အပ်၊ သိမ်ဝင်သပိတ်ကွဲ စသည်တို့မှာ အထက်ဂိုဏ်းဆရာတို့၏ အသုံးအနှုန်းများသာ ဖြစ်ပါသည်။ သိမ်ဝင်ပုတီးဖြင့် ပယောဂပူးဝင်နေသော လူနာအား စွပ်ပေးခြင်း၊ သိမ်ဝင်အပ်ဖြင့် နတ်ရဲသစ်ပင်အား စိုက်ခြင်း၊ သိမ်ဝင်သပိတ်ကွဲ၌ အင်းချ၍ မြှုပ်ခြင်းတို့မှာ ယင်းဂိုဏ်းဆရာတို့၏ အလုပ်အဆောင်များဖြစ်ကြောင်း ကြားသိရဖူးပါသည်။ သာသနာဆိုင်ရာကိစ္စများ၌ သိမ်ဝင်ပုတီး စသည် မလိုအပ်ပါ။ သိက္ခာကာမ သီလဝန္တ လဇ္ဇီပေသလ ဆရာတော်ကြီးများ ကလည်း ဥပသမ္ပဒကံဆောင်ရာ၌ ပုတီးများထည့်ခြင်းတို့ကို အားပေး လေ့မရှိပါ။ ဒါယကာတို့ အလိုအားလျော်စွာ မဆန့်မကျင် လိုက်လျော သည့် သဘောဖြင့် တားမြစ်ခြင်းမပြုဘဲသာ နေကြပါသည်။ ဂုဏ်တော် ပုတီးစိပ်ရာ၌ သိမ်ဝင်ပုတီးဖြစ်၍လည်း မည်သို့မျှ အကျိုးကျေးဇူး ပိုမို လာမည်မဟုတ်။ ရိုးရိုးပုတီးပင် ဖြစ်လင့်ကစား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဂုဏ်တော်၌ သမာဓိရအောင် ပွားများနိုင်လျှင် အကျိုးထူး လှပါသည်။

www.dhammaransi.com

# ရဟန်းဒါယိကာမနှင့် အသက်အရွယ်

**မေး**။ ဆရာတော်ဘုရား၊ လာမည့်နှစ်တွင် ကိုရင်တစ်ပါးနှင့် မောင်လေးများကို ရဟန်းခံပေးချင်ပါသည်။ ယခုတပည့်တော်မ အသက်မှာ ၂၈ နှစ်ပါ။ ၄၅ နှစ်မပြည့်လျှင် ရဟန်းအမ မလုပ်ရဘူးဟု ပြောကြပါသည်။ အဲဒါ ဟုတ်ပါသလား။ တပည့်တော်မ ရဟန်းဒါယိကာမ သိပ်ဖြစ်ချင်ပါသည်။ ကျေးဇူးပြု၍ အမြန်ဖြေကြားပေးပါ ဘုရား။

မနီနီအေး၊ ရွှေငါးကိတ်မုန့်တိုက်
ကန်ဦးရပ်၊ ကျောက်ဆည်။

**ဖြေ**။ မည်သည့် အသက်အရွယ်ရောက်မှ ရဟန်းဒါယိကာမ၊ ကျောင်းဘုရား ဒါယိကာမဖြစ်ရမည်ဟု စာပေအထောက်အထား မရှိပါ။ ရှေးဘုရင်မင်းများသည် ပထမကျော်သာမဏေများ၊ စာပေတတ်ကျွမ်းသော ရဟန်းတော်များကို သမီးတော်လေးများအား ဒါယိကာမ ပြု၍ ရဟန်းခံ၊ သိမ်ထပ်စေပါသည်။ ကျောင်းဆောက် လှူဒါန်းစေပါသည်။ သာယာဝတီမင်း၏ သမီးတော်ကြီး(နောင် မင်းတုန်းမင်း၏ မိဖုရားကြီး) စကြာဒေဝီ၊ မင်းတုန်းမင်း၏ ပင်တိုင်စံ သမီးတော် စလင်း မင်းသမီးတို့သည် မင်းသမီးငယ်ကလေးဘဝကပင် ခမည်းတော်များက ချီးမြှောက်၍ ရဟန်းဒါယိကာမများ ဖြစ်ခဲ့ကြသည်။ သီပေါမင်း၏ မိဖုရား စုဖုရားလတ်သည် မင်းသမီးငယ်ဘဝကပင် ရဟန်းအမ၊ ကျောင်းအမ ဖြစ်ခဲ့ပါသည်။ ဤကဲ့သို့ ငယ်စဉ်ကပင် သာသနာတော်ကို ချီးမြှောက်လိုစိတ်ပေါ်ပေါက်သည်မှာ ရှေးရှေးဘဝများစွာမှ အထုံပါရမီ ပါခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အကောင်အထည်ပေါ် အောင် ကြိုးစား၍ သာသနာ့မိခင် တစ်ဦး ဖြစ်လာပါစေဟု တိုက်တွန်းအပ်ပါသည်။

*

www.dhammaransi.com

## ငါးပါးသီလနှင့် သီလရှင်များ

**မေး**။ ဆရာတော်ဘုရား၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကို စောင့်ထိန်းနေသော ပုဂ္ဂိုလ်တို့သည် ရဟန်းသံဃာများက ငါးပါးသီလ ပေးလျှင် လိုက်မဆိုရ။ လိုက်ဆိုလျှင် သီလပြန်ဆေးရ၏။ သီလပြန်မဆေးလျှင် ငါးပါးသာ ရတော့သည်ဟု ကြားဖူးပါသည်။ ဟုတ်ပါသလားဘုရား။ ဖြေကြားတော်မူပါဘုရား။

ဇေယျာဉာဏ်
မဟာလယ်တီ၊ ခမ္မေသက၊ မုံရွာ။

**ဖြေ**။ ငါးပါးသီလ၊ ဆယ်ပါးသီလတို့မှာ နိစ္စသီလများ ဖြစ်ပါသည်။

ရှစ်ပါးသီလမှာ နေ့အထူး၊ ရက်အထူးပြု၍ ဆောက်တည်ရသော (ဥပေါသထ) ဥပုသ်သီလဖြစ်သည်။ သီးခြားနေ့အထူးဖြင့် ကျင့်သုံးဆောက်တည်ရ၍ ဥပေါသထဟု ခေါ် ရပါသည်။ နိစ္စသီလ မဟုတ်ပါ။ သို့သော် နေ့ရက်ပိုင်းခြား အဓိဋ္ဌာန်ထားကာ ၄၅ ရက်၊ တစ်လ စသည်ဖြင့်လည်း ဆောက်တည်နိုင်ပါသည်။

ငါးပါးသီလသည် လူတို့အတွက် နိစ္စသီလဖြစ်၍ ဆောက်တည်ထားသည်ဖြစ်စေ၊ မဆောက်တည်ထားသည်ဖြစ်စေ အမြဲကျင့်သုံးရသဖြင့် အလှူဒါနပြုတိုင်းပင် ရှေ့သွားအနေဖြင့် သရဏဂုံနှင့် ငါးပါးသီလကို ရဟန်းသံဃာတော်တို့က ဆောက်တည်စေပါသည်။ ဆယ်ပါးသီလ ဆောက်တည်ထားစေကာမူ ဒါန၏ရှေ့ပြေး (ဒါနပုဗ္ဗင်္ဂမ) အနေဖြင့် သရဏဂုံနှင့် ငါးပါးသီလကို ပေးကြလေ့ရှိပါသည်။ ရှစ်ပါး၊ ကိုးပါး၊ ဥပုသ် သီလခံယူထားသူဖြစ်လင့်ကစား နိစ္စသီလ ငါးပါးသီလမှာ ခံယူခြင်း၊ ကျင့်သုံးခြင်း မပျက်ပြားရသဖြင့် ငါးပါးသီလကို ထပ်မံခံယူခြင်းကြောင့် ရှိရင်းသီလ မယုတ်လျော့ပါ။

www.dhammaransi.com

သီလသည် သီတင်းသည်၊ အဓိဋ္ဌာန်ဥပုသ်ဝင်သူများ အနေဖြင့် နိစ္စသီလ ငါးပါးသီလကို လိုက်ဆိုပွားများခြင်းကြောင့် သီလဆေးစရာ မလိုပါ။ သုံးပါးပျက်မသွားပါ။ သီလသည် လွန်ကျူးမှုသာ ပျက်ပါသည်။ ဥပုသ်သီလသည် မိမိနေ့ရက်ပိုင်းခြားအဓိဋ္ဌာန်ထားလျှင် ယင်းအဓိဋ္ဌာန်ရက်ကုန်ဆုံးလျှင် ပျက်သည်။ သီလရှင်များမှာလည်း သီလရှင်သိက္ခာ ကိုယ်၌တည်သရွေ့ ခံယူထားခြင်းတို့ကြောင့် ထိုသီလပျက်စရာ မရှိပါ။ ငါးပါးသီလကို ဝမ်းမြောက်ဝမ်းသာပင် လိုက်၍ဆိုကြပါဟု တိုက်တွန်းရပါသည်။

*

## ဆရာဇီဝက၏ ဘဝ

**မေး**။ ဇီဝကဆေးသမားကြီးသည် မည်ကဲ့သို့ ဘဝမျိုးကို ခံယူ၍ကံကုန်ပါသနည်း။ မြတ်စွာဘုရား၏ဆေးသမား ဇီဝက၏ဘဝဇာတ်လမ်းကို သိလိုပါသည်။ နိဗ္ဗာန်ဝင်သွားပါသလား။ နတ်ပြဟ္မာဘဝ နှင့် ရှိနေပါသလားဘုရား။

ဦးမောင်စောလှ၊
စစ်တွေမြို့။

**ဖြေ**။ မြတ်စွာဘုရား၏ ဆေးဆရာကြီး ဆရာဇီဝက၏ ဘဝဇာတ်လမ်းမှာ ဝိနည်းမဟာဝါ ပါဠိတော်တွင်ပါသည့်အတိုင်း ဇိနတ္ထပကာသနီတွင် အကျယ်ရေးသားထား၏။ မွေးဖွားစဘဝမှစ၍ ရဟန်းတော်တို့ ပံ့သကူသင်္ကန်းများကိုသာ ဝတ်ရုံနေကြရာမှ ပြည်သူတို့ လှူဒါန်းသော ဂဟပတိစီဝရကို ဝတ်ရုံနိုင်ခွင့် လျှောက်ထားတောင်းပန်သဖြင့် မြတ်စွာဘုရား ခွင့်ပြုတော်မူသည်အထိသာ ပါရှိပါသည်။ နောက်ပိုင်းဇာတ်လမ်း မည်သို့ဖြစ်သည်ကို မည်သည့်ကျမ်းတွင်မျှ ဖော်ပြထားခြင်းမရှိတော့ပါ။ သို့သော်လည်း ရှေးဘုရားတို့လက်ထက်က မြတ်စွာဘုရား

www.dhammaransi.com

၏ သမားတော်အဖြစ် ဆုတောင်းခဲ့ခြင်း၊ မြတ်စွာဘုရားအား ပုဂ္ဂိုလ်စွဲ ကြည်ညိုမှုအရာ၌ ဧတဒဂ်ရခဲ့ခြင်းတို့ကို ထောက်က အခြားလူ ဉပါသကာ၊ ဧတဒဂ်ရ ပုဂ္ဂိုလ်တို့ကဲ့သို့ မဂ်ဖိုလ်တစ်ဆင့်ဆင့်သို့ ရောက်စရာ ရှိပါသည်။ အနာထပိဏ်တို့ကဲ့သို့ သောတာပတ္တိမဂ်ဖိုလ်ကို ရခဲ့လျှင် တာဝတိံသာ စသော နတ်ပြည်တစ်ပြည်ပြည်၌လည်းကောင်း၊ စိတ္တ သူကြွယ်တို့ကဲ့သို့ အနာဂါမိမဂ်ဖိုလ်ကို ရခဲ့လျှင် အကနိဋ္ဌကဲ့သို့သော ဗြဟ္မာ့ပြည်၌လည်းကောင်း ဖြစ်နိုင်စရာရှိပါသည်။

*

## ဂုဏ်တော်စသည် ရွတ်ဆိုခြင်း

**မေး**။ ဆရာတော်ဘုရား၊ ဘုရားရှိခိုးဂါထာတော်၊ ဂုဏ်တော်၊ ပရိတ်တော်၊ ပဋ္ဌာန်းတရားတော်များကို အိပ်ရာ၌ လျောင်းစက်ရင်း၊ လမ်းသွားရင်း၊ အိမ်သာတက်ရင်း ရွတ်ဆို၍ ရပါသလား။ အသံမထွက်ဘဲ စိတ်ထဲကရွတ်ဆို၍ကော ရပါသလား။ ထို့အတူ ပုတီးကော စိပ်၍ ရပါသလား။ အချိန်မရ၍ အိမ်မှ သီလမယူဖြစ်ဘဲ လမ်းသွားရင်း သီလ ယူ၍ကော ရပါသလားဘုရား။ (အကြောင်းအရာတူ၍မေးခွန်းများကို ပေါင်းထားသည်။)

၁။ ဒေါ်ခင်ဝင်းကြည်၊ ချစ်ကြည်ရေးစာရေးတန်း၊ ချောက်မြို့။
၂။ ဦးကံထွန်း၊ တံခွန်တိုင်ရွာ အနောက်စု၊ နတ်တလင်းမြို့။
၃။ ဖြိုး၊ ဒါးကရွာ၊ ပုသိမ်အရှေ့မြို့နယ်။
၄။ ဦးထွေး၊ အမှတ် (၃)၊ ပေါက်ခေါင်းမြို့။
၅။ မစန်းစန်းညွန့်၊ သံဖြူဇရပ်မြို့။

**ဖြေ**။ မြတ်စွာဘုရား၏တရားတော်ကို အားထုတ်ရာ၌ မဟာသတိပဋ္ဌာနသုတ်တော်တွင် “အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊

www.dhammaransi.com

သမိဒ္ဓိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သင်္ဃာဋိပတ္တစီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေပိတေ ခါယိတေ သာယိ တေ သမ္ပဇာန ကာရီ ဟောတိ၊ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ" စသည်ဖြင့် ပွားများပါက သွားဆဲ၊ လာဆဲ၊ စားဆဲ၊ သောက်ဆဲ၊ ထိုင်ဆဲ၊ အိပ်ဆဲသာမက ကျင်ကြီးကျင်ငယ် သွားလာဆဲမှာပင် အား ထုတ်နိုင်ကြောင်း သိရသဖြင့် ဘုရားရှိခိုးခြင်းကို အခြေအနေအရ အသံထွက်၍ ဖြစ်စေ၊ အသံမထွက်ဘဲ တိုးတိုးတိတ်တိတ် ရွတ်ဆိုပွား များ၍ဖြစ်စေ နေရာမရွေး ပြုလုပ်နိုင်ပါသည်။ သဘော်နစ်နေစဉ်မှာပင် သရဏဂုံနှင့် ငါးပါးသီလကို ခံယူစေသော ဘုရားလောင်း သဘော် သူကြီးဇာတ်ကို ထောက်၍ ငါးပါးသီလကို သွားရင်းလည်း ခံယူနိုင် ကြောင်း သိသာပါသည်။ မည်သို့ပင်ဖြစ်စေ မိမိ၏ ယောနိသောမနသိ ကာရ မှန်ကန် ကောင်းမွန်သော စိတ်ထားစေတနာသာ ပဓာနဖြစ် ကြောင်း ဖြေဆိုလိုက်ပါသည်။

*

## ဘုန်းကံ

**မေး**။ ဆရာတော်အရှင်ဘုရား၊ တပည့်တော်ငယ်စဉ် သိတတ်သော အရွယ်မှစ၍ ယခုအရွယ်အထိ ဘုန်းကံဟူသောစကားကို ကြား သိခဲ့ရပါသည်။ ဘုန်းနှင့်ကံသည် အတူတူပင် ဖြစ်ပါသလား ဘုရား။ ဘုန်းကံနိမ့်ခြင်း၊ မြင့်ခြင်းဟူ၍ ရှိပါသလား။ တံတားအောက်စသည့် ညစ်ညမ်းနိမ့်ပါးသည့်အောက်သို့ လျှိုးခြင်း ဝင်ခြင်းတို့ကြောင့် ဘုန်းနိမ့် တတ်သည် ဆိုသည်မှာလည်း ဟုတ်ပါသလား ဘုရား။

ခင်မောင်ဆွေ
ဈေးအတွင်း၊ ထီးချိုင့်

www.dhammaransi.com

**ဖြေ**။ မြန်မာလို "ဘုန်းကံ"ဟု တွဲခေါ်သည့်အားလျော်စွာ ပါဠိဘာသာအားဖြင့် "ပုညကမ္မ" ဖြစ်၍ "ပြုလုပ်သောကုသိုလ်ကောင်းမှု" ကိုပင် ဘုန်းကံဟုခေါ်ပါသည်။ "သတ္တာနံ ခန္ဓသန္တာနံ ပုဏာတိသောဓေတီတိ ပုဏံ" ဟု ပရိတ်ဋီကာက ဆိုသည်။ သတ္တဝါတို့၏ ခန္ဓာအစဉ်ကို သုတ်သင်တတ်၍ ပုဏ၊ ဝါ ပုည ဟုဆိုသဖြင့် ယင်းပုညခေါ်သောကောင်းမှု ကုသိုလ်ကံအကျိုးပေး၍ ကောင်းကျိုးချမ်းသာများ ဖြစ်ပေါ်နေခြင်းကိုပင် ဘုန်းကံ၊ ဘုန်းရှိသည်၊ ဘုန်းကြီးသည်ဟု ဆိုကြသည်။ ထို့ကြောင့် ဘုန်းကံသည် မိမိပြုလုပ်သော ကုသိုလ်အကျိုးပေးခြင်းသာဖြစ်၍ လမ်းတံတားအောက် ဝင်ခြင်း၊ အောက်ထပ်မှာ နေခြင်း၊ မြေအောက်မြေတွင်းမှ ရေ စသည်တို့ကို သုံးဆောင်ခြင်းကြောင့် နိမ့်ခြင်း၊ ပျက်ပြားခြင်း ဖြစ်နိုင်စရာ မရှိပါ။ သို့သော် ကုသိုလ်ကံပုညသည် အကျိုးပေးရာ မျက်မှောက်ကောင်းမှု၊ မကောင်းမှုများ၌လည်း အနည်းအများ အမှီပြုသေးသဖြင့် ရှေးကုသိုလ်ကံ ကောင်း၍ အကျိုးပေးချင်သော်လည်း မိမိက မကောင်းမှုဒုစရိုက်များကိုသာ ပြုလုပ်နေလျှင် အကျိုးပေး ဖွံ့ဖြိုးလိမ့်မည် မဟုတ်ပါ။ ထိုအရာကိုသာ ဘုန်းနိမ့်သည်ဟု ဆိုလိုက ဆိုလိုနိုင်ပါသည်။ ယခုခေတ် လမ်းများ အထက်၌ တံတားများရှိ ထိုလမ်းများ၌ သွားလာ၍ ဘုန်းနိမ့်ကြမည်ဆိုလျှင် အိမ်မှဘယ်မှ မထွက်ဘဲ နေရတော့မလို ဖြစ်နေပါသည်။ ထိုအယူအစွဲကို ဖျောက်ပယ်သင့်လှပါသည်။

*

## ဥပနှင့် ပရမတ္ထပါရမီ

**မေး**။ ဆရာတော်ဘုရား၊ သမ္မာသမ္ဗုဒ္ဓဆုမှ ပကတိသာဝကဆုအထိ အလောင်းတော်ကြီးများသည် ပါရမီ ၁၀ပါးကိုဖြည့်ကျင့်ရသည်။ ထိုပါရမီသည် ပါရမီ www.dhammadana.com ပါး၊ ပရမတ္ထပါရမီ ၁၀

ပါး၊ ဤသို့အပြား ၃၀ ရှိသည်ဟု မှတ်သားရပါသည် ဘုရား။ ယင်းတွင် ဥပပါရမီနှင့် ပရမတ္ထပါရမီတို့၏ အဓိပ္ပာယ်နှင့် ဖြည့်ကျင့်အားထုတ်ပုံကို သိရှိလိုပါ၍ ဖြေကြားပေးတော်မူပါရန် လျှောက်ထားပါသည်။

ကျော်ထွန်း

ည ၇၆၊ ဒေစီလမ်း၊ တောင်ကြီးမြို့။

**ဖြေ**။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း၊ အနုဒီပနီ (ကာ)၌ "ထိုပါရမီဆယ်ပါးတို့တွင် တစ်ပါး၊ တစ်ပါးလျှင် ပါရမီ၊ ဥပပါရမီ၊ ပရမတ္ထပါရမီဟူ၍ (ဥပမာ ဒါန၌ (၁) ဒါနပါရမီ၊ (၂) ဒါနဥပပါရမီ၊ (၃) ဒါနပရမတ္ထပါရမီဟူ၍ သုံးပါး။ သီလ စသည်၌ ထို့အတူ) သုံးပါးစီ၊ သုံးပါးစီ ပြားသောကြောင့် ပါရမီအကျယ်သုံးဆယ် ဖြစ်သည်။ ဤသုံးပါးတို့အတွက် ရှေးဦးစွာ (၁) သား မယား ရွှေငွေ စသော အသုံးအဆောင် ဝတ္ထု၊ (၂) မိမိ၏ လက် ခြေ စသောအင်္ဂါကြီးငယ်နှင့် (၃) အသက်။ ဤသုံးပါးကို မှတ်သားပြီးလျှင် ဒါနအတွက်(၁) အသုံးအဆောင် ဝတ္ထုကို စွန့်လှူသည်ကား ဒါနပါရမီ၊ (၂) အင်္ဂါကြီးငယ်ကို စွန့်လှူသည်ကား ဒါနဥပပါရမီ၊ (၃) အသက်ကို စွန့်လှူသည်ကား ဒါနပရမတ္ထ ပါရမီဟု မှတ်အပ်၏။ ထို့အတူ အသုံးအဆောင်ဝတ္ထုဟူသော အကြောင်း၊ အင်္ဂါကြီးငယ်ဟူသော အကြောင်း၊ အသက်ဟူသော အကြောင်းကြောင့် မလွန်ကျူးဘဲ သီလကို ထိန်းသိမ်း စောင့်ခြင်းမျိုး သီလပါရမီ၊ သီလဥပပါရမီ၊ သီလပရမတ္ထ ပါရမီဟုအစဉ်အတိုင်း မှတ်ယူအပ်၏။ ကြွင်းသော ပါရမီ ၈ ပါးတို့၌လည်း ဤနည်းကို မှီး၍ သိရာ၏။

(က) သက်မဲ့သက်ရှိ၊ ဗာဟိရက၊ စွန့်နိုင်က၊ မူလ ပါရမီ။

(ခ) အင်္ဂါကြီးငယ်၊ အသွယ်သွယ်ကို၊ မတွယ်စိတ်မှ၊ စွန့် နိုင်က၊ ဥပပါရမီ။

(ဂ) အသက်ဇီဝ၊ စွန့်နိုင်က၊ ပရမတ္ထမည်။

(ဃ) ပါရမီဆယ်ပါး၊ အကျယ်ပွား၊ အပြားသုံးဆယ်မည်ဟု ရှင်းလင်း ဖော်ပြထားလေသည်။

*

## ငရဲပြည်နှင့် ငရဲထိန်းများ

**မေး**။ ငရဲပြည်တွင် ငရဲထိန်းများက ဆိပူအိုးကြီးနှင့် ငရဲခံရသူများအား ဒဏ်ခတ်နေခြင်းကို ဘုရားတန်ဆောင်း ပန်းချီကားများတွင် တွေ့ရပါသည်။ ငရဲပြည်တွင် ဤပုံများအတိုင်း ငရဲခံရမည်ဟု မြတ်စွာဘုရား ဟောတော်မူခဲ့ပါသလား။ ငရဲခံသူများအား ငရဲထိန်းများက ညှဉ်းဆဲသတ်ဖြတ်ရာတွင် ပါဏာတိပါတကံ ထိုက်မထိုက်နှင့် ဘဝအဆက်ဆက်က မိဘတော်စပ်ခဲ့သူများ ပါရှိပါက ပဉ္စာနန္တရိယကံ ထိုက်မထိုက် သိလိုပါသည်ဘုရား။

မျိုးအောင်ဇော်၊ အင်းစိန်မြို့နယ်။

**ဖြေ**။ ငရဲသူ ငရဲသားများ ငရဲ၌အမျိုးမျိုးခံရပုံတို့ကို နိမိဇာတက (နေမိဇာတ်)၊ ဒေဝဒူတသုတ်၊ အင်္ဂုတ္တရတိကနိပါတ စသည်တို့၌ ပါရှိပါသည်။ ပါဠိတော်များဖြစ်၍ ဘုရားဟောဟုပင် မှတ်သားရပါသည်။ ယင်းပါဠိတော်များ၌ပင် "တမေနံ ဘိက္ခဝေ နိရယပါလာ နာနဗာဟာသု ဂဟေတွာ၊ နိရယပါလာ ပဉ္စဝိဓဗန္ဓနံနာမ ကမ္မကရဏံ ကရောန္တိ" စသည် ဟောတော်မူချက်များ ရှိ၍ ငရဲထိန်းများ ရှိသည်မှာလည်း ထင်ရှားပါသည်။ ယင်းငရဲထိန်းတို့သည် "နိရယ သံဝတ္တနိက ကမ္မတောဟိ အညေနေဝကမ္မုနာတေ နိဗ္ဗတ္တန္တိ။ ရက္ခသဇာတိကတ္တာ" ဟု အင်္ဂုတ္တရ အဋ္ဌကထာ ဒေဝဒူတသုတ် အဖွင့်တို့တွင် ဆိုသည်။ အချို့က ငရဲထိန်းဟူသည် မရှိ။ စက်ယန္တရားရုပ်များကဲ့သို့ ငရဲသူ၊ ငရဲသားတို့၏ အကုသိုလ်ကံအရ နှိပ်စက်ရန် ဖြစ်နေကြကြောင်း ဆိုသော်လည်း အမှန်မှာ ငရဲထိန်းသတ္တဝါများမှာ ဘီလူး၊ ရက္ခိုသ် အမျိုးဇာတိများဖြစ်၍ ငရဲ၌ သွားရောက်ဖြစ်ရသောကံကြောင့် ငရဲတွင် ငရဲထိန်း

www.dhammaransi.com

ဖြစ်၍ ငရဲသူ၊ ငရဲသားများအား နှိပ်စက်နေကြကြောင်း ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ဤသို့ ငရဲထိန်းတို့သည် ဘီလူး၊ ရက္ခိုသ်သတ္တဝါများဖြစ်ကလည်း ငရဲသူငရဲသားတို့အား နှိပ်စက်သတ်ဖြတ်မှုကြောင့် အကုသိုလ်ဖြစ်စရာလည်း ရှိကြောင်း သိသာ၏။ သို့သော် မိဘသတ်သည့် အနန္တရိယကံဟူသည်မှာ လက်ရှိဘဝ အမိအဖတို့ကို သတ်မှသာ ဖြစ်နိုင်၍ မိဘမရှိ ဥပပတ်ဖြစ်ကြသော ငရဲထိန်းတို့အနေဖြင့် ယင်းအနန္တရိယကံ ဖြစ်စရာရှိမည် မဟုတ်ကြောင်း တွေးခေါ်ယူဆနိုင်ပါသည်။

*

## တစ်ဆယ့်လေးချက် ဓမ္မစက်

**မေး**။ တစ်ဆယ့်လေးချက် ဓမ္မစက်အရ ဓမ္မစက် တစ်ဆယ့်လေးပါးကို အမည်ဖြင့် ဖော်ပြပေးစေလိုပါသည် ဘုရား။

ညိုညိုသိ
ကမ္ဘောဇလမ်း၊ ဗဟန်း။

**ဖြေ**။ တရားတော်အရမှာ ဗောဓိပက္ခိယတရား ၃၇ ပါးပင် ဖြစ်ပါသည်။

ဗောဓိပက္ခိယတရား ၃၇ ပါးကို တရားကိုယ်ကောက်၍ တူရာပေါင်းလျှင် အောက်ပါတရား ၁၄ ပါးသာ ရပါသည်။

"ဝိတက်၊ ပဿဒ္ဓိ၊ ပီတိ၊ ဥပေက္ခာ၊ ဆန္ဒ၊ စိတ္တ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ (၎င်းကိုးပါးမှာ သူ့အမည်နှင့်သူ တစ်ဌာနစီသာ ဖြစ်၏။) သဒ္ဓါ (၎င်းမှာ နှစ်ဌာနၥ် ဖြစ်၏။) ဧကဂ္ဂတာ( ၎င်းမှာ လေးဌာနၥ် ဖြစ်၏။) ပညာ (၎င်းမှာ ငါးဌာန ဖြစ်၏။) သတိ (၎င်းမှာ ရှစ်ဌာနၥ် ဖြစ်၏။) ဝီရိယ (၎င်းမှာ ကိုးဌာနၥ် ဖြစ်၏)" ဤ ၁၄ပါးသည်ပင် "တစ်ဆယ့်လေးချက် ဓမ္မစက်" ဟူ၍ ဆရာတို့ မိန့်ဆိုတော်မူကြပါသည်။

# စရိုက်ခြောက်ပါးနှင့် ကမ္မဋ္ဌာန်း

**မေး**။ စရိုက်ခြောက်ပါးနှင့် ယင်းစရိုက်ရှိသူ၏ အမူအကျင့်၊ ယင်းနှင့် သင့်လျော်ရာ ကမ္မဋ္ဌာန်းများကို ဖော်ပြပေးပါရန် လျှောက်ထားပါသည်ဘုရား။ (မေးခွန်းကို လိုရင်းမျှသာ ချုံ့၍ ဖော်ပြသည်။)

ဦးသောင်းစိန် (ကျောင်းအုပ်)
အခြေခံပညာ မူလတန်းကျောင်း
ကြခတ်ရပ်၊ ပန်းတောင်းမြို့နယ်။

**ဖြေ**။ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက် ဟူ၍ခြောက်မျိုး ရှိသည်။ စရိုက်ဟူသည် ပုဂ္ဂိုလ်၏ လွန်ကဲသော အကျင့်အလေ့အမူ ဖြစ်သည်။ ရာဂစရိုက်ရှိသူ၌ လှပမှုကို မြတ်နိုးခြင်း၊ ရှာမှီးခြင်း၊ ပိုင်ဆိုင်လိုခြင်း စသော အမူအကျင့်များ၊ ဒေါသစရိုက်ရှိသူ၌ ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်း၊ မောဟစရိုက်ရှိသူ၌ ထိုင်းမှိုင်းခြင်း၊ မေ့လျော့ခြင်း၊ သဒ္ဓါစရိုက်ရှိသူ၌ ဘုရားတရား ကြည်ညိုခြင်း၊ ဗုဒ္ဓိပညာစရိုက်ရှိသူ၌ ပညာကို ရှာမှီးခြင်း၊ သိလိုခြင်း၊ မှတ်သားခြင်းနှင့် ဝိတက်စရိုက်ရှိသူ၌ ကြံစည်ခြင်း၊ တွေးတောခြင်း စသည်များ လွန်ကဲနေတတ်သည်။

စရိုက်သည် တစ်မျိုးစီလည်း ရှိတတ်ပြီး နှစ်မျိုးသုံးမျိုးလည်းရောယှက်၍ နေတတ်သည်။ ထို့ကြောင့် စရိုက်မှာ ခြောက်ပါးသာရှိသော်လည်း စရိုက်အားလျော်စွာ ပုဂ္ဂိုလ် ၆၃ မျိုးပြားကြောင်း ကျမ်းဂန်များတွင် ဖော်ပြထားပါသည်။ စရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်းကိုလည်း သမထ ကမ္မဋ္ဌာန်း ၄၀ နှင့် စရိုက်ခြောက်ပါးကို တွဲ၍ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက မနောရထပူရဏီတွင်

"အသုဘနှင့် ကာယဂတာ၊ ဆယ့်တစ်ဖြာ၊ ရာဂကြီးသူအား။
အပ္ပမညာ၊ နီလာဒိက၊ ဤရှစ်ဝ၊ ဒေါသကြီးဖို့ထား။

www.dhammaransi.com

အာနာပါန၊ ဤတစ်ဝ၊ မောဟ ဝိတက်များ၊
ဗုဒ္ဓ ဓမ္မ၊ သံဃ သီ စာ၊ ဒေဝတာ၊ သဒ္ဓါထက်သူအား။
ဥပသမာ၊ မရဏာနှင့်၊ သညာ ဝဝတ္ထာန်၊ ဤလေးတန်၊ ဉာဏ်ခံ ကြီးသူများ။
စရိုက်ဝေငှ၊သုံးဆယ်မျှ၊ သေသခပ်သိမ်းအား"
ဟု စပ်ဆိုဖော်ပြထားပါသည်။ လေ့လာပွားများ၍ အသိတရား တိုးတက်ပါစေသတည်း။

*

## အမွေးအရေအတွက် လည်လှီးခံရချက်

**မေး**။ ဆရာတော်ဘုရား၊ ဟိုရှေးရှေးက မိန်းမတစ်ဦးသည် မွေးထားသော ဆိတ်တစ်ကောင်အား ဟင်းအလို့ငှာ လည်လှီးသတ်ခဲ့မိ၍ နောင်ဘဝတွင် ငရဲ၌ ကျခံရသည်။ ထို့နောက် ဆိတ်အမွေးအရေ အတွက်နှင့်အမျှ ဘဝပေါင်းများစွာ လည်လှီးသတ်ခံရသည်ဟု ဆိုပါသည်။ မိမိကျူးလွန်မှုတစ်ခုအတွက် တူသောအကျိုးပေး မဟုတ်ဘဲ အဘယ်ကြောင့် ဘဝပေါင်းများစွာ ခံရကြောင်း တပည့်တော်မ နားမလည်နိုင်ပါ၍ ရှင်းလင်းဖြေကြားတော်မူရန် အသနားခံအပ်ပါသည် ဘုရား။

ဒေါ်လှနွယ်(မူအုပ်)
ကမ်းတောင်းကြီးရွာ၊ မြေပုံမြို့နယ်။

**ဖြေ**။ ကုသိုလ်ကောင်းမှု ပြုရာ၌ဖြစ်စေ၊ အကုသိုလ်မကောင်းမှု ပြုရာ၌ ဖြစ်စေ၊ ပြုမှုလုပ်ဆောင်မှုထက် ယင်းကို ဖြစ်စေသည့် စေတနာ အကြီးအသေးအလိုက် အကျိုးပေးမှုလည်း အကြီး အသေး ဖြစ်နိုင်ပေသည်။ ကုသိုလ်မှု၌ အလှူဝတ္ထု နည်းသော်လည်း စေတနာအထူး ကက်သန်က အကျိုးပေးမှုအင်အား ကြီးမားနိုင်သည်။ နှမ်းစေ့ပမာဏ

မျှသောကုသိုလ်ကောင်းမှုသည် ဉာဏ်နှင့်ယှဉ်၍ စေတနာအားကောင်းပါက မြင်းမိုရ်တောင်တမျှ အကျိုးပေးကြောင်း အင်္ဂုတ္တရ နိကာယ်တွင် ဟောတော်မူသည်။ အကုသိုလ်တွင်လည်း ထို့အတူပင် ဖြစ်သည်။ ဆိတ်ကိုသတ်စဉ်က ထက်ထက်သန်သန် လွန်လွန်ကဲကဲ ရဲရဲဝံ့ဝံ့နှင့် 'ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက'စေတနာဖြင့် သတ်ဖြတ်ခဲ့လျှင် ထူးထူးခြားခြားပင် မကောင်းကျိုးကို ပေးပေလိမ့်မည်။ ငရဲ ဟူသောပဋိသန္ဓေကျိုးမှာ အကျိုးရင်းဖြစ်၍ ဆိတ်အမွေးအရေအတွက်အတိုင်း ဘဝများစွာ လည်အဖြတ်ခံရခြင်း ပဝတ္တိအကျိုးမှာ အကျိုးဆက် အဖြစ်ခံရခြင်း ဖြစ်ပါသည်။ အချုပ်မှာ ကမ္မဝိပါကော အစိန္တိယော (ကံ၏အကျိုးကို မကြံစည်အပ်ဟူ၍) ဖြစ်သဖြင့် ကောင်းမှု မကောင်းမှုကံ၏ အကျိုးပေးမှုကို ယုံမှားမရှိသင့်ကြောင်း ဖြေကြားလိုပါသည်။

*

## သတ္တာဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါး

**မေး**။ အရှင်ဘုရား၊ အမျှဝေလင်္ကာ၊ ဘုံသုံးဆယ့်တစ် စသောအပိုဒ်ပါ "သတ္တာဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး" ဆိုသည်ကို အဓိပ္ပာယ်သိလိုပါသည်။ ရှင်းလင်းပေးတော်မူပါရန် လျှောက်ထားပါသည်ဘုရား။

ဦးနေဝင်း၊
ကျောက်တန်းရွာ၊ ပဲခူးမြို့နယ်။

**ဖြေ**။ လွယ်ကူစွာ မှတ်သားနိုင်ရန် ဝိညာဏဋ္ဌိတိ ခုနစ်ပါးမှစ၍ ဖြေကြားပါမည်။ ၎င်းမှာ ပဋိသန္ဓေဝိညာဏ်၏ တည်ရာခုနစ်ပါးဖြစ်သည်။

(၁) လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်၊ ဤခုနစ်ရပ်သည် သတ္တဝါတို့၏ ကိုယ်သဏ္ဌာန်လည်း အထူးထူး၊ ပဋိသန္ဓေလည်း အထူးထူးရှိ၍ နာနတ္တကာယ နာနတ္တသညီ မည်၏။

(၂) ပထမစျာန်သုံးဘုံ၊ အပါယ်လေးဘုံ၊ ဤခုနစ်ဘုံသည် သတ္တဝါတို့ ကိုယ်သဏ္ဌာန်ကား အထူးထူး၊ ပဋိသန္ဓေကား ပထမစျာန် သုံးဘုံ၌ ပထမစျာန်ဝိပါက်စိတ်၊ အပါယ်လေးဘုံ၌ အကုသလဝိပါက် သန္တီရဏ စိတ်တစ်ခုစီသာ ဖြစ်၍ နာနတ္တကာယ ဧကတ္တသညီ မည်၏။

(၃) ဒုတိယစျာန်သုံးဘုံသည် သတ္တဝါတို့၏ကိုယ်သဏ္ဌာန် အရောင်အဝါကား တူ၏။ ဒုတိယစျာန်ဝိပါက်၊ တတိယစျာန်ဝိပါက် ပဋိသန္ဓေထူးခြား၍ ဧကတ္တကာယ နာနတ္တသညီ မည်၏။

(၄) တတိယစျာန် ၃ ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံတို့သည် သတ္တဝါတို့ ကိုယ်သဏ္ဌာန်လည်း တူသည်။ ပဋိသန္ဓေလည်း စတုက္က နည်းအားဖြင့် စတုတ္ထစျာန် ဝိပါက်စိတ်တစ်ပါးသာ ဖြစ်၍ ဧကတ္တ ကာယ ဧကတ္တသညီ မည်၏။

(၅) အာကာသာနဉ္စာယတန၊ (၆) ဝိညာဏဉ္စာယတန၊ (၇) အာကိဉ္စညာယတန၊ ဤအရူပ၃ဘုံသည် သညာတစ်ပါးစီဖြစ်၍ တစ် ဘုံစီယူလျှင် ဝိညာဏဋ္ဌိတိ ခုနစ်ပါး ဖြစ်သည်။ ယင်းတွင် သညာရှိသည် သည်း မဟုတ်။ မရှိသည်လည်း မဟုတ်သော နေဝသညာ နာသညာ ဘုံနှင့် လုံးဝသညာ (စိတ်)မရှိသော အသညသတ်ဘုံကို မထည့်ဘဲ ထားရသည်။

" သတ္တာဝါသ ဘုံကိုးဝ"ယူရာ၌ကား နေဝသညာ နာသညာ ဘုံကို တစ်ရပ်၊ အသညသတ်ဘုံကို တစ်ရပ် ထည့်၍ ကိုးပါးယူရသည်။ ဤ တွင် သတ္တာဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါးကို မှတ်သားသင့်ပါ သည်။

ယင်းနှင့်ပတ်သက်၍ ရှေးဆောင်ပုဒ်လင်္ကာမှာ

"လူ့ပြည်နှင့်နတ်၊ သတ်လျှင် နာနာ၊ ပထမစျာန်၊ လေးတန်ပါယ် ခွင်၊ သတ်လျှင် နာဧ၊ ဒွေစျာန်နှစ်ရပ်၊ ဧနာဟတ်၊ အသညသတ်ပြည်၊

အသညီ၊ ကြွင်းပြည်နဝါ၊ ဧသော၊ အရှုပါမှ၊ ဘုံလေးဝ၊ သတ္တဝါသာ၊ ဘုံကိုးရွာ" ဟူ၍ ဖြစ်ပါသည်။

*

## သိကြားသာသနာ

**မေး**။ ယခုအခါသမယသည် ဘုရားသာသနာလား၊ သိကြားသာသနာလားဆိုတာ တပည့်တော်မတို့ အငြင်းပွားလျက် ရှိပါသည်။ မည်သည့်သာသနာဖြစ်သည်ကို ဖြေကြားတော်မူပါဘုရား၊ အဘယ်ကြောင့် သိကြားသာသနာဟု ဖြစ်လာရသည်ကို သိလိုပါသည် ဘုရား။

မအိအိခိုင်

လသာ၊ ရန်ကုန်မြို့။

**ဖြေ**။ ဘုရားသာသနာ ကုန်ဆုံး၍ သိကြားသာသနာ ဖြစ်လာမည်ဟူသောအရာ ဗုဒ္ဓစာပေတွင် လုံးဝမရှိပေ။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ လိင်္ဂနှင့် ဓာတုဟု သာသနာကွယ်ပျောက်ပုံ ငါးမျိုးရှိရာ ၎င်းငါးမျိုး ကွယ်လျှင် လုံးဝ သာသနာ မရှိတော့။ သိကြားမင်းလည်း မစောင့်ရှောက်နိုင်တော့ပေ။ ထို့ကြောင့် ဘုရားသာသနာ ရှိပါ၏။ သိကြားသာသနာဟူ၍ မရှိ။ ကဏှဇာတ်တော်၌ ကဿပမြတ်စွာဘုရား သာသနာ နောက်ပိုင်းတွင် လူသားတို့ တရားပျက်၍ နေသဖြင့် သိကြားမင်းက မုဆိုးအသွင်၊ မာတလိနတ်သားက ခွေးနက်ကြီးအသွင်ဖြင့် ခြောက်လှန့် တရားဟော၍ လူသားများ ငါးပါးသီလတည်ကြောင်းလာရှိသည်။ ယင်းဇာတ်လမ်းအရ ဤအတိုင်း သိကြားမင်းက လူ့ပြည်ဆင်းပြီး သာသနာပြုလိမ့်ဦးမည်ဟု ဇာတ်သဘင်သမားများ၊ ကွက်စိပ်သမားများ စကားအရ လူ့လောကတွင် သိကြားသာသနာ ဟူသောစကား ထင်ရှားနေရကြောင်း အဆိုရှိပေသည်။ ထို့ပြင် စလေဦးပုည၏ သိကြားတိုင်တေးထပ်တို့တွင် "အင်ကြင်းမြိုင် ကုသိန်နန်းမှာလ၊ စာ

စာတမ်းထိုးလျက်ရှိပါ။ ဘုရားက သိကြားကိုမှာတယ်၊ ဌကထာ စကား၊ သာသနာ ငါထားလို့၊ မမှားအောင် စောင့်ဆော်" စသည် ရေးခဲ့၍ ထို သိကြားသာသနာ စကားမှာ ပို၍ ထင်ရှားနေပေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံခါနီးတွင် သိကြားမင်းအား သာသနာတော်ကို စောင့် ရှောက်ရန် မှာကြားတော်မူခြင်းလုံးဝမရှိပါ။ ပါရာဇိကကဏ် အဌကထာ တွင် နောင်အခါ အရှင်မဟိန္ဒတို့ တမ္ဗပဏ္ဏိ (သီရိလင်္ကာ)ကျွန်းသို့ သာ သနာပြုကြွလျှင် အဖော်အဖြစ်ပါရန် မိန့်တော်မူသော စကားအမြွက်မျှ သာ စာရှိပေသည်။ ထို့ကြောင့် ဘုရားသာသနာသာ ရှိသည်။ သိကြား သာသနာဟု လုံးဝမရှိဟူ၍သာ မှတ်သားစေလိုပါသည်။

*

## ရဟန်းခံကြရာတွင်

**မေး**။ အရှင်ဘုရား၊ ရဟန်းခံကြရာတွင် ရှင်သာမဏေပြုပြီးမှ ရဟန်းခံ ပေးကြသည်ကိုသာ တွေ့ဖူး၊ ကြုံဖူးပါသည်။ ရှင်သာမဏေမပြုဘဲ နှင့် ဦးခေါင်းရိတ် သင်္ကန်းဝတ်ရုံပေးကာ ပရိက္ခရာ စုံလင်စွာဖြင့် ရဟန်း တော်များက ရဟန်းခံပေးလျှင် ရဟန်းအဖြစ်သို့ ရောက်ရှိပါမည်လား ဘုရား။

ဦးကျော်ကျော်
အမှတ် ၂ ရပ်ကွက်၊ သံတွဲမြို့။

**ဖြေ**။ ရဟန်းခံရာငွင် အသက်နှစ်ဆယ် မရှိသေးခြင်း၊ လူသားစင်စစ် မဟုတ်ခြင်းနှင့် ယောကျ်ားစင်စစ် မဟုတ် (ပဏ္ဍုက် စသည်ဖြစ်) ခြင်းမျိုးမှအပ ရဟန်းဖြစ်ပါသည်။ ဥပဇ္ဈာယ်မရှိဘဲ ရဟန်းခံမပေးရဆို သော်လည်း ဥပဇ္ဈာယ်မရှိဘဲ ရဟန်းခံပေးလျှင် ရဟန်းခံပေးကြသော ရဟန်းများမှာ ဒုက္ကဋ်အာပတ်သင့်ရုံမျှသာ ဖြစ်၍ ရဟန်းဖြစ်သည်။ ပရိက္ခရာ မစုံလင်ဘဲ ရဟန်းခံမပေးရဆိုသော်လည်း ခံပေးလျှင် ဆရာ

www.dhammaransi.com

များမှာ အာပတ်သင့်ရုံသာ ဖြစ်၏။ ရဟန်းကား ဖြစ်ပေသည်။ ရဟန်းခံရာ၌ သာမဏေဖြစ်မှ ရဟန်းခံပေးရမည်ဟု မပါ။ အသက်ပြည့်သော လူယောက်ျားဖြစ်လျှင် ကမ္မဝါစာဖတ်၍ ရဟန်းခံပေးကြလျှင် ရဟန်းဖြစ်ပေသည်။ သို့သော် ဥလ္လုမ္ပတု၊ ယုတ်နိမ့်သော သာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်အောင် လုယက်ကယ်တင်တော်မူပါဘုရား ဟူသော တောင်းပန်ချက်အရ အစဉ်အလာအတိုင်း သာမဏေ ဝတ်၍ ရဟန်းပြုပေးရိုး ဖြစ်နေသောကြောင့်သာ သာမဏေမှ ရဟန်းခံရသည့် အစဉ်အလာ ဖြစ်နေပါသည်။ အခြားအင်္ဂါအားလုံးပြည့်စုံလျှင် လူ့ဘဝမှပင် တစ်ဆက်တည်း ရဟန်းခံပေးလျှင် ကံလည်းမပျက်၊ အာပတ်လည်းမသင့် မှတ်ရမည်ဟု ဆရာမြတ်တို့ အဆုံးအဖြတ်ရှိပါသည်။ သို့သော် အစဉ်အလာ မဟုတ်သည်ကို တမင်တကာ လုပ်၍ အဆန်းမထွင်သင့်ဟုကား ပြောလိုပါသည်။

*

## အရိမေတ္တေယျ မြတ်စွာဘုရား

**မေး**။ အရှင်ဘုရား၊ နောင်ပွင့်မည့်အရိမေတ္တေယျ မြတ်စွာဘုရားသည် မည်သည့်မျိုးနွယ်၌ ဖွားမြင်၍ သက်တော်မည်မျှ၌ တောထွက်မည်၊ ဘုရားဖြစ်မည်၊ မည်သည့်ဗောဓိပင်တွင် ပွင့်မည် စသည်တို့ကို သိလိုပါသည်။ ဘုရားပွင့်ရာ အချိန်ကာလ မည်မျှလိုသေးသည်ကိုလည်း သိလိုပါသည်ဘုရား။

စည်သူအေးဝင်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဖြေ**။ ဒီဃနိကာယ်၊ ပါထိကဝဂ်၊ စက္ကဝတ္တိသုတ် (ဒီ၊ ၃၊ ၆၃)၌ နောင်အနှစ်ရှစ်သောင်းတမ်း၌ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူမည့်အကြောင်း ဟောတော်မူထားချက် ရှိသည်။ ယင်းနည်းတူ

ဗုဒ္ဓဝင်ပါဠိတော်၌လည်း ပါရှိခဲ့လေသည်။ ပုဏ္ဏားမျိုး၌ဖြစ်၍ ကေတုမတီပြည် (ယခု ဗာရာဏသီပြည်) သုဗြဟ္မပုဏ္ဏားကြီး၏ဇနီး ဗြဟ္မဝတီပုဏ္ဏေးမကြီး၏ဝမ်း၌ ပဋိသန္ဓေအားဖြင့်ဖြစ်၍ အနှစ်ရှစ်သောင်းတမ်းကာလဖြစ်သဖြင့် အသက်အားဖြင့် နှစ်ပေါင်းနှစ်ထောင်အထိ မင်းစည်းစိမ်ကိုခံစားပြီး ပြာသာဒ်ပျံဖြင့် တောထွက်၍ ခြောက်ရက် ဒုက္ကရစရိယာကျင့်ကာ ကံ့ကော်ဗောဓိပင်၌ ဘုရားအဖြစ်သို့ ရောက်လိမ့်မည်ဟုအဆိုရှိပါသည်။ ဘုရားပွင့်ရန်အချိန်ကာလအနေဖြင့် ဤယခုသက်တမ်းမှသည် အနိမ့်ဆုံး ၁၀ နှစ်တမ်းသို့ ရောက်သွားပြီး ထိုမှတစ်စတစ်စတက်သွားသောသက်တမ်းမှာ အသင်္ချေယျ(ရေတွက်၍ မရနိုင်အောင်အသက်ရှည်သော၊ တစ်နည်း၊ တစ်(၁)နောက်တွင် သုညပေါင်း တစ်ရာ့လေးဆယ်သင်္ချာအထိ သက်တမ်းရှည်သော) အသက်တမ်းသို့ ရောက်မည်ဖြစ်သည်။ ထိုမှတစ်ဖန် ကျဆင်းလာသော အသက်တမ်းမှာ ရှစ်သောင်းသို့ ရောက်လာချိန်တွင် အရိမေတ္တေယျ ဘုရားပွင့်လိမ့်မည်ဟုခန့်မှန်းတွက်ဆကြရသည်။ သို့ဖြစ်၍ အရိမေတ္တေယျဘုရားပွင့်တော်မူရန် အချိန်အခါမှာ ကာလတွက်ဆ၍ မရအောင် ကြာပါလိမ့်ဦးမည်။ ထိုဘုရားပွင့်တော်မူမှ ကျွတ်တမ်းဝင်လိုပါသည်ဆိုလျှင် ဘဝပေါင်းအသင်္ချေ ကြာမြင့်ပါဦးမည်။ ကံမကောင်းအကြောင်းမသင့်၍ ထိုဘုရားပွင့်တော်မူချိန်တွင် မိမိက ရပ်ပြစ်ရှစ်ပါး၌ ကျရောက် ဖြစ်ပွားနေကနောက်ထပ်ကမ္ဘာ အသင်္ချေ မျှောရဦးမည်။ ထို့ကြောင့် မေတ္တေယျမြတ်စွာဘုရားကို စောင့်မျှော်သည်ထက် ယခုပစ္စုပ္ပန်မျက်မှောက်ဘဝတွင်ပင် တစ်မင်္ဂ၊ တစ်ဖိုလ်အနည်းဆုံးရအောင် အားထုတ်ကြခြင်းသာအကောင်းဆုံးဖြစ်ကြောင်း ဖြေကြားလိုပါသည်။

*

# ဘုရားနှင့် ခြင်္သေ့ရုပ်

**မေး**။ ဘုရားစေတီများ၌ ခြင်္သေ့ရုပ်များ ထားရှိခြင်းကို အရှင်ဘုရား၏ အဖြေလွှာတစ်ခု၌ တွေ့ရ၍ သဘောကျပါသည်။ တပည့်တော် ဘုရားတစ်ဆူ၌ ခြင်္သေ့ရုပ် ပြုလုပ်လှူဒါန်းလိုရာ ခြင်္သေ့ရုပ်ကို ဘုရား၌ ကျောခိုင်းမထားဘဲ ဘုရားဘက်သို့ မျက်နှာလှည့်၍ ထားလိုပါသည်။ သင့်မသင့် အဖြေပေးသနားတော်မူပါ ဘုရား။

ဦးလှမောင်၊ မိတ္ထီလာမြို့။

**ဖြေ**။ ရှေးက ဓာတ်တော်တိုက်များ၊ အမြင့်အမြတ်ဌာနများတွင် ခြင်္သေ့၊ မြင်း၊ ဆင်စသော အစောင့်အနေအဖြစ် ထားကြရာ မြန်မာများက ခြင်္သေ့ကို အသုံးများကြသည်။ ဤတွင် အစောင့်အနေ၊ အစောင့်အရှောက် ဟူသော စကားကို အလေးအနက်အမှတ်အသား ပြုသင့်ပေသည်။ ဘုရား၌ ခြင်္သေ့ရုပ်များကို ရှေးရှေးက အစောင့်အရှောက်အဖြစ် ထားခြင်းဟု သဘောပေါက်လျှင် ခြင်္သေ့ရုပ်သည် ဘုရားရှိရာဘက်သို့ လှည့်၍ နေသင့်သလော၊ ဘုရားမှ အခြားဘက်သို့ လှည့်၍ နေသင့်သလော ဟု စဉ်းစား တွေးခေါ်နိုင်စရာ ရှိပါသည်။ ဘုရားကို ကျောခိုင်း၍ နေခြင်းမှာ ဘုရားဆီသို့ (ဝါ) ဘုရားတွင် ဌာပနာထားသော ဓာတ်တော်၊ မွေတော်များဆီသို့ လာမည့် အန္တရာယ်များကို ကာကွယ် စောင့်ရှောက်နေပုံများဟု အဓိပ္ပာယ်ဖော်နိုင်ပါလိမ့်မည်။ ဘုရားကို အရိုအသေ ပြုနေသော ခြင်္သေ့ပုံများ လုပ်ဆောင်လိုပါက ဘုရားတံတိုင်းလေးထောင့်ဆီမှ ဘုရားဘက်သို့ လှည့်ကာ ဝပ်၍နေသော ခြင်္သေ့ပုံများ လုပ်ဆောင်လျှင် သင့်လျော်မည် ထင်ပါသည်။

*

## အနန္တောအနန္တငါးပါး

**မေး**။ ဆရာတော်ဘုရား၊ ဗုဒ္ဓဂုဏော အနန္တော စတဲ့ အနန္တောအနန္တငါးပါးပါရှိတဲ့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကို သိလိုပါသည်ဘုရား။

သောမာလင်္ကာရ (ရွှေဘို)

**ဖြေ**။ အနန္တငါးပါးနှင့်စပ်၍ "သတ္တကာယော စ အာကာသော" စသည်ဖြင့် သတ္တဝါအနန္တ၊ ကောင်းကင်အနန္တ၊ စကြဝဠာအနန္တနှင့် ဗုဒ္ဓဉာဏ်တော်အနန္တအကြောင်းကို ဗုဒ္ဓဝင် ပါဠိတော်(ခု၊ ၄၊ ၃၀၅) တွင် တွေ့ရှိနိုင်ပါသည်။ သို့သော်လည်း "ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မ၊ သံဃ၊ မာတာ၊ ပိတုနှင့်၊ အာစရိယဂုဏော အနန္တော" ဟူသော အနန္တငါးပါးမှာ ငါးပါးစု၍ တစ်နေရာတည်း၌ မည်သည့်ပါဠိ၊ အဋ္ဌကထာမှာမှ မတွေ့နိုင်ပါ။ ရှိပါသည်ဟူ၍လည်း ဆရာတော်အရှင်မြတ်တို့ ညွှန်ပြချက်မရှိပါ။ သို့သော် အပ္ပမာဏော ဗုဒ္ဓေါ စသော ပါဠိတော်များ၊ ဗဟုပကာရာ ဘိက္ခဝေ မာတာပိတရော စသောပါဠိတော်များနှင့် အာစရိယဆရာသမားတို့ကြောင့် အပါယ်တံခါးများပိတ်၍ သုဂတိတံခါးများပွင့်ကာ နိဗ္ဗာန်လမ်း ပေါက်ရောက်စေနိုင်ကြောင်း တရားတော်များကို အမှီပြု၍ ဉာဏ်ပညာ ကြီးမားတော်မူကုန်သော ရှေးဆရာကြီးများက အနန္တငါးပါးကို စီစဉ်ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဖော်ပြပါသတ္တဝါအနန္တ စသော အနန္တငါးပါးနှင့်ကွဲရန် ဤဗုဒ္ဓဂုဏော အနန္တော စသည်ကို "အနန္တော အနန္တငါးပါး" ဟုဝေါဟာရ ပြုခဲ့ကြပါသည်။

*

## ကေစိဝါဒ

**မေး**။ စာများတွင် ကေစိဝါဒဟုတွေ့ရပါသည်။ ကေစိဝါဒဟူသည်မှာ ဘယ်လိုဝါဒမျိုးဖြစ်သည်ကို ရှင်းလင်းဖြေကြားပေးပါဘုရား။

www.dhammaransi.com ရှင်ဥာဏဇောတ၊ ပုသိမ်မြို့။

**ဖြေ**။ ကေစိဝါဒဆိုသည်မှာ "ကေသဥ္စိဝါဒေါ ကေစိဝါဒေါ" ဟူသော ဋီကာဆရာများ အဆိုအရ အချို့သူတို့၏ အယူဝါဒဟု ဆိုလိုသည်။ ကျမ်းပြုပုဂ္ဂိုလ်တို့သည် မိမိအောက်နိမ့်သူ (မိမိအယူဝါဒလောက် ကောင်းသောအယူဝါဒ မရှိသူ) အခြားကျမ်းပြုပုဂ္ဂိုလ်တို့ကို ကေစိ (အချို့သော သူတို့က၊ အချို့သော ဆရာတို့က)ဟု သုံးနှုန်းလေ့ရှိကြသည်။

ဗုဒ္ဓစာပေနယ်တွင် ကေစိဆရာ၊ ဧကေဆရာ၊ အညေဆရာ၊ အပရေဆရာ ဟူ၍ ကျမ်းဆရာလေးမျိုးရှိရာတွင် ဧကေ၊ အချို့သော ဆရာတို့သည် အညေ၊ အချို့သောဆရာတို့သည်ဟု ဧကေ၊ အညေဖြင့် သုံးလျှင် မိမိဆရာနှင့်အတူ ထားအပ်သောဆရာများ ဖြစ်သည်။ အပရေ၊ အချို့သောဆရာတို့သည်ဟု အပရေနှင့် သုံးလျှင် မိမိနှင့် ရည်တူတန်းတူ ကျမ်းဆရာများဖြစ်ကြောင်း သိအပ်၏။ ကေစိဆိုလျှင်ကား မိမိအောက် ယုတ်နိမ့်သူ၊ မိမိဝါဒကို မမီသူ၊ မမှတ်သားအပ်သော ဝါဒရှိသူများဟု အသိအမှတ်ပြုထားကြလေသည်။ ထို့ကြောင့် "ဧကေ အညေ၊ ဆရာပေ။ အပရေမူ၊ ကိုယ်ရည်တူ။ ကေစိမှာမူ၊ ကိုယ့်အောက်ယူ" ဟု နိယံ ဆရာတို့ စပ်ဆိုကြလေသည်။

*

## ရေစက်ချရန် လိုမလို

**မေး**။ အလှူလုပ်ရာ၌ ရေစက်မချသော်လည်း အလှူမြောက်သည် မဟုတ်ပါလားဘုရား။ အဘယ်ကြောင့် ရေစက်ချရပါသနည်း။ အလှူတွင် ရေစက်ချရန် လို မလို ရှင်းလင်းဖြေကြားစေလိုပါသည် ဘုရား။

ဦးကျော်စိုး၊ က. စ. လ၊ ရန်ကုန်။

www.dhammaransi.com

**ဖြေ**။ အလှူခံပုဂ္ဂိုလ်၏ လက်တွင်းသို့ အလှူဝတ္ထုကို ပေးကမ်း ဆက်ကပ်လိုက်လျှင်ပင် အလှူမြောက်ပါသည်။ ရေစက်ချခြင်းမှာ အလှူမြောက်မှု မမြောက်မှုနှင့် မသက်ဆိုင်ပါ။ ရေစက်ချ၍ (၁) ဆန္ဒပြုခြင်း၊ (၂) ဆုတောင်းခြင်းနှင့် (၃) အမျှဝေခြင်းဟု အပိုင်း ၃ ပိုင်းရှိရာ (၁)ဤမည်ဤမည်သော အလှူဝတ္ထုတို့ကို ဤသို့ ဆန္ဒပြု၍ လှူဒါန်းပါ၏။ (၂) ဤသို့ လှူဒါန်းရသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏။ (၃) ဤကောင်းမှုကုသိုလ်အဖို့ကို သတ္တဝါတို့အား အမျှဝေပါ၏။ အမျှရကြပါစေဟု ရေစက်ချ၍ ဆုတောင်းအမျှဝေခြင်းကြောင့် မိမိအလှူမှာ ဝိဝဋ္ဋနိဿိတဒါနဖြစ်၍ ဆုတောင်းသည့်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးပေးနိုင်ပါသည်။

ဤကဲ့သို့ ရေစက်ချ (ဆုတောင်း)ခြင်း မပြုက လူ့ရွာနတ်ရပ် သုဂတိအကျိုးမျှသာ ပေးနိုင်၍ မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးမပေး၊ ပါရမီဒါန မမြောက်၊ အမျှမဝေ၍ ပတ္တိဒါနကုသိုလ် မဖြစ်၊ ပေတလောကရှိ ဆွေမျိုးဝေမာနိက စသည်တို့ သာဓုမခေါ်ရ၍ ကောင်းကျိုးမခံစားရ စသည်တို့ ဖြစ်လာနိုင်သည်။ ဘုရားလောင်း ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော်လှူရာ၊ သားမယားလှူရာတို့၌ ဤသို့ ရေစက်ချ၍ ဘုရားအဖြစ် ဆုတောင်းကြောင်း ဇာတ်အဋ္ဌကထာတွင် ပါရှိပေသည်။ ထို့ကြောင့် ရှေးဆရာမြတ်တို့က အလှူလုပ်တိုင်း ရေစက်ချရန် အစဉ်အလာကောင်းတစ်ခု ထားခဲ့ခြင်းဖြစ်ကြောင်း မှတ်သားထားစေလိုပါသည်။

*

www.dhammaransi.com

## ရဟန္တာနှင့် ကာလနဂါး

**မေး**။ ဆရာတော်ဘုရား၊

(၁) ရဟန္တာဖြစ်လျှင် မိမိငယ်စဉ်ကတည်းက သင်အံကျက်မှတ်ထားသော စာများ ရပါသလားဘုရား။

(၂) ဘုရားအဆူဆူ ပွင့်ပါလျက် ကာလနဂါးသည် အဘယ်ကြောင့် မကျွတ်ပါသလဲ ဘုရား။

မသီရိမာလာ၊ ရန်ကုန်။

**ဖြေ**။ (၁)ရဟန္တာသည် (က) ပဋိသမ္ဘိဒါပတ္တ ရဟန္တာ၊ (ခ) ဆဠဘိည ရဟန္တာ၊ (ဂ) တေဝိဇ္ဇရဟန္တာ၊ (ဃ) သုက္ခဝိပဿက ရဟန္တာဟူ၍ ၄ မျိုးရှိသည်။ အနိမ့်ဆုံး သုက္ခဝိပဿက ရဟန္တာမှာ ဈာန်မရသော ရဟန္တာမျိုး ဖြစ်သည်။ ဉာဏ်အမြင်မှာမူ ထက်မြက်ပြည့်စုံ၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ထက် သာလွန်သော ပညာဉာဏ်ရှိသဖြင့် ငယ်စဉ်က သင်အံထားသော စာများထက် ပိုမို၍ပင် သိမြင်တတ်မြောက်နိုင်မည်မှာ အထူးဆိုစရာ မလိုတော့ပါ။ အထက်မြက်ဆုံး ပဋိသမ္ဘိဒါ ပတ္တရဟန္တာဖြစ်လျှင်ကား မူလက စာတစ်လုံးမှ မတတ်သူပင် ဖြစ်စေကာမူ ပိဋကတ်သုံးပုံကို အာဂုံဆောင်စွမ်းနိုင်တော့သည်။

(၂) ကာလနဂါးသည် တစ်ကမ္ဘာအသက်ရှည်၍ ယင်းကမ္ဘာအတွင်း၌ ပွင့်သောဘုရားများကို မီနိုင်၊ ဖူးတွေ့နိုင်လေသည်။ သို့သော် နဂါးဘဝသည် "တိရစ္ဆာ အဓောဘာဂေန ဂစ္ဆန္တီတိ တိရစ္ဆာနာ"ဟု ဆိုသဖြင့် အောက်အဖို့အားဖြင့်သာ လားရောက်တတ်သော တိရစ္ဆာန်မျိုး၊ တစ်နည်း မဂ်ဖိုလ်မှ ဖီလာသွားတတ်ကုန်သော တိရစ္ဆာန်မျိုးဖြစ်သဖြင့် နဂါးဘဝဖြင့် ကျွတ်တမ်း ဝင်နိုင်ဖွယ် မရှိပါ။ (အခြားပြဿနာများ မေးထားသေးသော်လည်း ဘာသာရေးနှင့်မပတ်သက်၍ မဖြေကြားလိုက်ပါ)

*

www.dhammaransi.com

# လူပုဂ္ဂိုလ်နှင့် ဓုတင်

**မေး**။ အရှင်ဘုရား၊ ဓုတင်ဆောင်သော ကိစ္စသည် လူပုဂ္ဂိုလ်များ လိုက်နာကျင့်ဆောင်လျှင် အကျိုးရှိနိုင်ပါသလား ဘုရား။ ဥပမာ ဥပုသ်သည်တစ်ယောက်သည် သီလခံယူပြီးသည်မှ နောက်တစ်နေ့ အရုဏ်တက်ချိန်အထိ ကျောနှင့် ကြမ်းမထိဘဲ နေခြင်းမျိုး၊ ထမင်းစားရာတွင် ဒုတိယမြောက်ခွက်ကို ပယ်ခြင်းမျိုး၊ တစ်ကြိမ်တည်း၊ တစ်ထိုင်တည်းသာ စားခြင်းမျိုးတို့ကို ကျင့်ဆောင်လျှင် အကျိုးရှိမရှိ သိလိုပါသည် ဘုရား။

မောင်မိုးမြင့်
ထားဝယ်စုရပ်၊ မြိတ်မြို့။

**ဖြေ**။ ဓုတင်သည် ၁၃ ပါး ဖြစ်ရာ ၎င်း ၁၃ ပါးလုံးကို ရဟန်းတို့သာ ကျင့်နိုင်သည်။ ဘိက္ခုနီတို့မှာ ၈ ပါးသာ ကျင့်နိုင်သည်။ ၅ ပါး မကျင့်နိုင်။ သာမဏေမှာ တိစီဝရိက်ဓုတင်မှတစ်ပါး ၁၂ ပါးကျင့်နိုင်၏။ သိက္ခမာန်နှင့် သာမဏေမမှာ ၇ ပါးသာ ကျင့်နိုင်ပြီး လူတို့အဖို့ကား စားသောက်ရာ၌ ဒုတိယမြောက်ခွက်ကို ပယ်ခြင်း ပတ္တပိဏ္ဍိကဓုတင်၊ တစ်ထိုင်တည်းသာ စားခြင်း ဧကာသနိက်ဓုတင် ၂ ပါးသာ ကျင့်သုံးနိုင်ကြောင်းဆို၏။ မောင်မိုးမြင့်စာ၌ ပါသော ကျောနှင့်ကြမ်းမထိဘဲသွားရပ်၊ ထိုင်ဣရိယာပုထ် သုံးပါးဖြင့်သာ နေထိုင်ကျင့်သုံးခြင်း၊ နိသဇ္ဇဓုတင်မျိုးကိုမူ စွမ်းနိုင်၍ ကျင့်သုံးချင်ပါသည်ဟုဆိုလျှင် ကျင့်နိုင်ခွင့်ရှိသည်။ ကျမ်းဂန်တွင် ဣသိပဗ္ဗဇ္ဇဖြစ်သော ရသေ့တို့မှာ သာမဏေနှင့်အလားတူ ၁၂ ပါးသာ ရနိုင်သည်ဟု ပြသော်လည်း ဘုရားလောင်း ကဏှရသေ့သည် ဓုတင် ၁၃ ပါးဆောင်သည်ဟု ဇာတ်အဋ္ဌကထာ (ဇာ၊ ဋ္ဌ၊ ၄၊ ၈)၌ ပါရှိသည်ကို ထောက်၍ သုတ္တန်နည်းဖြင့် စွမ်းနိုင်က ဆောက်တည်နိုင်ကြောင်း အယုတ်ဆုံး ဓုတင်နှစ်ပါးဟု ဆိုသည်မှာလည်း ကာမရစ်နှောင်

လူ့ဘောင်ကို မစွန့်ပယ်နိုင်သေးသော လူပုဂ္ဂိုလ်တို့အတွက် လျော်ကပတ်သင့်လျော်သည့်အဖြစ်ကိုသာ ပြခြင်းဟု ဆိုရကြောင်း ဆုံးဖြတ်ချက်များ ရှိပေသည်။

*

## တိရစ္ဆာန်တို့စကား

**မေး။** ။အရှင်ဘုရား၊ တပည့်တော်သည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားစေရန် ရည်ရွယ်ချက်ဖြင့် ဘာသာခြားများကို တရားပွဲများသို့ တရားနာရန် ခေါ်၍သွားခဲ့ပါသည်။ ဓမ္မကထိကများ တရားဟောရာ၌ တိရစ္ဆာန်ဇာတ်ဝတ္ထုများ ပါသောအခါ ရယ်ကြ၊ ပြုံးကြပါသည်။ ဒဏ္ဍာရီဆန်သည် လောကယုတ္တိမရှိဟု ဝေဖန်ကြပါသည်။ ဆင်က စကားပြောတတ်သလား၊ မျောက်က စကားပြောတတ်သလားဟု မေးကြပါသည်။ ပြန်၍မဖြေတတ်ပါ။ တိရစ္ဆာန်များ စကားပြောတာ ဟုတ်ပါသလား ဘုရား။

ဦးသြ

၁၂ လမ်း၊ နန်းရှေ့၊ မန္တလေး။

**ဖြေ။** ။အောက်ပါစကားရပ်မှာ ဒေါသကထာကျမ်း၌ တတိယ မောင်းထောင် ဆရာတော်၏ ရေးသားထားချက်ဖြစ်ပါသည်။

"ထိုထိုဇာတ်၊ နိပါတ်တို့၌ ခွေး၊ မြေခွေး အစရှိသည်တို့သည် ဂါထာဗန္ဓ ဖွဲ့၍ စကားချေတင် ပြောဆိုကြကြောင်းနှင့် အဋ္ဌကထာများ၌ ဆို၏။ ဤသို့လာသည်မှာကား ရှေးအခါက ခွေး၊ မြေခွေး အစရှိသည်တို့၏ ပြောဆိုသော စကား၌ အဓိပ္ပာယ်မျှကိုယူ၍ မြတ်စွာဘုရားသခင်က ဂါထာဗန္ဓဖွဲ့၍ ဟောတော်မူ၏ဟု သဒ္ဒါနီတိကျမ်း၌ ဆိုသည်။ ထို့ကြောင့် ဆန်းအလင်္ကာသဒ္ဒါနည်းတို့၌ လိမ္မာကုန်သော၊ ဉာဏ်ပညာရှိကဝိပုဂ္ဂိုလ်တို့၏ အရာကို ခွေး၊ မြေခွေး စသည်တို့သည် တတ်နိုင်လွန်း

www.dhammaransi.com

သည်ဟု တွေးတောယုံမှား ဝိုးဝါးရန်မရှိဟု မှတ်သိအပ်သည်သာလျှင်တည်း။" (ယင်းကျမ်း ၁၃၈)

ဖော်ပြပါ ရေးသားချက်အတိုင်းပင် ဘုရားလောင်း ပညာရှိတို့က ခွေး၊ ဆင်၊ မျောက် စသည်တို့၏ အသံအမူအရာ အလိုဆန္ဒကိုသိ၍ ပြန်လည် ပြောဆိုခြင်း၊ ယင်းတို့၏ ဆိုလိုချက်ကို ပြန်လည်ဟောပြောခြင်းတို့ဖြင့် ဇာတ်နိပါတ်တော်များ၏ စကားပြောသော တိရစ္ဆာန်များအကြောင်း များပြားစွာ ပါရှိနေလေသည်။ ကမ္ဘာသခေ်ျကြာလေသော အခါ ရံဖန်ရံခါ၌လည်း တိရစ္ဆာန်တို့ မာဂဓဘာသာဖြင့် ပြောတတ်သည်ကို အံ့ဖွယ်သရဲ ထူးထူးကဲကဲ တွေ့ကြုံရတတ်ကြောင်း၊ ယင်းဇာတ်များမှာလည်း တစ်ဇာတ်နှင့်တစ်ဇာတ် အနှစ်ရာထောင် ကွာဝေးစွာဖြစ်ကြောင်း၊ တရားစကားဆက်စပ်၍ ဟောကြားသဖြင့် ပေါ်ပေါက်လာရကြောင်းတို့ဖြင့်လည်း ရှင်းလင်းပြဆိုတော်မူကြသည်။

*

## မတ္ထလုင်္ဂနှင့် အဖျဉ်းအပြင်

**မေး**။ ။အရှင်ဘုရား၊ သုံးဆယ့်နှစ် ကောဋ္ဌာသ ပါဠိတွင် တပည့်တော်တို့ ယခင်က မတ္တလုင်္ဂဟု ရဖူးထားပါသည်။ ယခုစာအုပ်များတွင် မတ္ထလုင်္ဂဟု တွေ့နေရပါသည်။ မတ္တလုင်္ဂ၊ မတ္ထလုင်္ဂ မည်သည်က မှန်သည်နှင့် ယင်းသုံးဆယ့်နှစ်ကောဋ္ဌာသ၌ အမြေး၊ အဖျဉ်း၊ အဆုတ်ဟု ရရှိဖူးရာ အချို့စာများတွင် အမြေး၊ အပြင်၊ အဆုတ်ဟု တွေ့ရပါသည်။ အဖျဉ်းနှင့် အပြင် မည်သည်က မှန်သည် ဖြေကြားပေးပါရန်။

ဦးလှမြင့်

ပင်လုံရပ်၊ ကလောမြို့။

**ဖြေ**။ ။ ၃၂ ကောဋ္ဌာသ ပါဠိ၌ ဦးနှောက်ဟောပါဠိမှာ မတ္ထလုင်္ဂ အမှန်ဖြစ်ပါသည်။

www.dhammaransi.com

"မတ္ထလုင်္ဂန္တိ သီသကဋ္ဋှပမ္ဗန္တ ရေ ဋ္ဌိတမိဋ္ဌရာသိ" ဟု ဦးခေါင်းခွံအတွင်း၌ တည်သော အဆန်စုဟု သမ္မောဟဒ္ဓကထာ (အဘိဋ္ဌ၊ ၂။ ၂၃၁) ၌ ဖွင့်ပါသည်။ ထို့ကြောင့် မတ္ထလုင်္ဂဟု အမှန်အတိုင်း ရွတ်ဆိုရပါမည်။

အဖျဉ်း၊ အပြင်ဟု နှစ်မျိုးရှိနေသည်မှာလည်း အဖျဉ်းဟု ရေးသားခေါ်ဝေါ်ခြင်းသာ အမှန်ဖြစ်နိုင်သည်။ ၎င်းမှာ ယခုလူတို့ သရက်ရွက်ဟုခေါ်သော အစိတ်အပိုင်းဖြစ်၍ ယောအတွင်းဝန်၏ ကာယာနုပဿနာကျမ်းတွင် "တွဲလျားကျသော အသားပျဉ်းဖြစ်၍ သရက်ရွက်ကို အဖျဉ်းဟုခေါ်သည်။ သရက်ရွက်နှင့်တူသောကြောင့် နောင်အခါ သရက်ရွက်ဟု ခေါ်သည်" ဟု မှတ်ချက်ပြုသည်။

(တစ်ဆက်တည်း ဖော်ပြမေးမြန်းထားသော ပါဠိများ မှန်ကန်ပါသည်။ ၁ မှာ သုတ္တနိပါတ်၊ သဘိယသုတ်လာ ဂါထာ (၁၊ ၁၊ ၃၆၂) ဖြစ်၍ ၂ မှာ သုတ္တနိပါတ် အဋ္ဌကထာ ၁ (အာဠဝကသုတ်အဖွင့်) ၂၁၆ မှာ ပါရှိပါသည်။ စာစောင် စာမျက်နှာကိုင်၍ ကျမ်းညွှန်းမျှသာ ထည့်ပေးပါသည်။ အနက်ကို နီးစပ်ရာ ဆရာတော်များထံ မေးမြန်းစေလိုပါသည်။)

*

## ရှစ်လုံးဘွဲ့နှင့် နစ္စဂီတ

**မေး**။ ။ဆရာတော်ဘုရား၊ "ယခုခေတ် တရားရိပ်သာများတွင် ဥပုသ်နေ့၌ ရှစ်လုံးဘွဲ့ ကဗျာများကို ဆွဲဆွဲငင်ငင် အသံအနေအထားဖြင့် ပြိုင်တူ ရွတ်ဆိုခြင်းသည် နစ္စဂီတသိက္ခာပုဒ်နှင့် မလွတ်ချေ"ဟု ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရဖူးပါသည်။ ယင်းကိစ္စ နစ္စဂီတ သိက္ခာပုဒ်နှင့် လွတ်မလွတ် သိလိုပါသည်။ ဖြေကြားရှင်းလင်းပေးတော်မူပါ ဘုရား။

ရှင်ရာဇိန္ဒ
သာသနာ့ပါရဂူကျောင်းတိုက်၊ ကမာရွတ်။

www.dhammaransi.com

**ဖြေ**။ ။သာသနာတော်တွင် မြတ်စွာဘုရား တရားတော်များကို ရွတ်ဆိုရာတွင် အသံကောင်းစွာဖြင့် ရွတ်ဆိုခြင်း၊ သာယာနာပျော်ဖွယ် ရွတ်ဆိုခြင်း၊ သရဘညု၊ မစုရဿရ စသည်တို့ကို ရွတ်ဆိုခြင်း၌ သရဘညဝတ် ၃၂ ပါးပင် ရှိပါသည်။ ရွတ်နည်းဖတ်နည်း ၃၂ မျိုးရှိသည်ဟု ဆိုလိုပါသည်။ ဂီတဆန်သော အာယတဿရ ရွတ်နည်း (အသံရှည်စွာ ဆွဲငင်၍ ရွတ်ခြင်း) မျိုးကိုမူကား မရွတ်သင့်ပါ။ ရှစ်လုံးဘွဲ့ဟူသည်မှာ တစ်ပိုဒ်လျှင် အက္ခရာရှစ်လုံးရှိသော ပါဠိဂါထာများကို အတုယူ၍ ဖွဲ့စီထားသော မြန်မာကဗျာ ဂါထာများဖြစ်၍ သရဘညု၊ မစုရဿရ အနေဖြင့် သာယာနာပျော်ဖွယ်ဖြစ်အောင် ရွတ်ဆိုခြင်းမှာ ရဟန်းတော်များ၌ပင် ခွင့်ပြုချက်ရှိ၍ အပြစ်မရှိပါ။ အလွန်ဂီတဆန်သော အဆွဲအငင် အရှူအရှိုက်တို့ဖြင့် လူကြိုက်အောင် ရွတ်ဆိုမှုမျိုးကိုမူ တရားရိပ်သာများမှာ မဆိုထားဘိ ရိုးရိုးတရားတောင်းခြင်း၊ ပရိတ်မွန်းခြင်း စသည်များ၌ပင် ခွင့်မပြုသင့်ဟု ထင်ပါသည်။ ထိုကဲ့သို့ ဂီတဆန်သော အာယတဿရဖြင့် ရွတ်ဆိုမှုမျိုးကို ပါဠိဂါထာများ၌ပင် မရွတ်ဆိုအပ်ကြောင်း ဓမ္မဂီတ ဂီတဓမ္မ အဆုံးအဖြတ်များ၌ အကျယ်လာရှိပါသည်။

*

## သတ်ချိန်နှင့် သေချိန်

**မေး**။ ။အရှင်ဘုရား၊ မုဆိုးတစ်ယောက်သည် နံနက်တွင် သားကောင်ကို ပစ်လိုက်ရာ ထိမှန်ပြီး ထွက်ပြေးလွတ်မြောက်သွားသည်။ ထိုမုဆိုးသည် သားကောင်ကို ပစ်ပြီးနောက် အဖော်ကောင်း၍ ဥပုသ်စောင့်၏။ သီလခံယူပြီးနောက်မှ နံနက်က သူပစ်လိုက်သော သားကောင် သေလေသော် သူယူထားသော ဥပုသ်သီလ (ပါဏာတိ ပါတ သိက္ခာပုဒ်) ပျက်ပါသလားဘုရား။

ခနုဖြူ စိုးမောင်၊ မရမ်းကုန်း။

**ဖြေ**။ ။ပါဏာတိပါတအင်္ဂါ၌ သတ္တဝါလည်း ဖြစ်စေ၊ သတ္တဝါဟူ၍လည်း အမှတ်ရှိစေ၊ သေစေလိုသော စေတနာလည်း ရှိစေ၊ သေအောင်လည်း အားထုတ်စေ၊ သေလည်းသေစေ ဤအင်္ဂါငါးမျိုးစုံမှ ပါဏာတိပါတကံ ထိုက်သဖြင့် ထိုမုဆိုးသည် နံနက်က သားကောင်ကို ပစ်သော်လည်း သီလခံယူပြီးမှ သားကောင်သေ၍ (အင်္ဂါငါးပါးစုံသွားသဖြင့်) ထိုအချိန်ကျမှ သတ်သည် မည်လေသောကြောင့် ခံယူထားသော ပါဏာတိပါတသိက္ခာပုဒ်ပျက်သည်ဟု ဆိုရပါမည်။ ယင်းနှင့်ပတ်သက်၍ ဝိပဿနာအားထုတ်နေသော ရဟန်းကို (ပုထုဇဉ်ဘဝ၌) သတ်ရာ သတ်စဉ်က မသေ၊ ရဟန္တာဖြစ်ပြီးမှ သေသော် "တသ္မာ အရဟတ္တံ ပတ္တသောဝ မရဏန္တိ အရဟန္တ ဃာတကော ဟောတိ။ န ပုထုဇ္ဇ န ဃာတကော" ဟု သာရတ္ထ ဒီပနီဋီကာ (ဒု၊ ၂၆၀)တွင် ဆိုသည်ကို ထောက်၍ ဖော်ပြပါအတိုင်း အဆုံးအဖြတ်ပေးနိုင်ခြင်း ဖြစ်ပေသည်။

*

## အမျှဝေခြင်း

**မေး**။ ။အရှင်ဘုရား၊ ကွယ်လွန်သူကို ရည်စူး၍ ကုသိုလ်ပြုအမျှဝေရာတွင် ကွယ်လွန်သူက ပြိတ္တာဘုံသို့ ရောက်နေမှသာ သာဓုခေါ်နိုင်ပြီး ၎င်းအတွက် အကျိုးရှိသည်ဟု ကြားဖူးပါသည်။ သို့ဖြစ်လျှင် ကုသိုလ်ပြုပြီးတိုင်း ကိုယ်စောင့်နတ်မှစ၍ သဗ္ဗေသတ္တာ သတ္တဝါအားလုံးကို အမျှဝေလေ့ ရှိကြရာ ပြိတ္တာမဟုတ်သော အခြားသတ္တဝါများသည် ပေးဝေသော ကုသိုလ်အမျှကို ရနိုင်၊ မရနိုင် သိလိုပါသည် ဘုရား။

ဦးလှတင်၊ ပျဉ်းမနားမြို့။

**ဖြေ**။ ။ပြိတ္တာဘုံသို့ ရောက်နေမှ သာဓုခေါ်နိုင်သည်ဆိုသည်မှာ ကွယ်လွန်သူသည် ငရဲ၊ တိရစ္ဆာန်နှင့် လူ့ဘဝ (အမိဝမ်း)စသည်တို့၌ ဖြစ်နေလျှင်မူ ၎င်းအတွက် မရနိုင်ပါ။ သို့သော် အနီးနေ တရားနာ ပရိသတ်များ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ် စသောနတ်များ၊ အခြား

ပေတ လောကရှိ သတ္တဝါများ အမျှဝေသံကိုကြား၍ သာဓုခေါ်လျှင် ကုသိုလ်အကျိုးကို ရရှိခံစားနိုင်သည်။ ထို့ကြောင့် အမျှဝေရာတွင် တစ်ဦး တစ်ယောက် ပုဂ္ဂလိကအနေဖြင့် ဝေရုံမျှသာမက 'သဗ္ဗသတ္တာနံ ဒေမ၊ သတ္တဝါမှန်သမျှ အမျှရကြပါစေ' ဟု ဝေရခြင်း ဖြစ်ပါသည်။ ဤသည်ကို ရည်ရွယ်၍ပင် အမျှဝေရာ၌ အသံကျယ်ကျယ် ဝေခြင်း၊ အများစုပေါင်း၍ဝေခြင်း၊ တစ်ကြိမ်မက သုံးကြိမ်ဝေခြင်းအပြင် ထို့ထက် ဝေးဝေးကြားရန် ကြေးစည်ခေါင်းလောင်းထိုး၍ အမျှဝေခြင်းတို့ကို ပြုလုပ်ရကြောင်း သိထားသင့်ပါသည်။

*

## သင်္ကန်းရောင်

**မေး။** ။ရဟန်းတော်များ၏ သင်္ကန်းရောင်သည် ဝါ၊ နီ၊ ညို၊ မည်းအားဖြင့် အရောင်အမျိုးမျိုး ဖြစ်နေပါသည်။ မည်သည့်အရောင် ဖြစ်သင့်ပါသနည်း။ အဘယ်ကြောင့် ဤအရောင်ကို ဝတ်ဆင်ရပါသနည်း။ သမိုင်းအထောက်အထား၊ စာပေအထောက်အထားတို့ဖြင့် မှတ်သားရအောင် ဖြေကြားပေးတော်မူပါဘုရား။

အရှင်ဇနိန္ဒသာရ

အောင်စန္ဒာသိဒ္ဓိကျောင်း၊ ပါရမီလမ်း။

**ဖြေ။** ။မိလိန္ဒပဉှာတွင် နာဂသေန သတို့သားအား ရောဟဏမထေရ်က ရဟန်းအသွင်သဏ္ဌာန်ကို ဟောပြရာတွင် "ကာမနိဿိတာနိ ခေါဒါရက ဝတ္ထာနိ" စသည်ဖြင့် "သူငယ်၊ အဝတ်တို့သည် ကာမဂုဏ်တို့၌သာ မှီကုန်၏။ လူတို့၏အသွင်အပြင်၊ လူတို့၏အဝတ်ဘဏ္ဍာ အသုံးအဆောင်တို့သည် ကာမဂုဏ်တို့၌ မှီကုန်၏။ အဝတ်ကြောင့် ဖြစ်သော ဘေးရန်ဟူသမျှတို့သည် ဖန်ရည်ဆိုးဝတ်သော လူအား မဖြစ်နိုင်ကုန်" စသည်ဖြင့် ဟောပြပါသည်။ ဤဟောပြချက်အတိုင်းပင် ရဟန်းတို့၏

သင်္ကန်းသည် လူတို့နှစ်သက်သောအရောင်(အဖြူရောင်စသည်) ဖြစ်ခဲ့လျှင် ဘေးအန္တရာယ် များရာ၏။ ထို့ကြောင့် လူတို့ မနှစ်သက်၊ မသုံးဆောင်ချင်အောင် အပိုင်းပိုင်းဖြတ်၍ ချုပ်စပ်ခြင်း၊ အရောင်ကို ဖျက်၍ ဖန်ရည် (သစ်ခေါက်ကို အရည်ကျို၍) ဆိုးခြင်း စသည်ဖြင့် ပြုလုပ်ရသည်။

အရောင်အနေဖြင့် ပိန္နဲခေါက်၊ ညောင်ခေါက် စသည်တို့ကို ဆိုးရသည်။ ယင်း၌ "န ဘိက္ခဝေ သဗ္ဗနီလကာနိ စီဝရာနိ ဓာရေတဗ္ဗာနိ" စသည်ဖြင့် ဝိနည်းတော်တွင် ပညတ်ထားသော စိမ်းညိုရောင်၊ ဝါရွှေရောင်၊ နီမြန်းရောင်၊ ကြမ်းပိုးကျောက်ကုန်းရောင် အဆင်းကဲ့သို့ မည်းညစ်ရောင် စသည်များမှတစ်ပါး ဖန်ရည်ဆိုးသောအရောင်များကို ခွင့်ပြုတော်မူပါသည်။ ပိန္နဲ၊ ညောင် စသည် ဆိုးရည်မတူခြင်း၊ များခြင်း၊ နည်းခြင်းတို့ကြောင့် အရောင်နုရင့် စဉ်းငယ်ကွဲပြားမှုရှိသည်မှလွဲ၍ အညို၊ အနီ၊ အဝါ၊ ဖန်ရည်ရောင်တို့မှာ အပ်သောအရောင်များပင် ဖြစ်ပါသည်။ ဤခေတ်၌ ဖန်ရည်သစ်ခေါက်ရည်အစား ဆိုးဆေးများဖြင့် ဆိုးသဖြင့် သင်္ကန်းရောင်များသည် လှပ၍ လူများ မက်မောလောက်သော အရောင်များဘက်သို့ ယိမ်းနေသည်ကို ပြုပြင်ရန်ကား လိုအပ်ပေလိမ့်မည်။ (ဝိနယာလင်္ကာရ ဋီကာ ၂၊ ၃၈၆ ရဇနာဒိကထာ၌ သင်္ကန်းဆိုးရည်အကြောင်း အကျယ်ပါရှိပါသည်။)

*

## အလွတ်ရွတ်နှင့်ဖတ်ရွတ်

**မေး**။ ။အရှင်ဘုရား၊ ပရိတ် ဂါထာတော်များကို အလွတ်အာဂုံရွတ်ခြင်းနှင့် စာအုပ်ကိုကြည့်၍ ရွတ်ခြင်းနှစ်မျိုးတွင် မည်သို့ရွတ်ဆိုခြင်းက သင့်လျော်မည်ကို ရှင်းလင်းဖြေကြားတော်မူပါဘုရား။

ဦးဖေမောင်တင်

www.dhammaransi.com အောင်သိဒ္ဓိ၊ သမိုင်း။

**ဖြေ**။ ။ပရိတ်ရွတ်ခြင်းအင်္ဂါ ၃ ပါးမှာ (၁) အတ္ထ၊ ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို ကျနမှန်ကန်စွာ သိခြင်း၊ (၂) ပဒ၊ ဒီဃ ရဿနှင့် တကွ အက္ခရာပဒ မှန်ကန်ခြင်း၊ (၃) သုမန၊ လာဘ်စသည်ကို မငဲ့မူ၍ ကောင်းသောနှလုံး ထားရှိခြင်း ဟူ၍ ဖြစ်ရာ ဤအင်္ဂါသုံးပါးနှင့် ညီညွတ်ရန် လိုအပ်ပါသည်။ ရဟန်းသံဃာတော်များ ကမ္မဝါစာ ဖတ်ရာ၌ အမှတ် ၂ အင်္ဂါ အထူးမှန်ကန်ရန် ပိုမိုလိုအပ်သဖြင့် အလွတ်ရွတ်ဆိုခြင်းထက် စာကိုကြည့်၍ ရွတ်ဆိုခဲ့ခြင်းမှာ အစဉ်အလာပင် ဖြစ်နေပါသည်။ အလွတ်ရွတ်ဆိုရမည်ဟုကားမဆို။ အလွတ်နှုတ်တက် အာဂုံရရှိအောင် ကျက်မှတ်ထားလျှင်ကား မိမိနေအိမ်မှာသာမက ခရီးသွားလာရာ နေရာမရွေး ရွတ်ဆိုနိုင်ခြင်း၊ နောင်မျက်စိမကောင်း၍ စာကြည့်မဖတ်သော်လည်း ရွတ်ဆိုနိုင်ခြင်း အကျိုးရှိသဖြင့် ပိုမို၍ကောင်းပါသည်။ သို့သော် အလွတ်ဖတ်သည်ဖြစ်စေ၊ စာအုပ်ကိုကြည့်၍ ရွတ်သည်ဖြစ်စေ ဖော်ပြပါအင်္ဂါသုံးပါးနှင့် ညီညွတ်အောင် လေ့လာသင်ကြား၍ ဖြည်းဖြည်းနှင့်အေးအေး ငြိမ်သက်စွာ နှုတ်ထွက်ကြည်လင် ပီပြင်ပြတ်သားစွာ ရွတ်ဆိုကြရန် လိုအပ်ပါသည်။

*

## လူပျိုဘုရား

**မေး**။ ။ဆရာတော်ဘုရား၊ ပွင့်တော်မူပြီးဖြစ်သော ဘုရားရှင်တွေထဲမှာ လူပျိုဘုရား ဘယ်နှဆူရှိသည်၊ ဘယ်ကမ္ဘာက ပွင့်တော်မူသည် စသည်တို့ကို သိလိုပါသည် ဘုရား။

မောင်သန်းနိုင်(ရတနာ)
ညဏ်ကွဲရပ်၊ ပြင်ဦးလွင်။

**ဖြေ**။ ။ဘုရားအလောင်းတော်တိုင်းပင် ဘုရားဖြစ်တော်မူမည့် ဘဝ၌ တိုင်းပြည်၊ ထီးနန်းစည်းစိမ်၊ ခမည်းတော်၊ မယ်တော်၊ မိဖုရား၊

www.dhammaransi.com

သားတော်များ ရှိရမြဲပင် ဖြစ်သည်။ ဘုရားဟူသည် လူသားစင်စစ်က ဖြစ်ရ၍ လူသားသဘာဝအတိုင်း ပြည့်စုံရသဖြင့် နောက်ဆုံးဘဝတွင် မိဖုရားရှိ၍ သားတော်တစ်ပါး ဖွားမြင်မှ တောထွက်ရမြဲလည်း ဖြစ်သည်။ ထို့ပြင် ပဥ္စပရိစ္စာဂဟူသော စွန့်ခြင်းကြီးငါးပါးတွင်လည်း အင်္ဂါကြီးငယ်၊ စည်းစိမ်ဥစ္စာ၊ မယား၊ သားနှင့် တိုင်းပြည်တို့ကို စွန့်ပယ်နိုင်ရန်အတွက်လည်း မိဖုရားရှိရမည်သာ ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားတိုင်းပင် မိဖုရားနှင့် သားတော်များ ရှိရသဖြင့် 'ဗောဓိကုက္ကိုညောင်ထိုထိုဝယ်၊ လူပျိုဘုရား မရှိပြီ' ဟု ရှေးပညာရှိများ စပ်ဆိုထားခြင်း ဖြစ်ပါသည်။

*

## သေမင်း၏စစ်သည်များ

**မေး**။ ။ဆရာတော်ဘုရား၊ မဟာသေနေန မစ္စုနာ ဒေသနာအရ သေမင်း၏ စစ်သည်တို့ ဟူသည် အဘယ်တရားတို့ပါနည်း။ မဟာသဒ္ဒါအရ မရေတွက်နိုင်အောင် များပါသလား။ ရေတွက်နိုင်လျှင် အမျိုးအမည်သင်္ချာသရုပ်ထုတ်ဖော်၍ ဖြေကြားတော်မူပါရန် လျှောက်ထားပါသည် ဘုရား။

မောင်မိုးလွင်
ပျဉ်ချောင်း၊ ပေါက်။

**ဖြေ**။ ။မဟာသေနေန မစ္စုနာဟူသော ပါဠိအရ သေမင်း၏ စစ်သည်များမှာ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာ၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ၊ နှစ်ဆယ့်ငါးပါးသောဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ၊ ဆယ်ပါးသောဒဏ်၊ ရှစ်ပါးသော အပြစ်၊ သုံးပါးသော ကပ်၊ ငါးပါးသောရန်သူ စသည်တို့သည် သေခြင်း၏ အကြောင်းတရားများပင် ဖြစ်ပါသည်။ ယင်းတို့တစ်ပါးချင်း၏ သရုပ်သင်္ချာတို့ကို ထိုထို

www.dhammadownload.com

ကျမ်းတို့၌ ကျယ်ဝန်းစွာပင် ဖော်ပြထားပါသည်။ ဤနေရာ၌ စာမျက်နှာကိုငဲ့၍ မဖော်ပြသာတော့ပါ။

*

## ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ

**မေး**။ ။ဆရာတော်ဘုရား၊ ပဉ္စက္ခန္ဓာ၊ ပဉ္စုပါဒါ နက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ၊ ၎င်းသုံးမျိုး တွေ့ရပါသည်။ ဝိပဿနာ ပွားများရာတွင် အဘယ်ခန္ဓာကို ပွားများမှ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ဆင်ခြင်၍ သစ္စာထိုက်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပါသလဲ ဘုရား။

ဦးကျော်သိန်း၊ ထောက်ကြံ့။

**ဖြေ**။ ။ပဉ္စက္ခန္ဓာ ဟူသော ခန္ဓာငါးပါးမှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူသော ငါးပါး၊ ပဉ္စုပါဒါနက္ခန္ဓာ (ပဉ္စ+ဥပါဒါနက္ခန္ဓာ)ငါးပါးမှာ ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ ဟူ၍ ငါးပါး။ ဥပါဒါနက္ခန္ဓာလည်း အတူတူ၊ ပဉ္စ မပါသည်သာ ထူးသည်။

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာခွဲ၍မှတ်ကာ ခန္ဓာဟူသည်မှာ ဇာတိ ဇရာ မရဏ ဒုက္ခတရားတို့ အမြဲမပြတ် ခံစားအပ်(ခံစားခံနေရ) သောကြောင့် ခန္ဓာမည်၏။ ဥပါဒါနက္ခန္ဓာဟူသည်မှာ အာသဝေါလေးပါး၏ အာရုံ၊ ဥပါဒါန်တရား၏အာရုံဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာ မည်၏။ ယင်းဥပါဒါန်တရားလေးပါးတို့၏ အာရုံဖြစ်သော တေဘူမကဟု ဆိုအပ်သည့် ဥပါဒါနက္ခန္ဓာငါးပါးကိုသာလျှင် အနိစ္စ စသော လက္ခဏာဖြင့် ဝိပဿနာယာဉ်တင်၍ ရှုအပ်၏။ ယင်းသို့ရှု၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်မျက်မှောက်ပြုနိုင်သည်ဟု မှတ်ထားသင့်ပေသည်။

*

# သီလမဂ္ဂင်သုံးပါး မရခြင်းကား

**မေး**။ ဆရာတော်ဘုရား၊ ဝိပဿနာတရားရှုမှတ်ရာ၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ မရောက်သေးသော ယောဂီမှာ ပညာမဂ္ဂင်နှစ်ပါးနှင့် သမာဓိမဂ္ဂင်သုံးပါးသာ ရှိနေပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်သောအခါသာလျှင် သီလမဂ္ဂင်သုံးပါးဖြစ်သည်ဟု မှတ်သားရပါသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မရောက်သေးသောယောဂီမှာ အဘယ်ကြောင့် သီလမဂ္ဂင်သုံးပါး မပါဝင်ဘဲ နေပါသနည်း။ ရှင်းပြပေးပါဘုရား။

ကိုဟန်ဝင်း

အင်းစိန်မြို့သစ်၊ ရန်ကုန်။

**ဖြေ**။ ဝိပဿနာတရား ရှုမှတ်နေသော ယောဂီအဖို့ လောကိယ မဇ္ဈိမပဋိပဒါ (လောကီ မဟာကုသိုလ်စိတ်)သာဖြစ်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သည်သာ လောကုတ္တရာမဇ္ဈိမပဋိပဒါဖြစ်လေသည်။ လောကီ မဇ္ဈိမပဋိပဒါအခိုက်၌လည်း ၁မ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ တည်း ဟူသော ဝိရတီစေတသိက်သုံးခုတို့သည် စိတ္တက္ခဏ တစ်ချက်တည်း၌ အတူတကွ မဖြစ်နိုင်ချေ။ 'လောကိယစိတ္တေ ပန ဧကက္ခဏေ တိဿော ဝိရတိယော န လဗ္ဘန္တိ၊ တသ္မာ ပဉ္စင်္ဂိ ကောတိ ဝုတ္တော' (အဘိ၊ ဋ္ဌ၊ ၁၊ ၁၉၈)။ ထို့ကြောင့် ဝိပဿနာတရားရှုမှတ်ခိုက် လောကီစိတ်ဖြစ်နေ၍ ပဉ္စင်္ဂိကမဂ္ဂင်(မဂ္ဂင် ၅ ပါး)သာ ရသေးသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ရောက်မှ လောကုတ္တရာမဇ္ဈိမပဋိပဒါသို့ ရောက်သဖြင့် အဋ္ဌင်္ဂိက မဂ္ဂသစ္စာ (မဂ္ဂင်ရှစ်ပါး)ကို ရလေသည်။ ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်မှု၊ ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်မှုနှင့် အာဇီဝ ဟေတုကို မငဲ့ဘဲ ယင်းကာယဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်မှု သီလမဂ္ဂင် သုံးပါးတို့ကား လောကီစိတ် စိတ္တက္ခဏတစ်ချက်တည်းတွင် တစ်ပြိုင်နက်

www.dhammaransi.com

တည်း အတူတကွ မဖြစ်နိုင်ခြင်းကြောင့် ဤသို့ ဝိပဿနာ အားထုတ်ခိုက်၌ မပါဝင်ဘဲ နေရကြောင်း မှတ်သားထားစေလိုပါသည်။

*

## မဟာသာဝက ဆုတောင်းထားပါ၍

**မေး**။ အရှင်ဘုရား၊ မဟာသာဝက ဗောဓိဆုကို တောင်းထား၍ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူသောအခါ မိမိရည်မှန်းရာဧတဒဂ်ရပြီး ရဟန်းကိစ္စပြီးလိမ့်မည်ဟု ယုံကြည်ပါသည်။ ဖြည့်ကျင့်ရမည့် ပါရမီတို့ကို လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဖြင့် ဖြည့်ကျင့်ရမည်လား၊ အနာထပိဏ်၊ ဝိသာခါတို့လို ဘုံစဉ်စံအဖြစ်ဖြင့် ဖြည့်ကျင့်ရမည်လား။ သိလိုပါ၍ ဖြေကြားပါရန် လျှောက်ထားပါသည် ဘုရား။

ဦးသုတ

၁၆ ရပ်ကွက်၊ သဃ်န်းကျွန်း။

**ဖြေ**။ အရိမေတ္တေယျ မြတ်စွာဘုရားလက်ထက် မဟာသာဝကဗောဓိဆုဖြင့် ကျွတ်တမ်းဝင်ရန် ယခုအချိန်မှ ဆုတောင်း၍မဖြစ်နိုင်တော့ပေ။ မဟာသာဝကဆုသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသဖြင့် လွန်ခဲ့သောကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တုန်းက ဆုတောင်းခဲ့မှသာ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော အရိမေတ္တေယျ မြတ်စွာဘုရား လက်ထက်တော်၌ ကျွတ်တမ်းဝင်နိုင်ပါလိမ့်မည်။ အနာထပိဏ်၊ ဝိသာခါတို့လို ဘုံစဉ်စံဘဝ ဟူသည်မှာလည်း သောတာပတ္တိမဂ်ဖိုလ်ကို ရမှ ဖြစ်နိုင်သည်။ သောတာပတ္တိမဂ်ဖိုလ် ရလျှင်လည်း အရိမေတ္တေယျ မြတ်စွာဘုရားပွင့်တော်မမူမီပင် ပရိနိဗ္ဗာန်ဝင်စံရပေလိမ့်မည်။

ပါရမီဖြည့်ရာ၌ကား နတ်ဘဝ၊ ဗြဟ္မာဘဝတို့တွင် ကောင်းမွန်စွာ ပါရမီ မဖြည့်နိုင်၊ လူ့ဘဝ၌သာ ပါရမီ ဖြည့်နိုင်ပါသည်။ ထို့ကြောင့်

www.dhammaransi.com

မြတ်စွာဘုရားအလောင်းတော်တို့သည် ကုသိုလ်ကံအလျောက် နတ်ဖြစ်လျှင်လည်း နတ်သက်တမ်းကုန်အောင် မနေ၊ ခေတ္တခဏသာ နေ၍ အဓိမုတ္တိ စုတေခြင်းဖြင့် နတ်ဘဝမှ စုတေ၍ လူ့ဘဝသို့သာ ပြန်လည်လေ့ ရှိပေသည်။ ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို ရိုးရိုး လူ့ဘဝ၌သာ ဖြည့်ကျင့်နိုင်ပါသည်။

*

## ဘုရားမဟုတ် ညာတင်ကုတ်

**မေး**။ အရှင်ဘုရား၊ တပည့်တော်သည် ရှေးဟောင်းပစ္စည်း ဆိုင်တစ်ဆိုင်တွင် ဉာဏ်တော် ၁၀၊ ၁၂ လက်မခန့်ရှိ 'ဘုရား မဟုတ် ညာတင်ကုတ်'မည်သော ရုပ်တော်မှု ရုပ်ပွားတော်များကို ဖူးတွေ့ခဲ့ဖူးပါသည်။ ၎င်းပုံတော်များသည် သက်န်းတော်ကို လက်ယာဘက် ပခုံးပေါ်တွင် တင်ထားပါသည်။

(၁) 'ဘုရားမဟုတ် ညာတင်ကုတ်'ဟု ဘာကြောင့် ခေါ်ဆိုပါသနည်း။

(၂) ယင်းရုပ်ပွားတော်များသည် မည်သည့်ခေတ် မည်သည့်အချိန်လောက်က ပေါ်ပေါက်ခဲ့၍ မည်သို့သော ရည်ရွယ်ချက်ဖြင့် မည်သည့်ပုဂ္ဂိုလ်များက သွန်းလုပ်ကိုးကွယ်ခဲ့ပါသနည်း။

(၃) လက်ဝဲပခုံးပေါ် သက်န်းရုံ ရုပ်ပွားတော်များနှင့် မည်သို့ခြားနားပါသနည်း။

(၄)၎င်းပုံတော်များကို ကိုးကွယ်ပါက မည်သို့ အကျိုးသက်ရောက်မှု ရှိပါသနည်း။ ဖြေကြားတော်မူပါဘုရား။

ဦးကျော်ဝင်း
တောင်ကချင်၊ မိုးကုတ်မြို့။

www.dhammaransi.com

**ဖြေ**။ မြတ်စွာဘုရားသည် အလောင်းတော်ဘဝ တောထွက်တော်မူစ သုဒ္ဓါဝါသ ဗြဟ္မာမင်းကြီး လှူဒါန်းသော သင်္ကန်းတိစီဝရိက်ကို ရတော်မူလျှင်ပင် ရှေးရှေးဘုရားများထံ၌ ရဟန်းဝတ်ဖူးသော အထုံဘာဂီ ဝါသနာပါရမီတော်ကြောင့် ဧကံသီ (ကိုယ်ရုံ) သင်္ကန်းကို လက်ဝဲတစ်ဖက် ပခုံးထက်၌ တင်၍လည်းကောင်း၊ သင်းပိုင်သင်္ကန်းကို ခန္ဓာအချက် ခါးထက်၌လည်းကောင်း၊ ဒုကုဋ် (၂ထပ်သင်္ကန်း)ကို ပခုံးထက်၌လည်းကောင်း စနစ်တကျ ဝတ်ဆင်တော်မူတတ်မြဲဖြစ်ကြောင်း အဆိုရှိသည်။ ရှေးရှေးဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါများလည်း ထိုကဲ့သို့ပင် ဝတ်ရုံတော်မူကြသည်။ လက်ယာဘက်ပခုံး၌ တင်သည်ဟု ထုံးစံ မရှိချေ။ ထုံးစံမရှိဘဲ လက်ယာပခုံး၌ တင်လျှင် အမှားသာ ဖြစ်လေသည်။ ထို့ကြောင့် လက်ယာပခုံး၌သင်္ကန်းတင်သောပုံတော်များမှာ ဘုရားပုံတော် မဟုတ်ဟု ဆိုလို၍ “ဘုရားမဟုတ် ညာတင်ကုတ် (ညာဒုကုဋ်)” ဟု ဆိုလေ့ရှိသည်။

ပေါင်း၍ တစ်ချက်တည်း ဖြေရသော် ထိုပုံများမှာ မှားယွင်း၍ သွန်းလုပ်မိခြင်း၊ အဆန်းထွင်၍ (မလုပ်သင့်သည်ကို) လုပ်ခြင်းများ ဖြစ်စရာ ရှိသည်။ ထို့ကြောင့် ထိုပုံတော်များကို အားပေးအားမြှောက်ပြု၍ ပူဇော်ခြင်း၊ ကိုးကွယ်ခြင်း မပြုသင့်ဟု ဖြေကြားလိုပါသည်။ ထို့အတူ ဘုရား၏ ‘သီဟသေယျ’ လက်ယာနံတောင်းဖြင့် လျောင်းတော်မူသော အလေ့သာ ရှိတော်မူ၍ လက်ယာစောင်းပုံတော်များ ကိုးကွယ်နေရာမှ အချို့က အဆန်းထွင်၍ လက်ဝဲစောင်း ‘ကာမဘောဂီသေယျ’ ပုံတော်များပြုလုပ်၍ နေကြကြောင်း သိရ၏။ လုံးဝ အားမပေးသင့်သော အမှုများ ဖြစ်ပါသည်။

*

www.dhammaransi.com

# ပုထုဇဉ်နှင့် သောတာပန်

**မေး**။ ။ အရှင်ဘုရား၊ ဝိပဿနာတရား အားထုတ်သောအခါ၌ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်၊ မဟာသောတာပန်ဟု လေးမျိုးရှိကြောင်း သိရပါသည်။ ဣရိယာပုထ် မပြောင်းလဲဘဲ တစ်နာရီကြာအောင် အားထုတ်ပြီး ဖြစ်ပျက်ကို မြင်သော လူတစ်ယောက်သည် ဤလေးမျိုးထဲမှ မည်သည့်အမျိုး၊ မည်သည့်အဆင့် ရောက်ကြောင်း ဖြေကြားပေးတော်မူပါဘုရား။

ဇင်မျိုးမျိုးသောင်းတင် (မိုးကုတ်ယောဂီ)

**ဖြေ**။ ။ ခန္ဓာ အာယတန ဓာတ်သစ္စာတို့ကို မသိမမြင်သူကို အန္ဓပုထုဇဉ်၊ သိမြင်သူကို ကလျာဏပုထုဇဉ် ဟူ၍ အကြမ်းအားဖြင့် ဆိုပါသည်။ 'ဖြစ်ပျက်ကို မြင်သောသူတစ်ယောက်' ဟု ပြဿနာရှင်စာတွင် ပါသဖြင့် ကလျာဏပုထုဇဉ် ဟု ဆိုသော် ဖြစ်နိုင်စရာ ရှိပါ၏။ သို့သော် စူဠသောတာပန်ဟူသည်ကား "သမာဓိအားကောင်းစွာဖြင့် ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ်အား 'ယခု သိမြင်နေရသော ရုပ်နာမ်တရားတို့သည် ရှေ့ကံကို မှီ၍ ဖြစ်ကုန်၏။ ရှေးရှေးပြုခဲ့သော ကံတို့သည်လည်း ထိုထိုအကြောင်း ရုပ်နာမ်တို့ကို မှီ၍ ဖြစ်ကုန်၏။ သို့ဖြစ်၍ အဆက်ဆက်အားဖြင့် ယခုရှိသော ရုပ်နာမ်တို့သည်လည်းဖြစ်ပြီး ပျက်ကြသည်သာ ဖြစ်ကုန်သောကြောင့် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအားဖြင့် မရှိပြီ' ဟု ပဋိသမ္ဘိဒါဉာဏ်အားလျော်စွာ သိမြင်သောယောဂီသည်"ပစ္စယပရိဂ္ဂဟဉာဏ် ရပြီဟူ၍လည်းကောင်း၊ ဓမ္မဋ္ဌိတိ ဉာဏ်ရပြီဟူ၍လည်းကောင်း၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်ရပြီဟူ၍လည်းကောင်း အသီးသီး အမည်တပ်အပ်သော (စူဠသောတာပန်) ဖြစ်လေသည်" ဟူ၍ စူဠသောတာပန်နှင့် ဆိုင်သော ဖွင့်ဆိုချက်များအရ ဆိုရသော် ဖြစ်ပျက်မြင်ရုံမျှဖြင့် မနီးစပ်သေးဟု ဆိုရပါမည်။

www.dhammaransi.com

သို့သော် ဆက်လက် ကြိုးစားသွားရန် လမ်းပွင့်၍နေပြီဟုကား ပြော နိုင်ပါသည်။

*

## လောကီ လောကုတ္တရာ သရဏဂုံ

**မေး**။ ။ အရှင်ဘုရား၊ တပည့်တော်သည် စာအုပ်တစ်အုပ်တွင် (၁) အတ္တသန္နိယျာတန သရဏဂုံ၊ (၂) တပ္ပရာယန သရဏဂုံ၊ (၃) သိဿဘာဝူပဂမန သရဏဂုံ၊ (၄) မဏိပါတ သရဏဂုံအားဖြင့် လောကီ သရဏဂုံ ၄ ပါးဟု တွေ့ရှိပါသည်။ ၎င်း ၄ ပါးသည် လောကီ သရဏဂုံဖြစ်ပါက ယခုတပည့်တော်တို့ သီလယူသည့်အခါ ဆောက် တည်သော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော သရဏဂုံကို လောကုတ္တရာ သရဏဂုံဟု ဆိုရပါလိမ့်မည်။ လောကုတ္တရာ သရဏဂုံဆိုလျှင် ဘာ ကြောင့် အရိယာမဟုတ်သေးသော ပုထုဇဉ်များ ဆောက်တည်ရပါ သလဲ။ ရှင်းလင်းပေးတော်မူပါဘုရား။

မောင်ဇော်ဝင်းစိုး၊
၉ ရပ်ကွက်၊ ကလေးမြို့။

**ဖြေ**။ ။ မောင်ဇော်ဝင်းစိုး၏ စာတွင် ပါသော သရဏဂုံ ၄ မျိုးသည် လည်းကောင်း၊ ရိုးရာ ဆောက်တည်နေကျ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော သရဏဂုံသည်လည်းကောင်း လောကီ သရဏဂုံများချည်း ပင် ဖြစ်လေသည်။ ပုထုဇဉ်မှန်သမျှ ဆောက်တည်ကြသော သရဏဂုံ သည် လောကီသရဏဂုံများသာတည်း။ လောကုတ္တရာသရဏဂုံ ဆိုသည်မှာ "သောတာပတ္တိမဂ်စိတ်ခဏ၌ ထမြောက်ပြီးစီးသော သရဏဂုံသည် သာ လောကုတ္တရာသရဏဂုံ မည်၏။ ဤလောကုတ္တရာ သရဏဂုံ၌ မဂ်စိတ္တက္ခဏ တစ်ခဏတစ်ချက်မျှသာ ရှိသောကြောင့် တစ်လုံးသော အက္ခရာကိုမျှ ရွတ်ဆိုခွင့်မရှိ။ [illegible] သရဏဂုံ၏ ဆန့်ကျင်ဘက်

www.dhammaransi.com

ဖြစ်သော ဒိဋ္ဌိဝိစိကိစ္ဆာကို အကြွင်းအကျန်မရှိ ပယ်လိုက်သဖြင့် မရွတ် မဆိုရဘဲ အလိုလိုဆောက်တည်မှု ပြီးမြောက်လေ၏။ ဒိဋ္ဌိဝိစိကိစ္ဆာကို အကြွင်းမရှိ ပယ်လိုက်ခြင်းကြောင့်လည်း ထိုသရဏဂုံသည် ထိုပုဂ္ဂိုလ်၌ ပျက်စီးခြင်း မရှိ၊ နိယတသရဏဂုံ ဖြစ်၍ တည်လေ၏" (သာသန ဝိသောဓနီ ၁၊ လယ်တီ)။

သရဏဂုံသည် တစ်ခါဆောက်တည်ထားပါက ဗုဒ္ဓဘာသာကို မစွန့်လျှင်၊ အခြားဘာသာသို့ မကူးပြောင်းလျှင် တစ်သက်တာပတ်လုံး တည်နေသဖြင့် နောက်ထပ်ဆောက်တည်ရန်ပင် မလိုတော့ပါ။ သို့သော် သီလခံယူတိုင်း ထပ်မံ၍ ဆောက်တည်နေခြင်းကား ကုသိုလ်တိုး၍ အကျိုးပိုမိုများသဖြင့် ဆောက်တည်နေခြင်း ဖြစ်လေသည်။ ဤသို့ ရိုးရာအားဖြင့် မြတ်စွာဘုရား၏ လက်ထက်မှစ၍ ဆောက်တည်ရိုးဖြစ်သော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည့် သရဏဂုံ ၄ ပါး စသော ပါဠိများကို မဆိုကြတော့ခြင်း ဖြစ်ပါသည်။

(အလားတူ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' အစား 'အဇ္ဇာဒိံ ကတွာ' စသည့် သရဏံဂုံပါဠိကို အစားထိုး၍ ဆိုသင့်၊ မသင့် မေးထားသော (က) ရန်ကုန်ပန်းခြံ၊ ရွှေပြည်သာမှ ဦးသန်းမြင့်လည်း ဤအဖြေအတိုင်း မှတ်သားစေလိုပါသည်။)

*

## ဘုမ္မစိုးနှင့် ရဟန္တာဘဝ

**မေး**။ ။ ဒေဝနှင့်မနုဿာ။ အရဟတ်၊ အမြတ်ဟူပါက၊ ခဏာတာ နိဗ္ဗူ ငြိမ်း၊ သိမ်းရ စာလာ။ ဘုမ္မစိုး တန်ခိုးက မကြီးပါ၊ သို့စေကာ တည်ဘိ။ ဘယ်တွက်တာ သူတည်ရ။ ခဲကြံ ၇ည် ဤအရေးကို မေးရပါ၏။

**ဖြေ**။ ။ ဒေဝနှင့် မနုဿာ။ အရဟာတ်၊ အမြတ်ဟူပါက၊ ခဏာတာနိဗ္ဗူ
ငြိမ်း၊ သိမ်းရစာလာ။ ဘုမ္မစိုး၊ တောင်ရိုးနှင့် တောဝနာ၊ ဆိတ်ငြိမ်ရာနေဘိ။ ကာမဂုဏ်ပယ်ခွာ၍၊ ထေရ်မဟာ ပုံနေဖက်၊ ယင်းတွက်တည်၏။ ကျမ်းကိုး။ အဘိ၊ ဋ၊ ၂။ ၄၅၂။ ဒီ၊ ဋ၊ ၃။ ၉၇။

*

# နတ်နှင့် ပါဠိ

**မေး**။ ။ အရှင်ဘုရား၊ ဗုဒ္ဓဘာသာတိုင်း ဝတ်တက်ဝတ်ကပ်ပြုကြရာမှာ
မကင်းနိုင်သည့် နတ်ပင့်၊ မေတ္တာပို့၊ အမျှဝေ စသည်တို့ကို အချို့မြန်မာဘာသာဖြင့် ပြုလုပ်ကြပြီး အချို့ပါဠိဘာသာဖြင့် ပြုလုပ်ကြပါသည်။ ပါဠိဘာသာဖြင့် ပြုလုပ်ကြရာတွင် လောက၌ ရှိသမျှ နတ်ဗြဟ္မာအားလုံးတို့မှာ 'မိမိတို့ကို ပင့်ဖိတ်နေသည်၊ မေတ္တာပို့နေသည်၊ အမျှဝေနေသည်'ဟု သိရှိနိုင်ပါမည်လား။ ပါဠိဘာသာဖြင့် နတ်ပင့်မေတ္တာပို့အမျှဝေရမည့်အစား မြန်မာဘာသာဖြင့်သာ ပြုလုပ်သင့်သည်ဟုထင်ပါသည်။ ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။

ဦးထိန်ဝင်း

**ဖြေ**။ ။ပါဠိဘာသာသည် မူလဘာသာဖြစ်သည်။ မြတ်စွာဘုရားသည်
ပါဠိဘာသာဖြင့်ပင် တရားကို ဟော၏။ ဗြဟ္မာပြည်၊ နတ်ပြည်နှင့် အားလုံးသော ဗြဟ္မာမင်းကြီးများ၊ နတ်မင်းကြီးသည် ပါဠိဘာသာဖြင့်သာ ပြောဆိုကြသည်။ ကမ္ဘာဦးသူ လူတို့သည်လည်း ပါဠိဘာသာဖြင့်သာ ပြောဆိုကြသည်။ နှစ်ကာလကြာညောင်း၍ လူမျိုးကွဲပြားသွားခြင်း၊ အရပ်ဒေသ ကွာခြားသွားခြင်းတို့ကြောင့် လူ့ပြည်တွင် ဘာသာစကားအမျိုးမျိုး ကွဲပြား၍ သွားကြသော်လည်း နတ်ပြည်၊ ဗြဟ္မာပြည်တို့တွင်ကား ယခုထက်တိုင် ပါဠိဘာသာကိုသာ သုံးနှုန်းလျက် ရှိကြ

သည်ဟု ဆိုပေသည်။ ထို့ကြောင့် ပါဠိမာဂဓဘာသာကို တန္တိဘာသာ၊ ပကတိဘာသာ၊ မူလဘာသာ ဟူ၍ ဆိုရ၏။

မြန်မာဘာသာဖြင့်ဆိုက မြန်မာလူမျိုးကဖြစ်သော နတ်များ နားလည်မည်ဖြစ်သော်လည်း အခြားလူမျိုးက ဖြစ်သောနတ်များ နားလည်ချင်မှ နားလည်မည်။ ပါဠိဘာသာဖြင့်ဆိုက နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်ရှိ နတ်ဗြဟ္မာများမှာ ၎င်းတို့၏ ဘာသာစကားဖြစ်၍ အားလုံး နားလည်နိုင်တော့သည်။ ထို့ကြောင့် နတ်ဗြဟ္မာတို့နှင့်ဆိုင်ရာ၌ ပါဠိဘာသာကိုသာ အသုံးပြုသည်ဟု မှတ်သားနိုင်ပါသည်။

*

## ဆွံ့အ နားမကြားနှင့် ဘုရားစာ

**မေး**။ ။ အရှင်ဘုရား၊ တပည့်တော်သည် အသက် ၈ နှစ်သမီးအရွယ် မှစ၍ရောဂါတစ်ခုကြောင့် နားမကြား ဖြစ်သွားပါသည်။ နားမကြားခြင်းကြောင့် စကားလည်း ပီအောင် ပြောမရပါ။ စကားမပီခြင်းကြောင့် ဘုရားစာကို ပီအောင် မဆိုတတ်ပါ။ ဘုရားစာဆိုရာတွင် အများအားဖြင့် မှားပါသည်။ တပည့်တော် ဤသို့ ဘုရားစာကို မှန်အောင် မဆိုတတ်ခြင်းကြောင့် ကုသိုလ်ရပါမည်လား။ နောင်ဘဝတွင်လည်း ကောင်းသောဘဝသို့ ရောက်ပါမည်လား။ တပည့်တော်ကဲ့သို့ ဆွံ့အ နားမကြားသူများ ဘုရားစာ မဆိုတတ်၍ ဘုရားရှိမခိုးဘဲနေလျှင် နောင်ဘဝတွင် မကောင်းသောဘဝ အပါယ်ငရဲသို့ လားမည်လား ဆိုသည်ကို ဖြေကြားတော်မူပါ အရှင်ဘုရား။

အေးအေးမြင့်
ပေါင်းတလည်၊ ပြည်မြို့နယ်။

**ဖြေ**။ ။ ဘုရားရှိခိုးခြင်း ဟူသည်မှာ ရှေးဦးစွာ ဘုရား၌ ကြည်ညိုသော စိတ်စေတနာသာလျှင် အရေးကြီးလှပါသည်။ စေတနာ မပါ

www.dhammaranai.com

ဘဲ နှုတ်က မြွက်ဆိုနေသော်လည်း ပြည့်စုံပြီဟု မဆိုနိုင်ပါ။ သို့ဖြစ်၍ မိမိကိုယ်တိုင်က ဘုရားကို တကယ်ကြည်ညိုမြတ်နိုးသောစိတ်ဖြင့် နှုတ်က တတ်သမျှ ရွတ်ဆိုလျက် ရိုရိုသေသေ ရှိခိုးဦးချ၍ ပူဇော်ကြဖို့ လိုပါသည်။ မပီသ၍ ကုသိုလ်မရ ဟု မရှိ။ ပကတိ ကြည်ညိုသောစိတ်ထား ရှိနိုင်က ပီသသည်ဖြစ်စေ၊ မပီသသည်ဖြစ်စေ ကုသိုလ်အထူး ဖြစ်ပါသည်။

မြတ်စွာဘုရား ဝေဒိဿကတောင်တွင် သီတင်းသုံးစဉ် ခင်ပုပ်ငှက်ခေါ် ဇီးကွက်တစ်ကောင်သည် မြတ်စွာဘုရားအား မြင်၍ ကြည်ညိုလှသဖြင့် 'ကွိကွိကွက်ကွက်' အော်မြည်လျက် ဘုရားရှေ့တော်တွင် နှုတ်သီး မြေစိုက် ဦးခိုက်ညွတ်ပျောင်း အတောင်နှစ်ချောင်းကို ကျောတွင် ယှက်ကာ ရှိခိုးလာသည်ကို အရှင်အာနန္ဒာက မေးလျှောက်၍ မြတ်စွာဘုရား"ဤခင်ပုပ်ငှက် ခေါ် ဇီးကွက်ငယ်သည် ငါဘုရားကို မြတ်နိုး စေတနာ သူတို့ဘာသာဖြင့် အော်ကာမြည်ကာ ရှိခိုးရသဖြင့် နောက်ဘဝတွင် ဒေဝရိပ်ငြိမ် နတ်နန်းအိမ်၌ အကြိမ်များစွာ စံစား၍ အဆုံးဘဝတွင် သောမနဿ မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ ့" ဟု ဗျာဒိတ်တော် ထားကြောင်း ပိဋကတော်၌ ပါရှိသည်။ ထို့ကြောင့် မပီသ၍ ရှိမခိုးဘဲ မနေသင့်။ စေတနာထား သဒ္ဓါပွား၍ ကိုယ် နှုတ် စိတ်အားဖြင့် စွမ်းနိုင်သမျှ နေ့ညမကွာ ရှိခိုးပါရန် တိုက်တွန်းလိုပါသည်။

*

## ဒါနပြုရာဝယ်

**မေး**။ ။အရှင်ဘုရား၊ တပည့်တော်သည် အလှူဒါနကို သူတစ်ပါးအား ပေးလှူစေရန် တိုက်တွန်းပါသည်။ မိမိကိုယ်တိုင်လည်း ပေးလှူပါသည်။ လှူရန်တိုက်တွန်းသူတွင် အပြစ်ရှိပါသလား ဘုရား။

မောင်မောင်

၃၆ လမ်း၊ ကျောက်တံတား။

www.dhammaransi.com

**ဖြေ။** ။ အလှူဒါနပြုရာ၌ (၁) မိမိကသာလျှင် အလှူကို ပေး၏။ သူတစ်ပါးကို လှူရန် မတိုက်တွန်းတတ်။ ထိုသူသည် နောက်နောင်ဘဝ၌ စည်းစိမ်ချမ်းသာကို ရ၏။ အခြံအရံကို မရတတ်။ (၂) သူတစ်ပါးကိုသာ တိုက်တွန်း၏။ မိမိကမူ မပေးလှူ။ ထိုသူသည် နောက်နောင်ဘဝ၌ အခြံအရံကိုသာ ရ၏။ စည်းစိမ်ချမ်းသာကို မရ။ (၃) မိမိကလည်း မပေးလှူ သူတစ်ပါးကိုလည်း လှူရန် မတိုက်တွန်း။ ထိုသူသည် နောက်နောင်ဘဝ၌ စည်းစိမ်ချမ်းသာကိုလည်း မရ။ အခြံအရံလည်း ကင်းမဲ့၏။ (၄) မိမိကိုယ်တိုင်လည်း ပေးလှူ၏။ သူတစ်ပါးကိုလည်း တိုက်တွန်း၏။ ထိုသူသည်သာ နောက်နောင်ဘဝ၌ စည်းစိမ်ချမ်းသာကိုလည်း ရနိုင်သည်။ အခြံအရံလည်း ပေါများသည်ဟု ဘုရားဟော ရှိသည်။ (ဓမ္မပဒ၊ ဋ၊ ၁။ ၃၅၉)

ထို့ကြောင့် မိမိကိုယ်တိုင်လည်း အလှူအတန်းပြု၍ သူတစ်ပါးအားလည်း လှူဒါန်းပေးကမ်းရန် တိုက်တွန်း နှိုးဆော်သင့်ပါသည်။ ဝိသာခါကျောင်းအမကြီးသည် ထိုကဲ့သို့ ကိုယ်တိုင်လည်း လှူ နှိုးဆော်တိုက်တွန်းခြင်းလည်း ပြုခဲ့၍ အမိတဘောဂ ခေါ် ပေး၍မကုန် လှူ၍မခန်းသော စည်းစိမ်ဥစ္စာရှိ၍ သားသမီးမြေးမြစ် များစွာ၊ အခြံအရံများစွာနှင့် အကျိုး အကြောင်း သိသာထင်ရှားလှပါသည်။

*

## သေခါနီး၌ နတ်ရထားဆိုက်ခြင်း

**မေး။** အရှင်ဘုရား၊ အချို့သူတို့သေလျှင် မသေမီ နတ်ရထားများဖြင့် လာ၍ ခေါ်ကြောင်း၊ ပန်းကုံးများ ပစ်တင်ပါက ရထားစွန်း၌ ရောက်နေကြောင်း ကြားဖူးပါသည်။ မည်သို့သော အကျင့်သီလနှင့် ပြည့်စုံခြင်းဖြစ်၍ ဤသို့ဖြစ်ရကြောင်း ရှင်းလင်းတော်မူပါရန် လျှောက်ထားပါသည် ဘုရား။

မသီတာခိုင်

၂ ရပ်ကွက်၊ ရွှေပြည်သာ။

www.dhammaransi.com

**ဖြေ**။ ဓမ္မပဒ မဟာဓမ္မိက ဥပါသကာဝတ္ထုတွင် မဟာဓမ္မိက ဥပါသကာသည် သားခုနစ်ယောက်၊ သမီး ခုနစ်ယောက်ရှိကြောင်း၊ ယင်းတို့မိသားစုအားလုံးနေ့စဉ်စာရေးတံဆွမ်း၊ လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူသောဆွမ်း၊ ပင့်ဖိတ်၍လှူသောဆွမ်း၊ ဥပုသ်နေ့၌ လှူသောဆွမ်း၊ ဧည့်သည်တို့အား လှူသောဆွမ်း၊ သံဃာအား လှူသောဆွမ်းနှင့် ဝါဆိုသင်္ကန်း၊ ကျောင်းကန်တို့ အမြဲမပြတ်လှူဒါန်းကြောင်း၊ ၎င်းတို့အဖို့ နေ့စဉ် ဒါနသီလတို့ကို ပြုလုပ်၍သာ နေလေ့ရှိကြောင်း၊ ဓမ္မိက ဥပါသကာကြီးသေခါနီး၌ ရဟန္တာ ၁၆ ပါးတို့ကို ပင့်ဖိတ်၍ မဟာသတိပဋ္ဌာနသုတ်တော်အား နာကြားနေစဉ် နတ်ရထားများ ဆိုက်လာ၍ သူ့ရထားပေါ်တက်ပါ၊ ငါ့ရထားပေါ်တက်ပါဟု အလုအယက် ဖိတ်ခေါ်ကြောင်း ပါရှိပါသည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၈၃)။

ဤကဲ့သို့ ဒါန၊ သီလ၊ ဘာဝနာနှင့် တစ်သက်တာပတ်လုံး အမြဲမပြတ်နေသူ၊ သေခါနီးအထိ တရားတော်နှင့်နေသူဖြစ်က ဤသို့ နတ်ရထားများဖြင့် လာ၍ ပင့်ခေါ် ရသူဖြစ်နိုင်ပါသည်။ ဤခေတ်တွင်လည်း အချို့အလှူရှင်သူတော်ကောင်းများ သေခါနီးတွင် 'နတ်ရထားများ လာနေသည်။ နတ်သား၊နတ်သမီးတွေ လာခေါ်နေသည်'ဟုပြောကြားသွားကြောင်း ကြားသိရဖူးပါသည်။ သေခါနီး ဂတိနိမိတ်သည် အတိတ်၊ ပစ္စုပ္ပန်တရားနှစ်ပါး၌ ဖြစ်နိုင်ရာ ပစ္စုပ္ပန်ဂတိနိမိတ်ဖြစ်လျှင် အမှန်ပင် နတ်ရထားများ၊ နတ်သမီး၊ နတ်သားများ လာရောက်သည်မှာ မဖြစ်နိုင်ဟု မဆိုနိုင်ပေ။

အမှန်တကယ် တရားရှင်ကြီးများအဖို့ 'ကမ္မဝိပါကော အစိန္တေယျော' အရ သို့လော သို့လော တွေးတောကြံစည်နေဖွယ် မလိုတော့ပါဟု ပြောလိုပါသည်။

*

## ကုသိုလ်ကို လှူခြင်း

**မေး**။ ဆရာတော်ဘုရား၊ မိမိပြုလုပ်ထားသော ကုသိုလ်များကို မိမိကို ကျေးဇူးပြုသူအား ရေစက်ချ၍ လှူပါက ထိုသူများ ကုသိုလ်ရပါသလား။ အကယ်၍ ထိုသူက ကုသိုလ်ရပါလျှင် ကုသိုလ်ပေးသူ၌ ကုသိုလ်အကျိုးကျေးဇူးများကို ရနိုင်ပါသေးသလား ဘုရား။

မတင်မိုးခိုင်
အ. ထ. က(၁)၊ ရွှေပြည်သာ။

ဖြေ။ ကုသိုလ်ကို လှူသည်ဟု မဆိုရပါ။ ကုသိုလ်၏အကျိုးကို အမျှဝေခြင်းဟုသာ ဆိုရပါသည်။ ၎င်းမှာ ပုညကိရိယဝတ္ထု ၁၀ မျိုးတွင် ပတ္တိဒါနကုသိုလ်ဟု ဆိုပါသည်။ ဥပမာ ဒါနကုသိုလ်အဖြစ် တစ်စုံတစ်ရာကို လှူဒါန်း၍ ထိုအလှူ၏အကျိုးတရားကို မည်သူရပါစေဟု ဆိုခြင်းမှာ ပတ္တိဒါန ဖြစ်ပါသည်။ ယင်းပတ္တိဒါနကို ရယူလိုသူက မိမိကိုယ်တိုင်လှူသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရပါသည်။ ထိုအခါ မိမိကိုယ်တိုင် လှူသလိုပင် အကျိုးရပါသည်။

အမျှပေးဝေသူ ကုသိုလ်ရှင်မှာ ကုသိုလ်တရားများ လျော့ပါးမသွားသည့်အပြင် ပတ္တိဒါနအတွက် ပို၍ပင်အကျိုးရပါသေးသည်။ မိမိလက်ထဲမှ ဖယောင်းတိုင်မီးဖြင့် အခြားဖယောင်းတိုင်များကို မီးကူးညှိထွန်းပေးလျှင် မိမိမီး မလျော့သည့်အပြင် အခြားမီးများပါ ပို၍ အလင်းအား ကောင်းလာသည့်အလားဖြစ်ကြောင်း ဆိုပါသည်။

*

## အကျွတ်တရားနှင့် အရိမေတ္တေယျဘုရား

**မေး**။ (၁) မြတ်စွာဘုရားသည် ကျွတ်ထိုက်သောသူတို့ကို ကြည့်တော်မူပြီး တရားဟောတော်မူရာ ဘာသာကွဲများလည်း ပါဝင်သည်ဟု

မှတ်သားရပါသည်။ ယခုအခါတွင်မြတ်စွာဘုရားကဲ့သို့ အကျွတ်တရား ရအောင် ဟောကြားနိုင်သောသူ ရှိပါသလား။

(၂) နောင်ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရားပွင့်ရန် တက်ကပ်၊ ဆုတ်ကပ် အစရှိသည်တို့နှင့် တွက်ချက်ဖြေကြားပေးတော်မူပါဘုရား။

မောင်ဇော်ခိုင်လင်း
အ. ထ. က (၁)၊ ရွှေပြည်သာ။

ဖြေ။ မြတ်စွာဘုရား ပွင့်လာတော်မူစက ဗြာဟ္မဏဘာသာဝင်များ၊ နတ်ကိုးကွယ်သူများသာရှိရာ ဗုဒ္ဓဘာသာဟူ၍ မရှိသေးသဖြင့် ဘာသာကွဲများဟုသာ ဆိုရပါသည်။ ၎င်းတို့ကို မြတ်စွာဘုရားက ပါရမီ အရင့်အနုကိုကြည့်၍ သင့်လျော်သော တရားကို ဟောကြားကာ အချို့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်ကြသည်။ အချို့ အနာဂါမ်၊ အချို့ သကဒါဂါမ်၊ အချို့သောတာပန် ဖြစ်ကြသည်။ အချို့ သရဏဂုံ သီလ စသည်တည်၍ အကျွတ်တရား ရကြပါသည်။ ယခုအခါတွင်လည်း အခြားဘာသာဝင်များအား ဝိပဿနာတရား စသည် ဟောကြားကာ သာသနာပြုနေကြသောရဟန်းသံဃာများ ရှိပါသည်။ တရားနာသူ၊ အားထုတ်သူတို့၏ ပါရမီအားလျော်စွာ တရားသိကြားသည်ကို တွေ့မြင်ရပါသည်။

(၂) ကမ္ဘာဦး အသင်္ချေယျ အသက်တမ်းမှ ဆယ်နှစ်သက်တမ်း အထိ ဆုတ်ကပ်။ ၎င်းမှ တစ်စတစ်စတက်၍ အသင်္ချေယျတမ်းအထိ တက်ကပ်။ ဤကမ္ဘာကြီးသည် အန္တရကပ်ပေါင်း ၆၄ ကပ်သက်တမ်း ရှိပါသည်။ ကမ္ဘာတည်စမှ သတ္တမအန္တရကပ် (၇ ကြိမ်မြောက်ကပ်) အထိ ဘုရားတစ်ဆူမျှ မပွင့်သေးဘဲ အဋ္ဌမမြောက် အန္တရကပ် (၈ ကြိမ်မြောက်ကပ်) ကျမှ ပထမဆုံး ပွင့်တော်မူသော ကကုသန်မြတ်စွာဘုရား

www.dhammaransi.com

ပွင့်တော်မူပါသည်။ ထို့နောက် နဝမမြောက်ကပ်တွင် ကောဏာဂုံဘုရား၊ ဒသမမြောက်ကပ်တွင် ကဿပဘုရား၊ ဧကာဒသမ (၁၁ ကြိမ်မြောက်ကပ်)တွင် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည်။ ဒွါဒသမ (၁၂ ကြိမ်မြောက် ကပ်)တွင် အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူမည် ဖြစ်ပါသည်။

ယခု ဧကာဒသမ ၁၁ ကြိမ်မြောက်ကပ်တွင် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူရာ နှစ် ၁၀၀ တမ်းမှ ၁၀ နှစ်တမ်းအထိ ကျဆင်းသွားပြီး တစ်ဖန် ၁၀နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ တက်သွားဦးမည်။ ထိုအသင်္ချေယျတမ်းမှ ၁၂ ကပ်မြောက် ဆုတ်ကပ်စဖြစ်၍ အသက် တစ်သိန်းတမ်းကျ (တစ်သိန်းမှအောက် ရှစ်သောင်းတမ်းတွင်) အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်မည် ဖြစ်ပါသည်။ ရေး၍ ပြော၍ လွယ်သလိုရှိသော်လည်း နှစ်ပေါင်း အသင်္ချေအနန္တကြာဦးမည်ဖြစ်၍ တွေ့ရန်၊ ဆုံရန်၊ ကြုံရန် မလွယ်ကူကြောင်း သဘောပေါက်ထားရန် လိုပါသည်။

*

## လူနှင့် ရဟန်း ကုသိုလ် အကုသိုလ်

**မေး။** ။ အရှင်ဘုရား၊ ပုထုဇဉ်လူသားများ ဘဝတစ်ပါးသို့ ကူးပြောင်းသောအခါတွင် ကုသိုလ်အကုသိုလ်ပေါ် မူတည်၍ သုဂတိ ဒုဂ္ဂတိဘုံသို့ ရောက်ရသည်ဟု သိရပါသည်။ ရဟန်းတော်များ ပျံလွန်မူသောအခါတွင်လည်း သုဂတိ ဒုဂ္ဂတိဘုံ ကွဲပြားမှုရှိပါသလား ဘုရား။ ရှိလျှင် ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။

မောင်တင်ကိုလွင်
ကွင်းတောင်ရပ်ကွက်၊ ကျောက်တံတားမြို့။

**ဖြေ။** လူနှင့်ရဟန်းတော်တို့တွင် ရဟန်းတော်တို့မှာ လူတို့ထက် ဝိနည်းသိက္ခာပုဒ်များ ပိုလွန်သဖြင့် အကုသိုလ်မှုတစ်ခုကို ကျူးလွန်လျှင်

www.dhammaransi.com

လူဇက် ရဟန်းက သိက္ခာပုဒ်ဆိုင်ရာ (အာဏာဝီတိက္က မန္တရာယ်) အပြစ်တစ်ခု ပိုသည်။ ပုံစံအားဖြင့် လူက ကြက်တစ်ကောင်ကို သတ်လျှင် ပါဏာတိပါတ သူ့အသက်သတ်မှုတစ်ခုအတွက် အကုသိုလ်ဖြစ်သည်။ ရဟန်းက ကြက်သတ်လျှင် ပါဏာတိပါတအကုသိုလ်ပြစ်အပြင် ပါစိတ်အာပတ်(အာဏာဝီတိက္ကမန္တရာယ်)အပြစ်ထပ်၍ တိုးသည်။ အာပတ်မဖြေဖျောက်နိုင်က ပါဏာတိပါတအပြစ်အတွက် ငရဲအပြစ်ရရှိသည်။ ငရဲက လွတ်ပြန်လျှင်လည်း သုဂတိလမ်းပိတ်၍ ဒုဂ္ဂတိ ဘဝခရီးလမ်း ဆက်ရပေလိမ့်ဦးမည်။

"ဘဂဝတော အာဏာဝီတိက္ကမနတော ဝတ္ထုမဟန္တတာယ မဟာသာဝဇ္ဇံ" ဟု ဝိနည်းဋီကာက သီလအမြွတ်တရားကို ပျက်ပြားစေမှု ဝတ္ထုကြီးလေးသဖြင့် ပါဏာတိပါတချင်း တူသည့်တိုင်အောင် ရဟန်း ကျူးလွန်သော အပြစ်က အဆပေါင်းများစွာ သာလွန်အပြစ်ကြီးကြောင်း ဆိုထားပါသည်။ အရင်းသေးသော ကုန်သည်နှင့် အရင်းကြီးသော ကုန်သည်တို့တွင် အရှုံးချင်းတူလျှင် အရင်းကြီးသော ကုန်သည်က ပို၍ နစ်နာဆုံးရှုံးသော ဥပမာဖြင့် ဆိုထားသဖြင့် လူနှင့် ရဟန်းတို့၏ အကုသိုလ်တို့ကို ချင့်ချိန်သိရှိနိုင်ပါသည်။ ကုသိုလ်ယူရာ၌လည်း ဤနည်းဖြင့် နှိုင်းဆ၍ သိသာနိုင်ပါသည်။

*

## အန္တရာယ်ကင်းဂါထာနှင့် ထေရဝါဒ

**မေး**။ အရှင်ဘုရား၊ အချို့ ပုဂ္ဂိုလ်များက ဂါထာပရိတ်ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းတို့သည် မဟာယာနလမ်းစဉ်ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မညီဟု ဆိုကာ ပစ်ပယ်ကြပါသည်။ ရွတ်ဆိုသင့် မသင့်၊ ပုတီးစိပ်သင့် မသင့် ရှင်းလင်းဖြေကြားတော်မူပါဘုရား။

မောင်ကျော်ဝင်း
ဒဂုံမြောက်ပိုင်း

www.dhammaransi.com

**ဖြေ**။ ဂါထာမန္တန်တို့တွင် ဦးခံ၍ ရွတ်ဆိုသော ဂါထာများကား အများအားဖြင့်ပြာဟ္မဏဘာသာဆိုင်ရာများဖြစ်၍ ဗုဒ္ဓဘာသာနှင့် မဆိုင်ဟု ဆိုနိုင်ပါသည်။ ထိုဂါထာများကို မဟာယာန ဗုဒ္ဓဘာသာဝင်များက ပြာဟ္မဏတို့ထံမှ အတုယူ၍ ရွတ်ဆိုကြသဖြင့် ဗုဒ္ဓဘာသာထဲသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ ထို့ကြောင့် စိန္တာမဏိဂါထာ စသည်တို့မှာ ဦးခံရုံမျှမက ပြာဟ္မဏပုဏ္ဏားသံပါပါ ရွတ်ဆိုနေကြသည်ကို တွေ့ရသည်။ သို့သော် သဗ္ဗမင်္ဂလာဂါထာ၊ သမ္ဗုဒ္ဓေဂါထာ စသည်တို့ကား ထေရဝါဒသက်သက် ပရိတ်တော်များတွင် ပါဝင်ပါသည်။

မြတ်စွာဘုရားကိုယ်တိုင် မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် စသည်တို့ဖြင့် အန္တရာယ်ကင်း ပရိတ်တော်၊ ဂါထာတော်များကို ရဟန်းတော်များ ရွတ်ဆိုရန် သင်ကြားပေးခဲ့သည်။ ရတနသုတ်တော်ကို ဘုရားအမိန့်တော်ဖြင့် အရှင်အာနန္ဒာကိုယ်တိုင် လူစုလူဝေးဖြင့် ဝေသာလီပြည်၌ အနှံ့ရွတ်ဆိုခဲ့သည် မဟုတ်လော။ ဂါထာတို့သည် ထေရဝါဒ မဟုတ်၍ မရွတ်သင့်ဟုဆိုလျှင် ထိုပရိတ်တော်များကိုလည်း မရွတ်ရဟု ဆိုသင့်ပါသည်။ ထို့ကြောင့် ဗုဒ္ဓ ဓမ္မ သံဃာ ရတနာသုံးပါးနှင့် စပ်သောဂါထာများကို ထေရဝါဒ ဗုဒ္ဓဘာသာက ရွတ်ဆိုရန် အားပေးကြောင်း ပြောလိုပါသည်။ ပုတီးမှာလည်း မူလအနေဖြင့် ပြာဟ္မဏဝါဒ မန္တန်စိပ်ခြင်းမှ စလာသည်ဟု ဆိုသော်လည်း ထေရဝါဒ ဗုဒ္ဓဘာသာအနေဖြင့် လက်မခံနိုင်စရာအကြောင်း မရှိပါ။ ဝိပဿနာ ဘာဝနာစခန်းဝင်ရာ၌ ပုတီးမလိုအပ်ဟု ဆိုသင့်သော်လည်း ဗုဒ္ဓါနုဿတိကဲ့သို့သော သမထဘာဝနာအရာ၌ ပုတီး၏အခန်းကဏ္ဍမှာ ရှိသင့်သည်ဟု ဆိုရပါမည်။ သာဓကအားဖြင့် ဗုဒ္ဓါနုဿတိကဲ့သို့ သမထကမ္မဋ္ဌာန်းပင်ဖြစ်သော အာနာပါနအရာ၌ ဂဏနာနည်းကို ခွင့်ပြုထားခဲ့ပေသည်။ ဂဏနာနည်းဖြင့် အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်း၍ ပိုမိုအောင်မြင်မှု

www.dhammaransi.com

ရှိသကဲ့သို့ပင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတွင်လည်း ပုတီးလုံးချ၍ ပွားများပါက ပိုမို၍သမာဓိရနိုင်သည်ကို ထောက်ဆလျက် ပုတီးအသုံးမှာ ထေရဝါဒဗုဒ္ဓဘာသာအတွက် အလွန်အကျိုးပြု အသုံးဝင်ကြောင်း သတိပြုအပ်လှပါသည်။ (ပုတီးစိပ်ခြင်း အကြောင်းမေးသော ဦးလှမြင့် နတ်မောက်အတွက်လည်း ဤအဖြေဖြင့် ပြေလည်ပါစေ။)

*

## အရှင်ရာဟုလာအကြောင်း

**မေး**။ ။(၁) အလောင်းတော် သိဒ္ဓတ္ထမင်းသားမှာ မိဖုရားငါးပါးနှင့် သားတော်ငါးပါး ရှိသည်ဆိုသည်မှာ မှန်၊ မမှန်နှင့်

(၂) သားတော်ရာဟုလာကို အချို့က ၇နှစ်သားကပင် ရဟန္တာဖြစ်သည်။အချို့က သက်တော် ၂၀ ရဟန်းဖြစ်ပြီးမှ ရဟန္တာဖြစ်သည်ဟု ဆိုသည်။ မည်သည်က မှန်သည်ကို ဖြေကြားတော်မူပါရန် လျှောက်ထားပါသည်ဘုရား။

မယုသိင်္ဂီ (ရွှေဘို) ဇေယျသိင်္ဂီ
စစ်ကိုင်းတောင်ရိုး။

**ဖြေ**။ ။(၁) အလောင်းတော် သိဒ္ဓတ္ထမင်းသားမှာ မိဖုရားငါးပါးနှင့် သားတော်ငါးပါးရှိသည်ဟု ရှေးဗုဒ္ဓဝင်တစ်စောင်တွင် ဂါထာဖြင့် ပြဆိုခဲ့ဖူးသည်။ ယင်းဂါထာမှာ အခြားဘုရားလောင်းများ၏ မိဖုရား၊ သားတော်များ၏ အမည်များနှင့် ပေါင်း၍ပြထားသော ဂါထာဖြစ်သည်။ သိဒ္ဓတ္ထဘုရားလောင်းမှာမူ ယသောဓရာမိဖုရားနှင့် သားတော် ရာဟုလာသာ ရှိကြောင်း မှတ်သားရပါမည်။

(၂)ရာဟုလာနှင့် စပ်၍ အဘိဏှရာဟုလောဝါဒသုတ်၊ ရာဟုလသံယုတ်၊ မဟာရာဟုလောဝါဒသုတ်၊ စူဠရာဟုလောဝါဒသုတ် စသည်တို့ကို ကြည့်သင့်၏။ (က) အဘိဏှရာဟုလောဝါဒသုတ်ကို အမြဲမပြတ်

ဆုံးမရန်ဟောတော်မူသည်။ (ခ) ရာဟုလသံယုတ်ကို အရှင်ရာဟုလာမထေရ်မြတ် ဝိပဿနာဉာဏ်တရားသားကို ရဖို့ရန် ဟောကြားတော်မူသည်။ (ဂ) မဟာရာဟုလောဝါဒသုတ်ကို ဂေဟသိတ ဆန္ဒရာဂ ပယ်ဖျောက်ရန် ဟောတော်မူသည်။ (ဃ) စူဠရာဟုလောဝါဒသုတ်ကို အရှင်ရာဟုလာမထေရ်၏ ဝိမုတ္တိပါစနီယတရား ၁၅ ပါးတို့ ရင့်ကျက်သောအခါ (ရဟန်းဖြစ်စ ဝါမရသေးမီ)၌ အရဟတ္တဖိုလ်ကို ရယူစေရန် ဟောကြားတော်မူသည်။ ဤသည်များကို ကြည့်၍စူဠရာဟုလောဝါဒသုတ်ကို ဟောကြားတော်မူပြီးနောက် ရဟန္တာဖြစ်ကြောင်း ထင်ရှားသဖြင့် သက်တော် ၂၀ ကျော် ရဟန်းဖြစ်ပြီးမှ ရဟန္တာဖြစ်သည်ဟု မှတ်သားသင့်ပါသည်။

*

## သတ္တဝါအနန္တ

**မေး**။ ။ အရှင်ဘုရား၊ သတ္တဝါအနန္တရှိကြောင်း ကြားဖူးပါသည်။ တချို့က ရေသတ္တဝါ ဆယ်သိန်း၊ ကုန်းသတ္တဝါကိုးသိန်း၊ ကောင်းကင်သတ္တဝါ ရှစ်သိန်းရှိသည်ဟု ဆိုပါသည်။ အမှန်ကို ရှင်းပြစေလိုပါသည်ဘုရား။

မောင်ဘာ၊ မုဒွန်
ချောင်းဆုံမြို့။

**ဖြေ**။ ။ အထက်ပါ ပြဿနာနှင့် စပ်၍လယ်တီဆရာတော် ဘုရားကြီး၏ဘာဝနာဒီပနီတွင် "ကုန်းတိရစ္ဆာန်မျိုး အနန္တ၊ ထိုထက်အဆအသချေ် တွက်ရေ သချ်ာ များလှစွာသော ရေတိရစ္ဆာန်မျိုး အနန္တရှိ၏။ လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတည်းဟူသော သုဂတိ ၂၇ ဘုံတို့မှ သတ္တဝါ တစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါအသချေ်ကျထား၍ နိုင်းရှည်သည်ရှိသော် သုဂတိ ၂၇ ဘုံ၌ သတ္တဝါကုန်လေရာ၏။ အပါယ်

www.dhammaranσ.com

လေးဘုံရှိ သတ္တဝါကား မကုန်လေရာ”ဟု ဆိုထား၏။ အနန္တဟူသည် အဆုံးမရှိဟု ဆိုလို၏။ အသင်္ချေဟူသည်ကား ရေတွက်၍ မရ။ အရေအတွက် သင်္ချာကို လွန်၏ဟု ဆိုလို၏။

ထို့ကြောင့် သတ္တဝါတို့ကို သင်္ချာတပ်၍ ပြောဆိုသူတို့ စကားကို မယုံကြည်ရာ။

*

## ဥပုသ်သည်စစ်စစ် ဖြစ်ရေး

**မေး**။ ရှစ်ပါးသီလ (ဥပုသ်)ခံယူဆောက်တည်ရာ၌ ညနေနေဝင်သည် အထိသာ၊ ကျောင်းတွင်း နေစဉ်သာဟု အဓိဋ္ဌာန်ပြု၍ ခံယူဆောက်တည်လျှင် ညစာထမင်းစားလို့ရသည်ဟု ဆိုပါသည်။ ဟုတ်ပါသလား။

ဥပုသ်စောင့်ပြီး လက်ဖက်ရည်ကြမ်းသောက်၊ ထန်းလျက်၊ ကြံသကာ၊ ညချင်းသုပ်စားရသည်၊ ဘိလပ်ရည်၊ ရှလပတ်ရည် သောက်ရသည်ဆိုသည်မှာ ဟုတ်ပါသလား။ သိလိုပါသည်ဘုရား။

သိလိုသူများ
ရန်ကုန်မြို့။

**ဖြေ**။ ဤပြဿနာနှင့်ပတ်သက်၍မေးလာကြသူ အလွန်များပါသည်။ မေးပင်မမေးထိုက်ဟု ဆိုချင်ပါသည်။ ဗုဒ္ဓဘာသာသမ္မာန္တယ်ဝင်သူတော်စင်တို့သည် မိမိတို့၏ နိစ္စသီလငါးပါးမျှကို အားမရနိုင်သဖြင့် နေ့စဉ်မဟုတ် တစ်ပတ်မှတစ်နေ့၊ ဥပုသ်နေ့တွင် အရိယာပုဂ္ဂိုလ်များနှင့် တူတန်နိုင်သမျှ တူတန်ရန် အထူးကျင့်သုံးဆောက်တည်မှု (ရှစ်ပါးသီလမျှ)ကို ဆောက်တည်ကြခြင်းဖြစ်ရာ ဤတစ်ပတ် တစ်နေ့မျှ ဥပုသ်သီလကလေးများကို အနည်းငယ်မျှကျိုးပေါက်ပြောက်ကျားမှုမဖြစ်ရေးအတွက် အထူးစောင့်ရှောက်ရန် လိုအပ်ပါသည်။

www.dhammaransi.com

သီလကို အညိုးမခံ၊ အသက်ကိုသာ အသေခံသွားသော နေ့တစ်ဝက် ဥပုသ်ရှင် အနာထပိဏ်သူဌေး၏ လုပ်သား လယ်သမားကဲ့သို့လည်းကောင်း၊ လက်၌ ဓားလက်နက်ရှိလျက် မိမိအား ရစ်ပတ် ပေါက်သတ်မည့် မြွေကို မခုတ်ဘဲ ဓားကို အဝေးသို့ လွှင့်ပစ်သော လယ်သမားကဲ့သို့လည်းကောင်း၊ ဥပုသ်သီလကို အညိုးအပျက်မခံ၊ အသက်သာ အသေခံမည်ဟူသောစိတ်ထားရှိဖို့လိုအပ်ပါသည်။ ဥပုသ်သီလ ခံယူပြီး 'သီလမပျက်ပါဘူး'ဆိုကာ လက်ဖက်ရည်၊ ထန်းလျက်၊ ကြံသကာ စသည့် စားသောက်မှုကို မပြုဘဲ ဥပုသ်နေ့ မွန်းလွဲချိန်မှ နောက်နေ့ အရုဏ်တက်အထိ မိမိပါးစပ်တွင်း၌ သောက်ရေမှတစ်ပါး မည်သည့် အရည်အဖတ်မှမဝင်စေဘဲ စောင့်ရှောက်နိုင်မှသာ တကယ့်ဗုဒ္ဓဘာသာ ဥပုသ်သည်အစစ် ဖြစ်နိုင်မည်ဖြစ်ကြောင်း မှတ်သားထားစေလိုပါသည်။

*

## ကန်တော့ခန်း၊ ဆုတောင်း

**မေး။** ဆရာတော်ဘုရား၊ ဩကာသ ကန်တော့ချိုးဆိုရာတွင် ဆုပေးမည့် ရဟန်းတော်ရှိလျှင် ဆုတောင်းဆက်ဆိုရန် မလိုအပ်ဟု ယူရပါမည်လား။ ဆုတောင်း ဆက်မဆိုရသော ဩကာသ ကန်တော့ချိုးသည် ဆုတောင်းဆက်ဆိုသော ရှေးအစဉ်အလာ ဩကာသ ကန်တော့ချိုးထက် ပိုကောင်း၊ ပိုမှန်ကန်ပါသလား။ ဖြေကြားပေးတော်မူပါဘုရား။

ပြည်သိမ်း (အငြိမ်းစား ဆေးမှူးကြီး)
အင်းရွာ၊ သာယာဝတီ။

**ဖြေ။** ဆုတောင်းခြင်းမှာ ကန်တော့သူ၏ ပြင်းပြစွာ ရလိုသော ဆန္ဒကို ထုတ်ဖော်ခြင်းဖြစ်၍ ကိုယ်တိုင် နှုတ်မြွက်ဆုတောင်းခြင်းသာ

www.dhammaransi.com

မှန်ကန်ပါသည်။ အပါယ်လေးပါးစသော ပယ်ဆု၊ မဂ်တရားစသော လိုဆုများကို ပြည့်ပြည့်စုံစုံ ရှေးသရောအခါကပင် စီစဉ်ပေးထားသော ဆုတောင်းဖြစ်၍ ဆုပေးမည့် ရဟန်းရှိသည့်တိုင်အောင် ကိုယ်တိုင် စနစ်တကျဆုတောင်းရပါမည်။ ဆုပေးမည့်ရဟန်းဟူသည်မှာ"သင် ဆုတောင်းသည့်အတိုင်းဖြစ်ပါစေ"ဟု ပံ့ပိုးပေးရုံမျှတစ်ပါး ဆုကောင်း ဆုမြတ်များကို ပေးစွမ်းနိုင်သူများ မဟုတ်ပါ။ ဆုပေးတိုင်း ရစေနိုင်သော ဘုရား ပစ္စေကဗုဒ္ဓါများပင် "ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု" သင် အလိုရှိ၍ တောင့်တတဲ့ဆုအတိုင်း လျင်စွာပြည့်ပါစေဟု ဆုပေးကြပါသည်။ ဆုမတောင်းသူအား ဆုမပေးနိုင်ပါ။ ထို့ကြောင့် ရှေးအစဉ်အလာ ကန်တော့ချိုးမှာ အပြည့်စုံ အမှန်ကန်ဆုံးဖြစ်၍ မူအတိုင်းသာ ကန်တော့ ဆုတောင်းကြရန် ဖြေကြားလိုပါသည်။

*

## ပါဠိဘာသာစကား

**မေး**။ ဘုရားရှင်လက်ထက်က သာမန်လူများ ပြောဆိုကြသော စကားရပ်များသည် ပါဠိဘာသာစကားပင် ဖြစ်ပါသလား။ ယင်းဘာသာစကားကို ယခုခေတ် ဘယ်အရပ်ဒေသတွင်ပြောပါသလဲ။ ယခုကာလ၌ ရွတ်ဖတ်နေသော ပရိတ်ပါဠိတော်များသည် ဘုရားရှင်လက်ထက်က အတိုင်းပင် ဖြစ်ပါသလား။ ယင်းပရိတ်တော်များကို အခြားသော ထေရဝါဒနိုင်ငံများက ရဟန်းများ ရွတ်ဖတ်ပါက မြန်မာရဟန်းတော်များ ရွတ်ဖတ်သည့်အတိုင်းပင် တူညီပါသလားဘုရား။

ဦးဆွေ

အရှေ့ရန်ကင်း၊ ရန်ကုန်။

**ဖြေ**။ မြတ်စွာဘုရားသည် မဇ္ဈိမဒေသ (ယခုဗီဟာနယ်၊ အိန္ဒိယအရှေ့မြောက်ဒေသ)၌ ပွင့်တော်မူသည်။ ထိုအချိန်ကအိန္ဒိယတစ်ပြည်

လုံးတွင်(၁)သက္ကတဘာသာ၊ (၂)ပြာကရိုက်ဘာသာ၊ (၃)မာဂဓဘာသာ တို့သည် အရပ်သုံးဘာသာများ ဖြစ်ကြ၏။ (၁)မှာ ထီးသုံးနန်းသုံး၊ (၂) မှာ အထက်တန်းလွှာသုံး၊ (၃)မှာ လူတန်းစားအားလုံးသုံးသောဘာသာ ဖြစ်၍ မြတ်စွာဘုရားသည် ၎င်းအမှတ် ၃ (မာဂဓ)ဘာသာဖြင့် အများ နားလည်အောင် ဟောပြောလေ့ရှိပါသည်။

မြတ်စွာဘုရား၏ တရားတော်ကို စောင့်ရှောက်သော၊ ဝါ တရား တော်နှင့် ကိုက်ညီသော ဘာသာဖြစ်၍ မာဂဓဘာသာကို ပါဠိဘာသာ ဟု ခေါ်ပါသည်။ ထိုပါဠိဘာသာမှာ မည်သည့်အခါမှာမျှ ကွယ်ပျောက် သည်မဟုတ်။ နတ်ပြည်၊ ဗြဟ္မာပြည်များမှာလည်း ထိုဘာသာကိုပင် သုံး စွဲသည်။ မြတ်စွာဘုရား၏ တရားဒေသနာများ၊ ပရိတ်ပါဠိတော်များ ကဲ့သို့သော သုတ်တော်များမှာ မာဂဓ (ပါဠိဘာသာ)ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့၍ အခြားဘာသာဖြင့် ပြန်ဆိုထားလျှင် ကာလရှည် လည်း မတည်နိုင်။ မြတ်စွာဘုရား၏အလိုတော်၊ ဝါ အနက်အဓိပ္ပာယ် ကိုလည်း မထိမိနိုင်။ ပါဠိဘာသာမှသာလျှင် အလိုတော်နှင့် ကိုက်ညီ ထိမိနိုင်သည်။ ထေရဝါဒနိုင်ငံတိုင်းပင် ဤပါဠိဘာသာကိုသာ သုံးပါ သည်။ ပါဠိဘာသာတတ်လျှင် အတူတကွ ပြောဆိုနိုင်သည်။ ဒေသသံမျှသာ ကွာခြား၍ အများအားဖြင့် တူညီပါသည်။

*

## ကျောင်းတိုက်ပြင်ပ ကထိန်အလှူ

**မေး**။ (၁)"ဝါဆိုကျောင်းတိုက်၊ ပြင်ပဌ်မူ၊ အလှူဒါန၊ ကထိနကို ခံရ မည်လော၊ ကျမ်းနှီးနှော၍၊ ဖြေပါလေ"။

(၂) "ဗုဒ္ဓဘုရား၊ ထင်ရှားရှိစဉ်၊ ကထိန်အလှူ ပေးလှူသူနှင့်၊ ခံသူပုဂ္ဂိုလ်၊ မထေရ်ကိုလည်း၊ ကျမ်းဆိုနှီးနှော၊ ဖြေပါလော"

မော်ကြီးကျောင်း၊ ဦးဓမ္မသာရ၊

ဓောဇေင်းမြင်ထွန်း၊ ကျောက်ဖြူမြို့နယ်။

www.dhammaransi.com

ဖြေ။ (၁)"ဝါဆိုကျောင်းတိုက်၊ ပြင်ပ၌လည်း၊ စိတ်ကြိုက် ကထိန်၊ လျှုဒါန်းရ၏။ "သစေပန"၊ ပါဠိအစဖြင့်၊ ဝိ၊ ၄ ၃ရွေး၊ ၄၂၄ ဝယ်၊ ရှုတွေးဖတ်ပါ။ မှတ်စရာသည်၊ ဝါဆိုခေတ်ပြင် ကထိန်တည်း။

(၂) "ဗုဒ္ဓဘုရား၊ ထင်ရှားရှိခါ၊ ကထိနာဟု၊ လှူဒါနမြတ်၊ ပိဋကတ်၌၊ တပ်အပ်မတွေ့၊ မဖွင့်၍လည်း၊ ကြည်မြေ့သဒ္ဓါ၊ ဒါယကာနှင့်၊ ထေရာမည်တော်၊ မထုတ်ဖော်နိုင်၊ သို့သော်ပဏ္ဏာသ၊ ဇင်းမယ်ကမူ၊ ကောသလရာဇာ၊ လှူဒါန်းပါ၍၊ ထေရာကောဏ္ဍည၊ ခံယူရဟု၊ ဖော်ပြထားပါလေသတည်း။

*

## ဥပုသ်သည်နှင့် ဓမ္မဂီတ

**မေး။** ရှစ်ပါး၊ ကိုးပါး၊ ဥပုသ်သီလ စောင့်ထိန်းသူများသည် အိမ်ရောက်၍ မြတ်စွာဘုရားနှင့် ပတ်သက်သော ဝိပါက်တော် ၁၂ ပါး စသည်သီချင်းများကို အာရုံပြု၍ နားထောင်လျှင် သီလကျိုးပါသလား ဘုရား။

ချိုမာ၊ ပဲခူး။

**ဖြေ။** ဂီတဟူသည် ရိုးရိုးသီချင်းဂီတပင် ဖြစ်စေ၊ တရားဓမ္မနှင့် စပ်သောဂီတပင်ဖြစ်စေ ရဟန်းသံဃာများအဖို့(ဥပုသ်သည်လည်း အတူတူ) သီဆိုခြင်း၊ နားထောင်ခြင်း မပြုရပါ။"အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယဂုဏူ ပသဥ္စိတံ သာဓုကီဠိတဂီတံဝါ" စသည်ဖြင့် ဝိနည်း အဋ္ဌကထာများ(ဝိ၊သင်၊၄၃၈)တွင်ဆိုသဖြင့် ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန် စံသောအခါ၌ ဆိုသော သီချင်းမျိုး၊ ရတနာသုံးပါးဂုဏ်နှင့်စပ်သော သီချင်းမျိုး၊ ဘုန်းတော်ကြီးပျံ့ စသည်၌ဆိုသော သီချင်းမျိုးများလည်း ဂီတပင်ဖြစ်၍ ကိုယ်တိုင်သီဆိုခြင်း၊ သွားရောက်နားထောင်ခြင်းမျိုးကို ဥပုသ်သည်များအဖို့ မပြုသင့်ပါ။

www.dhammaransi.com

ဥပုသ်သည်တစ်ဦးအဖို့ သွားရောက်နားထောင်ခြင်းမျိုး မဟုတ်ဘဲ သံဝေဂဖြစ်ဖွယ် သီချင်းသံမျိုးကို ကြား၍ အာရုံပြုကာ မိမိနေရာမှာနေရင်း နားထောင်မိလျှင်ကား ဥပုသ်သီလမပျက်၊ အပြစ်မရှိဟု ဆိုရပါသည်။ သွားရောက်နားထောင်ခြင်း၊ ကိုယ်တိုင်ဖွင့်၍ နားထောင်ခြင်း၊ ကြားနာနားထောင်နိုင်ရန် သူ့ကို ဖွင့်စေခြင်း၊ ဆိုစေခြင်းမျိုးကိုကား မပြုအပ်ပါ။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန စသော ဂုဏ်ပုဒ်ကျိုးပျက်နိုင်ပါသည်။

*

## မိဘပြစ်မှား အပြစ်များ

**မေး။** အရှင်ဘုရား၊ မိဘများကို ပြန်ပြောခြင်း၊ နှုတ်လှန်ထိုးခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်းတို့အတွက် ကံကြီးထိုက်သော အခါ ၎င်းကံကြွေးများပြေအောင် မည်သို့ဆောင်ရွက်သင့်ပါသလဲ ဘုရား။

မဇာလီအောင်

ပုဇွန်တောင်၊ ရန်ကုန်။

**ဖြေ။** မိဘ ဆရာသမားတို့အား ပြန်ပြောခြင်း၊ နှုတ်လှန်ထိုးခြင်း၊ ရိုက်ပုတ်ခြင်းစသည့် ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားခြင်းတို့အတွက် ခင်ပွန်းဆယ်ပါး ပြစ်မှားခြင်းကြောင့်ဖြစ်သည့် ဒဏ် ၁၀ပါး အပြစ်များ ဖြစ်တတ်ပါသည်။ ၎င်းတို့မှာ (၁) ကြမ်းကြုတ်သော ဝေဒနာကို ခံရခြင်း၊ (၂) ကိုယ်ပျက်ခြင်း၊ (၃) အနာရောက်ခြင်း၊ (၄)ရူးသွပ်ခြင်း၊ (၅) မင်းဒဏ်သင့်ခြင်း၊ (၆) ကြီးစွာသော စွပ်စွဲခြင်းကို ခံရခြင်း၊ (၇) အဆွေအမျိုး (ချစ်သူခင်သူ)ပျက်စီးခြင်း၊ (၈) စည်းစိမ်ချမ်းသာ (လက်ရှိဥစ္စာ) ပျက်စီးခြင်း၊ (၉) အိမ် (အိပ်ရာနေရာ)ကို မီးလောင်ခြင်း၊ (၁၀) သေသည့်နောက် ငရဲသို့ လားရောက်ရခြင်းများ ဖြစ်တတ်ကြောင်း ကျမ်းဂန်စာပေများ၌ ပါရှိပါသည်။ ယင်းအပြစ်များ မဖြစ်ရန် မိမိ ကိုယ်၊

www.dhammaransi.com

နှုတ်၊ စိတ်တို့ဖြင့် ပြစ်မှားမိသော မိဘ စသည်များအား ရှိခိုးကန်တော့လျက် တတ်နိုင်သမျှ လုပ်ကျွေးပြုစုကြရပါသည်။ ရတနာသုံးပါးကို ကန်တော့ရာ၌လည်း မိမိပြစ်မှားမိသောမိဘစသည်တို့အား ကန်တော့ပါကြောင်း ဆင်ခြင်ရည်စူး၍ ဦးနှိမ်မာန်လျှော့ ကန်တော့ရမည်ဟု ဆိုပါသည်။

*

## အာဇီဝဋ္ဌမကသီလ

**မေး**။ ဆရာတော်ဘုရား၊ တပည့်တော်သည် အာဇီဝဋ္ဌမကသီလကို ဆောက်တည်ခဲ့သည်မှာ နှစ်ပေါင်းကြာလှပါပြီ။ ၎င်းတွင် သုရာမေရယသိက္ခာပုဒ် မပါရှိသဖြင့် ငါးပါးသီလကို ဆောက်တည်ရန် လိုမလို ရှင်းလင်းဖြေကြားပါရန် ရှိသေစွာလျှောက်ထားပါသည် ဘုရား။

ဦးဖေသန်း
ဆွာမြို့။

**ဖြေ**။ အာဇီဝဋ္ဌမကသီလနှင့် စပ်၍ မဟာဗုဒ္ဓဝင် (ပ၊ ၁ ဏာ)တွင် ဤသို့ ဖော်ပြ၏။

"မြတ်စွာဘုရားသည် ဒုစရိုက်မှောင်ထုကြီး လွှမ်းအုပ်နေသော လောကကြီး၌ပွင့်တော်မူလာရ၏။ ပွင့်တော်မူပြီးစ ဒုစရိုက်တုံးဖြစ်၍နေကြသော သတ္တဝါတို့ကို သီလအကျင့်ဖြင့် ဆုံးမတော်မူလိုသောအခါ ဒုစရိုက်တုံးသတ္တဝါအကြမ်းကြီးတွေ ဖြစ်၍ သီလအမျိုးမျိုးထဲမှ အကြမ်းစား ဒုစရိုက်သမားနှင့် သင့်လျော်ရာ အာဇီဝဋ္ဌမကသီလဖြင့် အစပိုင်း၌ ဆုံးမတော်မူ၏။ ဤအာဇီဝဋ္ဌမကသီလဖြင့် ဆုံးမ၍ သတ္တဝါများမှာ ဒုစရိုက်များ ယုတ်လျော့နည်းပါးသွားသောအခါ အာဇီဝဋ္ဌမက သီလကို အသုံးမပြုဘဲ ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကိုသာ အစဉ်သုံးစွဲ ဟောပြတော်မူခဲ့ပေသည်။

"ဗုဒ္ဓဘာသာ အယူဝါဒ ရင့်သန်ပြီးသူတို့မှာ မိဘများကို မဆိုထားဘိ၊ ထိုမိကောင်းဖကောင်းတို့၏ သားသမီးများပင်သော်မှ မိဘတို့၏ သွန်သင်ပြသ ဆိုဆုံးမချက်အရ ငယ်ရွယ်စဉ်ကာလကပင် ပါဏာတိပါတ အစရှိသော ထိုဒုစရိုက်အမှုကြမ်းကြီးများကို ပြုလုပ်လျှင် ငရဲကြီးတတ်သည်ဟူ၍ ယုံကြည်သိမှတ်ကြသဖြင့် ရှောင်ကြဉ်ကြပေသည်။ ထိုသူငယ်များ အချိန်အရွယ်ကြီးရင့်၍ သီလဆောက်တည်ကြသောအခါ (အာဇီဝဋ္ဌမကသီလဖြင့် ရှောင်ကြဉ်ရမည့် ဒုစရိုက်အကြမ်းကြီးများကို ငယ်စဉ်ကပင်ရှောင်ကြဉ်ပြီးဖြစ်ကြသောကြောင့်)ငါးပါးသီလ၊ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကိုသာ အစဉ်အတိုင်း တိုးတက်ဖြည့်ကျင့်သင့်တော့သည်။ အာဇီဝဋ္ဌမကသီလကို အထူးဖြည့်ကျင့်ရန် မလိုကြောင်း ကောင်းကောင်းကြီး ထင်ရှားလှပေသည်"စသည်ဖြင့် အကျယ်ပြဆိုထားပေသည်။

*

## မြေအောက်၌ ဓာတ်တော်ဌာပနာခြင်း

**မေး**။ ဆရာတော်ဘုရား၊ ရွှေတိဂုံစေတီတော်ကြီးတွင် လေးဆူဓာတ်တော်များဌာပနာရာအရပ်သည် လူအများတက်ရောက်ဖူးမြော်ရာ ရင်ပြင်တော်၏ အနိမ့်ပိုင်းတွင် ရှိသည်ဟု ကြားရဖူးပါသည်။ အနိမ့်ပိုင်းတွင် ရှိပါလျှင် တက်ရောက်ဖူးမြော်သူများ ငရဲကြီးနိုင်ပါသလားဘုရား။

လဝင်း

၁၂၆၊ အင်းစိန်လမ်း၊ ကမာရွတ်။

**ဖြေ**။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးစက ဓာတ်တော်အားလုံးကို အရှင်မဟာကဿပ အစီအစဉ်ဖြင့် အဇာတသတ်မင်းကြီး ရာဇဂြိုဟ်ပြည်တွင် မြေအောက်၌ အတောင်ခြောက်ဆယ် ...ဆောင်ယူ၍ ရာဇဂြိုဟ်ပြည်တွင် မြေအောက်၌ အတောင်ခြောက်ဆယ်

www.dhammaransi.com

ခန့်အထိတူးပြီး ဌာပနာတိုက်ပြုလုပ်၍ မပျောက်ပျက်အောင် သိမ်းဆည်းခဲ့ပါသည်။ ထိုအပေါ် မှမြေညှိ၍စေတီတည်ခဲ့ပါသည်။ထို့နောက် နှစ်ပေါင်းနှစ်ရာကျော်မှ ရဟန္တာများနှင့် အသောကမင်းကြီးတို့က ဓာတ်တော်များကိုထုတ်ဖော်၍ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ခဲ့ကြသည်။ အများအားဖြင့် ရှေးနည်းအတိုင်းပင် ဓာတ်တော်များ လုံခြုံမှုရှိရန် မြေတွင် ဌာပနာတိုက်ပြုပြီးမှ စေတီတည်ကြလေသည်။

ရွှေတိဂုံစေတီတော် တည်ရာတွင်လည်း စေတီမတည်မီ တောင်တော်တွင် ကျင်းပြု၍ ဌာပနာကာ လုံခြုံအောင် ကျောက်ဖျာကြီးများလွှမ်းပြီးမှ မြေဖို့ညှိပြီးစေတီတည်ကြောင်း သမိုင်းဟောင်းများတွင် ဆိုပါသည်။ ရှိခိုးပူဇော်ရာ၌ ဓာတ်တော်များကို နှလုံးသွင်း၍ ထိုဓာတ်တော်များ၏ မူလသခင် ဘုရားရှင်ကိုယ်တော်မြတ်အား အာရုံယူကာ ရှိခိုးပူဇော်ရပါမည်။ ဓာတ်တော်များ၏ အပေါ် က နေသည်ဟု သဘောမထားဘဲ စေတီတော်ကြီးမှတစ်ဆင့် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနိုင်အောင် ရှိခိုးပူဇော်ရန် လိုအပ်ပါသည်။

*

## သဒ္ဓါသီလ တူမျှပါစေ

**မေး။** ဆရာတော်ဘုရား၊

အချို့က ပြောကြပါသည်။ ဇနီးမောင်နှံများတွင် ဇနီးဖြစ်သူက ကုသိုလ်လုပ်လျှင် ခင်ပွန်းဖြစ်သူက အလိုအလျောက် ကုသိုလ်ရ၍ ခင်ပွန်းဖြစ်သူက ကုသိုလ်လုပ်လျှင် ဇနီးဖြစ်သူက အမျှဝေ၍ သာဓုခေါ်နိုင်မှ ကုသိုလ်ရသည်ဟုဆိုပါသည်။ ၎င်းမှာ အရပ်စကားလား၊ တကယ်လားဆိုတာ သိလိုပါသည်။ ဖြေကြားတော်မူပါဘုရား။

**မစန်းစန်းဝင်း၊**

ပဲခူးမြို့။

www.dhammaransi.com

**ဖြေ**။ ဇနီးလျှ၍ ခင်ပွန်းရသည်မှာ စေတနာသဒ္ဓါတူမှသာ ရနိုင်ပါ သည်။ ခင်ပွန်းက စေတနာသဒ္ဓါတရား မရှိလျှင် မရနိုင်ပါ။ ခင်ပွန်းလျှ၍ဇနီးရရန်မှာလည်း ထို့အတူပင် ဖြစ်ပါသည်။ အင်္ဂုတ္တရ စတုက္ကနိပါတ၌ မိန်းမ ယောက်ျားနှစ်ဦးစလုံး ယုတ်ညံ့သော လူသေယောက်ျား၊ လူသေမိန်းမအတွဲ၊ မိန်းမသီလရှိ၍ ယောက်ျားယုတ်ညံ့သော နတ်သမီးနှင့် လူသေအတွဲ၊ ယောက်ျားသီလရှိ၍ မိန်းမယုတ်ညံ့သော နတ်သားနှင့် လူသေအတွဲ၊ ယောက်ျားမိန်းမနှစ်ဦးစလုံး သီလရှိသော နတ်သား၊ နတ်သမီးအတွဲ ဟူ၍ လေးမျိုးရှိသည်။

လျှဒါန်းပေးကမ်း ကုသိုလ်လုပ်ရာ၌ နတ်သား၊ နတ်သမီး အတွဲမျိုးသာ ကုသိုလ်တူရနိုင်၍ ကျန်အတွဲများ၌ လူသေ ဥပမာ ယောက်ျားမိန်းမတို့မှာ ကုသိုလ်တရား မဖြစ်ထွန်းနိုင်။ တစ်နည်းအားဖြင့် လင်နှင့်မယားကုသိုလ်တူရ၍ ဘဝဆက်တိုင်း လက်တွဲနိုင်ရန် ဘုရားဟောသည်မှာ သမသဒ္ဓါ၊ တူမျှသောသဒ္ဓါတရားရှိရခြင်း၊ သမသီလာ၊ တူမျှသော အကျင့်သီလရှိခြင်း၊ သမစာဂါ၊ တူမျှသော လျှဒါန်း စွန့်ကြဲမှု ရှိရခြင်းနှင့် သမပညာ၊ တူမျှသော(ကမ္မဿကတဉာဏ်ပညာ) ကံ ကံ၏အကျိုးကို ယုံကြည်မှုဉာဏ်ပညာ ရှိကြရမည် ဖြစ်ပါသည်။

*

## ဥရုဝေလ ကဿပ ရသေ့ညီနောင်နှင့် တန်ခိုးတော်များ

**မေး**။ ဇိနတ္ထပကာသနီကျမ်း စာမျက်နှာ ၁၀၈ မှာ ဘုရားရှင်က ဥရုဝေလ ကဿပ ညီနောင်သုံးဦး (ရသေ့တစ်ထောင်) ကို ချေချွတ်တော်မူရာမှာ တန်ခိုးပြာဋိဟာပေါင်း ၁၀၅၆ ပါး ရှိသတည်းလို့ မိန့်ဆိုပါသည်။ တစ်ခါ တိပိဋကဆရာတော်၏ ဟောစဉ်တရားများ ပထမတွဲ စာမျက်နှာ ၃၈၅ မှာ (၃၅၁၆) ပါး ပြာဋိဟာ ပြတော်မူရတယ်လို့ ပါပါသည်။ ၎င်းစာအုပ် စာမျက်နှာ ၄၂၉ မှာ (၁၆၁၆) မျိုး ပြာဋိဟာ

ပြတော်မူတယ်လို့ ဆိုပြန်ပါသည်။ ၎င်းသုံးမျိုးမှာ ဘယ်ဟာက မှန်သည် ဆိုတာကို သိလိုပါသည်။

ဦးသူရိယ၊ ကုံစည်ကျောင်း
ကောင်းဘိုရွာ၊ ရပ်စောက်မြို့နယ်။

**ဖြေ**။ ၎င်းနှင့်စပ်၍ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ ၅၇၇) တွင် ဤနည်းဖြင့် ဥရုဝေလ တောအုပ်အတွင်း၌ ကဿပ ညီနောင် ရသေ့တစ်ထောင်တို့အား ချေချွတ်ရန် မြတ်စွာဘုရား ဖန်ဆင်းတော်မူအပ်သော တန်ဖိုး ပြာဋိဟာတို့မှာ ပါဠိတော်၌ တိုက်ရိုက်ဖော်ပြအပ်သည်တို့ကား တစ်ဆယ့်ခြောက်ပါး၊ တိုက်ရိုက်မဖော်ပြအပ်သည်တို့ကား သုံးထောင့်ငါးရာ၊ နှစ်ရပ်ပေါင်း (၃၅၁၆) သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်ပါးတို့ ဖြစ်ကုန်၏” ဟုဆိုပါသည်။

ထိုနည်းတူ မာလာလင်္ကာရ (ဗုဒ္ဓဝင်) ဝတ္ထုတော်ကြီး (၁၀၃)၌ “ဘုရားသခင် အဓိဋ္ဌာန်တော်ကြောင့် ငါးရာသော ထင်းတို့သည် မကွဲနိုင်။ ငါးရာသောထင်းတို့သည် ကွဲနိုင်ပြန်ကုန်၏။ ငါးရာသောမီးတို့သည် မတောက်နိုင်ကုန်။ ငါးရာသော မီးတို့သည် တောက်နိုင်ပြန်ကုန်၏။ ငါးရာသော မီးတို့သည် မငြိမ်းနိုင်ကုန်။ ငါးရာသောမီးတို့သည် ငြိမ်းနိုင်ပြန်ကုန်၏။ ငါးရာသောမီးမယ်ဖျူးတို့ကို ဖန်ဆင်းတော်မူသည်။ ဤနည်းဖြင့် သုံးထောင့်ငါးရာကုန်သော ပြာဋိဟာတို့သည် ဖြစ်ကုန်၏။ နဂါးကို ဆုံးမသည်မှစ၍ တစ်ဆယ့်ခြောက်ပါးသော ပြာဋိဟာကိုကား ဤသို့မဆို။ ထိုပြာဋိဟာနှင့်တကွသော်ကား သုံးထောင့်ငါးရာတစ်ဆယ့်ခြောက်ပါးတည်းဟု ဆိုသည်”

ထို့ကြောင့် (၃၅၁၆) သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်ဟုဆိုသော စကားရပ်က မှန်ပါသည်။

*

## ဝိဇ္ဇာစရဏသမ္ပန္န

**မေး။** ဆရာတော်ဘုရား၊ ဘုရားဂုဏ်တော်ကိုးပါးတွင် ပါသော ဝိဇ္ဇာစရဏ၊ သမ္ပန္နဂုဏ်တော်အဓိပ္ပာယ်မှာ ဝိဇ္ဇာ၊ အသိဉာဏ်ပညာ၊ စရဏ၊ အသိဉာဏ်ဖြစ်ရန် အကျင့်တရားဖြစ်၍ စရဏက ပထမ၊ ဝိဇ္ဇာက ဒုတိယ၊ စရဏ ဝိဇ္ဇာ သမ္ပန္နဟု ဆိုသင့်လျက် အဘယ်ကြောင့် ဤသို့ ဝိဇ္ဇာ စရဏ သမ္ပန္နဟု ဆိုရပါသနည်းဘုရား။

မောင်ဉာဏ်မြင့် (ကန္နီ)

**ဖြေ။** သဘောတရားအားဖြင့် စရဏအကျင့်က ရှေ့၊ စရဏအကျင့်ကြောင့် သိအပ်သောဝိဇ္ဇာက နောက်ဖြစ်သော်လည်း အမည်ကို မှည့်ခေါ်ရာ၌ သဒ္ဒါနည်း ဒွန်သမာသ်တွဲစပ်ပြုလုပ်၍ မှည့်ခေါ်ခြင်းဖြစ်ရာ ဒွန်သမာသ် တွဲစပ်ရာတွင် အက္ခရာအနည်းအများလိုက်၍ အက္ခရာနည်းသော ဝိဇ္ဇာပုဒ်ကို ရှေ့ကထားပြီး အက္ခရာများသော စရဏပုဒ်ကို နောက်ကထား၍ ဝိဇ္ဇာစရဏသမ္ပန္နဟု တွဲစပ်မှည့်ခေါ်ရပါသည်။

*

## ပရိတ်တော်များနှင့် အမနုဿများ

**မေး။** အရှင်ဘုရား၊ ပရိတ်တော်များကို ရွတ်ဖတ်၍လည်းကောင်း၊ ပဋ္ဌာန်ဖနိယ ကမ္မဝါစာဖတ်၍လည်းကောင်း၊ အမနုဿပေတများဝေးရာသို့ထွက်ပြေးခြင်း၊ ကျွတ်တမ်းဝင်ခြင်းတို့မှာ ၎င်းတို့က ပါဠိဘာသာကို နားလည်ကြလို့ပါလား။ ဤသို့ နှင်ထုတ်၍ ထွက်ပြေးကြခြင်းအတွက် နှင်ထုတ်သူတို့မှာ အပြစ်ရှိပါသလားအရှင်ဘုရား။

(အမေးနှစ်ခု ပေါင်းထားပါသည်။)

မောင်တင်ကိုလွင်၊
အမှတ် ၃ ရပ်ကွက်၊ ရမ်းပြဲ။
ကျော်ထူးနိုင်
ကွင်းတောင်ရပ်၊ ကျောက်တံခါး။

www.dhammaransi.com

**ဖြေ**။ ပရိတ်တော်များ၊ ပဋ္ဌာန်း ကမ္မဝါစာ စသည်များကို သံဃာတော်များက ပုဒ် ပါဌ် အက္ခရာ ဒီဃ ရဿ ဂရုလဟု စသည် မှန်ကန်စွာ ရွတ်ဖတ်လျှင် ပရိတ်တော်၏ တန်ခိုး၊ ကမ္မဝါစာ၏ အစွမ်း သတ္တိကြောင့် အမနုဿ ပေတယက္ခ ရက္ခသ မကောင်းဆိုးဝါးများ ထွက်ပြေးကြရခြင်း၊ အန္တရာယ်မပြုနိုင်ကြခြင်း ဖြစ်ရပေသည်။ ၎င်းတို့က ပရိတ်တော် ကမ္မဝါစာတော်တို့၏ အဓိပ္ပာယ်ကို နားလည်ခြင်း၊ နားမလည်ခြင်းမှာ ပမာဏ မဟုတ်ပါ။ ၎င်းတို့မှာ လူတို့အား အန္တရာယ် အနှောင့်အယှက်ပြုကြသူများဖြစ်၍ နှင်ထုတ်ခြင်းအတွက် အပြစ်ရှိစရာ မမြင်ပါ။ လူတို့၏ ချမ်းသာရေးအတွက် ဆောင်ရွက်ပြုလုပ်ရခြင်းသာ ဖြစ်၍ ကုသိုလ်ဖြစ်စရာသာ ရှိပါသည်။

*

## ခေါင်းလောင်း

**မေး**။ ဆရာတော်ဘုရား၊ မင်းကွန်းခေါင်းလောင်းကြီးသည် ကမ္ဘာတွင် တတိယအကြီးဆုံး ခေါင်းလောင်းကြီးဟု သိရပါသည်။ ကမ္ဘာ ပထမနှင့် ဒုတိယခေါင်းလောင်းများဘယ်မှာရှိ၍ ဘယ်မျှကြီးမားသည် ကိုလည်းကောင်း၊ ဘယ်တုန်းကစ၍ ခေါင်းလောင်းများ သွန်းခဲ့၊ ရှိခဲ့ သည်ကိုလည်းကောင်း သိလိုပါသည်ဘုရား။

မောင်သောင်းမြင့်
အ-ထ-က၊ မလှိုင်မြို့။

**ဖြေ**။ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းမှာ ရုရှားနိုင်ငံ မော်စကိုမြို့မှ ဇာ ကိုလိုကောခေါင်းလောင်းကြီးဖြစ်၍ တန်ချိန် ၂၀၀ ကျော်ရှိပြီး အမြင့် ၁၉ ပေ၊ ၃ လက်မရှိသည်။ ဒုတိယအကြီးဆုံး ခေါင်းလောင်းမှာ လည်း ရုရှားနိုင်ငံ၊ မော်စကိုမှာပင် ရှိသည်။ တန်ချိန် ၁၂၈ တန်ရှိသည်

www.dhammaransi.com

ဟု ဆိုသည်။ သို့သော် ယင်းခေါင်းလောင်းနှစ်လုံးစလုံးပင် ကွဲပဲ့ပျက်စီး နေကြသည်။ မင်းကွန်းခေါင်းလောင်းကြီးကား အကောင်းပကတိအနေ ဖြင့် ကမ္ဘာတွင် အကြီးဆုံး ခေါင်းလောင်းဟုပင် ဆိုနိုင်ပါ သည်။ အမြင့် ၁၂ ပေရှိ၍ မြန်မာကြေးအချိန် ၅ ငါးလုံး(၅၅၅၅၅)ဖြစ်ပြီး တန်ချိန် ၉၀ ဒသမ ၅၂ ရှိသည်ဟု ဆိုပေသည်။

ခေါင်းလောင်းသမိုင်းအရ လွန်ခဲ့သည့် နှစ်လေးထောင်လောက် ကစ၍အဦးဆုံးခေါင်းလောင်းကို တရုတ်ပြည်တွင် သွန်းခဲ့သည်ဟု ဆို သော်လည်း သေချာသော အထောက်အထား မရှိဟု ဆိုပါ၏။ မြန်မာ မှာ သရေခေတ္တရာခေတ်ကပင် ခေါင်းလောင်းများ ရှိခဲ့သည်။ သို့သော် ကျောက်စာတို့တွင် သက္ကရာဇ် ၅၉၈ (ပုဂံကျစွာမင်းလက်ထက်) မင်း မတ် ဉာဏပိစည်း ကောင်းမှု ရှင်ပင်ဗောဓိဘုရား ကျောက်စာကြောင်း ရေ ၉ တွင် "ခောင်လောင်ကြိယ် အပိသာ ၁၆၀ ပိသာ ခွယ်ဧအ်၊ သွန်ဧအ်" (ခေါင်းလောင်းကြေးအပိဿာ ၁၆၀ ပိဿာခွဲ၏။ သွန်း၏) ဟုပါရှိ၍ ကြေးပိဿာ ၁၆၀ ကျော် ခေါင်းလောင်းသွန်းကြောင်း ဦးဆုံး တွေ့ရပါသည်။

*

## အရှင်လတ်လတ် မြေမျိုခံရသူများနှင့် နတ်ပြည်ရောက်သူများ

**မေး။** အရှင်ဘုရား၊ ဘုရားလက်ထက်က မြေမျိုခံရသူများနှင့် လူသား စင်စစ်က နတ်ပြည်ရောက်သော ပုဂ္ဂိုလ်များ၏ အကြောင်းရင်း များကို ဖြေကြားရှင်းလင်းပေးစေလိုပါသည်ဘုရား။

မောင်တင့်လွင်

အောင်နန်းရပ်၊ မိုးကုတ်မြို့။

www.dhammaransi.com

**ဖြေ**။ ဘုရားလက်ထက်က မြေမျိုခံရသူတို့မှာ

(၁) ယောက္ခမတော် သုပ္ပဗုဒ္ဓမင်း၊ (၂) ယောက်ဖတော် ဒေဝဒတ် (၃) စိဉ္စမာဏဝိကာ ပရိဗိုဇ်မ၊ (၄) ဥပ္ပလဝဏ်ထေရီမကို ကျူးလွန်သော နန္ဒလုလင်တို့ဖြစ်ကြ၏။ သုပ္ပဗုဒ္ဓမင်း စသည်တို့ကားမြတ်စွာဘုရားအား အကျိုးမဲ့ပြစ်မှား စွပ်စွဲကြ၍ ဖြစ်ပါသည်။

လူသားစင်စစ်ဖြင့် နတ်ပြည်ရောက်ကြသူ လေးဦးကား (၁) ဘုရားလောင်း ဂုတ္တိလစောင်းသမား၊ (၂) ဘုရားလောင်းသာဓိနမင်း၊ (၃) ဘုရားလောင်း နေမိမင်းကြီး၊ (၄) ဘုရားလောင်း မန္ဓာတုစကြာမင်း တို့ ဖြစ်ကြသည်။ ရှေး ၃ ဦးမှာ တပည့်သားဖြစ်ဖူးသော နတ်အများက ကြည်ညို၍ သိကြားမင်းအား ပင့်ဆောင်ပေးရန် လျှောက်ထား၍ သိကြားမင်းက ပင့်ဆောင်ပေးခြင်း ဖြစ်သည်။ မန္ဓာတုစကြာမင်းကား စကြာရတနာဖြင့် စည်းစိမ်ခံစားရန် ကိုယ်တိုင်သွားခြင်းဖြစ်ကြောင်း ဆိုင်ရာဇာတ်တော်များအရ သိရပါသည်။

*

## မိမိကိုယ်ကို အဆုံးစီရင်ခြင်း

**မေး**။ ဆရာတော်ဘုရား၊ မိမိကိုယ်ကို အဆုံးစီရင်သူများသည် ပါဏာတိပါတကံ ထိုက်ပါသလား ဘုရား။ သို့မဟုတ် မည်သည့်ကံမျိုး ထိုက်ပါသလဲ အရှင်ဘုရား။ ဖြေကြားပေးတော်မူပါ။

မဇင်မို့မို့အောင်

အ-လ-က (၃) ဟင်္သာတ။

**ဖြေ**။ ပါဏာတိပါတ အင်္ဂါတို့တွင် သတ္တဝါဟု မှတ်ယူခြင်း အင်္ဂါ၌ မိမိမှ တစ်ပါးသော သတ္တဝါကိုသာ ဆိုသည်ဖြစ်၍ မိမိကိုယ်ကို သတ်ခြင်း၌ ထိုအင်္ဂါ ပျက်ယွင်းသည်။ (ပရဿ ဇီဝိတိန္ဒြိယံ အာရမ္မဏံ

ကတွာ)ဟု "အခြားသူ အခြားသော သတ္တဝါကို အာရုံပြု၍" ဝိဘင်္ဂ အဋ္ဌကထာ(အဘိ၊ဌ၊၂၊ ၃၆၈)၌ ဆိုသဖြင့် အခြားသောသတ္တဝါကို သတ်ရာ၌သာ ပါဏာတိပါတ ဖြစ်သည်။ မိမိကိုယ်ကို သတ်ရာ၌ ပါဏာတိပါတ ကံ မထိုက်။ သို့သော် မိမိကိုယ်ကို သတ်ခြင်း၊ အဆုံးစီရင်ခြင်းတို့မှာ ဝိပါကဝဋ်ပါလာသူတို့သာ သတ်ကြခြင်းဖြစ်၍ လည်းကောင်း၊ သတ်ခြင်း၌ အထုံဝါသနာ မကပ်ရောက်စေရန်လည်းကောင်း လုံးဝ ရှောင်ကြဉ်သင့်သော စိတ်မျှမကူးသင့်သော အရာမျိုး၊ အမှုမျိုးသာ ဖြစ်ကြောင်း သတိပြုကြရပါမည်။

*

## မစားကောင်းသော အသား ၁၀ မျိုး

**မေး**။ ဆရာတော် ဘုရား၊တပည့်တော်သည် မစားအပ်သော ဘုရားဟော အသား ၁၀ မျိုးကို ကြားဖူးပါသည်။ မည်သည့်အသားမျိုးများ ဖြစ်၍ မည်သည့်ကြောင့် မစားကောင်း၊ မစားရသည်ကို မသိပါ၍ ဖြေဆိုပါရန် တောင်းပန်ပါသည် ဘုရား။

တသ အောင်ဌေးဦး

(စစ်မြေပြင်ဆေးတပ်ရင်း)၊ မဆရ ၆၊ မှော်ဘီ။

**ဖြေ**။ မစားကောင်းသောအသား ၁၀ မျိုးဆိုသည်မှာ ရဟန်းတော်များ မစားကောင်း၊ မစားသင့်သည်ကိုသာ ဟောကြားခြင်း ဖြစ်ပါသည်။ သို့သော် လူများလည်း ရှောင်ကြဉ်နိုင်လျှင် ကောင်းပါသည်။ ၎င်းမှာ လူသား၊ မြင်းသား၊ ဆင်သား၊ သစ်သား၊ ကျားသား၊ ဝံသား၊ အောင်းသား၊ ခြင်္သေ့သား၊ ခွေးသားနှင့် မြွေသားတို့ ဖြစ်သည်။

အကြောင်းပြချက်နှင့် အပြစ်အာပတ်ဆောင်ပုဒ်မှာ

www.dhammaransi.com

"လူမှာဇာတ်ချင်း၊ ထုလ္လစ္စဉ်းတည်း၊ မြင်းနှင့်ဆင်မှာ၊ မင်း အင်္ဂါ ဖြစ်၊ သစ်ကျား လည်းကောင်း၊ ဝံအောင်းခြသေ့်၊ ဘေးရန်တွေ့တတ်၊ ရှဲ့အပ် ခွေးမြွေ၊ ဒုက္ကဋ်ပေ၊ ဆယ်ထွေမအပ် အသားတည်း"

ဟူ၍ ဖြစ်ပါသည်။ (ထုလ္လစ္စဉ်း ဒုက္ကဋ်ဆိုသည်တို့မှာ ရဟန်းတော်များ ထိုအသားများကို စား၍ သင့်သောအာပတ်အမည်များ ဖြစ်ပါသည်။)

*

## အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒနှင့် အရှင်ရာဟုလာ

**မေး**။ ဆရာတော်ဘုရား၊ (၁) အရှင်အနုရုဒ္ဓါ၊ (၂) အရှင်နန္ဒ၊ (၃) အရှင်ရာဟုလာ ဤအရှင်မြတ်သုံးပါးတို့ ရဟန္တာစံသည်တို့ကို သိလိုပါသည်ဘုရား။

မခင်အေး

ပျဉ်းမမြိုင်လမ်း၊ သုဝဏ္ဏ။

**ဖြေ**။ (၁) အရှင်အနုရုဒ္ဓါသည် မြတ်စွာဘုရားခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ ညီတော် သုက္ကောဒန သာကီဝင်မင်း၏သား ဖြစ်သည်။ ဘဒ္ဒိယ စသော မင်းသားတို့နှင့်အတူ မြတ်စွာဘုရားထံသွားပြီး ရဟန်းပြုသည်။ ထို့နောက် ရဟန္တာဖြစ်၍ ဒိဗ္ဗစက္ခု အဘိညာဉ်အရာ၌ ဧတဒဂ်ရတော်မူသည်။ သက်တော် ၁၅၀ ရှည်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးနောက် အတန်ကြာမှ ပရိနိဗ္ဗာန်စံသည်။

(၂) အရှင်နန္ဒသည် မိထွေးတော် ဂေါတမီ၏သားတော် ဖြစ်သည်။ မြတ်စွာဘုရား တစ်ဝါအရတွင် ကပိလဝတ်ပြည်သို့ကြွလာချိန်၊ ဇနပဒကလျာဏီနှင့် မင်္ဂလာပြုစဉ်တွင် မြတ်စွာဘုရား ခေါ်တော်မူသွားပြီး ရဟန်းပြုပေးသည်။ ဇနပဒကလျာဏီအပေါ် စွဲလမ်းမှုအာရုံကို ရဟန်းတရားအားထုတ်၍ ပယ်ကာ ရဟန္တာ ဖြစ်သည်။ ဣန္ဒြေစောင့်

စည်းမှု၌ ဧတဒဂ် ရတော်မူခဲ့သည်။ အရှင်နန္ဒ ပရိနိဗ္ဗာန်စံဝင်ခန်းကို စာပေတွင် မတွေ့ရပေ။

(၃) အရှင်ရာဟုလာမှာ မြတ်စွာဘုရားသားတော်ရင်းဖြစ်၍ အရှင်နန္ဒနှင့် မရှေးမနှောင်းမှာပင် မြတ်စွာဘုရားထံ အမွေတောင်း၍ ခုနစ်နှစ်အရွယ်တွင် သာမဏေဖြစ်သွားသည်။ သာမဏေဖြစ်စအခါက ပင်မြတ်စွာဘုရားက အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်ကိုလည်းကောင်း၊ ၁၈ နှစ်အရွယ်တွင် မဟာရာဟုလောဝါဒသုတ်ကိုလည်းကောင်း၊ နောက် ရာဟုလသံယုတ်၌ သုတ်များစွာကိုလည်းကောင်း ဟောကြား၍ ရဟန္တာဖြစ်သည်။ သိက္ခာကာမ ဧတဒဂ်ကို ရတော်မူသည်။ အသက်ကို တိတိကျကျ မသိရ။ အရွယ်ငယ်ငယ်ဖြင့်ပင် တာဝတိံသာ နတ်ပြည်၌ နိဗ္ဗာန်စံသည်ဟု သိရသည်။

*

## ကန်တော့ဆွမ်းနှင့် ကန်တော့ခြင်း

**မေး**။ ။ အရှင်ဘုရား၊ ဗုဒ္ဓဘာသာဝင်များသည် ဆွမ်းခံကြွလာသော ရဟန်းတော်အား ဆွမ်းမလောင်းနိုင်၍ ကန်တော့ပါဘုရားဟု လျှောက်ထားသောစကားနှင့် မတော်တဆ တိုက်မိ၍ ကန်တော့ပါ ဘုရားဟုဆိုသောစကားနှစ်ခွန်းသည် မည်သို့ထူးခြားပါသနည်း ဘုရား။

မောင်စိုင်းမြင့်အောင်
(တာမခံ) ကာမိုင်းမြို့။

**ဖြေ**။ ။ ဆွမ်းခံကြွလာသော ရဟန်းတော်အား လောင်းလှူစရာ ဆွမ်း မရှိ၍ ဆွမ်းအစား ကန်တော့ရှိခိုးခြင်းကိုသာ ပြုနိုင်သဖြင့် ကန်တော့ပါသည်ဘုရားဟုလျှောက်ထားခြင်းဖြစ်သည်။ မတော်တဆ တိုက်မိသောအခါ စသည်၌ ကန်တော့ပါသည်ဘုရား ဟု ဆိုခြင်းမှာ တိုက်ခိုက်လွန်ကျူးမိသဖြင့် ထိုအပြစ်ကို ကျေပျောက်ပါရန် ကန်တော့ ခြင်းကို ရည်ရွယ်၍ ကန်တော့ပါဘုရား ဟု လျှောက်ထားခြင်း ဖြစ်

www.dhammaransi.com

သည်ဟု ယူနိုင်ပါသည်။ အသံချင်း တူသော်လည်း အဓိပ္ပာယ်ကွဲလွဲပါသည်။

✳

## သူတော်ကောင်းတရား ခုနစ်ပါး

**မေး**။ ။ အရှင်ဘုရား၊ တထာဂတဉဒါနဒီပနီ၊ ဒုတိယအုပ် နှာ ၄၊ စရဏ ၁၅ ပါး အဖွင့်တွင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟု သူတော်ကောင်းတရား ခုနစ်ပါးကို ဖော်ပြ၍ ဝိသုဒ္ဓိမဂ် မြန်မာပြန် ပထမအုပ်၊ နှာ ၃၉၃ တွင် သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာဟု ဆိုထားသောကြောင့် တပည့်တော်များ မည်သည်ကို အမှန်မှတ်သားရမည်ဟု ဖြေကြားပေးတော်မူပါဘုရား။

ဦးမြရှိန်
ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့။

**ဖြေ**။ ။ တထာဂတဉဒါနဒီပနီတွင် ဖော်ပြသော ၇ ပါးမှာ သူတော်ကောင်းတရား ခုနစ်ပါး မဟုတ်။ သူတော်ဥစ္စာ ခုနစ်ဖြာ၊ သို့မဟုတ် "သတ္တအရိယဓနာနိ" ဟု ဘုရားဟောတော်မူသော အရိယာဥစ္စာ ခုနစ်ပါးသာ ဖြစ်ပါသည်။ "သတ္တ သဒ္ဓမ္မ"ဟူသော သူတော်ကောင်းတရား ခုနစ်ပါးမှာ ဝိသုဒ္ဓိမဂ် မြန်မာပြန်၌ပါသော "သဒ္ဓါ၊ သတိ၊ ဟိရီ၊ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ"တို့သာ ဖြစ်ပါသည်။ ယင်း သူတော်ကောင်း တရား ခုနစ်ပါးသည်ပင် စရဏတရား တစ်ဆယ့်ငါးပါး၌ ပါဝင်သဖြင့် အမှန်ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

✳

## ကြေးစည်နှင့် အသုဘ

**မေး**။ အရှင်ဘုရား၊ ကြေးစည်ခေါင်းလောင်းတို့ကို ဘာသာရေးကိစ္စ၌ သုံးရသည်။ အမျှအတန်းဝေရာ၌ ထိုးခေါက်ရသည်ဟု နား

www.dhammaransi.com

လည်ပါသည်။ သို့သော် အသုဘချရာ၌ ကြေးစည်တီးသည်ကို မြင်တွေ့နေရပါသည်။ ဘာသာရေးသုံး ကြေးစည်ကို အဘယ်ကြောင့် အသုဘတွင် တီးသည်ကို သိလိုပါသည်။ ရှင်းလင်းဖြေကြားပေးပါဘုရား။

မိုးလေး၊

ကြံခင်း။

**ဖြေ**။ ခေါင်းလောင်း၊ ကြေးစည်၊ ထိုးစည်များကို ဘာသာရေးကိစ္စများတွင် သုံးစွဲကြရာ၌ ခေါင်းလောင်းသံ၊ ကြေးစည်သံကြားလျှင် သာဓု အနုမောဒနာ ပြုကြရန် ရည်ရွယ်ပါသည်။ ဒါနပြုရာ၌ ဒါန၏ အဖို့ကို ရယူနိုင်စေရန် ကြေးစည်၊ ခေါင်းလောင်းဖြင့် အမျှဝေကြသည်။ ကြေးစည်၊ ခေါင်းလောင်းသံကြား၍ သာဓုခေါ်လျှင် ဒါနကောင်းမှု၏ အဖို့ဘာဂကို အမျှရသည်။ သီလ၌လည်း ထို့အတူပင်။ အသုဘ၌ အသုဘသို့ လာသူ၊ မသာပို့သူတို့သည် "ငါလည်း ဤကဲ့သို့ သေရဦးမည်" ဟု မရဏာနုဿတိဘာဝနာကို ပွားကြရသည်။ မသာပို့သူတိုင်း၏တာဝန်မှာ ထိုသို့ မရဏာနုဿတိ ဘာဝနာ ပွားခြင်း၊ အသုဘကမ္မဋ္ဌာန်း နှလုံးသွင်းခြင်း စသည်ဖြင့် ရှုပွားရသည်မှာ ဗုဒ္ဓဘာသာတိုင်း ပြုရမည့်တာဝန်ဝတ္တရားပင် ဖြစ်သည်။ အောက်ထစ်ဆုံး သုဘ လုလင်နှင့် သူငယ်ချင်း သူဌေးသား ၅၅ ဦး အလောင်းအလျာများကဲ့သို့ "ဤအသုဘ အပုပ်ကောင်ကြီး လူကြားသူကြားထဲမှာ ထား၍ မလျော်၊ သုသာန်သင်္ချိုင်းသို့ ပို့ဆောင်ကြကုန်အံ့" ဟူသော လူမှုရေး ကုသိုလ်စိတ်ထား ရှိကြသည်။ ထိုကုသိုလ်ကောင်းမှုများကို ကြားသူမြင်သူတို့ သာဓုခေါ်၍ ကုသိုလ်အမျှ ယူနိုင်ရန် အသုဘများတွင် ကြေးစည်တီး၍ ချပို့ကြ ခြင်း ဖြစ်ပါသည်။

*

www.dhammaransi.com

## သဘင်သည်နှင့် ဈေးသည်

**မေး**။ ဆရာတော်ဘုရား၊ သဘင်သည်၊ ဈေးသည်များသည် ငရဲ(သို့မဟုတ်) ပြိတ္တာဘဝသို့ ရောက်ကြသည်ဟု ကြားဖူးပါသည်။ သဘင်သည်၊ ဈေးသည်တိုင်း ငရဲကျရောက်ပါသလား ဘုရား၊ ထိုဘဝများ သို့ မကျရောက်အောင် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု သနားသဖြင့် ဖြေ ကြားပေးပါဘုရား။

ခင်မိုးဝေ

ချောင်းဆုံ (တ)၊ တနင်္သာရီမြို့နယ်။

**ဖြေ**။ ပွဲကြည့်သူများ ရာဂတရား ပွားသည်ထက်ပွားများအောင် နှိုးဆွတတ်သော သဘင်သည်များမှသာ ငရဲ၌ ကျရောက်တတ်ကြောင်း ဆိုပါသည်။ ထိုကဲ့သို့ မဟုတ်ဘဲ လူအများ ပညာဗဟုသုတ တိုးပွားများစေရန် ပြုသော သဘင်သည်များဆိုလျှင် တစ်မျိုး ဖြစ်နိုင်ပါသည်။ ဈေးသည်များမှာ တောင်းစဉ်းလဲ၊ ချိန်စဉ်းလဲ အမြနိစ္စမုသာဝါဒ ဗန်းတင်၍ မစင်မကြယ်ရောင်းဝယ်ဖောက်ကားနေသူများအဖို့ ငရဲ၊ ပြိတ္တာဘဝတို့သို့ ရောက်ရန် လမ်းကြောင်း ဖြောင့်တန်းနေပါသည်။ ဈေးသည်ဘဝ က မမှန်မကန် စီးပွားရှာခဲ့၍ ပြိတ္တာဖြစ်ကြရသော ဈေးသည်မများ အကြောင်း ပေတဝတ္ထုတွင် ပါရှိသည်ကို တွေ့ရသည်။ သမ္မာအာဇီဝဖြစ်ကြောင်း ကောင်းကောင်းမွန်မွန်စီးပွားရှာကြသည့် ဈေးသည်ကုန်သည်များအဖို့ ငရဲ၊ ပြိတ္တာ ဖြစ်စရာအကြောင်း မရှိပါ။

*

## သောတာပန်ဖြစ်ရန်

**မေး**။ သောတာပန်ဖြစ်ရန် မည်သည့်အင်္ဂါရပ်များနှင့် ပြည့်စုံရပါမည်နည်းဘုရား။ တပည့်တော် ရထားသော လက်ာမှာ "သက်သတ်

ခိုးမှု၊ ကာမေသု၊ မုသာသုရာ၊ ကင်းပြတ်ကွာ၊ မှတ်ပါ သောတာပန်" ဟု ဖြစ်ပါသည်။ သည်လောက်နှင့် မပြည့်စုံသေးဆို၍ မေးလျှောက်ရခြင်း ဖြစ်ပါသည်။

ဦးမှတ်ကြီး
တာယာစက်ရုံ၊ သထုံမြို့။

**ဖြေ**။ သောတာပန်ဖြစ်ရန်အတွက် သောတာပတ္တိမဂ်ရရန် ရှေ့အဖို့က ပြည့်စုံရမည့် အကြောင်းအင်္ဂါများမှာ သပ္ပုရိသသံသေဝ၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်း၊ သဒ္ဓမ္မဿဝန၊ တရားနာခြင်း၊ ယောနိသောမနသိကာရ၊ သင့်တင့်အောင် နှလုံးသွင်းခြင်း၊ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဖိုလ် အားလျော်စွာ အကျင့်တရားလေးပါးတို့ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓေအဝစ္စပသာဒ စသည့် ဘုရား၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်း၊ တရား၌ မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်း၊ သံဃာတော်၌ မတုန်မ လှုပ်သက်ဝင်ကြည်ခြင်း၊ အရိယကန္တဟု ဆိုအပ်သော ငါးပါးသီလနှင့် ပြည့်စုံခြင်း ဤတရားလေးပါးနှင့်လည်း ညီညွတ်ကုံလုံစေရမည် ဖြစ်ပေသည်။ ဤသောတာပတ္တိယင်္ဂတရားနှင့် ပြည့်စုံသူသာ သောတာပန် ပုဂ္ဂိုလ် ဖြစ်နိုင်ပါသည်။ ပြဿနာရှင်ဖော်ပြသော လင်္ကာမှာ သောတာပန်ပုဂ္ဂိုလ်၊ ငါးပါးသီလ လုံခြုံကြောင်းကို ပြသည့် လင်္ကာသာဖြစ်၍ အောက် ဖော်ပြလတ္တံ့ပါ ဆောင်ပုဒ်ကလေးများကို ဆောင်ထားသင့်ပါသည်။

"သူတော်ကောင်းခို၊ တရားကိုနာ၊ သင့်စွာစိတ်ထား၊ တရားကျင့်ကာ၊ ညီလေးဖြာ သောတာပတ္တိယင်။"

"ဗုဒ္ဓ၊ ဓမ္မ၊ သံဃာကိုယုံ၊ မတုန်လှုပ်ဘိ၊ အရိယကန္တ၊ သီလငါးဖြာ၊ စုံညီညာ သောတာ ပတ္တိယင်။"

*

www.dhammaransi.com

## နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်

**မေး**။ နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ကို ရှင်းလင်းဖြေကြားပေးပါဘုရား။

ဦးသိန်းဖေ

ဗဟိုကွက်သစ်၊ ချောက်မြို့။

**ဖြေ**။ နိဗ္ဗာန်ဟူသည် အမြဲနိစ္စတည်ရှိနေသော သန္တိသုခအသင်္ခတ ဓာတ်သဘောကြီး ဖြစ်သည်။ ပရိနိဗ္ဗာန်မှာ ဘုရား၊ ရဟန္တာ ပုဂ္ဂိုလ်တို့ ရုပ်နာမ်ခပ်သိမ်း အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းပင် ဖြစ်ပါသည်။

*

## အစောင့်အရှောက် အကူအညီ

**မေး**။ ဆရာတော်ဘုရား၊ ည ၆ နာရီအချိန်လောက်မှာဆရာလေးတို့ တိုက်တာအတွင်းသို့ လူမှုရေးကိစ္စများဖြင့် ဝင်ရောက်ပြီး ငြိမ်းချောက်ကြိမ်းမောင်းရာ နောင်အနာဂတ်ကို ရည်မျှော်၍ မနှောင့်ယှက်ရန် အကြောင်းပြုပြီး ဆိုင်ရာသို့ တိုင်တန်းပါက ဆရာလေးများမှာ အပြစ်ဖြစ်ပါမည်လား ဘုရား။

သိလိုသူ

**ဖြေ**။ "ရက္ခံ ယာစတီတိ ခမ္မိကံ၊ ရက္ခံ ယာစတိ အနာပတ္တိ" ဟူ၍ အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၃၊ ၁၈၂) တွင် ဆိုသဖြင့် တရားသော အစောင့်အရှောက်ကို ရဲဘက်ဆိုင်ရာမှာဖြစ်စေ၊ ရပ်ကွက် မြို့နယ်ဆိုင်ရာ လူကြီးတို့ထံမှာ ဖြစ်စေ၊ တရားရုံးများမှာဖြစ်စေ တောင်းကောင်းပါသည်။ ထိုသို့ တောင်းခြင်းကြောင့် ရဟန်း၊ သံဃာတော်များမှာလည်း အပြစ်မရှိပါ။ အစောင့်အရှောက် အကူအညီကို တောင်းခံရာ၌ မည်သူနှောင့်ယှက်နေပါသည် စသည်ဖြင့် အမည်ကိုမူ မဖော်ပြသင့်ပါ။ မိမိက အမည်ကို ဖော်လိုက်လျှင် ထိုသူအား ဒဏ်ရိုက်ခြင်း စသည်ပြုလျှင်ကား

www.dhammaransi.com

မိမိမှာ အပြစ်ဖြစ်ပါသည်။ အကျယ်ကို ဖော်ပြပါ သိက္ခာပုဒ်အဋ္ဌကထာ၌လည်းကောင်း၊ ခုဒ္ဒသိက္ခာ ဘာသာဋီကာ ၄၄၉ ၌လည်းကောင်း၊ စံကင်းဆရာတော် ၅၀၄၌လည်းကောင်း ကြည့်ရှုပါ။ ဤ၌ အကျယ်မရေးသာပါ။

*

## မေတ္တသုတ်အကြောင်း

**မေး**။ အရှင်ဘုရား။

(၁) မေတ္တသုတ်၌ ဆိုဆုံးမလွယ်ရမည်ဟု ဆိုပါသည်။ ထိုသို့ ဆိုရာ၌ ဆရာမိဘများ၏ ဆိုဆုံးမမှုများကို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ လိုက်နာရမည်ကို ဆိုလိုပါသလား။

(၂) မေတ္တသုတ်၌ နူးညံ့ရမည်ဟု ဆိုပါသည်။ စိတ်နေသဘောထား မည်သို့နူးညံ့ရမည်ကို နားလည်နိုင်ရန် ဖြေကြားတော်မူပါဘုရား။

(၃) မေတ္တသုတ်ကို လူပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးလျှင် အကျိုးရှိမရှိ။ မေတ္တသုတ် ရွတ်ဖတ်နေလျှင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်း ဖြစ်ပါမည်လား။ ဖြေကြားတော်မူပါဘုရား။

ဆန်းမြင့်ဦး (ခတ်မြေစလေ)

**ဖြေ**။ မေတ္တသုတ်အဖွင့် အဋ္ဌကထာဋီကာများနှင့်အညီ အနက်ရေးသားထားသော မြင်းခြံမဟာပရိတ်တော်ကြီး နိဿယ၌ (၁) သုဝစောစ =ပညာရှိများ ဆိုဆုံးမစကားကို မရှားမပယ် နာယူလွယ်သည်လည်း။ အဿ= ဖြစ်ရာ၏ဟု ဆိုပါသည်။ (၂) မုဒု = နူးညံ့ရမည်ဆိုရာ၌။ မုဒုစ= ရွှေဇမ္ဗူရစ် မြူညစ်စင်သန့် အမှု၌ ခံ့သကဲ့သို့ နူးညံ့သိမ်မွေ့သောကိုယ် နှုတ်နှလုံး ရှိသည်လည်း။ အဿ=ဖြစ်ရာ၏ဟု အနက်ပေးထားပါသည်။ အလွန်သိသာလှပါသည်။ (၃) မေတ္တသုတ်မှာ ရဟန်းရှင်လူပုဂ္ဂိုလ်မှန် သမျှ လိုက်နာကျင့်သုံးရမည်သာ ဖြစ်ပါသည်။

www.dhammaransi.com

မေတ္တသုတ်လာ 'ယေကေစိ ပါဏဘူတတ္ထိမှစ၍ နာညမညဿဒုက္ခ မိစ္ဆေယျ' အထိ ၃-ဂါထာမှာ မေတ္တာ ၁၁ ပါးပို့သပုံ ပါဠိဖြစ်ပါသည်။ ထိုပါဠိ၏ အဓိပ္ပာယ်အတိုင်း အစဉ်မပြတ် နေ့ရောညပါ မေတ္တာပို့သ ပွားများနေလျှင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်းပင် ဖြစ်ပါသည်။ ဆရာ သမားများထံ မေးမြန်းလေ့လာ၍ အခါခပ်သိမ်း ပွားများနေနိုင်ပါစေ သတည်း။

*

## သံဃဘေဒကကံ

**မေး**။ အရှင်ဘုရား။

သံဃဘေဒကကံကို ရဟန်းတို့သာ ပြုနိုင်ကြောင်း သတိပြုပါဟု ကျမ်းစာတစ်ရပ်တွင် ဖတ်ဖူးပါသည်။ မည်သည့် အကြောင်းကြောင့် ၎င်းကံသည် အခြား လူနတ်တွေနှင့် မသက်ဆိုင်ရသနည်း ဆိုသည်ကို သိလိုပါသည်။ ၎င်းကံကို ရဟန်းတို့သာ ပြုနိုင်သည်။ အခြား ပုဂ္ဂိုလ်များ အဘယ်ကြောင့် မပြုနိုင်သည်ကို ဖြေကြားပေးတော်မူပါဘုရား။

မောင်ကာရ

အရာတော်မြို့နယ်။

**ဖြေ**။ သံဃာကို နှစ်ပက္ခဖြစ်အောင် ခွဲရန်မှာ သံဃာသာ တတ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သမဂ္ဂသံဃာဟူသည် ကိုယ် စိတ်နှစ်ပါး မကွဲပြားဘဲ တစ်သိမ်တည်း၌ ကံကြီး၊ ကံငယ် အတူတကွ ပေါင်းဖော်၍တည်ရှိသောသံဃာကို ဆိုသည်။ ထိုညီညွတ်သောသံဃာ ကို နှစ်ပက္ခဖြစ်သွားအောင် လူလည်း မတတ်နိုင်။ နတ်လည်း မတတ် နိုင်။ ရဟန်းအချင်းချင်းသာ အသင်းအပင်းရှာ ဂိုဏ်းဖွဲ့၍ ကွဲပြားရန် လှုံ့လပြုနိုင်ပေသည်။ ထိုကွဲပြားအောင် လှုံ့လပြုသော ရဟန်းကို ရဟန်း အချင်းချင်းက အယူကို စွန့်အောင် ဆုံးမခြင်း၊ မရလျှင် ၃ ကြိမ်တိုင်

www.dhammaransi.com

ကမ္မဝါစာဖြင့် ဖတ်ကြားဆုံးမခြင်းကိုပင် ပြုရကြောင်း သံဃာဒိသေသ စတုတ္ထသိက္ခာပုဒ်၌ ဆိုထားပေသည်။ ထို့ကြောင့် သံဃဘေဒကကံ သည် ရဟန်းတို့နှင့်သာ သက်ဆိုင်ပါသည်။

*

## သာရဏီယဝတ်စသည်အကြောင်း

**မေး**။ အရှင်ဘုရား။

(၁) ရဟန်းတော်တို့၏ သာရဏီယ ကျင့်ဝတ်နှင့် ကျင့်ပုံကျင့်နည်း ကို သိလိုပါသည်ဘုရား။ အဘယ်ကျမ်း၌ ပါရှိကြောင်း ညွှန်းတော်မူ ပါဘုရား။

(၂) တစ်သင်္ချေ၊ အန္တရကပ်တစ်ကပ်၊ တစ်ကမ္ဘာ၊ ဤ ၃ခုသည် အစဉ်အတိုင်း မည်သို့ထူးခြား၍ မည်သို့ အနည်းအများ ကွာခြားပါ သလဲ။ တပည့်တော်နှင့် စာရှုသူများ အသိဉာဏ်တိုးပါရအောင် ဖြေ ကြား ပေးတော်မူပါဘုရား။

အရှင်ဩဘာ၊ အောင်လံမြို့။

**ဖြေ**။ ရဟန်းတော်များ သာရဏီယကျင့်ဝတ်ကျင့်ပုံမှာ ဆွမ်းခံ၍ရလာ သော ဆွမ်းသပိတ်ကို ဆွမ်းစားကျောင်း စသည်၌ ချထားလျှင် တွေ့သူက ယူစား၍ မိမိအတွက် မကျန်သည့်တိုင်အောင် လုံးဝ စိတ် မကွက်ရပါ။ အချိန်ရှိသေးလျှင် ဆွမ်းခံထပ်ကြွ၊ အချိန်မရှိ၍ မကျန် လျှင် မစားဘဲ နေသည်။ ဤနည်းဖြင့် ၁၂ နှစ်တိုင်အောင် လုံးဝ မအွေရ စိတ်မရှိဘဲ ကျင့်သုံးရပါသည်။ ၁၂ နှစ်ပြည့်ခါနီး ၁ ရက်၊ ၂ ရက် အလိုမှ စိတ်ကွက်မိသွားလျှင် လုံးဝပျက်၏။ ၁၂ နှစ်ပြန်ကျင့်ရသည်။ ဤသို့ ၁၂ နှစ်အထိ မပျက်မကွက် ကျင့်နိုင်လျှင် အောင်မြင်၏။ ဆွမ်းအတွက် မပူရတော့ပေ။ ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်၍ လုံးဝအစားအစာ မရသည့် တိုင်အောင် ရုက္ခစိုးစသော နတ်တို့လောင်းလှူသောဆွမ်းကို ရနိုင် သည်။ သုတ်မဟာဝါ အင္ဂုတ္တရသာ (ဒီ ။ ၄၊ ၁၂၃)တွင် ကျ[illegible]သာရဏီယ

www.dhammaransi.com

အကျင့် အကြောင်းကို ဝတ္ထုများဖြင့် အကျယ်ပြဆိုထားသည်။ ထို့ပြင် အံ၊ ၌၊ ၃၊ ၉၀၊ မ ၃၉၃၊ မ၌၊ ၂၊ ၂၉၄ စသည်တို့တွင်လည်း ကြည့်နိုင်ပါသည်။

တစ်သင်္ချေဟူသည်မှာ တစ်နောက်၌ သုည ၁၄၀ ရှိသော ဂဏန်းဖြစ်သည်။ ကမ္ဘာတစ်သင်္ချေဆိုလျှင် ကမ္ဘာပေါင်းတစ်နောက် သုည ၁၄၀ ရှိသောကမ္ဘာများပင် ဖြစ်သည်။ ထိုနည်းဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းစသည်ကို သိပါ။ အန္တရကပ်ဟူသည် ကမ္ဘာ၏တစ်ဝက်ဖြစ်၍ ဥပမာ ကမ္ဘာအစ အသင်္ချေယျ သက်တမ်းမှ ၁၀ နှစ်တမ်း အထိကို အန္တရ ကပ်တစ်ကပ်၊ ၁၀ နှစ်တမ်းမှ အသင်္ချေယျတမ်းအထိကို အန္တရကပ် တစ်ကပ်ဖြစ်၍ ဤဆုတ်ကပ်၊ တက်ကပ် ၆၄ စုံကို တစ်ကမ္ဘာခေါ်ပါသည်။ ယခု ၁၁ ကပ် အစုံကုန်လွန်ခဲ့ပြီ။ ဤသို့ တစ်သင်္ချေ၊ တစ်ကပ်၊ တစ်ကမ္ဘာ တို့ကို မှတ်သားနိုင်ပါသည်။

*

## အဆန်းတကြယ် စေတီဝယ် ခြယ်လှယ် သင့်မြတ်ပါအံ့နည်း။

**မေး**။ အရှင်ဘုရား။

မြတ်စွာဘုရား၊ ကိုယ်ပွားတော်စေတီတွေ။
ဆေးရောင်စုံခြယ်ကာသ၊ ပူဇော်ကြပေ။
သွင်ပြင်တော့ သပ္ပာယ်ပေ။
ဒါပေမဲ့ သင့်ရဲ့လား။
ဖြေကြားသူရှင်ဆရာက၊ တင်စရာညွှန်းကာပြ၊ ထွန်းပစေသား။
ရှင်ဝရတေဇော၊ ညောင်လေးပင်မြို့။

**ဖြေ**။ စေတီတော် ခြွေဆင်မြန်း၊ ရွှေသက်န်း ထုံးစံပေ။
ကဿပ၊ မြတ်စွာဓာတူမှ၊ အဆူဆူရွှေရောင်ညီး၊
ထီးမှ အောက်ခြေ။

ရွှေအရှားမှာတော့၊ ထွေပြားမှု တစ်နှုန်းငယ်နှင့်၊ ဖြူထုံးပလာပ်နံး မှာလ၊ ဝါစိမ်းရောင်စုံခြယ်ခဲ့၊ ဆန်းတကြယ် ပူဇော်ကြလေထင့်၊ လှတပ သပ္ပာယ်စေ၊ ဝေဆာတဲ့ပူဇော်မှု။

ပသန္နာ ကြည်နူးဝေဖြာသည့်၊ စေတနာပဓာနပေမို့၊ ပြစ်မမြင် ခေတ်သွင်ပြရလျှင်၊ သင့်မျှသည်ဟု။

*

## လက်အုပ်နှင့် လက်စုံ

**မေး**။ အရှင်ဘုရား။

ဩကာသ စချီပြီး သီလယူရာတွင်လည်းကောင်း၊ ဘုရားရှိခိုးရာ တွင်လည်းကောင်း အချို့က လက်အုပ်မိုး၍ဟုဆိုပြီး အချို့က လက်စုံ မိုး၍ ဟု ဆိုပါသည်။ မည်သို့ ဆိုသင့်သည်ကို အမိန့်ရှိပါဘုရား။ နောက် တစ်ခု အမျှဝေပြီး သာဓုခေါ်ရာတွင် အချို့က သာဓု၊ သာဓု၊ သာဓုဟု သာဆို၍ အချို့က သာဓု၊ သာဓု၊ သာဓုပါဘုရားဟု ဘုရားထည့်ပြီး ဆို ပါသည်။ မည်သို့ ဆိုရမည်ကိုလည်း အမိန့်ရှိတော်မူပါဘုရား။

ဒေါ်မြင့်မြင့်သောင်း၊

မြောက်ဥက္ကလာပမြို့နယ်။

**ဖြေ**။ လက်အုပ်၌ အုပ်ဟူသည် လက်နှစ်ဖက် ပူးကပ်ထားသည်ကို ဆို ၏။ စာအုပ်စာရွက်များ ပူးကပ်ထားသည်ကို သတိပြုပါ။ လက်စုံ၊ လက်အစုံ လက်ဆယ်ချောင်းအစုံကို ဆိုသည်။ မိုး၍ ဟူသည်မှာ လက် အုပ် လက်စုံကို မျက်နှာ နဖူးပေါ်၌မိုးလျက် ရှိခိုးခြင်းကိုဆိုသည်။ လက် အုပ်မိုးသည်၊ လက်စုံမိုးသည်နှစ်မျိုး၌ လက်စုံမိုးခြင်းထက် လက်အုပ်မိုး ခြင်းက ပို၍ သင့်သကဲ့သို့ ရှိသည်။ သို့ကြောင့်လည်း ဩကာသ မူတိုင်း၌ လက်အုပ်မိုး၍ချည်းရှိသည်။ ဗုဒ္ဓဘာသာလက်စွဲ၊ ဗုဒ္ဓဘာသာကောင်း တစ်ယောက်တို့တွင် ထိုအတိုင်းပင် ရှိပါသည်။ ကဝိလက္ခဏာသတ်ပုံ၌

www.dhammaransi.com

လည်း 'လက်ဝါးရိုးရှပ်၊ ဆယ်ချောင်းရုပ်၊ ရှိအုပ်ပန်းဆယ်ခိုင်' ဟု လက်အုပ်ကိုပင် အတည်ပြုစပ်ဆိုထားပေသည်။ သာဓုခေါ် ရာ၌ သာဓု ပါဘုရားဟု ဘုရားထည့်၍ ဆိုသည်မှာ ဘုန်းတော်ကြီးများ တရားဟော ရာ၌သာ ဘုရားဟုထည့်ရ၍ အမျှဝေ သာဓုခေါ် ရာ၌ ဘုရားထည့်စရာ မလိုပါ။ သာဓု ၃ ကြိမ်ခေါ် ဆိုခြင်းသာ ဖြစ်စေရပါမည်။

*

## သေခါနီးအချိန်

**မေး**။ အရှင်ဘုရား။

လူ့လောကတွင် လူတစ်ဦးသည် တစ်ဘဝလုံး မကောင်းမှုဒုစရိုက် ကို ပြုလုပ်လာခဲ့သည်။ သို့သော် သေခါနီးကာလ တဒင်္ဂလေးမှာ အလှူ ဒါန အမျှပေးဝေသောအခါ သာဓုခေါ် နိုင်ခြင်းသည် ကောင်းရာသုဂတိ သို့ သွားပါမည်လား။ တစ်သက်လုံး စိတ်ကောင်းထားကာ အလှူဒါန ဖြင့် မွေ့လျော်ခဲ့ပြီး သေခါနီးတဒင်္ဂလေးမှာ ဇောစိတ်ကြောင့် အယူလွဲ မှား၍ အသက်ဆုံးခဲ့လျှင် ဒုဂ္ဂတိဘုံသို့ သွားပါမည်လား။ ဖြေကြားတော် မူပါ ဘုရား။

ဦးလှကျော်၊ ပညာရေး(ငြိမ်း)
ကျောက်ဖြူမြို့။

**ဖြေ**။ ပါကဒါန ပရိယာယ ကံလေးပါးတွင် အာသန္နကံ ဟူသည်မှာ

သေခါနီး၌ အောက်မေ့အပ် ပြုအပ်သော ကံဖြစ်၍ အားနည်း လင့် ကစား အာစိဏ္ဏကံ စသော အားကြီးသောကံများကို ဖြတ်၍ အကျိုးပေးတတ်ပါသည်။ နွားခြံ၌ နွားအများရှိရာ နွားအိုကြီးသည် ခြံဝင်၌ အားနည်း၍ နောက်ဆုံးမှ ဝင်ရသော်လည်း ခြံထွက်တွင် အပေါက်ဝနှင့် နီးသဖြင့် ရှေးဦးစွာ ထွက်နိုင်သကဲ့သို့ ဖြစ်ကြောင်း ဥပမာပြပါသည်။ ထို့ကြောင့် သေခါနီး၌ အောက်မေ့အပ်၊ ပြုအပ်သော

www.dhammaransi.com

ကံသည် အကျိုးပေးတတ်သဖြင့် သေခါနီး၌ တရားစာပေ ရွတ်ဖတ်ပေးခြင်း၊ ဟောပြောပေးခြင်း၊ ကုသိုလ်ပြုပေးခြင်း စသည်ဖြင့် မိတ်ဆွေကောင်း လိုအပ်ကြောင်း သတိပြုအပ်ပါသည်။

*

## သောတာပန်နှင့် ခုနစ်ဘဝ

**မေး**။ အရှင်ဘုရား။

တပည့်တော်မ ရိုသေစွာ လျှောက်ထားအပ်ပါသည်။သောတာပန်ဖြစ်ပြီးသူတစ်ဦးသည် ဗြဟ္မာ့ပြည်၊ နတ်ပြည်၊ လူ့ပြည်၌ ခုနစ်ဘဝကျင်လည်ပြီးမှ နိဗ္ဗာန်သို့ တက်လှမ်းရသည်ဟု မှတ်သားရဖူးပါသည်။ ဗြဟ္မာနှင့် နတ်တို့၏ သက်တမ်းသည် အလွန်ရှည်လျားသောကြောင့် နိဗ္ဗာန်သို့ ရောက်ရန် အချိန်ပိုမိုကြာမြင့်သည်ဟု ထင်ပါသည်။ ထိုခုနစ်ဘဝကို လူ့ပြည်၌ ကျင်လည်ပါက နိဗ္ဗာန်သို့ မြန်မြန်ရောက်နိုင်မည်ဟု ထင်မိပါသည်။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သို့ မရောက်ရန် မည်သို့ကျင့်ကြံသင့်သည်ကို ဖြေကြားပေးတော်မူပါဘုရား။

မနီနီ၊ မော်လမြိုင်။

**ဖြေ**။ သောတာပန်ဖြစ်သော ပုဂ္ဂိုလ်သည် ဧကဗီဇိသောတာပန်၊ ကောလံကောလ သောတာပန်၊ သတ္တက္ခတ္တုပရမသောတာပန်ဟု သုံးမျိုးရှိရာ မနီနီ မေးမြန်းထားသော ခုနစ်ဘဝ ကျင်လည်ရသည့် သောတာပန်မှာ ဉာဏ်အနုံ့ဆုံး သောတာပန်ဖြစ်၍ သောတာပန်ဖြစ်သူတိုင်း မဟုတ်ပါ။ ဘုံစဉ်စံခေါ် ဝဋ္ဋာဘိရတသောတာပန်များမှာ ထို့ထက်ပင် ကြာပါသေးသည်။ ဝိသာခါ၊ အနာထပိဏ် စသည် ၇ ဦးရှိပါသည်။ ခုနစ်ဘဝလူ့ပြည်၊ နတ်ပြည်၌ ကျင်လည်သော သတ္တက္ခတ္တုပရမ သောတာပန် မဖြစ်လိုက သကဒါဂါမ် စသည်ဖြစ်ရန် ဆက်လက်

www.dhammaransi.com

ကျင့်သုံးသွားရန်သာ လိုပါသည်။ သောတာပန် စသည့် အရိယာပုဂ္ဂိုလ်များ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ဖြစ်က နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့တွင် သူတို့ရှိနေသမျှ သာသနာ ပွင့်လင်းနေပါသည်။ ပုထုဇဉ်သူတော်ကောင်း နတ်ဗြဟ္မာများမှာ ထိုသောတာပန်စသော နတ်ဗြဟ္မာများနှင့် တွေ့၍ တရားနာကြားကာ နတ် ပြည်၊ ဗြဟ္မာ့ပြည်များမှာပင် မဂ်ဖိုလ်ရနိုင်ပါသည်။

*

## ရှင်မပြုဘဲ ရဟန်းခံ၍ ရမရ

**မေး**။ အရှင်ဘုရား။

ရှင်သာမဏေပြုမနေဘဲ လူဝတ်လူစားအနေမှသိမ်ဝင်၍ ရဟန်းခံလျှင် ရဟန်းဖြစ် မဖြစ် သာဓကပြ၍ ဖြေကြားတော်မူစေလိုပါသည်ဘုရား။

ဦးဝိလာသ(ကျ၊ ပ၊ ထ) အင်းစိန်မြို့နယ်။

**ဖြေ**။ သာမဏေပြုရာတွင် ဆံရိတ်ခြင်း၊ သင်္ကန်းဝတ်ခြင်း၊ သရဏဂုံကို ဥဘတောသုဒ္ဓိ ပီသစေခြင်း၊ အင်္ဂါ ၃ ပါးညီမှသာ သာမဏေဖြစ်သော်လည်း ရဟန်းခံရာ၌ကား ဆံမရိတ်ဘဲ လူဝတ်ဖြင့် သိမ်ဝင်၍ ကမ္မဝါဖတ်လျှင် ရဟန်းဖြစ်ပါသည်။ သာဓကမှာ ' ဥပဇ္ဈာယောစေ ကေသ မဿုံ ဩရောပနာဒီနိ အကတွာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ နရုဟတိ ပဗ္ဗဇ္ဇာ၊ ကမ္မဝါစံ၊ ဝါစာပေတွာ ဥပသမ္ပာဒေတိရုဟတိ ဥပသမ္ပဒါ၊ အပတ္တာ စီဝရာနံ ဥပသမ္ပဒါ သိဒ္ဓိဒဿန တော'(ဝဇီရဗုဒ္ဓိ) ဆံမရိတ်ဘဲ လူဝတ်ဖြင့် ရဟန်းခံရာ၌ ကမ္မဝါစာ၏သတ္တိကြောင့် ရဟန်းဖြစ်နိုင်ကြောင်း ဖော်ပြ ပါအတိုင်းအဆိုရှိသော်လည်း တစ်သာသနာလုံး အစဉ်အလာ ထုံးတမ်း မရှိခဲ့သဖြင့် အဆန်းထွင်၍ [illegible] ကြောင်း ဆရာသမားတို့ ဆုံးမတော်မူခဲ့ကြသည်။

# ကျောင်းနှစ်ကျောင်း၌ ဝါကပ်ခြင်း

**မေး**။ အရှင်ဘုရား

ကမ္မဋ္ဌာနာစရိယ ဆရာတော်တစ်ပါးသည် ပြီးခဲ့သော ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့က ညနေ ၃ နာရီတွင် အသစ်ဆောက်လုပ်လှူဒါန်းသော ကျောင်းတွင် ဝါဆိုပြီး ညနေ ၄ နာရီတွင် မိုင် ၁၀၀ ခန့်ဝေးသော အခြားမြို့က ၎င်း၏ မူလရှိပြီး ကျောင်းသို့ ကားဖြင့်ပြန်ကြွပြီး ထပ်မံဝါဆိုပါသည်ဘုရား။ တစ်ဝါတွင်း၌ နှစ်ကျောင်းတစ်ပြိုင်နက်ဝါဆိုသည်မှာ ဝိနည်းတော်အရ သင့်မသင့် ဖြေကြားတော်မူပါဘုရား။

မောင်အောင်သူ
တောင်သာမြို့နယ်။

**ဖြေ**။ သာသနာတစ်လျှောက်လုံး တစ်ဝါတွင်း၌ ကျောင်းအရာမ်နှစ်ခု၊ ကျောင်းတိုက်နှစ်တိုက်၌ ဝါဆိုရခြင်း မည်သည်မရှိ။ ကျောင်းတစ်ကျောင်း၌သာ ဝါဆိုရသည်။ ဘုရားလက်ထက်က သာကီဝင် မင်းသား ဥပနန္ဒသည် ကျောင်း ၂ ကျောင်း၊ ၃ ကျောင်း၌ တစ်ကျောင်းတွင် ဝါဆို၍ အခြားတစ်ကျောင်း၌ တောင်ဝှေးကို ထားခြင်း၊ အခြား တစ်ကျောင်း၌ ဖိနပ်ကိုထားခြင်း စသည်ဖြင့် နှစ်ကျောင်း သုံးကျောင်းလုံး အနေပြသည့်သဘောမျိုး ပြုလုပ်သည်။ ထိုအပြုအမူကို ဘုရားရှင် ကဲ့ရဲ့တော်မူကာ ကျောင်းတစ်ကျောင်း၌သာ အမြဲ ဝါဆို နေထိုင်သင့်ကြောင်း အကြောင်းအားလျော်စွာ ကိစ္စထူးရှိက ခုနစ်ရက်အတွင်း ဝါပန်၍ သွားနိုင်ခွင့်ရှိကြောင်း ပညတ်ရှိပါသည်။ အကြောင်းအားလျော်စွာ ပုရိမဝါပြတ်သွားက ဒုတိယပစ္ဆိမဝါကို တစ်နေရာ၌ ထပ်မံဝါကပ်သင့်ကြောင်းသာ ရှိပါသည်။ ပုဂ္ဂိုလ်တစ်ပါးတည်းဖြစ်လျက် နှစ်ကျောင်းဝါဆိုခြင်းမှာ လာဘ သက္ကာရ သိလောကမှုမျိုးသာဖြစ်၍ မပြုလုပ်အပ်ကြောင်း၊ အပြစ်မကင်း ကြောင်း မှတ်သားအပ်ပါသည်။

*

www.dhammaransi.com

## စာမတတ်သူ

**မေး**။ အရှင်ဘုရား။

တပည့်တော်မ ရိုသေစွာ လျှောက်ထားအပ်ပါသည်။တပည့်တော်မ အသက် ခုနစ်ဆယ်ကျော်သည် ဗုဒ္ဓဘာသာ မြန်မာစကားသာ တတ်ပြီး စာအရေးအဖတ်မတတ်ပါ။ တပည့်တော်မလိုလူတွေ တရားထိုင်လို့ရပါ သလား။ လူတွေ ဟောပြောနေတဲ့ ဝိပဿနာအဓိပ္ပာယ်ကို သိချင်ပါတယ်။ သာသနာတော်နဲ့ ကြုံရကျိုးနပ်ချင်ပါတယ်ဘုရား။ သနားသဖြင့် အမြန်ဆုံးဦးစားပေး ဖြေကြားပေးတော်မူပါဘုရား။ (ခုစာကို သားမှ တစ်ဆင့် ရေးလျှောက်ပါသည် ဘုရား။)

ဒေါ်အေး၊ လှိုင်ကော်။

**ဖြေ**။ စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ ကမ္မဋ္ဌာန်း ဆရာပြော

သမျှ နားထောင်ပြီး ခိုင်းသမျှ လုပ်တတ်၊ ကျင့်ကြံတတ်ဖို့သာ လိုပါသည်။ အသက်ပင် သေပေ့စေ ဆရာခိုင်းတာမှန်သမျှလုပ်မည်ဟု သဘောထား၍ အားထုတ်ကြသူတို့မှာ ပို၍ပင် တရားအမြင်မြန်ပါသည်။ အချို့စာတတ်၍ ငါသိလုပ်ကာ ဆရာပြောတိုင်း မလုပ်၍ ဉာဏ်အရောက်ပင် နှေးတတ်ပါသေးသည်။ ထို့ကြောင့် စာမတတ်သော်လည်း ကြုံရာတရားစခန်းတွင် ဝင်၍ အားထုတ်ကြည့်ပါ။ ပေါက်ရောက်နိုင်ပါသည်။ ဖြစ်နိုင်လျှင် ရန်ကုန်မင်္ဂလာဗျူဟာ အသင်းချုပ်မှ ကြီးမှူးကျင်းပပေးနေသည့် လယ်တီဆရာတော်ဘုရားကြီး၏နည်း အနာဂါမ်ဆရာသက်ကြီး၏တပည့်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း ဦးဆောင် ပြသနေသည့် ခုနစ်ရက်တရားစခန်းများသို့ လာရောက်၍ ဆက်သွယ် အားထုတ်သင့်ကြောင်း ဖြေကြားအပ်ပါသည်။

*

www.dhammaransi.com

## ရွတ်ဆိုသော ပရိတ်ဂါထာများ

**မေး**။ အရှင်ဘုရား။

တပည့်တော်သည် သမန္တာနိဒါန်းမှစ၍ ပုပ္ဗဏှသုတ်နိဂုံးအထိ သုတ် ပရိတ်တော်များကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ၂ကြိမ် ရွတ်ဖတ် ပူဇော်ပါသည်။ ထို့ပြင်အောက်ပါဘုရားရှင်တို့၏ ဂုဏ်တော်များကို လည်း သီကုံးဖွဲ့ဆိုထားသည့် ဂါထာများကို ရွတ်ဖတ်ပူဇော်ပါသည်။ (ဟုရေးသားပြီးနောက် ၎င်းရွတ်ဆိုသော ဂါထာများ၏ အစများကို တော်တော်များများ ရေးပြပြီး) အထက်ပါဂါထာများအား ရွတ်သင့် မရွတ်သင့် မြတ်မင်္ဂလာမှ ပြန်ကြားဖြေဆိုပေးတော်မူပါဘုရား။

မြတ်သူ၊ ရန်ကင်း။

**ဖြေ**။ ပရိတ်ကြီး ၁၁ သုတ်ကို နံနက်၊ ည အမြဲရွတ်ဆို ပူဇော်နေသည် ဆို၍ သာဓုခေါ်ပါသည်။ ထို့နောက် ဆက်၍ ရွတ်ဆိုရသော ဂါထာများ သုတ်များမှာ အချို့မရွတ်ဆိုသင့်သော လောကီ အစီအရင် များ ပါနေ၍ အောက်ပါတို့ကိုသာ ရွတ်ဆိုသင့်ပါသည်။ (၁) ဒိဝါတပတိ အာဒိစ္စော စသောဂါထာ၊ (၂) သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော-စသောဂါထာ၊ (၃) ခါရဏ ပရိတ်၊ (၄) ပရိမိတ္တဇာလသုတ်။

*

## မဟာမြတ်မုနိနှင့် အတူ သုံးဆူ

**မေး**။ အရှင်ဘုရား။

ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဘုရားရှင်၏ ရှင် ငွေ့တော်ဖြင့် သွန်းလုပ်ပူဇော်ခဲ့သော ယခုမန္တလေးမြို့ မဟာမြတ်မုနိ နှင့်အတူ သုံး ဝို သွန်းလုပ်ခဲ့သည်ဟု ကြားသိရဖူးပါသည်။ ထိုကျန်ရှိ

www.dhammaransi.com

သော သုံးဆူ၏ဘွဲ့တော်အမည်နှင့်တကွ သိတင်းသုံးရာ မြို့အမည်များကို စေတနာရှေ့ထား၍ ဖြေကြားပေးတော်မူပါဘုရား။

မောင်လင်းအောင်၊
မော်လမြိုင်မြို့

**ဖြေ**။ မဟာမြတ်မုနိဘုရားကြီးနှင့်အတူ သွန်းလုပ်ခဲ့သည်ဆိုသော ၃ ဆူမှာ သမိုင်းအရ- (၁) မဟာမုနိ(ယခု ရခိုင်ပြည်နယ် ကျောက်တော်မြို့ မူလမဟာမုနိနေရာတွင် သိတင်းသုံးသည်။ (၂) ရန်အောင်မြင် မုနိ(ယခု ဇလွန်မြို့တွင် သိတင်းသုံးသည် ပြည်တော်ပြန်ဘုရားဟု တွင်သည်။ (၃) ရွှေဘုံသာမုနိ(ယခု ပြည်မြို့တစ်ဖက်ကမ်း ပန်းတောင်းမြို့ နယ်ရှိ ရွှေဘုံသာစေတီတော်အတွင်း၌ ဌာပနာထားသည်။) ဤသို့ မှတ်သားသင့်ပါသည်။

*

## စေတီဟောင်းပြင်ဆင်ရာ၌

**မေး**။ အရှင်ဘုရား။

ရုပ်ပွားစေတီတော်ဟောင်း ပြင်ဆင်မှု အဆုံးအဖြတ်အရ ထိုရုပ်ပွားစေတီတော်ဟောင်းများတွင် ဌာပနာထားသည့် (မူလပင်ရင်းစေတီတော်မြတ်၏ ဘဏ္ဍာတော်) ရတနာရွှေငွေ ကျောက်သံပတ္တမြား အစရှိသော ပစ္စည်းတို့မှာ ရောင်းချထုခွဲ၍ ပြုပြင်ပြင်ဆင်နိုင်ခွင့် ရှိမရှိ သိလိုပါသည်ဘုရား။ ထို့အပြင် ဗုဒ္ဓအဆိုအမိန့်ဝိနည်းအရ ရဟန်းသံဃာတို့က ဦးစီးဦးဆောင်ပြုလုပ်၍ ရုပ်ပွားစေတီတော်ဟောင်းများ၌ ဌာပနာဖောက်ကောင်း၊ မဖောက်ကောင်း။ ရုပ်ပွားစေတီဟောင်း၏ ထီးသစ်၊ ထီးဟောင်းစသည်တို့ကို ရဟန်းသံဃာတို့က ဦးစီးဦးဆောင်ပြုလုပ်ပြင်ဆင်ရန် အလှူခံကောင်း၊ မကောင်း စသည်တို့အား (ဗုဒ္ဓဘာသာဝင်

အများအကျိုးအတွက်ပါ) သိရှိလိုပါ၍ မေးမြန်းလျှောက်ထားအပ်ပါသည်ဘုရား။

ဦးခင်မောင်မြ၊ သတင်းထောက်၊
ရေနံချောင်းမြို့။

**ဖြေ**။ အသောကမင်းကြီးသည် အဇာတသတ်မင်းမြှုပ်နှံသိမ်းဆည်းထားခဲ့သော ဓာတ်တော် မွေတော်တို့ကို ဖော်ထုတ်ပူဇော်သည်။ ထိုတွင် အဇာတသတ်မင်း ဌာပနာထားခဲ့သော ပတ္တမြားကြီး တစ်တုံးတွင် နောင်အခါ မင်းဆင်းရဲတို့သည် ဤပတ္တမြားကြီးကို ထုခွဲစီမံ၍ ဤဓာတ်တော်တို့ကို ပူဇော်စေသတည်းဟု ရေးထိုးခဲ့သော စာကို တွေ့ရကြောင်း ဆိုသည်။ အညာဒေသတွင် စေတီတစ်ဆူ ပြိုပျက်ရာ အချိန်တစ်ဆယ့်ခုနစ်ကျပ်သားရှိသော ငွေတုံးကြီးကိုတွေ့ရပြီး နောင်အခါတွင်ဤငွေတုံးကိုထုခွဲ၍ စေတီကိုပြုပြင်ပူဇော်ကြပါကုန်ဟု ရေးထိုးထားကြောင်း ကြားသိရဖူးသည်။ ဤသည်တို့ကို ထောက်၍ ဓာတ်တော် မွေတော်၊ ဥဒ္ဒိဿ စေတီတော်များမှအပ ရွှေငွေစသော ရတနာပစ္စည်း ဌာပနာတို့မှာ နောင် စေတီပျက်လျှင် ပြုပြင်ရန်အတွက် ပူးတွဲဌာပနာခဲ့ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် စေတီဟောင်း ပြင်ဆင်သူတို့သည် ဆရာတော်၊ သံဃာတော်တို့နှင့်တိုင်ပင်၍ ရတနာပစ္စည်းတို့ကို စီမံခန့်ခွဲသင့်ကြောင်း၊ ဆရာတော် သံဃာတော်တို့ကလည်း ကိုယ်တိုင်ပြုပြင်ခြင်းထက် ဩဝါဒပေး၍ ဒါယကာတို့အား စေခိုင်းသင့်ကြောင်း၊ ကိုယ်တိုင်အလှူခံခြင်းထက် နာယက၊ ဩဝါဒါစရိယနေရာမှနေ၍သာ စီမံသင့်ကြောင်း အကြံပေးလိုပါသည်။

✳

www.dhammaransi.com

## အရှင်ဒါရုစိရိယနှင့် အခြားပြဿနာများ

**မေး**။ အရှင်ဘုရား။

(၁) ထေရာပဒါန်ပါဠိတော် မြန်မာပြန်စာအုပ်ထဲမှ လက်ဝဲရံ ရဟန္တာမထေရ်စာရင်းတွင် ပါဝင်သော အရှင်ဒါရုစိရိယမထေရ်သည် လူ့အသွင်နှင့် ပရိနိဗ္ဗာန်စံသွားသော ဗာဟိယဒါရုစိရိယ ဖြစ်ပါသလား ဘုရား။

(၂) ဘုန်းကြီးကျောင်းတစ်ကျောင်းမှ အပြစ်တစ်စုံတစ်ရာရှိ၍ နှင်ထုတ်ထားသော(သို့မဟုတ် ထွက်ပြေးလာသော) ရဟန်း၊ သာမဏေ တစ်ပါးပါးအား အခြားကျောင်းတစ်ကျောင်းမှ လက်ခံသင့်ပါသလား။ လက်ခံရိုးထုံးစံ ရှိပါသလားဘုရား။

(၃) ရဟန်းသံဃာများနှင့် စကားပြောသည့်အခါ လူပုဂ္ဂိုလ်များက 'တင်ပါ' ဟု သုံးနှုန်းလေ့ရှိပါသည်။ ၎င်း 'တင်ပါ' ဆိုသော စကားဝေါဟာရ၏ အဓိပ္ပာယ်ကို ရှင်းလင်းပါရန် ရိုသေစွာ လျှောက်ထားပါသည်။

ဦးအောင်သန်း၊
အောင်လံမြို့။

**ဖြေ**။ (၁) ပရိက္ခရာရှာရင်း လူဝတ်ဖြင့် ပရိနိဗ္ဗာန်ပြုသွားရသော ဗာဟိယ ဒါရုစိရိယသည်ပင် လက်ဝဲရံ ရဟန္တာစာရင်းဝင် အရှင်ဒါရုစိရိယ ဖြစ်ပါသည်။ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ပြီး ခိပ္ပာဘိညဧတဒဂ်ရ မဟာသာဝက ဖြစ်ပါသည်။ ကမ္ဘာတစ်သိန်းအတွင်း သက်န်းပရိက္ခရာဖြင့် လှူဒါန်းချီးမြှောက်မှု မရှိခဲ့ဖူး၍ ဧဟိဘိက္ခု ရဟန်းမဖြစ်နိုင်သဖြင့် သက်န်းရှာဆဲတွင် ပရိနိဗ္ဗာန်စံခဲ့ရသည်ဟု ဆိုပါသည်။ သတိပြုသံဝေဂယူဖွယ်ပင် ဖြစ်ပါသည်။

(၂) ကျောင်းတိုက်ကြီးများ၌ မူလဆရာကိုယ်တိုင်၊ သို့မဟုတ် စာဖြင့် အပ်နှံမှသာ လက်ခံပါသည်။ ဤခေတ်သာသနာဝင်မှတ်တမ်း

www.dhammaransi.com

များတွင် ကျောင်းပြောင်းရွှေ့အပ်နှံမှုပုံစံနှင့် လက်မှတ်ထိုးရန်ပါသဖြင့် နှင့် ထုတ်ခံရသောရဟန်း ထွက်ပြေးလာသော ရဟန်းသာမဏေများ အတွက် ပြဿနာ ရှင်းပါသည်။

(၃) တင်ပါးဟူသော အသုံးအနှုန်းသည် ရဟန်းသံဃာများနှင့် စကားပြောသောအခါ လူပုဂ္ဂိုလ်များက မှန်ပါသည်ဘုရား၊ တင်ပါသည် ဘုရားဟု ဝန်ခံလျှောက်ထားသည့်နေရာတွင် သုံးလေ့ရှိသော စကား ဖြစ်သည်။ တင်ပါသည် ဘုရားဟုဆိုရမည်ကို တင်ပါဘုရားဟု ဆိုခြင်း ဖြစ်ပါသည်။ ကာလကြာ၍ တင်ပါးဘုရားဟု အသံထွက်နေပါသည်။ တင်ပါသည်ဘုရားဟု အပြည့်အဝ လျှောက်ထားတတ်ရန် လိုပါသည်။

*

## မဟာဝင်ဝတ္ထု

**မေး**။ အရှင်ဘုရား။

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှာ ဘီစီ ၇၇ မှ ၁၀၁ အတွင်း ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက် ကောဋ္ဌတိမ္ဗရအမတ်ကြီးသည် မိစ္ဆာဒိဋ္ဌိ ပေါင်းများစွာကို  သုတ်သင် တိုက်ခိုက်ပြီးနောက်တွင် ရဟန်းပြု၍ ရဟန္တာ ဖြစ်သွားသည်ဟု ဆိုပါသည်။ သည်နေရာမှာ မိစ္ဆာပေါင်း များစွာကို သတ်ခဲ့သော အမတ်ကြီးမှာ အပြစ်မရှိဘူးလား။ သတ်ခဲ့ သော အပြစ်များအတွက် ငရဲ မကျဘူးလား။

မောင်စန်းလင်း၊ သာကေတ။

**ဖြေ**။ ပါဏာတိပါတအမှုကို ပြုလုပ်ရာ၌ မိဘကို သတ်ခြင်း၊ ရဟန္တာ

ကိုသတ်ခြင်းစသော အနန္တရိယ ဂရုကံများကို ကျူးလွန်မိမှသာ ငရဲကျခြင်း စသည့်အပြစ်ရရန် မြဲပါသည်။ အခြားသတ်မှုများမှာ ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာတို့ဖြင့် ကာကွယ်နိုင်ပါသည်။ မပျောက် သည့်တိုင် အကုသိုလ် အကျိုးမပေးအောင် တားမြစ်နိုင်ပါသည်။

www.dhammaransi.com

လူပေါင်း တစ်ထောင်ကျော်သတ်ခဲ့သော အင်္ဂုလိမာလ ခိုးသူကြီးသည် မြတ်စွာဘုရားနှင့်တွေ့၍ ရဟန္တာဖြစ်သွားသည်ကို ထောက်ဆနိုင်ပါသည်။

*

## နတ်နဂါး၊ နတ်ဘီလူး

**မေး**။ အရှင်ဘုရား။

နတ်နဂါးနှင့် နတ်ဘီလူးတို့သည် နတ်စည်းစိမ်တမျှ ခံစားကြရပါသည်။ သို့သော် တိရစ္ဆာန်ဇာတ်မျိုး မကင်းပါ။ ထို့ကြောင့် ၃၁ ဘုံတွင် ၎င်းတို့ကို ဘယ်ဘုံ၌ ထည့်သွင်းရပါမည်နည်း။ မည်သည့်ကံအကျိုးပေးကြောင့် ဤဘဝမျိုး ရကြပါသနည်း။ နတ်နဂါးနှင့် နတ်ဘီလူးမည်သို့ ကွဲပြားခြားနားကြပါသနည်း။ ဘုံရော ခြားနားပါသလား။ မဂ်ဖိုလ်ကို ၎င်းတို့နှစ်မျိုးလုံး ရနိုင်ပါသလားဘုရား။

ဦးမောင်ဦး၊ တောင်ငူ။

**ဖြေ**။ ဟိမဝန္တာတောင်နှင့် ပင်လယ်သမုဒ္ဒရာတို့အတွင်းရှိ နဂါးများကို ရိုးရိုးနဂါးခေါ်၍ တောင်စဉ် ၇ ထပ်အတွင်း သီဒန္တရ၊ သီတာ ၇ တန်၌ နေသော နဂါးမျိုးကို နတ်နဂါးဟု ခေါ်သည်။ မြတ်စွာဘုရား၏ အောင်ခြင်း ၈ ပါး၌ပါသော နန္ဒောပနန္ဒနဂါးသည် ယင်းသီဒန္တရ၌ နေသော နတ်နဂါးမျိုးဖြစ်သည်။ ရိုးရိုးနဂါး၊ နတ်နဂါးအားလုံးပင် တိရစ္ဆာန်ဇာတိများဖြစ်၍ မဂ်ဖိုလ်ကို မရနိုင်ကြပါ။ ဘီလူးမှာလည်း လူပြည်တောတောင်တို့၌ရှိသောလူသားစားဘီလူးမျိုးတို့မှာအပါယ်ဘုံဘဝ၌ပဋိသန္ဓေနေသူများ ဖြစ်၍ တန်ခိုးလည်း မကြီး၊ မဂ်ဖိုလ်လည်း မရနိုင်ကြပါ။ သာတာဂီရိ၊ ဟေမဝတ၊ အာဠာဝကတို့ကဲ့သို့သော နတ်ဘီလူးများက စတုမဟာရာဇ်မျိုးနွယ်များဖြစ်၍ တန်ခိုးလည်းကြီးသည်။ မဂ်ဖိုလ်ကိုလည်း ရနိုင်ပါသည်။ ပဋိသန္ဓေစိတ်စသည်ဖြင့် အကျယ်ဖြေကြားသင့်သော်လည်း ပြဿနာအားလျော်စွာ သိသာရုံ အဖြေပေးရပါသည်။

*

## မြောက်သို့ ဦးခေါင်းတော်ပြု၍ ပရိနိဗ္ဗာန်ဝင်စံမှု

**မေး**။ အရှင်ဘုရား။

မြတ်စွာဘုရားသည် မြောက်အရပ်သို့ ဦးခေါင်းတော်ပြု၍ ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်းမှာ မြတ်စွာဘုရားတိုင်း၏ ဓမ္မတာဖြစ်ပါသလား။ တပည့်တော်တို့၏ ဘုရားတစ်ဆူတည်းသာ ဖြစ်ပါသလား။ သိလို ပါသည် ဘုရား။

ဦးခန္တီစာရ။

**ဖြေ**။ ဗုဒ္ဓဝင်တွင် မြတ်စွာဘုရားသည် ကုသိနာရုံ အင်ကြင်းစုံရှိ မလ္လာမင်းတို့ လာရောက်ထိုင်နေကျ အင်ကြင်းပင်အောက်၌ ခင်းထားသော ညောင်စောင်းတော်ကို အင်ကြင်းနှစ်ပင်အကြား မြောက်သို့ ခေါင်းရင်းပြုစေလျက် နေရာရွေ့ပြီး ခင်းစေသည်ဟု ဆိုပါသည်။ ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် လူ၊ နတ်၊ ဗြဟ္မာတို့ လာရောက်ဖူးမြော်သည့်အခါ နေရာကျယ်ကျယ်ဝန်းဝန်း ဖူးမြော်လွယ်အောင် အင်ကြင်းပင်တန်း ၏ အလယ်ကျကျနေရာ၌ မြောက်သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် ဝင်စံခြင်း ဖြစ်သည်။ သို့သော် ဘုရားရှင်တိုင်း၏ ဓမ္မတာ မဟုတ်။ အခြေအနေအရ ကျင့်သုံးသွားသော ဂေါတမမြတ်စွာဘုရားတစ်ဆူတည်း၏ကိစ္စသာ ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ပါဏာတိပါတကံမှာ စေတနာသုံးပါး ပါမပါ

**မေး**။ အရှင်ဘုရား။

ဒါနပြုရာ၌ ပုဗ္ဗ၊ မုဥ္စ၊ အပရ စေတနာသုံးပါးလုံး ကုသိုလ်ဖြစ်သကဲ့သို့ ပါဏာတိပါတ သူ့အသက်သတ်ရာ၌ ယင်းကဲ့သို့သော စေတနာ သုံးပါးလုံး အကုသိုလ် ကမ္မပထမြောက်ပါသလားဘုရား။

www.dhammaransi.com

ရှင်းရှင်း ဆို သော် ပါဏာတိပါတ၌ ပုဗ္ဗ၊ မုဥ္စ၊ အပရ စေတနာသုံးပါးလုံး အကုသိုလ် ဖြစ်၊ မဖြစ် သိလိုပါသည်ဘုရား။

မြတ်သူမွန်၊ ရွှေမြိုင်။

**ဖြေ**။ သတ္တဝါကို သတ်ဖြတ်ရာ၌ များစွာသော ပယောဂတို့တွင် ဇီဝိတိန္ဒြေကို ဖြတ်တတ်သော နောက်ဆုံးပယောဂဖြစ်သော သန္နိဋ္ဌာပနက မည်သည့် သတ္တမဇောစေတနာ၌သာ ကံထိုက်ပါသည်။ ထိုနောက်ဆုံး ပယောဂဖြစ်သော သန္နိဋ္ဌာပနက သတ္တမဇောစေတနာ ဇော သို့မရောက်မီကာလ၌ သတ်အံ့ဟု ကြံသောစိတ်ကိုလည်းကောင်း၊ သေပြီးသည့် နောက်ကာလမှဖြစ်သော စိတ်ကိုလည်းကောင်း ကမ္မပထ မြောက်သော ပါဏာတိပါတကံ၌ မသွင်းယူအပ်ပါ။ လွယ်လွယ်ပြောရ သော် ဒါနကုသိုလ် စသည်တို့ကဲ့သို့ ပါဏာတိပါတအကုသိုလ်နေရာ၌ ပုဗ္ဗစေတနာ၊ အပရစေတနာ အကုသိုလ် ဟူ၍မရှိ။ သတ်ဆဲ၊ သေဆဲ၌ သာ အကုသိုလ် ကမ္မပထဖြစ်ပါသည်။

*

# ကန္ဒြေ

**မေး**။ ကန္ဒြေ၏အဓိပ္ပာယ်သည် အစိုးရခြင်းဟု သိရသော်လည်း မရှင်း လင်းသောကြောင့် ရှင်းလင်းအောင် ဖြေကြားတော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ဦးမောင်ဦး
(တောင်ငူ)

**ဖြေ**။ ကန္ဒြေဟူသော မြန်မာစကားမှာ ပါဠိတွင် ကန္ဒြိယ (ကန္ဒ + ကာယ) (န) အစိုးရခြင်း၊ ကိုယ်၊ နှုတ် စသော အမူအရာ၊ စက္ခု စသော ကန္ဒြေဟု ဆိုပါသည်။ ထိုတွင် အစိုးရခြင်းအနက်မှတစ်ပါး အခြား အနက်များအရ ရှင်းလင်းသိသာနိုင်စရာ ရှိပါသေးသည်။ ထို့ပြင်

ဣန္ဒြိယဂုတ္တ (ပ) ဣန္ဒြေကို စောင့်စည်းသောသူ၊ ဣန္ဒြိယဂုတ္တိ၊ (ဣ) ဣန္ဒြေကို စောင့်စည်းခြင်း၊ ဣန္ဒြိယဂုယှ (န) ဣန္ဒြေကိုယူတတ်သော အာရုံစသော ဆက်တွဲအနက်များ ဖြစ်ပါသည်။ ထိုအနက်များကို ထောက်ရှုပါက ပိုမိုရှင်းလင်းနိုင်လောက်ပါသည်။

*

## လယ်တီဆရာတော်နှင့် သင်္ဂါယနာ

**မေး**။ အရှင်ဘုရား။

သရက်အောင်မင်္ဂလာ အရှင်ပညာစက္ကက 'မြို့ရွှေမန်း ထက်တန်း စာသင်သည်၊ သင်္ဂါယနာတွင် ကထာရွတ်ပြန်လို့'ဟု လယ်တီဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိ တေးထပ်တွင် ရေးသားပါသည်။ မည်သည့် သင်္ဂါယနာတွင် ရွတ်ပြန်ကြောင်း ဖြေကြားတော်မူပါဘုရား။

မနန္ဒမာလာ(ဖောင်းပြင်)

**ဖြေ**။ လယ်တီဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကထာတွင် ဆရာတော်ဘုရားကြီး စာသင်သားဘဝက မန္တလေးမြို့၊ စံကျောင်းတိုက်တွင် နေခဲ့ကြောင်း၊ မင်းတုန်းမင်းတရားကြီး၏ ပဉ္စမသင်္ဂါယနာသဘင်တွင် ကထာဝတ္ထုကျမ်းကို ရွှေနန်းတော်တွင်း၌ နှုတ်တက်ရွရွပြန်ဆိုခဲ့ကြောင်း ပါရှိပါသည်။

*

## ရဟန်းနှင့် သူနာပြုဆရာမ

**မေး**။ အရှင်ဘုရား။

ရဟန်းတော်များ ဆေးရုံ၊ ဆေးခန်းများသို့ တက်ရောက်ကုသရာ၌ ဆရာဝန်မ၊ သူနာပြုဆရာမများက သွေးစမ်းခြင်း၊ သွေးချိန်ခြင်း၊ ဆေးထိုးခြင်း စသည်ပြုရာ ၎င်းတို့နှင့် ရဟန်းတော်များ ထိတွေ့ကြမြဲ

ဖြစ်ပါ သည်။ ထိုကိစ္စ၌ ရဟန်းတော်များ အာပတ်သင့်မသင့်၊ အပြစ်ရှိမရှိ သံသယရှိပါသဖြင့် ဖြေရှင်းပေးတော်မူစေလိုပါသည်ဘုရား။

တပည့် ယောသိတ
သံတွဲ၊ ရခိုင်ပြည်နယ်။

**ဖြေ**။ ဝန္တနဝတ္ထုသ္မိံ ကုတ္ထိပါဒေ သမ္မာဟိတွာ ဝန္ဒိတုကာမာ ဝါရေတဗ္ဗာ၊ ပါဒါဝါ ပဋိစ္ဆာဒေတဗ္ဗာ နိစ္စလေန ဝါ ဘဝိတဗ္ဗံ၊ နိစ္စလဿ ဟိ စိတ္တေန သာဒိယတော အနာပတ္တိ။ (ဝိ၊ ဋ ၁၊ ၁၇၂) ရှိခိုးသောဝတ္ထု၌ မာတုဂါမ တစ်ယောက်က ရဟန်း၏ခြေကို ဆုပ်ကိုင်၍ ရှိခိုးသည်ကို တားမြစ်ရမည်။ ရဟန်းက ခြေကိုသော်လည်း ဖုံးထားရမည်။ ဆုပ်ကိုင်ထိတွေ့၍ ရှိခိုးနေလျှင် မတုန်မလှုပ် (မလှုပ်မရှားနေ၍) သော်လည်း နေရမည်။ (ထိုအခိုက်၌) သာယာမှုရှိသော်လည်း အာပတ်မသင့်ဟု အဋ္ဌကထာက ဖွင့်ဆိုထားသဖြင့် ခြေထောက်ကို ဆုပ်နယ်၍ ရှိခိုးနေသော မာတုဂါမလက်မှလွတ်ရန်၊ ရုန်းကန် လှုပ်ရှားသော်လည်း လွတ်မြောက်ရန်သာ လုံ့လထုတ်ခြင်းဖြစ်၍ အပြစ်မရှိဟု ဆိုပေသည်။ ထိုအချက်ကို သတိပြု၍ ဆွမ်းခံရာ၌ သပိတ်ကပ်ခြင်း၊ ပေးလှူခြင်းတို့၌ လက်ချင်း ထိသောအရာ၊ ပရိသတ်ထဲ၌ အမှတ်မဲ့လက်ကို ဆန့်တန်းရာတို့၌ မာတုဂါမ၏ကိုယ်အင်္ဂါကို ထိသောအရာ၊ မိန်းကလေးကို ယောကျ်ားလေး မှတ်၍ ကိုင်မိသောအရာတို့၌လည်း ထိုနည်းအတူပင် ဖြစ်သည်။ ယခု ခေတ် ဆေးရုံ၊ ဆေးခန်းတို့၌ အမျိုးသမီးဆရာဝန်မ၊ သူနာပြုဆရာမတို့ သွေးစမ်းခြင်း၊ ဆေးထိုးခြင်း စသည်တို့၌လည်း ရဟန်းက မလှုပ်မရှား ခံယူခြင်း၊ မလှုပ်မရှားခံယူရာ၌ စိတ်က သာယာမှုရှိသည့်တိုင်အောင် အပြစ်အာပတ်မရှိဟု မှတ်သားရပါသည်။ သာယာသောစိတ်ဖြင့် ကိုယ် လက်လှုပ် ရှားခြင်း၊ မိမိ (လူနာရဟန်း)က သွားရောက်ထိကိုင်ခြင်းမျိုးများမပြုမိ အောင် အထူးပင် သတိပြုသင့်ပါသည်။

## ခွားမအလှူ*

**မေး**။ အရှင်ဘုရား။

တပည့်တော်တို့ အဒေါ် ရွာတွင် လူတစ်ဦးသည် ကထိန်ရောက်တိုင်း ပဒေသာပင်တွင် ခွားမတစ်ချောင်း လှူလေ့ရှိပါသည်။ ထိုသူကဲ့သို့ တပည့်တော်လည်း ခွားမလှူချင်ပါသည်။ ခွားမသည် လက်နက် ကိရိယာ ဖြစ်ပါသောကြောင့် သံဃာတော်တို့အား လှူဒါန်းပါလျှင် လှူဒါန်းသူတို့ မှာ အပြစ်ရှိမရှိ သိချင်ပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

မောင်သန်းဇော်ဦး

ဒသမတန်း(၁)

အ-ထ-က (၃) ရွှေပြည်သာ။

**ဖြေ**။ သံဃာတော်တို့တွင် လဟုဘဏ်ပစ္စည်း၊ ဂရုဘဏ်ပစ္စည်းဟု ၂ မျိုးရှိရာ၊ ခွားမ၊ ပုဆိန်၊ ပေါက်ပြား၊ တူးရွင်း စသည်တို့မှာ ဂရုဘဏ်ပစ္စည်း၊ (ဂရုဘဏ္ဍ) လေးသောဥစ္စာ၊ အလေးပြုအပ်သည်ဖြစ်၍ မခွဲဝေအပ် သော ပစ္စည်းတို့သည်လည်း ဂရုဘဏ်ပစ္စည်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်သုံး၊ ကိုယ်ပိုင်သုံးပစ္စည်းမျိုး မဟုတ်၊ ကျောင်းသုံးပစ္စည်းဖြစ်၍ ပုဂ္ဂိုလ်သုံး ထီး၊ ဖိနပ်၊ သင်္ကန်း စသည်တို့ထက်ပင် ပိုမိုလေးစားအပ်ပါသည်။ ထို့ကြောင့် ခွားမ စသည်တို့ကို လှူဒါန်းခြင်းမှာ ဂရုဘဏ်ပစ္စည်းအလှူဖြစ်၍ ပိုမို မွန်မြတ်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## ရှင်ဥပဂုတ္တ ရဟန္တာ

**မေး**။ အရှင်ဘုရား။

မထေရဝါဒ မြတ်ဗုဒ္ဓသာသနာ၌ တောင်သမုဒ္ဒရာ ကြေးပြာသာဒ်တွင် စံသည့် ရှင်ဥပဂုတ္တမထေရ်၏ တကယ်ရှိမရှိ သိချင်ပါသည်။ အချို့သော စာစောင်မှာ ရှိသည်ဟု ဆိုသည်။ အချို့က မရှိဘူးဟု ဆိုသည်။

ဘယ်ဟာက မှန်၍ ဘယ်ဟာက မှားသည်ဟုဆိုတာ ရှင်းလင်းစွာ ဖြေကြားပေးတော်မူပါဘုရား။

ခင်မောင်စိုး(ဂွမြို့)။

**ဖြေ**။ အရှင်ဥပဂုတ္တသည် သာသနာတော်နှစ်၊ နှစ်ရာကျော်အချိန်

အသောကမင်းလက်ထက်၌ ပေါ်ပေါက်ခဲ့ကြောင်း၊ မာရ်နတ်ကို ဆုံးမနိုင်သည်အထိ တန်ခိုးကြီးမားကြောင်း စာရှိပါသည်။ အချို့က ယခု အထိပင် တောင်သမုဒ္ဒရာ၌ ရှိနေကြောင်းယုံကြည်နေကြသည်။ သို့သော် အသက်တစ်ရာတမ်းဖြစ်သော ဤခေတ်တွင် အသက်နှစ်ရာအထိ ရှည်နိုင်သူ မရှိကြောင်း ဘုရားဟောရှိ၍ အရှင်ဥပဂုတ္တသည်လည်း ဤခေတ်အထိ သက်ရှိထင်ရှား မရှိတော့ပါ။ သို့သော် မြတ်စွာဘုရား မရှိသော်လည်း မြတ်စွာဘုရား၏တန်ခိုးတော်များ ထင်ရှား ရှိနေသကဲ့သို့ အရှင်ဥပဂုတ္တ မထေရ် ရဟန္တာမြတ်မရှိသော်လည်း ထိုရဟန္တာမြတ်အား ကိုးကွယ်ခြင်းဖြင့် အကျိုးထူးတရားများ ပွားများနိုင်ကြောင်း၊ ယုံမှားမရှိသိသာထင်ရှား လှသဖြင့် ကိုးကွယ်ဆည်းကပ်လေးမြတ်ပူဇော်အပ်လှပါကြောင်း ဖြေကြားလိုက်ပါသည်။

*

## ကြယ်ကြွေခြင်းလော

**မေး**။ အရှင်ဘုရား။

ညအခါ ကောင်းကင်တွင် မီးရှူးလွှတ်သကဲ့သို့ အလင်းတန်းများကို တွေ့ရသည်။ လူကြီးများက ကြယ်ကြွေသည်ဟု ခေါ်သည်။ သိပ္ပံစာအုပ်များတွင် ဥက္ကာပျံများဟု ခေါ်သည်။ မည်သည်က မှန်ပါသလဲ။ လူကြီးများ၏အဆိုအရ ကြယ်ကြွေလျှင်မည်သို့ ဖြစ်တတ်ပါသလဲဘုရား။ အချို့ကလည်း နတ်များနတ်သက်ကြွေ၍ လူ့ပြည်သို့ ဆင်းသည် ဟု ဆို ကြသည်။ ဖြေရှင်းပေးပါဘုရား။

မင်းစောထွန်း၊ ဖျာပုံမြို့။

www.dhammaransi.com

**ဖြေ**။ ကျယ်ဝန်းသော ကောင်းကင်ပြင်၌ လေဓာတ်တို့ ပြင်းထန်၍ အလင်းရောင်များဖြစ်ကာ အတုံးအခဲများ ကျရောက်သည်ကို အဝေးမှ နေရောင်ဖြင့် အလင်းတန်းများသဖွယ် မြင်ရခြင်းကို ဥပါပျံ သည် ဟု ရှေးက ခေါ်ဆိုရေးသားကြသည်။ ဥက္ကာပျံသည်ဟုလည်း ဆို၏။ ၎င်းကို အတိတ်နိမိတ်အဖြစ် ယူသော် မကောင်းမွန်ရာ၌ အဓိပ္ပာယ် ဆိုကြသည်။ ဥပမာ မင်းများ နတ်ရွာစံခြင်းမျိုး၌ ဥက္ကာ ကျ ခြင်းများဖြစ်ကြောင်း ရာဇဝင်တို့မှာ ပါသည်။ "အနိစ္စရောက်လိုသော် ဥပါလှည်းဘီးခန့် ကျ၏။"(ဦးကုလား ပ၊ ၁၄၇)၊ ပါဠိအဋ္ဌကထာများ တွင် "ဧဝရူပေါ စန္ဒဂ္ဂါဟော ဘဝိဿတိ၊ ဧဝရူပေါ သူရိယဂ္ဂါဟော ဘဝိဿတိ၊ ဧဝရူပေါ နက္ခတ္တဂ္ဂါ ဟော ဘဝိဿတိ၊ ဧဝရူပေါ ဥက္ကါပါ တော ဘဝိဿတိ၊ ဧဝရူပေါ ဒိသာဍာ ဟော ဘဝိဿတိ ဣမေပဉ္စ မဟာဥပ္ပါတာ" (ဇာဋ္ဌ ၁၊ ၃၉၆)ဟု ဥပါပျံခြင်း ငါးမျိုးရှိကြောင်းဆိုသည်။

*

## အက္ခရာနှင့် ဘာသာ

**မေး**။ အရှင်ဘုရား။

ဤစာစောင်တွင် ပိဋကတ်တော်ကို အရှင်မဟာဗုဒ္ဓဃောသ သည် အိန္ဒိယတောင်ပိုင်းအက္ခရာဖြင့် မာဂဓဘာသာသို့ပြန်ဆိုရေးသား သည် ဟု ဖြေကြားထားပါသည်။ (၁) အိန္ဒိယတောင်ပိုင်းအက္ခရာနှင့် မာဂဓ ဘာသာ မည်သို့ ဆက်စပ်ပါသလဲဘုရား။ မာဂဓနှင့် ပါဠိတို့ လည်း မည်သို့ ဆက်စပ်ပါသလဲဘုရား။ ၎င်းပြင် ပုဂံခေတ်တွင် မွန် ဘာသာအက္ခရာရေး ပိဋကတ်တော်ကို မြန်မာအက္ခရာဖြင့် ဖလှယ်ခဲ့ ကြောင်း ဖြေကြားခဲ့ပါသည်။ (၂) မြန်မာအက္ခရာနှင့် ဖလှယ်ခဲ့ပါလျှင် မြန်မာပြန်များ ဖြစ်နေပါလားဘုရား။ ယနေ့ခေတ် ဆဋ္ဌမူ ပါဠိပိဋကတ် တော်မှာ မည်သည့်ခေတ်တွင် မည်သည့်ပုဂ္ဂိုလ်တို့က စတင်ပြုစုခဲ့ပါ

www.dhammaransi.com

သလဲဘုရား။ တပည့်တော်များ ရှင်းလင်းသွားအောင် ဖြေကြားပေးတော်မူပါဘုရား။

ဦးမြင့်ဆွေ၊ ဦးညဏ်ထွန်း၊ ဒေါ်တင်ရီ၊
သံဖြူဇရပ်မြို့။

**ဖြေ**။ ပြဿနာရှင်များအနေဖြင့် အက္ခရာနှင့် ဘာသာကို ကွဲကွဲပြားပြား မှတ်သားဖို့ လိုပါသည်။ အက္ခရာသည် စာလုံးများဖြစ်၍ ဘာသာသည် နှုတ်ထွက်စကားသံ ဖြစ်ပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော နှုတ်တော်ထွက်တရားစကားတော်မှာ မာဂဓတိုင်းသုံး စကားသံ မာဂဓဘာသာဖြစ်၍ ၎င်းကို ပိဋကတ်တော်၌ ပါဠိဘာသာဟု ဆိုပါသည်။ မြတ်စွာဘုရား၏ တရားစကားတော်များကို အိန္ဒိယတောင်ပိုင်း အက္ခရာဖြင့် အရေးပြုပါသည်။ ပါဠိဘာသာမှာ အက္ခရာအထူး မရှိပေ။ အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာ၊ မွန် မည်သည့်အက္ခရာဖြင့်ရေးရေး အသံထွက် မှန်ကန်စွာ ရပါသည်။ မြန်မာဘာသာကို အင်္ဂလိပ်အက္ခရာဖြင့် ရေး၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာကို မြန်မာအက္ခရာဖြင့် ရေး၍ လည်းကောင်း အသံမှန် မရနိုင်ပါ။ ပါဠိဘာသာကား မည်သည့် အက္ခရာဖြင့်ရေးရေး အသံထွက်မှန်စွာ ရနိုင်ခြင်းမှာ ပါဠိဘာသာ၏ အံ့ဩဖွယ် ဂုဏ်ထူးဝိသေသပင် ဖြစ်ပါသည်။ ပါဠိဘာသာကို မြန်မာ အက္ခရာဖြင့် ဖလှယ်ခဲ့သဖြင့် မြန်မာပြန်များ မဖြစ်၊ မြန်မာပိဋကတ် တော်များသာ ဖြစ်လာပါသည်။ ယင်းမြန်မာအက္ခရာဖြင့် ပါဠိတော် များကို ခေတ်အဆက်ဆက်နိဿယ (ပါဠိတစ်ချက် မြန်မာတစ်ချက်) ပြန်ခဲ့သည့် ပါဠိတော် နိဿယများကို အမှီပြု၍ ဆဋ္ဌသင်္ဂါယနာခေတ် တွင် မြန်မာဘာသာသက်သက် မြန်မာပြန်များ ရိုက်နှိပ်ခဲ့ကြောင်း သိထားသင့်ပါသည်။

*

# စာအုပ်ကို ရှိခိုးခြင်း

**မေး**။ အရှင်ဘုရား။

စာအုပ်ကို ဦးနှိမ်ကျိုးလို့၊ ရှိခိုးကြလူရှင်။
ဓမ္မစေတီရည်ရွယ်ထား၊ ဖြစ်ပွားကုသိုလ်ရသည်ဟု၊
စိတ်က မှတ်ထင်။
စာအုပ်တိုင်း စေတီသွင်၊ ဦးတင်က ဘယ်သို့။
ဓမ္မ ပူဇေမိ၊ ရရှိနိုင် ခါမရွေးတယ်၊
အရေးဘယ့်နှယ်မှတ်ရမယ်၊ ဆုံးဖြတ်ပါလို့။

ရှင်မာခွေး၊ မကွေး။

**ဖြေ**။ မြတ်ဗုဒ္ဓါ ဟောဖော်ကြား၊ တရားမြတ်ပါဠိတော်။

ရိုက်နှိပ်ထား၊ များပြားစာပေအုပ်တို့ကို၊ ဒူးတုပ်ကာ ဦးနှိမ်ချ၊ များလှသူတော်။

ဓမ္မ ပူဇေမိ၊ အသိစေတနာနှင့်၊ ဝန္ဒနာ ပဏာမကြောင့်၊ ကုသလ ရွှင်ပျော်ပျော်၊ ပူဇော်သင့်လူတိုင်း။

တွေ့ကရာ စာအုပ်များကို၊ ဝပ်တွားလျှင် ကုသိုလ် မရပါဘု၊ ဓမ္မ မှန်မမှန် တွေး၍၊ လေးမြတ်ညွတ်ကိုင်း။

*

# အာဝါဟ ဝိဝါဟ မင်္ဂလာ

**မေး**။ အရှင်ဘုရား။

ဤခေတ်တွင် မင်္ဂလာဆောင်သည်ကို အာဝါဟ မင်္ဂလာ၊ ဝိဝါဟ မင်္ဂလာ ပြုသည်ဟု ခေါ်ဆိုကြပါသည်။ သတို့သားအိမ်တွင် မင်္ဂလာဆောင်ခြင်း၊ သတို့သမီးအိမ်တွင် မင်္ဂလာဆောင်ခြင်းတို့နှင့် ဟိုတယ်စသည်တို့၌ မင်္ဂလာဆောင်ခြင်းများရှိရာ မည်သည်ကို မည်သို့ခေါ်သည်ကို သိလိုပါသဖြင့် ဖြေကြားတော်မူပါဘုရား။

ဒေါ်စုစု (မင်္ဂလာဒုံ)။

www.dhammaransi.com

**ဖြေ**။ အာဝါဟ ဝိဝါဟဆိုသည်မှာ မင်္ဂလာဆောင်ရာဌာနကို စွဲ၍ခေါ်သည် မဟုတ်ပါ။ တိုက်ရိုက်အဓိပ္ပာယ်မှာ အာဝါဟမင်္ဂလာ သတို့သမီးကို သတို့သားထံသို့ ပို့ဆောင်သောမင်္ဂလာ၊ ဝိဝါဟမင်္ဂလာ သတို့သမီးထံသို့ သတို့သားက သွား၍တောင်းယူသော မင်္ဂလာဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဤခေတ် မင်္ဂလာဆောင်ခြင်းတို့၌ တိုက်ဆိုင်၍ သင့်လျော်သလို ယူဆနိုင်ကြောင်း ဖြေကြားအပ်ပါသည်။

*

## စည်းချရွတ်ဆိုရာ အရပ်မျက်နှာ

**မေး**။ အရှင်ဘုရား။

တပည့်တော်သည် နေ့စဉ်ဘုရားရှိခိုးမေတ္တာပို့ပြီးလျှင်အရပ်ဆယ်မျက်နှာ စည်းချပါသည်။ စည်းချရာ၌ မိမိထိုင်ရာနေရာမှ ရှေ့တည့်တည့်မျက်နှာမူရာကို အရှေ့၊ ကျောဘက်ကို အနောက် စသည်ဖြင့် ဆိုလေ့ရှိပါသည်။ ဤသို့မဟုတ်ဘဲ နေထွက်ရာအရပ်ကို အရှေ့၊ နေဝင်ရာအရပ်ကို အနောက်စသည်ဖြင့် ဆိုသင့်ကြောင်း ပြောကြပါသည်။ ဘယ်ဟာက အမှန်ဖြစ်ကြောင်း မည်သို့ရွတ်ဆိုသင့်ကြောင်း ဖြေကြားပြတော်မူပါဘုရား။

နီလာလွင်၊ ကျိုက်ထိုမြို့။

**ဖြေ**။ အရပ်မျက်နှာတို့ကိုမှတ်၍ ဆိုရာ၌ မြင်းမိုရ်တောင်၏အရှေ့မျက်နှာ၊ တောင်မျက်နှာ၊ အနောက်မျက်နှာ၊ မြောက်မျက်နှာတို့ကို မှတ်၍ဆိုကြောင်း အာဋ္ဌာနာဋိယသုတ်၌ လာ၏။ စည်းချခြင်း၊ မေတ္တာပို့ခြင်းတို့၌ နေထွက်ရာ၊ နေဝင်ရာစသည်တို့ကို အရှေ့အနောက်စသည်မှတ်၍ ဆိုရကြောင်း စာပေတို့တွင် လာ၏။ ထို့ကြောင့် စည်းချရာ၌ နေထွက်ရာ နေဝင်ရာတို့ကို အရှေ့၊ အနောက် စသည် မှတ်၍ ရွတ်ဆိုခြင်းသည်သာ အမှန်ဖြစ်ကြောင်း မှတ်သားရပါသည်။

www.dhammaransi.com

## ဘုရားပေါ်တက်၍ သန့်ရှင်းရေးလုပ်ခြင်း

**မေး**။ အရှင်ဘုရား။

တပည့်တော်တို့သည် အတောင် ၂၀ အမြင့်ရှိသော မတ်ရပ်တော် ဘုရားကြီး၏ ဦးခေါင်းတော်ပေါ်သို့ တက်၍ အမှိုက်ရှင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မျက်နှာသစ်ခြင်းများ ဘုရားကြီးအား ခွင့်တောင်း၍ ပြုပါသည်ဘုရား။ လှေကားထောင်ခြင်း၊ ငြမ်းဆင်ခြင်းပြုလုပ်ရန်မရ၍ အသက်စွန့်ပြီး ကုသိုလ်ဒါနလုပ်၍ လှူဒါန်းရပါသည်ဘုရား။ ဘယ်လိုကုသိုလ်ဒါနမျိုးလဲ၊ ဘယ်လိုအကျိုးရမလဲ သိလိုပါ၏ဘုရား။ အပြစ်ရှိ၊ မရှိ သိလိုပါ၏ဘုရား။

နိုင်ဝင်းဘို၊ ကျိုက်လတ်မြို့။

**ဖြေ**။ ဤကဲ့သို့ ဘုရားပေါ်တက်၍ သန့်ရှင်းရေးလုပ်ခြင်းသည် အလွန်ကောင်းသော ကုသိုလ်ပြုမှုတစ်မျိုးပင် ဖြစ်ပါသည်။ အသက်ကို ပဓာနမထား ကြိုးစား၍ ကုသိုလ်ပြုသဖြင့် ထူးမြတ်သော အကျိုးရှိပါသည်။ အသက်ကိုစွန့်၍ လုပ်သဖြင့် ပရမတ္ထဒါနပါရမီဟုပင် ဆိုရန်ရှိပါသည်။ အပြစ်ရှိဖွယ် မမြင်ပါ။ ဘဒ္ဒကာပိလာနီအလောင်း အမျိုးသမီးသည် စေတီတော်၏အထွတ်သို့တိုင် တက်၍ ရွှေချခြင်းအမှုကို ပြုလုပ်ခဲ့သည်ဆိုရာ အမျိုးသမီးများပင် တက်ရောက်လှူဒါန်းဖူးကြသည်ဟု စာတွင် လာပါသည်။ မြတ်စွာဘုရားရုပ်ပွားတော်အား ရောင်တော်ဖွင့်ခြင်းဖြစ်သဖြင့် အကျိုးအသချေ်ပင် ဖြစ်ပါကြောင်း ဖြေကြားလိုက်ပါသည်။

*

## ကျောင်းတိုင်း မနေခြင်း စသည်

**မေး**။ အရှင်ဘုရား။

စာအုပ်တစ်အုပ်တွင် 'ဝိနည်းလေးစားသော ရဟန်းတို့သည် ကျောင်းတိုင်း၌ မနေ၊ စေတီတိုင်း ဦးမချကြ'ဟု ဖတ်ရှုရပါသည်။ ရဟန်း

www.dhammaransi.com

တို့ မနေအပ်သော ကျောင်း၊ ဦးမချအပ်သော စေတီများကို အကျိုး အကြောင်းနှင့်တကွ ဖြေကြားပေးပါရန်၊ ထို့ပြင် သက်တော် ၈၀၊ ပါ တော် ၆၀ ရ ဆရာတော်တစ်ပါး ပျံလွန်တော်မူလျှင် ကြွင်းကျန်သော ရုပ်ကလာပ်ကို သက်ရှိထင်ရှားရှိနေသောရဟန်းတော်များက ဦးချ ရှိခိုးထိုက်၊ မထိုက်ကိုလည်း ဖြေကြားပေးပါရန် ရိုသေစွာ လျှောက် ထားပါသည်။

ဦးဝင်းသိန်း၊ ပုလော။

**ဖြေ**။ ဝိနည်းမလေးစားသော ရဟန်းတို့သည် ကျောင်းများ၊ ဘုရားများ ကို မိမိကိုယ်တိုင် ငွေကြေးကို ကိုင်ခဲ၍ ဆောက်လုပ်တည်ထား တတ်သည်။ ထိုကျောင်း စသည်များသည် နိဿဂ္ဂိပါစိတ်အာပတ်ကို သင့်စေနိုင်သည်။ ထိုကျောင်းစသည်များသည် ထိတွေ့နေထိုင်သူအဖို့ ငွေကို ကိုင်သည်နှင့် အတူပင် ဖြစ်သဖြင့် ဝိနည်းလေးစားသောပုဂ္ဂိုလ် များက မနေထိုင်၊ မထိကိုင်ကြတော့ပါ။ ဆရာတော်တစ်ပါး ပျံလွန် တော်မူလျှင် သက်မဲ့ခန္ဓာကိုယ်၌ သီလမရှိတော့ပါ။ ထို့ကြောင့် ပျံလွန်က သက်မဲ့ရုပ်ကလာပ်ကို ရဟန်းများ ဦးချရှိခိုးမှုမပြုခြင်း ဖြစ်သည်။ သို့ သော် မိမိဆရာသမားဖြစ်လျှင်ကား ဆရာ၏ဂုဏ်ကို အာရုံပြု၍ ဦးချ ရှိခိုးမှုပြုရန် ထိုက်ပါသည်။

*

## လက်ယာရစ်၊ လက်ဝဲရစ်

**မေး**။ အရှင်ဘုရား။

လက်ယာရစ်ကို မည်သို့ရစ်၍ လက်ဝဲရစ်ကို မည်သို့ရစ်ရပါသလဲ ဘုရား၊ ထိုနှစ်မျိုးကို ရှင်းလင်းအောင် ဖြေပြတော်မူပါဘုရား။

မိုးသီဟ၊ ဖျာပုံမြို့။

**ဖြေ**။ နာရီလက်တံလှည့်ပတ်၍ သွားသကဲ့သို့ ရစ်ခြင်း၊ (ဝါ) လက်ယာ (ညာ)လက်ကို အတွင်းက ထား၍ ရစ်ခြင်းကို လက်ယာရစ် လှည့်သည်ဟု ခေါ် ဆိုပါသည်။ ပဒက္ခိဏံကတွာ၊ လက်ယာရစ်လှည့်သည်ကို ပြု၍ (လက်ယာလက်ကို အတွင်းက ထား၍) လှည့်သည်ကိုပြု၍ဟု စာရှိပါသည်။

*

## အရက်ထည့်၍ ချက်သောဟင်း

**မေး**။ အရှင်ဘုရား။

တပည့်တော်သည် မူးယစ်စေတတ်သော အရာများကို စားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော ကံကို မမေ့မလျော့သောစိတ်ဖြင့် သတိကြီးစွာ စောင့်ထိန်းခဲ့ပါသည်။ အရက်သေစာကို သိသောစိတ်ဖြင့် လုံးဝမသောက်သုံးခဲ့ပါ။ သို့သော် အရက်ကို ဟင်းထဲ ထည့်၍ ချက်သောအသားများကို အရက်ဖြင့် နယ်၍၊ ကြော်၍၊ ကင်၍ စားသောက်သော် ထိုသုရာမေရယကံအား ချိုးဖောက်ရာကျပါသလော။ စိတ်မလုံမလဲဖြစ်၍မစားသောက်ဘဲဖြစ်နေပါသည်ဘုရား။ ကြော်လှော် ချက်ပြုတ် စားသောက်ရာ၌ အရက်ကို သုံးလျှင် ငါးပါးသီလ ကျိုးပေါက်ပါသလားဘုရား။

မောင်ကျော်ငွေး၊ ရန်ကုန်။

**ဖြေ**။ သုရာပါနသိက္ခာပုဒ်အဖွင့်၌ 'သူပသံပါကေ၊ အရက်ကို အနည်းငယ်ထည့်၍ ချက်သောဟင်း၌။ အနာပတ္တိ၊ ရဟန်းတို့အား အာပတ်မသင့်။ မသသံပါကေ၊ အရက်ကိုအနည်းငယ်ထည့်၍ ချက်သောအမဲ၌။ အနာပတ္တိ၊ အာပတ်မသင့်။ တေလသံပါကေ၊ ဆီနှင့်ရော၍ ချက်သည်၌။ အနာပတ္တိ၊ အာပတ်မသင့်' စသည်ပြင့် ဖွင့်ဆိုထားသဖြင့် အရက်၏အဆင်း၊ အနံ့၊ အရသာ ပျောက်အောင် ရော၍ ချက်

www.dhammaransi.com

ပြုတ်သော ဟင်း၊ ဆေး စသည်ကို စားသောက်ရာ၌ ရဟန်းတို့အား အာပတ်အပြစ်မရှိသလိုပင် လူတို့အားလည်း အပြစ်မရှိသည်ကို မှတ်သားသင့်ပါသည်။ ဝိနည်းတော်၌ လောဏ သောဝီရကဆေး ဟူ၍ရှိရာ ပြင်းသောအရက်တွင် စပါးမျိုးများ၊ အမဲသားငါးများ အိုးဖြင့်ထည့်၍ ဖော်မံပြီးမြေတွင် ၃ နှစ်မြှုပ်၍ ၃ နှစ်ပြည့်လျှင်ဖော်၍အရည်ကိုသောက်ခြင်း၊ အဖတ်ကို စားခြင်းဖြင့် လေးဖက်နာ စသောရောဂါများ ပျောက်ကြောင်း ပါရှိသည်။ ထိုကဲ့သို့ အရက်ကို ဆေးဖော်၍ပင် သောက်အပ်သည်ကို မှတ်သား၍ အရက်၏ အဆင်း၊ အနံ့၊ အရသာ ပျက်အောင် ပြုထားသော စားဖွယ်၊ ဆေး စသည် အပ်ကြောင်း မှတ်သားအပ်ပါသည်။

*

## ဝိဿာသဂ္ဂါဟ

**မေး**။ အရှင်ဘုရား။

ဆရာတော်တစ်ပါး ပျံလွန်တော်မူရာ တပည့်တစ်ပါးက ကျောင်းကို တောင်းလိုက်ပါသည်။ မည်သို့မျှမပြောနိုင်ဘဲ ပျံလွန်သွားရာ ထိုတောင်းသောရဟန်း ကျောင်းရ၊ မရ၊ သိလိုပါသည်။ အခြားရဟန်းများက မရဟု ဆိုရာ၌ အငြင်းအခုံ ဖြစ်နေကြပါသည်ဘုရား။

ငြိမ်းမောင်မောင်၊ မန္တလေး။

**ဖြေ**။ ဝိဿာသ၊ အကျွမ်းဝင်ခြင်းကြောင့်၊ ဂါဟ၊ ယူခြင်း၊ ဝါ၊ ယူအပ်သော ပစ္စည်းကို ဝိဿာသဂ္ဂါဟ ဟုဆို၏။ ထိုဝိဿာသဂ္ဂါဟယူရာ၌(၁)သန္ဒိဋ္ဌ၊ မိတ်ဆွေဖြစ်ခြင်း၊ ဝါ၊ သမ္ဘတ္တမိတ်ဆွေဖြစ်ခြင်း၊ ဝါ၊ မိမိ ဥစ္စာကို အလိုရှိသောအခါ ယူပါဟု ပြောဆိုခွင့်ပြုဖူးခြင်း၊ (၂) ဥစ္စာရှင်က အသက်ရှိသေးခြင်း၊ (၃) ယူသည့်အတွက် ဥစ္စာရှင်က ဝမ်းမြောက်နှစ်သက်ခြင်း ဤအင်္ဂါ ၃ ပါးနှင့်ပြည့်စုံလျှင် ယူမှု အထမြောက်၏။

www.dhammatransl.com

ရနိုင်၏။ ဤအင်္ဂါ ၃ ပါးနှင့်မပြည့်စုံလျှင် အထမမြောက်ပါ။ မရနိုင်ပါ။ ဤအချက်တွင် ဆရာတော်က မည်သို့မျှမပြောနိုင်ဘဲ ပျံလွန်တော်မူသွားရာ၌ နံပါတ် ၃ အင်္ဂါပြည့်မပြည့် မသိနိုင်ပါ။ ဥစ္စာရှင်ဆရာတော်က အလွန်နှမြောတတ်သူဖြစ်လျှင် ထိုနံပါတ် ၃ အင်္ဂါ ပြည့်စုံနိုင်ခဲ့သည်။ မပြည့်စုံလျှင် အပေးအယူမမြောက်ဘဲ မတသန္တက သံဃိက ဖြစ်သွားနိုင်ပါသည်။ အငြင်းအခုံဖြစ်နေသည်ဆိုလျှင် မတသန္တက သံဃိက ဆုံးဖြတ်ရဖို့ များပါသည်။

✳

## ပါဏာတိပါတ

**မေး**။ အရှင်ဘုရား။

တပည့်တော်တို့ ငါးပါး၊ ရှစ်ပါးသီလခံယူသောအခါ၌ ပါဏာတိပါတာ= သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှဟု ဆိုပါသည်။ ထိုသို့ သူတစ်ပါးအသက်သတ်ခြင်းဟုဆိုရာတွင် မှက်၊ ခြင်၊ ယင်၊ သန်း၊ ကြမ်းပိုး၊ ခြ၊ ပုရွက်ဆိတ် စသော အကောင်များ ပါဝင်ပါသလား ဘုရား၊ ပါသည် မပါသည်များကို ရှင်းလင်းစွာ ဖြေကြားတော်မူပါဘုရား။

သဇင်ခိုင်၊ လသာမြို့နယ်။

**ဖြေ**။ ခုဒ္ဒက ပါဌ အဋ္ဌကထာတွင် 'ပါဏာတိပါတော တိဧတ္တ တာဝပါဏောတိ ဇီဝိတိန္ဒြိယပ္ပဋိဗဒ္ဓါ ခန္ဓသန္တတိ၊ တံ ဝါ ဥပါဒါယ ပညတ္တော သတ္တော' စသည်ဖြင့် ဖွင့်ဆိုထားပါသည်။ သက်ရှိမှန်သမျှ သေးသေးငယ်ငယ်၊ ပုရွက်၊ ပိုးရွ မကျန် သတ္တဝါမှန်သမျှ မသတ်ရပါ။ သတ္တဝါလည်း မှန်စေ၊ သတ္တဝါဟုလည်း သိစေ၊ သေစေလိုသောစိတ်လည်း ရှိစေ၊ သေရန် လှုံ့လပြုသည်လည်းဖြစ်စေ၊ သေလည်း သေစေ။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံလျှင် ပါဏာတိပါတ ဖြစ်ပါသည်။

www.dhammaransi.com

✳

## မဟောသဓ အဘယ်ကြောင့် နဂါးဖြစ်

**မေး**။ အရှင်ဘုရား။

အလောင်းတော်ပညာရှိ၊ ကဝိမြတ်မဟော်သဓာ။

ထိုဘဝ၊ ပြောင်းက အပါယ်ရပ်၊ ဘူရိဒတ်ဆို နဂါးဖြစ်သတဲ့၊ စိစစ်လျှင် မယုံစရာပ၊ မြတ်ဆရာ ဖြေဆိုရေး၊ မေးရတော့တာ။

ပြဿနာ၊ ဖြေပါတော့ရှင်ဘုရား။

မဟော်ဇာတ်မှ ဘူရိဒတ် ဘယ်ကြောင့်ဖြစ်ရတယ်၊ ရွေးစစ်ဖြေကြား။

မောင်ကျော်သူ၊ သထုံ။

**ဖြေ**။ ဇာတ်ဆယ်ဘွဲ့၊ ဖြစ်ခဲ့သည့်ခြင်းရာ။

ဘဝစဉ်မြတ်ဘုရား၊ ဟောကြားဖြစ်တော်ဇာတ်ဟု၊ စွဲမမှတ်ရာ။

ရာကျော်ရှိ ဇာတ်ဂါထာ၊ တစ်ဇာတ်မှာထက် တစ်ဇာတ်များ။

မဟော်ထက်၊ ဇာတ်ကွက်တွင် ဂါထာများတာကြောင့်၊ တရားဂါထာစဉ်ဖြင့်၊ သင်္ဂါယနာတွင် ဤနှယ်ထားခဲ့တယ်၊ မှား မှတ်ပယ်ရှား။

*

## မနုဿသီဟ

**မေး**။ အရှင်ဘုရား။

ဘုရားစေတီတော်တွင် မနုဿသီဟ ရုပ်တုထားရှိခြင်းမှာ ဘယ်ခေတ်၊ ဘယ်အချိန်၊ ဘယ်မင်းလက်ထက်၊ ဘယ်သို့သောအကြောင်းကြောင့် ထားရှိရကြောင်းကို သိလိုပါသည်ဘုရား။ သိသာထင်ရှားအောင် ဖြေဆိုရှင်းလင်းစေလိုပါသည်ဘုရား။

ဦးကေဝလ၊ အောင်ဆန်းမြို့။

**ဖြေ**။ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်သော သာသနာ ၂၃၅၊

အသောကမင်းလက်ထက်တွင် မြန်မာနိုင်ငံ၊ သုဝဏ္ဏဘူမိအရပ်

www.dhammaransi.com

သို့ အရှင်သောဏ၊ အရှင်ဥတ္တရတို့ သာသနာပြုကြွကြသည်။ ထိုစဉ်က သုဝဏ္ဏဘူမိမင်းနေပြည် ဘုရင်နန်းတော်သို့ ရက္ခိုသ်ဘီလူးများ ဝင်၍ မိဖုရားကြီး သားဖွားတိုင်း သားကို လုယူစားသောက်သွားလေ့ရှိသည်။ သာသနာပြုရဟန္တာအရှင်များက ရက္ခိုသ်တို့ လာသောအခါ ၎င်းတို့ထက် သာလွန်ကြီးမားသော မနုဿသီဟ လူခေါင်းနှင့် ခြင်္သေ့နှစ်ကိုယ်တွဲပုံ ဖန်ဆင်း၍ လိုက်လံသဖြင့် ရက္ခိုသ်များ ထွက်ပြေးသွားကြောင်း အဆိုရှိသည်။

ထိုအခါမှစ၍ မနုဿသီဟရုပ်ကို ထန်းရွက်များတွင်ရေး၍ လူများ ဦးခေါင်းတွင် ထိုးစိုက်ပူဇော်ကြောင်း လာရှိသည်။ သုဝဏ္ဏဘူမိမြို့ တောင်ထိပ်ထက်တွင် ၎င်းမနုဿသီဟရုပ်တုကို ကျောက်တို့ဖြင့် ပြုလုပ်တည်ထားကြောင်း သုဝဏ္ဏဘူမိမြို့ကို ရက္ခိုသ်များ မနှောင့်ယှက်တော့ကြောင်း လာရှိသည်။ ထိုရုပ်တုမှာ ယခုတိုင်ရှိကြောင်း သာသနာလင်္ကာရစာတမ်း (ကျမ်း ၁၁၉၂ ခုနှစ်၊ နန်းတက်ကုန်းဘောင် ဘကြီးတော်မင်းလက်ထက်ပြု) စာတွင် ပါရှိလေသည်။ (သုဝဏ္ဏဘူမိမှာ ယခု သထုံမြို့ဟောင်းဖြစ်သည်ဟု မှတ်သားရပါသည်။)

*

## ကန်တော့ခြင်း

**မေး**။ အရှင်ဘုရား။

အချို့သော ဆရာတော်များ၏ သီလပေး၊ ကန်တော့ခန်း၊ ဘုရားရှိခိုးစာအုပ်များတွင် ရတနာသုံးပါးကိုသာ ရှိခိုး၍ အနန္တော အနန္တငါးပါး အပါအဝင် မိဘဆရာသမားတို့အား အဘယ်ကြောင့် ရှိခိုးကန်တော့ခြင်း မပါပါသလဲ ဘုရား။

ဗိုလ်ဟိန်း၊ အင်းဝမြို့။

www.dhammaransi.com

**ဖြေ**။ 'ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ ရတနာသုံးပါး တို့အား အရိုအသေအလေးအမြတ်'စသည့်ဩကာသကန်တော့ ခန်းတွင် ရတနာသုံးပါးသာ ပါသည်။ မိဘ၊ ဆရာသမား စသည် မပါ သည်မှာ ရတနာသုံးပါးအား ကန်တော့လျှင် မိဘ၊ ဆရာသမား၊ အဘိုး အဘွား၊ အစ်ကို၊ အစ်မ၊ ကြီးသူမြတ်သူတို့အား ပြစ်မှားမိသမျှ အပြစ်တို့ ပါ ကျေပျောက်နိုင်သည်။ ထို့ကြောင့် ရတနာသုံးပါးကိုသာ ထည့်ထား ခြင်း ဖြစ်ပါသည်။ မိမိသည် အိမ်၌ မိဘများ၊ မိမိထက်ကြီးသူ အစ်ကို၊ အစ်မ စသည်များ၊ ရပ်ထဲ၊ ရွာထဲရှိ ကြီးသူများကို ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးဖြင့် တစ်နေ့မဟုတ်တစ်နေ့ စိတ်ဆိုးခြင်း၊ စိတ် ကောက်ခြင်း၊ ဒေါသထွက်ခြင်းတို့ဖြင့် မပြစ်မှားမိသောနေ့မရှိ။ ပြစ်မှား မိမည်။ ထိုအခါ ထိုပြစ်မှားမိသမျှတို့ကို ထုတ်ဖော်၍ နှုတ်မြွက် ထည့်ဆို မနေနိုင်။ စိတ်ထဲမှ သတိရ၍ ရတနာသုံးပါးကန်တော့ရာ၌ ထည့်သွင်း ကန်တော့မိရန် အရေးကြီးလှပါသည်။ ထို့ကြောင့် ရှေးဆရာတို့သည် လိုရင်းကိုသာ ထည့်ထားရခြင်းဖြစ်ကြောင်း သတိပြုစရာပင်။

*

## ကာမေသုမိစ္ဆာစာရ အကုသိုလ် ကျေပျောက်ရန်

**မေး**။ အရှင်ဘုရား။

ကဿပဘုရားရှင် ပွင့်တော်မူစဉ်အခါက သူတစ်ပါးမယား၌ ပြစ် မှားလွန်ကျူးသော သူဌေးသားလေးယောက်တို့သည် လောဟကုမ္ဘီငရဲ ၌ အနှစ်တစ်သောင်းခြောက်ထောင် ခံရသည်ဟု ကြားဖူးပါသည်။ ထို သို့ ပြစ်မှားလွန်ကျူးမိသောအခါ၌ ၎င်းအကုသိုလ်ကံကို ပြေပျောက်နိုင် ရန် အခြားကုသိုလ်ကံများနှင့် အစားထိုးကုစား၍ ရ၊ မရ သိသာအောင် ဖြေကြားပေးတော်မူပါဘုရား။

မောင်ဇာနည်ထွန်း
ပျဉ်းမနား

www.dhammaransi.com

**ဖြေ**။ ကာမေသုမိစ္ဆာစာရနှင့် ငါးပါးသီလပါဒုစရိုက်များ ကင်းပျောက်၍ ငရဲသို့ မကျရောက်နိုင်ရန် တရားနာခြင်း၊ တရားအားထုတ်ခြင်းဖြင့် တစ်မဂ် တစ်ဖိုလ်ရအောင် အားထုတ်နိုင်ဖို့ အရေးကြီးပါသည်။ အနည်းဆုံး သောတာပတ္တိမဂ်ဖိုလ်ကိုရမှသာ အပါယ်ဘေးမှ စိတ်ချရပါသည်။ သို့မဟုတ်က စိတ်မချရပါ။ အနည်းဆုံး မိမိလွန်ကျူးမိသည်တို့ကို နောင်တရ၍ ငါးပါးသီလကို ထပ်မံခံယူပါ။ ထို့နောက် ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိကို ထပ်ခါထပ်ခါဆိုပါ။ နောင်တွင် ဤကိစ္စမျိုး လုံးဝမဖြစ်စေရဟု အဓိဋ္ဌာန်ပြုကာ ကုသိုလ်ကောင်းမှုများကို အဆက်မပြတ် ပြုလုပ်ပါ။ ထိုသို့ ပြုလုပ်နေလျှင် ထိုကာမေသုမိစ္ဆာစာရကံ တဖြည်းဖြည်းအားသေး၍ ကုသိုလ်ကံ အကျိုးပေးတို့၏ ကြားတွင် မြုပ်ကွယ်သွားနိုင်စရာရှိကြောင်း ရှေးရှေးဆရာတော်ကြီးများ ဟောပြောတော်မူကြသည်ကို ကြားရဖူးပါသည်။

*

## ဝါသ်ဆောက်တည်မှု

**မေး**။ အရှင်ဘုရား။

သံဃာတော်များ ဝါသ်ဆောက်တည်နေစဉ် ကာလအတွင်း၌ အခြားကျောင်းတစ်ကျောင်းမှ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သံ သဲ့သဲ့မျှကြားရုံဖြင့် ပျက်သည်ဆိုသည်မှာ ဟုတ်ပါသလား။ မည်သို့သောအကြောင်းအရာများသည် ဝါသ်ဆောက်တည်နေခြင်းကို ပျက်စေပါသနည်း။ ဖြေကြားတော်မူပါဘုရား။

မဆွေကလျာ၊ ကူမဲမြို့။

**ဖြေ**။ ဝါသ်ဆောက်တည်နေသော သံဃာများသည် ဝါသ်ဆောက်တည်နေဆဲကာလ (ပရိဝါသ် ဆောက်တည်နေချိန်၊ မာနတ်ဆောက်တည် ကျင့်သုံးနေချိန်) အတွင်း အခြားသံဃာတစ်ပါးပါး၏

အဆင်း၊အသံတို့ကို မြင်ရ၊ ကြားရလျှင် မြင်ရာ ကြားရာသို့ သွားရောက်၍ ဝါသ်ကို လျှောက်ထားရသည်။ နှုတ်မြွက်သံ မဟုတ်၊ ခြေသံ၊ ထီးဖွင့်သံ၊ ဖိနပ်သံများကို ကြားလျှင်လည်း ထို့အတူပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းတစ်ကျောင်း နေရာတစ်နေရာ၌ ဝါသ်ဆောက်တည်နေလျှင် ထိုကဲ့သို့ အသံများ မကြားရအောင် ကြိုတင်၍ လျှောက်ကြားထားရန် လိုအပ်ပါသည်။

*

## တကျက်ရာဘုရား၏ မိဖုရားအမည်

**မေး**။ အရှင်ဘုရား။

တပည့်တော်တို့ဆီမှ အဘိုးတစ်ဦးက သာရမဏ္ဍကမ္ဘာမှာ ပွင့်တဲ့ တကျက်ရာ မြတ်စွာဘုရား၏ အလောင်းတော်ဘဝက ကြင်ဖက်တော်ကို ဖြေဆိုနိုင်လျှင် ဆုချမည်ဟု ဆုငွေထုတ်ထားပါသည်ဘုရား။ ထို့အပြင် တကျက်ရာဘုရားကို လူပျိုဘုရားဟုလည်း ထိုအဘိုးက ဆိုထားပါသည်။ ကျမ်းနှင့် စာမျက်နှာပါ ထောက်ပြ၍ ဖြေကြားပေးတော်မူပါဘုရား။

ရှင်သုမန၊ လှည်းတန်း၊ မုံရွာမြို့။

**ဖြေ**။ ဗုဒ္ဓဝင်တွင် ဂေါတမမြတ်စွာဘုရား ဗျာဒိတ်ခံယူခဲ့သောဘုရားမှစ၍ သာရမဏ္ဍကမ္ဘာတွင် ပွင့်သည့် ဘုရားလေးဆူအထိ နောက်ဆုံးဖြစ်သောဘုရားမှ ဒီပင်္ကရာမြတ်စွာဘုရား ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဗုဒ္ဓဝင်၌ ဒီပင်္ကရာဘုရားမှစ၍ ဟောထားပါသည်။ ဒီပင်္ကရာမြတ်စွာဘုရားမှအစ ဂေါတမမြတ်စွာဘုရားအဆုံး၊ နှစ်ဆယ့်လေးဆူသော မြတ်စွာဘုရားတို့၏ ဗောဓိပင်၊ အသက်တော်၊ အမိအဖ၊ ဇနီးကြင်ရာ၊ သားတော်၊ လက်ဝဲရံ လက်ယာရံ၊ သာဝက၊ သာဝိကာ စသည်တို့ကို အပြည့်အစုံ ဟောထားပါသည်။ ဒီပင်္ကရာ၏ ရှေး၊ တကျက်ရာ၊ မေဓင်္ကာ

ရာ၊ သရဏာက်ရာ ဘုရားသုံးဆူတို့၏ ဆိုင်ရာတို့ကို မဟောခဲ့ပါ။ ထို့ကြောင့် ထိုဘုရားဆိုင်ရာ ဇနီးကြင်ရာ၊ သားတော်၊ လက်ဝဲရံ လက်ယာရံတော် စသည်တို့ကို မသိနိုင်ပါ။ သို့သော် မြတ်စွာဘုရားတိုင်းပင် ဇနီးကြင်ရာနှင့် သားတော်များ ရှိကြပါသည်။ ဘုရားတိုင်းပင် ပဋ္ဌပရိစ္စဂဖြစ်သောဇနီး၊ သားသမီး၊ တိုင်းကြီး၊ ဥစ္စာရတနာတို့ကို စွန့်၍ တောထွက်ကြရမြဲ ဖြစ်သဖြင့် လူပျိုဘုရားဟူ၍ မရှိပါ။ ထို့ကြောင့် 'ဗောဓိကုက္ကိုညောင်ထိုထိုတွင် လူပျိုဘုရားမရှိပြား' ဟု ရှေးဆရာတို့ ဆိုထားကြပါသည်။

✳

## လူပုဂ္ဂိုလ်နှင့် ဥဒ္ဒိဿမံသ

**မေး**။ အရှင်ဘုရား။

တပည့်တော် မိတ်ဆွေတစ်ဦးထံ အလည်သွားရာ ထိုမိတ်ဆွေက ကြက်သားဟင်းဖြင့် ထမင်းကျွေးသည်။ သူက ရဲရဲသာစား သူငယ်ချင်း ကြက်သားက ပွဲသကူသား ဖြစ်တယ်။ အပြစ်ကင်းပါတယ် ဟု ပြောပါသည်။ ရည်ရွယ်၍ သတ်သောအသားမဟုတ်ဟု ဆိုလိုကြောင်း နားလည်ပါသည်။ ထိုနှင့်စပ်၍ တပည့်တော်တို့ လူပုဂ္ဂိုလ်များကို ရည်၍ သတ်သောအသားကို စားလျှင် အပြစ်ရှိပါသလား။ ရဟန်းများတော့ မစားကောင်းဟု ကြားဖူးပါသည်။ ဖြေကြားပေးတော်မူပါဘုရား။

ဦးကောင်းမြတ်၊ ပဲခူး။

**ဖြေ**။ ရဟန်းတို့၌ ဥဒ္ဒိဿမံသခေါ် ရည်၍ သတ်သောအသားကိုသိလျက်၊ မြင်လျက်၊ ယုံမှားရှိလျက် စားလျှင် အပြစ်ရှိသည်။ ဥဒ္ဒိဿမံသဆိုသည်မှာ မိမိအတွက် ရည်ရွယ်သတ်သော အသားမျိုးဖြစ်သည် ရဟန်းတော်များအဖို့ ထိုအသားကို မိမိအတွက် ရည်၍ သတ်ကြောင်း သိလျှင်၊ မြင်လျှင်၊ ကြားသိလျှင် ယုံမှားသံသယရှိလျှင် မစားရပေ။ စားလျှင် ဝိနည်းတော်အရ အာပတ်သင့်တော့သည်။

www.dhammaransi.com

လူပုဂ္ဂိုလ်များ၌ကား ထိုကဲ့သို့ ဥဒ္ဒိဿမံသအတွက် အပြစ်မရှိပေ။ မိမိကိုယ်တိုင်သတ်ခြင်း၊ သတ်မည်ဆိုသည်ကို သဘောတူခြင်း၊ သတ်ရန် တိုက်တွန်းခြင်း၊ နှိုးဆော်ခြင်း၊ အရိပ်အမြွက်ပြခြင်းမျိုးကိုသာ မလုပ်သင့်ပေ။ ၎င်းမှ လွတ်လျှင်ကား မိမိအတွက် သတ်သည်ဟု မြင်ကြားသင်္ကာရှိစေကာမူ စား၍ အပြစ်မရှိပါ။ ဒုကနိပါတ် ဗာလောဝါဒ ဇာတ် (ဇာဋ၊ ၂၊ ၂၇၉)တွင် ဘုရားလောင်းရသေ့အား စွပ်စွဲလိုသော သူဌေးတစ်ဦးက ဆွမ်းကပ်သည်။ ဆွမ်းကပ်ပြီးနောက် ယခုသင်စားသော အသားသည် သင့်အတွက် ငါကိုယ်တိုင်သတ်၍ ချက်အပ်သော ဥဒ္ဒိဿမံသ ဖြစ်သည်။ သင်သည် ထိုအသားကို စားသောကြောင့် အပြစ်ရှိသည် မဟုတ်လောဟု ဆိုသည်။ ထိုအခါ ဘုရားလောင်းက ပုတ္တဒါရမ္ပိ စေဟန္တွာ ဟူသောဂါထာဖြင့် သီလမရှိသော သူသည် သားမယားကိုသော်လည်း သတ်၍ (ထိုအသားဖြင့်) အလှူပေးငြားအံ့။ ခန္တီ မေတ္တာစသည်နှင့် ပြည့်စုံသောသူသည် ထိုကိုရည်၍ သတ်သောအသားကို သိ၊ ကြား၊ ယုံမှားလျက် စားပင် စားငြားသော်လည်း မကောင်းမှုသည် လိမ်းကျံကပ်ငြိခြင်းမရှိပေဟု ဟောတော်မူထားလေသည်။ ထို့ကြောင့် လူတို့အဖို့ ဥဒ္ဒိဿမံသ(ရည်၍သတ်သောအသား)ကိုသိ၊ ကြား၊ ယုံမှားလျက် စားပင်စားသော်လည်း အပြစ်မရှိဟု မှတ်သားသင့်ပေသည်။

*

## အရုဏ်မတက်မီ ဆွမ်းတော်တင်ခြင်း

**မေး**။ အရှင်ဘုရား။

အရုဏ်မတက်မီ ဘုရားဆွမ်းတော်တင်သင့်၊ မတင်သင့်။ တင်မိပါက မည်သည့် အပြစ်ရှိပါသလဲဘုရား။ ဖြေဆိုတော်မူပေးပါဘုရား။

မအေးအေး

ဥဿာမြို့သစ်၊ ပဲခူးမြို့

www.dhammaransi.com

**ဖြေ**။ အရုဏ်တက်ချိန်ကို လက်တွေ့သိရှိရန်မှာ နံနက်နေထွက်ချိန် အရှေ့အရပ်တွင် နေထက်ဝက်ပေါ်သောအခါ နာရီကို မှတ်ပါ။ ထိုနေ ထက်ဝက်ပေါ် ချိန်ကို နေထွက်ချိန်ဟု မှတ်သားပြီး ထိုအချိန် မတိုင်မီ သာမန်တစ်နာရီအလိုသည် အရုဏ်တက်ချိန် ဖြစ်ပါသည်။ တစ်နေ့ကြည့်ထားပြီးလျှင် နောက်နေ့မှစ၍ အရုဏ်တက်ချိန်ကို တိကျစွာ သိနိုင်ပါပြီ။ ထို့နောက် ၃ ရက်လျှင် (စက်နာရီဖြင့်) တစ်မိနစ် အတိုး အလျှော့ကို မှတ်၍ အရုဏ်ကို ဆုံးဖြတ်ပါ။ နံနက်အရုဏ်ဆွမ်းကို အရုဏ်မတက်ဘဲ မတင်ရပါ။ အရုဏ်မတက်ဘဲတင်လျှင် အရုဏ်ဆွမ်း မဖြစ်ဘဲ ညဆွမ်းဖြစ်နိုင်သဖြင့် အပြစ်ရှိပါသည်။ မိမိဥပုသ်စောင့်ထားလျှင်လည်း အရုဏ်တက်မှသာ စားသောက်နိုင်ပါသည်။ တန်ခူးလပြည့်နေ့တွင် နံနက် ၅ နာရီတိတိ အရုဏ်ယူ၍ ၃ ရက်တစ်မိနစ် တိုးပါ။ ပြာသိုလပြည့်တွင် နံနက် ၅ နာရီခွဲ အရုဏ်ယူ၍ ၃ ရက် တစ်မိနစ် လျှော့ပါ။ သာမန်အရုဏ်ချိန် ရပါသည်။ သို့သော် သာမန်မှတ်သားချက် မဟုတ်။ အတိအကျ မဖြစ်နိုင်သဖြင့် 'အရုဏ်ကို တိုး၊ မွန်းတည့်ကို လျှော့' ဟူသော ရှေးစကားအတိုင်း လိုက်နာဖို့ လိုပါသည်။

*

## ဆွမ်းတော်တင် စားအပ် မစားအပ်

**မေး**။ အရှင်ဘုရား။

၂၀၀၁ ခုနှစ်၊ ဇွန်လ အမေးအဖြေတွင် ဆွမ်းတော်တင်စားခြင်းနှင့် ပတ်သက်၍ ဘုရားဝေယျာဝစ္စပြုသူ ဖုန်းတောင်းယာစကာများသာ စားအပ်သည်ဟု ဆိုခဲ့ပါသည်။ တပည့်တော်မသည် ဘုရားကို ဆွမ်းတော်တင်သည့်အခါ ဆွမ်း၊ ဆွမ်းဟင်းမှစ၍ ဘာပဲလျှူလျှူ မိမိတတ်နိုင်သည့်ပန်းကန်အနေအထားနှင့် အလှုံ့ပယ်လှူရ၊ တန်းရမှ စိတ်ကျေနပ်ပါသည်။ ဝမ်းသာမိပါသည်။ စွန့်ချိန်တန်လျှင် စွန့်ပြီး စားခဲ့မိပါသည်

www.dhammaransi.com

ဘုရား။ ဘာပစ္စည်းပဲလှူလှူ စွန့်၍ စားခဲ့ခြင်းသည် ကြီးလေးသော အပြစ်၊ ဖြစ်မဖြစ် ဖြေကြားပေးတော်မူပါဘုရား။

မြစန္ဒာ၊ ရွှေပြည်သာ။

**ဖြေ**။ မြန်မာရာဇဝင်၌ ပုဂံပြည် အနော်ရထာမင်းကြီးသည် သထုံပြည့်ရှင် မနူဟာမင်းကို ပုဂံပြည်သို့ ဖမ်းယူ ခေါ်ဆောင်လာသည်။ ထို့နောက် မနူဟာမင်းသည် စကားပြောတိုင်း ခံတွင်းမှ စက်ရောင် တပြောင်ပြောင်ထွက်နေသည်။ ထိုအခါ အနော်ရထာမင်းကြီး ထိတ်ထိတ်လန့်လန့် ဖြစ်ရသည်။ ပညာရှင်များ၏ အကြံပေးချက်အရ ဆွမ်းတော်တင်ကိုချ၍ ပွဲတော်တည်စေရကြောင်း၊ ဆွမ်းတော်တင်ကို စားမိမှ မနူဟာမင်းခံတွင်းမှ စက်ရောင်ပျောက်ကွယ်ကြောင်း ဆိုပါသည်။ အမှန်မှာ ဆွမ်းတော်တင် အသန့်အပြန့် မဟုတ်။ ဆွမ်းတော်တင်ကိုချပြီး သင်ပုတ်စင်ပေါ် စွန့်ပြီးခါမှ ရွှေလင်ပန်းနှင့်ထည့်၍ ကျွေးခြင်း (မသန့်ပြန့်သောအာဟာရကို ကျွေးခြင်း)ကြောင့် ဖြစ်သည်။ ယင်းကို အစွဲပြု၍ ဆွမ်းတော်တင်စားလျှင် ဘုန်းတန်ခိုးညံ့တတ်သည်ဟု အစွဲအလမ်း ဖြစ်ပေါ်လာပြီး ဆွမ်းတော်တင်ပြီးလျှင် မစားသင့်၊ စွန့်ပစ်ရသည်။ ဖုန်းတောင်းယာစကာတို့အား ကျွေးရသည်' စသည့်အစဉ်အလာဖြစ်နေပေသည်။ သို့သော် မြတ်စွာဘုရားသည်ပင် သောဏသူဌေးသား၏ ဆွမ်းကို ဘုဉ်းပေးပြီး ဗိမ္ဗိသာရမင်းကြီးကို စားစေခြင်း၊ ရှေးရှေးသံဃာတော်ကြီးများသည် ဆွမ်းခံပြန်တွင် သပိတ်ပါ ဘုရားကို ကပ်လှူ၍ နောက်မှချယူပြီး ဘုဉ်းပေးခြင်း ရှိကြပါသည်။ အချို့ ဘုရားအလွန်ကြည်ညိုသူတို့သည် ပြဿနာရှင် မမြစန္ဒာကဲ့သို့ တခမ်းတနား ဘုရားကို ဆွမ်းလှူပြီးမှချ၍ သုံးဆောင်ခြင်းလည်း ရှိပါသည်။ ထို့ကြောင့် သန့်သန့်ရှင်းရှင်းလှူဒါန်းပြီး စွန့်ယူ၍ စားသောက်ခြင်း၌ အပြစ်မရှိပါ။ ဝေယျာဝစ္စပြုသူဟု ဆိုသည်မှာ မိမိတင်လှူထားသော ဆွမ်းတော်တင် မဟုတ်။ အခြားသူတင်လှူထားသော ဆွမ်းတော်တင်ကို စားလိုလျှင်

www.dhammaransi.com

ဗုဒ္ဓဝေယျာဝစ္စကို ရှေးဦးစွာ ပြုပြီးမှ စားသင့်ကြောင်း အဆိုရှိသည်။ ရဟန်းသာမဏေဖြစ်၍ မွန်းတည့်ခါနီးနေလျှင် ဦးစွာ ဆွမ်းတော်တင်ကို စားပြီးမှ ဝေယျာဝစ္စကို နောက်မှ ပြု၍လည်း ဖြစ်ကြောင်း၊ ဝေယျာဝစ္စကို မပြုလုပ်ဘဲကား မစားသင့်ကြောင်း ရှေးဆရာတော်ကြီးတို့ သွန်သင် ဆုံးမချက်ရှိလေသည်။ ဤမျှဖြင့် ဆွမ်းတော်တင် စားသင့်၊ မစားသင့် ဆုံးဖြတ်နိုင်လောက်ပေပြီ။

*

## ဆုတောင်းသင့် မသင့်

**မေး**။ အရှင်ဘုရား။

ပွင့်တော်မူပြီးဖြစ်သော ဘုရားရှင်တို့သည် သတ္တဝါတို့အား ဆုတောင်းခြင်းကို ညွှန်ပြပေးတော်မူခဲ့ပါသလားဘုရား။ တပည့်တော်တို့ ဘုရားရှိခိုးအပြီးတွင် ဆုတောင်းသင့်၊ မသင့် သိလိုပါသည်ဘုရား။

သာမင်းဟန်၊ ကော့မှူးမြို့။

**ဖြေ**။ အောက်ပါဆောင်ပုဒ်ကို ကျက်မှတ်ထားပါ။

(၁) ကျွတ်ဆုမတောင်း၊ ကောင်းစွာမကျင့်၊ ကျွတ်ခွင့်မရ၊ ခါဏုက။

(၂) ကျွတ်ဆုမတောင်း၊ ကောင်းစွာကားကျင့်၊ ကျွတ်ခွင့်မရ၊ ဘိရတ။

(၃) ကျွတ်ဆုသာတောင်း၊ ကောင်းစွာမကျင့်၊ ကျွတ်ခွင့်မရ၊ နိသိတ။

(၄) ကျွတ်ဆုလည်းတောင်း၊ ကောင်းစွာလည်းကျင့်၊ ကျွတ်ခွင့်ကိုရ၊ ဝိဝဋ္ဋနိဿိတ။

အလှူဒါနပြုပြီးတိုင်း နိဗ္ဗာန်ဆုကို တောင်းသင့်ကြောင်း၊ သဒ္ဒါရုပတ္တိသုတ်တွင် မြတ်စွာဘုရား ဟောကြားထားပါသည်။ ဆုတောင်းရာ၌

www.dhammaransi.com

ဝိဝဋ္ဋနိဿိတဖြစ်ရန်၊ နိဗ္ဗာန်ဆုကိုသာ တောင်းပါ။ ဩကာသ ကန်တော့ခန်းတွင် ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားဟုဆိုရာ၌ ဈာန်တရားမှာ လောကီဆု ဖြစ်သည်။ ထို့ကြောင့် မတောင်းသင့်ကြောင်း ရှေးဆရာတော်များ ဟောကြားပါသည်။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို မျက်မှောက်ပြုရပါ၏ဟု ဘုရားရှိခိုးပြီး ဆုတောင်းရန် အထူးလိုအပ်ပါသည်။ အစတွင် ဖော်ပြပါပုဂ္ဂိုလ်လေးမျိုးမှာ သံသာရခါဏုက (ငရဲသစ်ငုတ်ပုဂ္ဂိုလ်)၊ သံသာရဘီရုတ (သံသရာပျော် ပုဂ္ဂိုလ်) ဝဋ္ဋနိဿိတ (ဝဋ်ဆင်းရဲမှီပုဂ္ဂိုလ်) ဝိဝဋ္ဋနိဿိတ (ဝဋ်ဆင်းရဲ လွတ်မြောက်မှုကို မှီသောပုဂ္ဂိုလ်)ဟု အမိပ္ပာယ်ဖော်၍ မှတ်သားပါ။

*

## ပစ္စည်းကောက်ရလျှင်

**မေး**။ အရှင်ဘုရား။

ကောက်ရသောပစ္စည်းနှင့်ပတ်သက်၍ ရဟန်းတို့ မည်သို့ဆောင်ရွက်ရမည်၊ မဆောင်ရွက်ဘဲ သိမ်းပိုက်လိုက်ပါက မည်သည့်အာပတ်သင့်သည်ကို ရှင်းလင်း**ဖြေ**ကြားတော်မူပါဘုရား။

ဦးမောင်ဦး၊ တောင်ငူ

**ဖြေ**။ ပါတိမောက် သုဒ္ဓပါစိတ် ရတနဝဂ်တွင် ရတနသိက္ခာပုဒ်ဟူ၍ ရှိသည်။ ယင်းသိက္ခာပုဒ်တွင်ရတနာပစ္စည်းတစ်မျိုးမျိုးကို အရာမ်တွင်း၊ အရာမ်ပ တစ်နေရာရာတွင် တွေ့ရှိပါက ချက်ချင်းကောက်၍ မယူသေးဘဲ စောင့်စား၍ နေရမည်။ အတန်ကြာ စောင့်စား၍ ဥစ္စာရှင် မလာမှသာ သင့်လျော်သလို ပြုရမည်။ သင့်လျော်သလိုဟူသည်မှာ ရဟန်းတို့နှင့် အပ်သောပစ္စည်းဖြစ်လျှင် ပံ့သကူကောက်၍လည်းကောင်း၊ သိမ်းထားသင့်သော ပစ္စည်းဖြစ်လျှင် ပစ္စည်းရှင်အား ပြန်ပေးနိုင်ရန် သိမ်းထား၍လည်းကောင်း၊ ရွှေငွေရတနာဖြစ်လျှင် လျစ်လျူရှု

www.dhammadownload.com

၍ ဖဲသွားခြင်းဖြင့်လည်းကောင်း ကျင့်ရာ၏။ ထိုသိက္ခာပုဒ်အတိုင်း ကျင့်သုံးရပါသည်။ (ဝိ၊ ၄၊ ၃၊ ၁၅၂၊ ၃)

*

## ရဟန်းခံလျှင်

**မေး**။ အရှင်ဘုရား။

ရဟန်းအဖြစ် လွန်စွာရခဲသည်ဟု သိရပါသည်။ ရဟန်းအဖြစ်သို့ ရောက်ရန်အတွက် (၁) သိမ်အင်္ဂါနှင့် ပြည့်စုံမှု မရှိခြင်း၊ (၂) ရဟန်းလောင်းဆုံးမသော ရဟန်းသည်လည်း သူ၏ကျင့်ဝတ်အာပတ်များ ရှိနေခြင်း၊ (၃) ဥပဇ္ဈာယ်ဆရာ၏ကျင့်ဝတ်များ ကျူးလွန်မှုရှိခြင်း စသည်များအရေးကြီး၊ မကြီး ဖြေကြားပေးတော်မူပါဘုရား။

မောင်မျိုးမြင့်အောင်၊ သဲကုန်း။

**ဖြေ**။ ရဟန်းခံရာတွင် အထက်ပါအချက်များမှာ အမှတ်(၁) သိမ်သည် အရေးကြီးပါသည်။ သိမ်သမုတ်စဉ်က သိမ် မအောင်ခဲ့လျှင် ထိုသိမ်၌ ရဟန်းခံသောရဟန်း၊ ရဟန်း မဖြစ်နိုင်ပါ။ ထို့ကြောင့် သိမ်မှန်၊ မမှန်စစ်ဆေးရန်အရေးကြီးလှပါသည်။ ကျန်သော ၂အချက်၊ ၃အချက်များ၌လည်း ထိုရဟန်းလောင်း ဆုံးမသောရဟန်းနှင့် ဥပဇ္ဈာယ်ရဟန်းများပါရာဇိကအာပတ်ရှိနေသည့်တိုင်အောင် ဝန်မခံပါက (အခြား ကာရကသံဃာတို့လည်း ၅ ပါး ပြည့်ပါက) ရဟန်းလောင်း ရဟန်းဖြစ်ပါသည်။

*

## သင်္ဂါယနာတင်ချိန်နှင့် မြန်မာမင်းများ

**မေး**။ အရှင်ဘုရား။

ပထမသင်္ဂါယနာတင်ချိန်တွင် မြန်မာနိုင်ငံ၌ မည်သည့်မင်း စိုးစံသည်၊ မည်သည့်ဘာသာကိုးကွယ်သည်။ ထို့အတူ ဒုတိယ၊ တတိယနှင့်

စတုတ္ထသင်္ဂါယနာတင်ချိန်များတွင်လည်း မြန်မာနိုင်ငံ၌ မည်သည့်မင်း စိုးစံ၍ မည်သည့်ဘာသာကိုးကွယ်သည်များကို သိလိုပါသည်ဘုရား။ တစ်ခုချင်း ဖြေကြားတော်မူပါဘုရား။

အောင်သူဖြိုး၊ ပြည်မြို့။

**ဖြေ**။ ပထမသင်္ဂါယနာတင်သော ရာဇဂြိုဟ်ပြည်၊ အဇာတသတ်မင်း

သည် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး ၂၄ နှစ်ကြာအောင် မင်းပြုနေသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ တကောင်းပြည်၌ အဘိရာဇာမင်းဆက် စိုးစံနေသည်။ သာသနာ ၂၄ တွင် သတိုးမင်းနန်းစံသည်။ ထို့ကြောင့် ၎င်းတို့ ကပိလဝတ်မှ ဆင်းသက်သူများပင် ဖြစ်၍ ဗုဒ္ဓကိုပင် ကိုးကွယ်မည်ဟု ယူဆရပါသည်။ သာသနာနှစ် ၁၀၀ ၌ ဒုတိယ သင်္ဂါယနာတင်ချိန်တွင် ဒွတ္တပေါင်မင်းကြီး စိုးစံ၍ သားတော်များပင် ရဟန္တာ ဖြစ်ကြောင်းဆိုသဖြင့် ဗုဒ္ဓဘာသာကိုပင် ကိုးကွယ်မည်ဟု ဆိုနိုင်ပါသည်။ တတိယသင်္ဂါယနာတင်ချိန် သာသနာ ၂၃၅ တွင် ဒွတ္တပေါင်မင်းကြီး၏ မြစ်တော် ရန်မန်မင်း ဖြစ်သည်။ စတုတ္ထသင်္ဂါယနာ တင်ချိန် သာသနာနှစ် ၄၅၀ တွင် ငတပါးမင်းနှင့် ပါပိယံမင်းတို့ သရေခေတ္တရာတွင် စိုးစံဆဲဖြစ်သည်။ ၎င်းတို့သည် ဗုဒ္ဓဘာသာကိုပင် ကိုးကွယ်ကြောင်း သရေခေတ္တရာ ဘုရားကြီးများ တူးဖော်ရာ၌ တွေ့ရှိသော ရုပ်ပွားဆင်းတုတော်များအရ ထင်ရှားလှပါသည်။

*

## ဘဘုန်း

**မေး**။ အရှင်ဘုရား။

ရဟန်းတော်များကို ထေရ်ကြီး၊ ဝါကြီးဖြစ်လျှင် ဘုန်းဘုန်း၊ ဘဘုန်း၊ ဘဘုရားစသည်ဖြင့် မခေါ်ဝေါ်၊ မပြောဆိုရလို့ ဆိုကြပါတယ်။

www.dhammaransi.com

ဘဘုန်းဟု ခေါ်သူများ ရှိပါသည်။ ဤသို့ ခေါ်သူသည် အပြစ်ရှိ ပါ၊ ခေါ်ဝေါ်သင့်၊ မခေါ်ဝေါ်သင့်ကို ဖြေကြားပေးတော်မူပါဘုရား။

မလှဥမ္မာ၊ ထီးချိုင့်မြို့။

**ဖြေ**။ သံဃာတော်နှင့် ရင်းနှီးခင်မင်သူ ကလေးအရွယ်များက ဤသို့ ခေါ်တတ်ကြပါသည်။ မရိုသေမှု မဟုတ်၍ အပြစ်မရှိပါ။ မြတ်စွာဘုရားရှင်အား နကုလပိတာ၊ နကုလမာတာတို့က အလွန်ကြည်ညို မြတ်နိုးလှသဖြင့် "သားတော်ဘုရား၊ အဖေတို့ အမေတို့ကို ခွဲခွာ၍ ဤမျှ ကြာအောင် အဘယ်ကြောင့်နေပါသနည်း" စသည်ဖြင့် လျှောက်ထား သည်။ ထိုအခါ ရဟန်းများက မေးလျှောက်ရာ မြတ်စွာဘုရားက 'ဤ နကုလပိတာ၊ နကုလမာတာ သိတင်းသည် ဇနီးမောင်နှံသည် ရှေးရှေး ဘဝငါးရာက ငါဘုရားနှင့် မိဘတော်ခဲ့ဖူးခြင်း၊ ဦးကြီး၊ မိကြီး တော်ခဲ့ဖူး ခြင်းတို့ကြောင့် ဤသို့ ခေါ်ဝေါ်ခြင်းဖြစ်သည်' ဟု ဟောတော်မူသည်။ ယင်းသို့ ခေါ်ဝေါ်မှုကို ခွင့်ပြုတော်မူခဲ့ပါသည်။ ထို့ကြောင့် ဘဘုန်း၊ ဘဘုရားဟုခေါ်ဆိုခြင်းအတွက် အပြစ်မရှိပါ။ ထိုခေါ်ဝေါ်မှုကို ရှမ်း ပြည်နယ်တစ်နယ်လုံးပင် အလေ့အလာရှိကြပါသည်။ မြန်မာနိုင်ငံရှိ ငယ်ရွယ်သောယောက်ျားကလေး၊ မိန်းကလေးများလည်း အလေ့ အလာရှိကြပါသည်။

*

## ယမကပြာဋိဟာ

**မေး**။ အရှင်ဘုရား။

မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူသောအခါ ရေမီးအစုံ စုံဖြင့် ပြတော်မူသည်ဟု သိရပါသည်။ ပဋ္ဌာန်းကျမ်းကို ဆင်ခြင်သဖြင့် ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးသည့်အခါ၌လည်း ရေမီးအစုံစုံ

www.dhammaransi.com

ပါဝင်သည်ဟု သိရပါသည်။ ထို့ကြောင့် ထိုရေမီးအစုံစုံနှစ်မျိုးတို့ တူမတူကို ဖြေကြားပေးတော်မူပါဘုရား။

အရှင်ပညာသီရိ၊ ဓမ္မရက္ခိတကျောင်း၊
မိတ္ထီလာမြို့နယ်။

**ဖြေ**။ မြတ်စွာဘုရားသည် ရေမီးအစုံအစုံဖြစ်သော ယမကပါဋိဟာရိယာကို ကပ္ပိလဝတ်ပြည် ဆွေတော်၊ မျိုးတော်တို့အလယ်၌ တစ်ကြိမ်၊ သာဝတ္ထိပြည် ကဏ္ဍသရက်ဖြူပင်၌ တစ်ကြိမ်အားဖြင့် နှစ်ကြိမ် ပြတော်မူခဲ့ပါသည်။ ထိုရေမီးအစုံစုံ ယမကပါဋိဟာရိယာကို ပြတော်မူရာ၌ ရေအစုံထွက်ရန် အာပေါကသိုဏ်းကိုလည်းကောင်း၊ မီးအစုံထွက်ရန် တေဇောကသိုဏ်းကိုလည်းကောင်း တစ်လှည့်စီ ဝင်စားရပါသည်။ ဘုရားရှင်၏ စိတ်တော် မြန်ဆန်လှသဖြင့် ထိုကသိုဏ်းနှစ်မျိုးကြောင့် ဖြစ်ပေါ်လာသောရေမီးတို့သည် တစ်ပြိုင်နက်ကဲ့သို့ ထွက်ကြွကွန့်မြူးလာကြရပါသည်။ ဘုရားဖြစ်တော်မူစ စတုတ္ထ သတ္တာဟ၌ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသောအခါ၌ ထွက်သောအရောင်တော်တို့ကား ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ မဟုတ်ပါ။ ရောင်ခြည်တော်ခြောက်ပါးတို့သာ ဖြစ်ပါသည်။ ထိုနီလ ပီတ လောဟိတ ဩဒါတ မဉ္ဇိဋ္ဌ ပဘဿရဟူသော ရောင်ခြည်တော်တို့ကား ပဋ္ဌာန်းကျမ်းတော်မြတ်ကို ဆင်ခြင်တော်မူ၍ နာမ်ဓာတ်၊ ရုပ်ဓာတ်များ ကြည်လင်လျက် အလိုလိုကွန့်မြူးလာခြင်းသာ ဖြစ်ပါသည်။ ကသိုဏ်း အထူးဝင်စားရသည် မဟုတ်ပါ။

*

## ဥဒ္ဒေ ယျမ်တရား ငါးပါး

**မေး**။ အရှင်ဘုရား။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖွင့်မှာ 'သဗ္ဗဉ္ဉာဏ်အား၊ စွမ်းပကားဖြင့်၊ များသင်္ခါရ၊ ဝိကာရဟု၊ လက္ခဏပညတ်၊ နိဗ္ဗာန်ဓာတ်ဟု၊ ငါးရပ်သိရန်

www.dhammaransi.com

ဧဉ္စ ယျမမ်ကို၊ ဖောက်ပြန်မရှိ ကိုယ်တော်တိုင် သိတော်မူသော’ဟုဆို ထားသည့်အတိုင်း ဧဉ္စ ယျမံတရားငါးပါးသည် သဗ္ဗညုတဉာဏ်တော် ကြီး၏အရာဖြစ်သည်ဟု ယုံကြည်ပါသည်ဘုရား။ ထို့ကြောင့် တရား အားလုံးတို့သည် ဧဉ္စ ယျမံတရားငါးပါးထဲသို့ အကျုံးဝင်သွားလိမ့်မည် ဟုလည်း ယုံကြည်မိပါသည်ဘုရား။ သို့ဖြစ်ပါ၍ တပည့်တော်၏ယုံ ကြည်မှု မှန်သည်၊ မှားသည်ကို ခွဲခြားပေးပါဘုရား။ တစ်ဖန် ဧဉ္စ ယျမံ တရားငါးပါးတို့မှ တစ်ပါးချင်းအလိုက် ခွဲခြား၍ မည်သည့်တရားများ ဖြင့် ဆက်သွယ်အကျုံးဝင်ပုံကို တစ်ပါးချင်း ခွဲခြား၍ ရှင်းလင်းချီး မြှောက်ပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဦးခင်မောင်တိုး(မဟာတိုး)

ရေဦးမြို့။

**ဖြေ**။ ဧဉ္စ ယျမံတရားငါးပါးတွင် သင်္ခါရမှာ အကြောင်းတရားတို့ပြုပြင် အပ်သည့် ရုပ်တရား၊ နာမ်တရားအားလုံးပင် ဖြစ်သည်။ ဗောဓိ ပက္ခိယတရား ၃၇ ပါး၏ တရားကိုယ် ၁၄ ပါးတို့လည်း ပါဝင်ခြင်း ဖြစ်သည်။ ထို ၁၄ ပါးတို့မှာ ဆန္ဒ၊ လောကုတ္တရာစိတ်၊ တတြမဇ္ဈတ္တတာ၊ သဒ္ဓါ၊ ပဿဒ္ဓိ၊ ပီတိ၊ အမောဟ၊ ဝိတက်၊ ဝီရိယ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါ စာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ စေတသိက်တို့ဖြစ်သည်။ ဝိကာရ၊ လက္ခ ဏာတို့ကား ရုပ်နာမ်တရားတို့၏ အခြင်းအရာ လက္ခဏာမျှ ဖြစ်သည်။ ထိုတရားအားလုံးမှ လွတ်သော နိဗ္ဗာန်တရား၊ ပညတ်တရားများနှင့် ညီသော် သိစရာတရားအားလုံး အကျုံးဝင်သွားတော့သဖြင့် ပြဿနာ ရှင်၏ယုံကြည်ယူဆမှု မှန်ကန်ပါသည်။ (ဗောဓိပက္ခိယတရား ၃၇ ပါး နှင့် တရားကိုယ် ၁၄ ပါးတို့ကို နှိုင်းယှဉ်၍ တစ်ပါးချင်း မည်သို့ အကျုံး ဝင်ပုံကို လေ့လာကြည့်ရှုနိုင်ပါသည်။) အကျယ်ရေးပြနေစရာ လိုမည် မဟုတ်ပါ။

www.dhammaransi.com

## ရုပ် နာမ် အနိစ္စ

**မေး**။ အရှင်ဘုရား။

တပည့်တော်တို့၏ ရူပက္ခန္ဓာ (ဝါ) ရုပ်တရားအပေါင်းအစုသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်တိုင်းမှာ ဖြစ်ပျက်နေသည်ဟု ဆိုပါသည်။ ထိုတွင် ပျက်သွားသော အဏုမြူရုပ်ကလေးများသည် လုံးဝ ဘာမျှမကျန်ရှိအောင် သေဆုံးပျောက်ပျက်သွားပါသလား။ သို့မဟုတ် အဏုမြူရုပ်ကလေးများသည် မသေဆုံးနိုင်သည့်သတ္တိဖြင့် အပေါင်းအစု ခန္ဓာအဖြစ်မှ တစ်ခုချင်းခွဲထွက်၍ အကန့်အသတ်မဲ့ အလွန်ကျယ် ပြန့်စွာ လွင့်မျောသွားပါသလား။ ၎င်းနှင့်စပ်၍ အနိစ္စ တရားကို ဘယ်လိုမှတ်ယူရပါ့မလဲဘုရား။ နာမ်တရား၏ အနိစ္စကို လည်း သိချင်ပါသည် ဘုရား။

မောင်ထွန်းမြင့်နိုင်

**ဖြေ**။ နာမ်တရားတို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌

ကုဋေတစ်သိန်း (မက)ပျက်ကြသည်ဟု ဆိုပါသည်။ ပျက်ရာ၌ ဥပါဒ် ဌီ ဘင် ဟု ခဏငယ်သုံးချက်ရှိရာ ခဏငယ်သုံးချက်ပြည့်တိုင်း နာမ်တရားတစ်ခု ပျက်ပါသည်။ နောက်ကံအားလျော်စွာ ပြန်ဖြစ်ပါ သည်။ ဤသို့ ဖြစ်လိုက်၊ ပျက်လိုက်ဖြင့် နာမ်တရားသည် မျက်စိ တစ်မှိတ်အတွင်း ကုဋေတစ်သိန်း(မက) ပျက်သည်။ ပျက်ရာ၌ အကြွင်း အကျန် မရှိပျက်၍ အသစ်ပြန်ဖြစ်ကြသည်။ ရုပ်တရားမှာ နာမ်တရား ၁၇ ချက် ပျက် လျှင် ရုပ်တစ်ကြိမ် ပျက်သည်။ ခဏငယ် ၅၁ ချက် တစ်ကြိမ် ပျက်သည်။ ၎င်းအပျက်မှာလည်း အကြွင်းအကျန်မရှိ ပျက် ခြင်းသာ ဖြစ်သည်။ ထို့နောက် ပြန်ပြန်ဖြစ်နေပါသည်။ ဤသို့ ရုပ် နာမ် တို့၏ ခဏိက မရဏ ပျက်စီးနေခြင်းကို မှတ်ရပါမည်။ ထိုရုပ်တရား များကို အဏုမြူရုပ်ကလေးများဟု မဆိုပါ။ အဏုမြူတစ်ခုလျှင် [illegible] ဏုမြူ ၁၆ ခုရှိပြီး ထိုပရမာဏုမြူ တစ်ခုတစ်ခုမှာလည်း အဝိနိ [illegible]

ရုပ်ရှစ်ခုစီ ရှိပါသေးသည်။ ထိုမျှသိမ်မွေ့လှပါသည်။ အဘိဓမ္မာရုပ်ပိုင်းကို လေ့လာသင့်ကြောင်း ပြောကြားလိုပါသည်။

*

## ခြင်္သေ့ရုပ်

**မေး**။ အရှင်ဘုရား။

ဘုရားစေတီ အဆူဆူများ၌ ခြင်္သေ့ရုပ်များ ပြုလုပ်ထားခြင်း အကြောင်းကို ဖြေကြားတော်မူပါဘုရား။

သောတုဇနအရှင်ဝရသိရိ
ပုဂံ၊ ညောင်ဦး။

**ဖြေ**။ ခြင်္သေ့၊ ဆင်၊ သိန္ဓောမြင်းနှင့် နွားလားဥသဘဟူ၍ တိရစ္ဆာန် အာဇာနည် ၄ မျိုး ရှိပါသည်။ ၎င်းလေးမျိုးမှာ မိမိအနီး၌ ကပ်၍ မိုးကြိုးကျသော်လည်း လန့်ဖျပ်ကြောက်ရွံ့မှု မရှိကြောင်း၊ မည်သည့်အန္တရာယ်ကိုမျှလည်း မကြောက်ရွံ့ကြောင်း အဆိုရှိသည်။ မဇ္ဈိမဒေသ အသောကမင်းကြီးသည် ဓာတ်တော်တိုက်၊ ဘုရားစေတီ စသည်များ၌ ထိုတိရစ္ဆာန် အာဇာနည် ၄ မျိုး ရုပ်တုများကို (တစ်နေရာလျှင် တစ်မျိုး၊ အချို့နေရာတွင် လေးမျိုးလုံး) အစောင့်အရှောက်အဖြစ် ထားလေ့ရှိသည်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတွင် ခြင်္သေ့ရုပ်ကိုသာ အသုံးပြုလေ့ရှိပါသည်။ ထို့ကြောင့် ဘုရားအနီးတွင်လည်းကောင်း၊ ဘုရားအဝင် တန်ဆောင်းများတွင်လည်းကောင်း(ဘုရားဘက်ကို မလှည့်၊ ဝင်လာသူများဘက်သို့ လှည့်၍) အစောင့်အရှောက်အဖြစ် ထားလေ့ရှိပါသည်။

*

## ရှောက်သီးသုပ်

**မေး**။ အရှင်ဘုရား။

ရှောက်သီးသုပ်ကို ညနေမှာ စားကောင်းသည်ဆို၍ တပည့်တော်တို့ ကိုရင်များ သုပ်၍စားပါသည်။ ရှောက်သီးကို အခွံခွာပြီး တစ်စစီ

မြှာ၍ ဆီ၊ ဆား၊ ကြက်သွန်တို့ဖြင့် သုပ်ပါသည်။ ငရုတ်သီး စသည် မထည့်ပါ။ ဦးပဥ္စင်းများက စားကောင်းသည်ဟု ပြောပါသည်။ စားကောင်းပါသလားဘုရား။

ရှင်သောဏ၊ ညောင်ရွှေ။

**ဖြေ**။ ရှောက်သီး၊ သံပရာသီးတို့မှာ အလုံးလိုက် ယာဝဇီဝက ဆေးဖြစ်၍ အရည်ညှစ်၍သောက်ခြင်း၊ အဖတ်ကို ၎င်းအတိုင်းစားခြင်းတို့မှာ အပ်သည်ဟု ဆရာတို့က ဆုံးဖြတ်ပါသည်။ သို့သော် ပြဿနာရှင် ရေးသကဲ့သို့ ဆီ၊ ဆားတို့နှင့် သုပ်လျှင် 'ကရမ္ဘက' ခေါ် လက်သုပ်စာရင်းသို့ ဝင်သွားသဖြင့် မစားအပ်တော့ပါ။ ချင်း၊ ကြက်သွန်များလည်း တစ်ခုစီအနေဖြင့် အပ်သော်လည်း ချင်းသုပ်၊ ကြက်သွန်သုပ်များဖြစ်လျှင် ထို့အတူမအပ်ပါ။ ရဟန်းများ နေလွဲသောအခါတွင် ရှောက်သီးသုပ်၊ ချင်းသုပ်၊ ကြက်သွန်သုပ်များကို စားလျှင်လည်း ပါစိတ်အာပတ်သင့်သည်။ သာမဏေများ စားလျှင်လည်း ဒဏ်သင့်ပါသည်။

*

## ဆံပင်ထပ်ရိတ်ခြင်းနှင့် သကြားလုံးစားခြင်း

**မေး**။ အရှင်ဘုရား။

(က) ဘုန်းကြီးဝတ်ပြီး၊ ကိုရင်ဝတ်ပြီး လူထွက်သည့်အခါ ဘုန်းကြီးတုန်းက၊ ကိုရင်တုန်းက ဆံပင်နှင့် မနေကောင်းဘူးဆိုကာ ခေါင်းထပ်ရိတ်ခိုင်းကြပါသည်။ ဘုန်းကြီးဆံပင်နှင့် လူဝတ်မနေကောင်းဟုလည်း ပြောကြပါသည်။ လူထွက်သည့်အခါ ခေါင်းပြန်ရိတ်ရန် လိုအပ်ပါသလား။ အကယ်၍ ပြန်မရိတ်ဘဲနေသော် အပြစ်ရှိပါသလား။

(ခ) ဘုန်းကြီးဝတ်ခြင်း၊ ကိုရင်ဝတ်ခြင်းများ ပြုလုပ်သည့်အခါ ၁၂ နာရီကျော်လျှင် သကြားလုံးများ ကပ်လှူ၍ စားတာကို တွေ့ရှိရပါသည်။ သကြားလုံးကပ်ခွင့်၊ စားခွင့်ရှိပါသလား။ သိလို၍ ဖြေကြားပေးတော်မူပါဘုရား။

ဇော်လင်းထွန်း၊ ရန်ကုန်မြို့။

www.dhammaransi.com

**ဖြေ**။ (က) ရဟန်းဘဝမှ သိက္ခာချသည့်အခါ လုံး၀ လူပြန်ဖြစ်သွားသဖြင့် လူ့ဘဝ၌ ရဟန်းဆံပင်ဟူ၍ မရှိတော့။ ထို့ကြောင့် လက်တစ်သစ်၊ နှစ်သစ်ခန့်ပင် ရှည်သည့်တိုင်အောင် လူဖြစ်သောအခါ ဆံပင်ထပ်၍ ရိတ်ရန်မလိုအပ်တော့ပါ။ သာမဏေ လူထွက်ရာ၌ လူဝတ်ဝတ်လိုက်လျှင် သာမဏေဘဝပျက်၍ လုံး၀ လူပုဂ္ဂိုလ်ပြန်ဖြစ်သွားသည်။ ထို့ကြောင့် သာမဏေဆံပင်ဟူ၍ မရှိတော့ပေ။ ပြန်၍ ရိတ်ဖွယ်ကိစ္စလည်း မရှိနိုင်တော့ပေ။

(ခ) ရဟန်းတော်များ စားသောက်ဖွယ်ရာတို့မှာ (၁) ယာဝကာလိက= နံနက်ပိုင်းသာ စားအပ်သော ဆွမ်းသစ်သီးစသည်၊ (၂) ယာမကာလိက= ဤနေ့အရုဏ်တက်မှ နောက်နေ့ အရုဏ်အထိသာ အပ်သော အဖျော်ရည်စသည်၊ (၃) ၇ ရက်သာ အကပ်ခံ၍ စားသောက်အပ်သော စတုမဓု ပျားသကာစသည်များ၊ (၄) ယာဝဇီဝက= တစ်သက်လုံးပင် အကပ်ခံထားပြီး စားသောက်အပ်သော ဆေးဝါးများဟူ၍ ၄ မျိုး ရှိသည်။ ထိုတွင် သကြားလုံးမှာ ၃ နံပါတ်သတ္တာဟကာလိက၌ ပါဝင်ပါသည်။ ယနေ့ အကပ်ခံထားလျှင် ၇ ရက်အထိ အကပ်မခံဘဲ စားသောက်နိုင်၏။ စားသောက်နိုင်သည်ဆိုသော်လည်း ဆာလောင်ရုံဖြင့် မအပ်။ အားနည်းခြင်းစသော ရောဂါရှိမှသာ အရည်ကို သောက်နိုင်ပါသည်။ အရည်မဟုတ်သော သကြားခဲ၊ ထန်းလျက်ခဲ စသည်တို့ကို အရည်ဖျော်၍ သောက်ရပါသည်။ (သတ္တာဟကာလိက ဆိုသည့်အတိုင်း ၇ ရက်စေ့သွားလျှင် ထပ်မံ၍ အကပ်ခံရသည်။ ထပ်မံ၍ အကပ်မခံဘဲ စားသောက်မိလျှင်လည်းကောင်း၊ မစွန့်ပစ်လျှင်လည်းကောင်း အာပတ်သင့်ပါသည်။)

*

www.dhammaransi.com

## ပရိဝါသ်မာနတ် ညဥ့်ပြတ် ဝတ်ပျက်ကိစ္စ

**မေး**။ အရှင်ဘုရား။

ပရိဝါသ်မာနတ်ဆောက်တည်ပြီးသော ညဥ့်အချိန်တွင် ထိုရဟန်းတော်များ မသိဘဲ အခြားရဟန်းများ ကျောင်းအရာမ်တွင်း ဝင်ရောက်လာလျှင် ကံပျက်သည်၊မပျက်သည်ကို ဖြေကြားတော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ဦးသူရိယ၊ ရပ်စောက်မြို့။

**ဖြေ**။ ပရိဝါသ်မာနတ်ဆောက်တည်နေသော ကျောင်းဥပစာအရာမ်အတွင်းသို့ အာဂန္တုရဟန်းများ ဝင်ရောက်လာလျှင် ပရိဝါသ် (သို့မဟုတ်) မာနတ်ကို ဒဏ်သားရဟန်းက ကြားလျှောက်ရမည် ဖြစ်ပါသည်။ ဝင်လာသည်ကို မသိ၍ ထွက်ခွာသွားသည့်တိုင်အောင် မကြားလျှောက်မိလျှင် ညဥ့်ပြတ်ခြင်း ဖြစ်သည်။ မသိ၍ မကြားလျှောက်ရသဖြင့် ဝတ်ပျက်ခြင်း၊ ဝတ္တဘေဒဒုက္ကဋ်အာပတ်သင့်ခြင်းကား မဖြစ်ပေ။ 'အဇာ နန္တဿေဝ ဥပစာရသီမံ ပဝိသိတွာ ဂစ္ဆန္တိဧဝ၊ ရတ္တိစ္ဆေဒေါဝ ဟောတိ၊ န ဝတ္တဘေဒေါ' (ခုဒ္ဒသိက္ခာဋီကာ)

*

## သူတစ်ပါးအတွက် ကုသိုလ်ပြုခြင်း

**မေး**။ အရှင်ဘုရား။

တစ်ပါးသူအတွက် ရည်ရွယ်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သည်ရှိသော် ထိုသူ့ထံ၌ ကုသိုလ်ကောင်းမှု သက်ရောက်မှု ရှိ၊ မရှိ သိလိုပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

မေလှဲမောင်၊ ရန်ကင်း

**ဖြေ**။ ကွယ်လွန်သူအတွက် ရည်ညွှန်း၍ ကုသိုလ်ပြုပေးလျှင် ယင်းကွယ်လွန်သူက ဘဝတစ်ပါး(ပေတဘဝ)မှ သာဓုခေါ်နိုင်လျှင်

www.dhammaransi.com

မိမိပြုသကဲ့သို့ ကုသိုလ်အကျိုးကို ခံစားရသည်။ ထို့အတူ သက်ရှိပုဂ္ဂိုလ်တို့ကလည်း ကုသိုလ်ပြုသူနှင့်အတူ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လျှင် မိမိပြုသည်နှင့်မခြား အကျိုးတရားကို ခံစားနိုင်ပါသည်။ အသောကမင်းအလောင်း ပျားရည်ဆွမ်းလောင်းရာ၌ အစ်ကိုနှစ်ယောက်က ဝမ်းမမြောက်နိုင်ဘဲ ဖြစ်နေသည်။ ထိုအခါ အသောကအလောင်းညီငယ်က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါရန် ဖြားယောင်းပြောဆိုသဖြင့် သာဓု ခေါ် ခဲ့ပေ၏။ ထို့ကြောင့် နောင်ဘဝတွင် အစ်ကိုကြီးက သာမဏေဘဝ ဖြင့် ရဟန္တာ၊ အစ်ကိုလတ်က သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်း ဖြစ်ရကြောင်း မဟာဝင်တွင် ထင်ရှားခဲ့ပါသည်။

*

## ရှင်တစ်ရာ

**မေး**။ အရှင်ဘုရား။

သတင်းစာများတွင် ရှင်တစ်ရာပြုပွဲ၊ ရဟန်းတစ်ရာ ခံယူပွဲများ အကြောင်း တွေ့ရပါသည်။ ဤလိုစုပေါင်း၍ ရှင်ပြုရဟန်းခံသည့်အတွက် ချွတ်ယွင်းချက်များ၊ ဥပမာ ရှင်သာမဏေ မဖြစ်ခြင်း၊ ရဟန်း မဖြစ်ခြင်းများ ရှိနိုင်၊ မရှိနိုင် စိစစ်ဖြေကြားတော်မူပါဘုရား။

သိန်းမောင်မောင်၊ သာယာဝတီ။

**ဖြေ**။ ရဟန်းခံရာ၌ ရဟန်းလောင်း ဘယ်မျှများများ တစ်ကြိမ်ရဟန်းခံလျှင် ရဟန်းလောင်းသုံးပါးသာ ဖြစ်ပါသည်။ ဥပမာ ဥပဇ္ဈာယ်ဆရာတော် ၁ ပါး၊ ကမ္မဝါစာဆရာတော် ၃ ပါး၊ ရဟန်းလောင်း ၃ ပါး တစ်တွဲဖြင့်သာ ရဟန်းခံရပေရာ ရဟန်းလောင်း မည်မျှများပြားစေကာမူ အကြိမ်များစွာဖြင့် အချိန်ယူရခြင်းသာ ထူးပါသည်။ ကမ္မဝါစာဆရာ ၃ ပါး(၃ ပါးစီ လဲလှယ်၍ တစ်လှည့်စီ) ပီပီသသ ကမ္မဝါစာဖတ်နိုင်သဖြင့် တစ်ကြောင်း၊ ကမ္မဝါစာဆရာများမှာ လေ့လာထားပြီး ကျွမ်းကျင်သူများဖြစ်၍ တစ်ကြောင်း၊ ရဟန်းလောင်းများ မည်သို့မျှဆိုစရာ

www.dhammaransi.com

မလိုသဖြင့်တစ်ကြောင်း ရဟန်းလောင်းများ ရဟန်းဖြစ်နိုင်ပါသည်။ ရှင်တစ်ရာ စသည်၌ကား ကိုရင်လောင်းများကလည်း ငယ်၊ အားလုံး စု၍ လေ့ကျင့်မှု မရှိဘဲ သရဏဂုံ ခံယူလျှင် ဆရာရော ကိုရင်လောင်းများပါ ပီသမှု (ဥဘတောသုဒ္ဓိဖြစ်မှ)သာ သာမဏေ ဖြစ်သဖြင့် ရှင်တစ်ရာ ကိစ္စမျိုးအတွက် စဉ်းစားဆင်ခြင်၍ ပြုသင့်ပါကြောင်း ဖြေကြားလိုက်ပါသည်။

*

## ဖွားဖက်တော်ခုနစ်ဦး

**မေး**။ အရှင်ဘုရား။

'အာ-ဗော-ကာ-ယ-ဆန်-ရွှေ-ကဏ်၊ ဖွားဖက်သတ္တမှန်' ဆိုသော လင်္ကာစကားအရ မြတ်စွာဘုရားလောင်းနှင့်အတူ တစ်ချိန်တည်း ဖွားဖက်တော် ၇ ဦး ရှိသည်ဟု ဆိုပါသည်။ ဖွားဖက်တော်များ တစ်ချိန်တည်းဖွားလျှင် ဇာတာလည်းတူရမည်ဖြစ်သည်။ ထိုသို့ ဇာတာတူလျက် အဘယ်ကြောင့် အဖြစ်မတူဘဲ ဖြစ်ရသည်ကို စဉ်းစားစရာ ဖြစ်ပါသည်။ ဖြေကြားတော်မူပါဘုရား။

အောင်မင်း(မူအုပ်)၊ စစ်တွေ၊

**ဖြေ**။ ဖော်ပြလတ္တံ့ပါ စကားရပ်မှာ ဤပြဿနာနှင့် ပတ်သက်သော စွယ်စုံကျော်ထင် အဖြေစကားရပ် ဖြစ်ပါသည်။ 'ဇာတာမတူ အဘယ်ကြောင့်နည်းဟူမူကား ဖွားဖက်ဆိုသော်လည်း တစ်ချိန်၊တစ်နာရီတည်းမဟုတ်၊ ရက်တူရုံမျှကိုပင် ဖွားဖက်ဆိုရသည်။ အဘယ်ကို ထောက်၍ သိသနည်းဟူငြားအံ့။ ဘုရားလောင်းတို့ ဖွားရိုးဖြစ်သော နာရီတီံသင်း တြင်း နဝင်းတို့၌ တစ်ပါးသူတို့ မဖွားကုန်။ စကြာမင်းတို့ ဖွားရိုးဖြစ်သောနာရီတီံသင်းတြင်းနဝင်းတို့၌လည်း တစ်ပါးသူတို့ မဖွားကုန်ဟူ၍ ပြို့ဟတ်ကျမ်း၌ဆိုသည်။ ထို့ကြောင့် ဖွားဇာတာကို မြင်သဖြင့် ဤသူကား ဘုရား ဖြစ်လတ္တံ့၊ ဤသူကား စကြာမင်း ဖြစ်လတ္တံ့ဟု

www.dhammaransi.com

ပညာရှိ တို့ သိကြကုန်သည်။ ကောဏ္ဍညပုဏ္ဏားသည် ဘုရားလောင်း၏ ဖွားဇာတာကို မြင်သဖြင့်ပင် စင်စစ် ဘုရားဖြစ်လတ္တံ့ဟု ဆိုနိုင်ကြောင်း ကို ဗုဒ္ဓဝင် အဋ္ဌကထာ၌ လာသည်။' (စွယ်စုံကျော်ထင်)

*

## သိက္ခာချခြင်း

**မေး**။ အရှင်ဘုရား။

တပည့်တော်သည် ဤနှစ်သင်္ကြန်(အခါ)တွင်းက ဒုလ္လဘရဟန်း ခံခဲ့ပါသည်။ အခါကျော်သောအခါ လူဝတ်လဲ (သိက္ခာချ) ဖို့ဖြစ်သော်လည်း ချက်ချင်း မလဲရသေးပါ။ (သိက္ခာချ၍ မပေးသေးပါ) ရဟန်းခံ တာထက် သိက္ခာချဖို့ ခက်သည်ဟု ဆရာတော်က ပြောပါသည်။ အချိန်ယူ၍ လူများများဖြင့် သိက္ခာချရပါသည်။ ထိုအကြောင်းကို ဖြေကြား ပေးတော်မူပါဘုရား။

မောင်မြသီး(ပြည်လမ်း)

**ဖြေ**။ သိက္ခာချခြင်း၌ 'စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂလ၊ ဝိဇာနနာ'

ဤအင်္ဂါ ၆ပါးညီရန် အရေးကြီးသည်။ ရဟန်းခံရာ၌ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာများ၏ တာဝန်သာ ရှိသည်။ ထိုဆရာတော်များ ကျွမ်းကျင်လိမ္မာ ကမ္မဝါစာ ဌာန်ကရိုဏ်းပီသစွာ ဖတ်ပြီးလျှင် ရဟန်း ဖြစ်တော့သည်။ ရဟန်းလောင်းက ဘာမျှလုပ်စရာမလို၊ သိက္ခာချရာ၌ကား အထက်ဖော်ပြပါ အင်္ဂါခြောက်ပါးညီရန် စိတ်၊ရဟန်းလောင်းက ရဟန်းဘဝ၌ မနေလိုတော့ ဟူသော စိတ် ရှိရမည်။ ခေတ်၊ ခေတ်ပုဒ် မှန်ကန်စွာ တပည့်တော်ကို လူဟူ၍ မှတ်တော်မူပါဘုရားဟု ဆိုရမည်။ ကာလ၊ ပစ္စုပ္ပန်ကာလ ကျနမှန်ကန်စွာ ကိုယ်တိုင်ဆိုရမည်။ ပယောဂ၊ ဝစီပယောဂ နှုတ်မြွက်လျှောက်ထား ပြောဆိုရမည်။ ပုဂ္ဂလ၊ နားထောင် နေသူများကလည်း ဤသူ မုချ ငြီးငွေ့၍ လူထွက်လေပြီဟု မှတ်သားနိုင် သူများ ဖြစ်ရမည်။ ဝိဇာနနာ၊ ထိုအတိုင်းလည်း နားထောင်သူများက

www.dhammaransi.com

သိရှိကြရမည် ဟူသော အင်္ဂါခြောက်ချက်ညီမှ သိက္ခာကျသဖြင့် ထွက်မည့်သူ ဒုလ္လဘရဟန်းကိုယ်တိုင် စိတ်ပါလက်ပါဖြင့် ဆိုနိုင်၊ လျှောက်ထားနိုင်ရမည်။ ဤခြောက်ချက်တစ်ခုခု ချွတ်ယွင်းလျှင် သိက္ခာမကျသဖြင့် လူဝတ်လဲ သွားသည့်တိုင်အောင် အာပတ်များ သင့်နေမည်။ ပါရာဇိကအာပတ်များ လွန်ကျူးမိလျှင် နောက်ထပ်ရဟန်းဘဝ မရနိုင်တော့ပေ။ ထို့ကြောင့် သိက္ခာချအရေးကြီးသည်ဟု ဆရာတော်များက မိန့်ကြားခြင်း ဖြစ်ပါသည်။

*

## ဒေဝဒတ်နှင့် အဇာတသတ်

**မေး**။ အရှင်ဘုရား။

ဒေဝဒတ်နှင့် အဇာတသတ်တို့သည် အတူတကွ မဟာအဝီစိငရဲတွင် ကျရောက်ခံစားနေရပါသလား။ သို့တည်းမဟုတ်၊ သီးခြားငရဲတွင် ကျရောက်ခံစားနေရပါသလား။ ဖြေကြားပေးတော်မူပါဘုရား။

ဦးသောင်းညွန့်
ပျော်ဘွယ်မြို့။

**ဖြေ**။ ဒေဝဒတ်သည် မြတ်စွာဘုရားအား သွေးစိမ်းတည်အောင် ပြုခြင်း၊ သံဃာသင်းခွဲခြင်း ဂရုကံတို့ကြောင့် မြေမျို၍ အဝီစိငရဲသို့ ကျရောက်သွားကာ ကမ္ဘာဆုံးသည်အထိ ခံစားရမည်ဟု ဆိုပါသည်။ အဇာတသတ်သည် အဖသတ်ခြင်း ဂရုကံကြောင့် အဝီစိငရဲတွင် ကျရောက်ခံစားရမည်ဖြစ်သော်လည်း မြတ်စွာဘုရားအား အသက်တမျှကြည်ညိုဆည်းကပ်သွားခြင်း၊ ပထမသင်္ဂါယနာတင်သည်အထိ သာသနာတော်ကို ချီးမြှောက်သွားခြင်း ကုသိုလ်ကံတို့ကြောင့် အဝီစိတွင် မကျရောက်ဘဲ လောဟကုမ္ဘီငရဲတွင်သာ အနှစ်ခြောက်သောင်း ကျခံရမည်ဟု ဆိုပါသည်။

www.dhammaransi.com

## ဗောဓိညောင်ပင်၊ ဗောဓိညောင်ရွက်

**မေး**။ အရှင်ဘုရား။

တပည့်တော်သည် ကျောင်းတစ်ကျောင်းတွင် ဥပုသ်စောင့်စဉ် ထိုကျောင်းရှိဗောဓိညောင်ပင်ကို အလွန်ရိုသေစွာ ရှိခိုးပူဇော်ခဲ့ပါသည်။ ထို့ပြင် အမြဲရှိခိုးပူဇော်ရန် ဗောဓိညောင်ရွက်ကိုလည်း ခူးယူခဲ့ပါသည်။ ထိုသို့ ဗောဓိညောင်ပင်ကို ရှိခိုးပူဇော်ခြင်းနှင့် ဗောဓိညောင်ရွက်ကို ခူးယူခဲ့ခြင်းတို့အတွက် အကျိုး အပြစ်ကို ဝေဖန် ဖြေဆိုပေးတော်မူပါဘုရား။

မောင်သန်းဇော်ဦး၊ ရွှေပြည်သာမြို့။

**ဖြေ**။ ဗောဓိညောင်ပင်ဟူသည် ပရိဘောဂစေတီတစ်မျိုးဖြစ်၍ ရှိခိုးပူဇော်ခြင်းအတွက် ဘုရားရှင်ကို ရှိခိုးပူဇော်သကဲ့သို့ပင် အကျိုးရှိပါသည်။ လွန်စွာ ကုသိုလ်ဖြစ်ပါသည်။ ဗောဓိညောင်ရွက်ကို အစဉ်အမြဲပူဇော်နိုင်ရန် စိတ်ထားဖြင့် ကြည်ညိုမှုကို ရှေ့ထား၍ ခူးယူခဲ့ခြင်းအတွက်လည်း ဖျက်ဆီးချိုးဖဲ့လိုသော စိတ်ထားမရှိသဖြင့် အပြစ်မဖြစ်ပါ။ အမြဲ ရှိခိုးပူဇော်ရန် စိတ်ထားရှိသည့်အတိုင်းလည်း အမြဲပင် ရှိခိုးပူဇော်နေရန် သင့်ကြောင်း အကြံပေးလိုပါသည်။

*

## ကာယသံသဂ္ဂကိစ္စ

**မေး**။ အရှင်ဘုရား။

ရဟန်းခံတစ်ခု သိမ်ထွက်တွင် ဒါယိကာမတစ်ဦးက ကျော်ကြားသော ဆရာတော်ကြီးတစ်ပါးအား ဆီးကြို၍ရှိခိုးရာ၌ ခြေသလုံးကို ဆုပ်ကိုင်၍ ခြေဖမိုးပေါ်၌ မျက်နှာထား၍ အချိန်ကြာကြာ ရှိခိုးနေပါသည်။ ဒကာမမှာ အပြစ်ရှိမရှိ၊ ဆရာတော်ကြီးမှာ ကာယကံသဂ္ဂသံဃာဒိသိသ် အာပတ် သင့်မသင့် သိလိုပါသဖြင့် ဖြေကြားတော်မူပါဘုရား။

www.dhammaransi.com ဦးလှသိန်း(ရန်ကုန်)

**ဖြေ**။ ဒါယိကာမများက ရဟန်းတော်၏ခြေသလုံးကို ဆုပ်ကိုင်၍ [illegible] လျှင် တားမြစ်နိုင်က တားမြစ်ပါ။ မရလျှင် မလှုပ်မယှက် ငြိမ် သက်စွာ နေက အာပတ် မသင့်နိုင်ပါ (ဝိ၊ ၄၊ ၁၃၂)။ ကြည်ညိုမှုဖြင့် ရှိခိုး သော ဒါယိကာမ၌လည်း အပြစ်မရှိ ကုသိုလ်သာ ဖြစ်နိုင်ပါသည်။ သို့သော် ရဟန်းတော်များ၌ အပြစ်သင့်ရန် နီးစွာသော အကြောင်းဖြစ် သဖြင့် ဤကဲ့သို့ မပြုသင့်ကြောင်း သတိရှိရာသည်။ ထို့အတူ သပိတ် စသည် ကပ်ရာ၌ ထိခြင်းမျိုး၊ မတော်တဆ ထိခြင်းမျိုး၊ မိန်းကလေးကို ယောကျ်ားလေးအမှတ်ဖြင့် ကိုင်မိခြင်းမျိုးတို့၌ အာပတ်မသင့်ပါ။

*

## ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်

**မေး**။ အရှင်ဘုရား။

ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ဟုကြားဖူးပါသည်။ ၎င်း ဆွေခုနစ် ဆက် မျိုးခုနစ်ဆက်ဆိုတာကို တိတိကျကျ သိချင်ပါသည်။ ၎င်းခုနစ် ဆက်ထက် ပို၍ ဆွေမျိုးဆိုတာ မရှိတော့ဘူးလားဆိုတာလဲ သိချင်ပါ သည်။ ဖြေကြားတော်မူပါဘုရား။

မိမိအေး(ရန်ကင်း)

**ဖြေ**။ 'အညာတိကာနာမ မာတိတော ဝါ၊ ပိတိတော ဝါ ယာဝသတ္တ မာပိတာ မဟာယုဂါ အသမ္ဗဒ္ဓါ'ဟု ပါဠိတော်ဆိုသဖြင့် ဆွေခုနစ် ဆက် မျိုးခုနစ်ဆက် အထက်အောက်တို့မှာ ဆွေမျိုးမဟုတ်တော့ပါ။ ပုံစံအားဖြင့် မိမိမှအထက်သို့ (၁) မိမိ၊ (၂) အဖေ၊ (၃) အဘိုး၊(အဘွား)၊ (၄) အဘေး၊ (၅)အဘီ၊ (၆) အဘင်၊ (၇) အဘော်။ မိမိမှ အောက်သို့ (၁) မိမိ၊ (၂) သား(သမီး)၊ (၃) မြေး၊ (၄) မြစ်၊ (၅)တီ၊ (၆) တွတ်၊ (၇) ကျွတ်၊ ၇ ဆက်။ မိမိမှ အထက် ၇ ဆက်မြောက် အဘော်၏အဖေသည်

ဆွေမျိုးမဟုတ်တော့သလို မိမိမှ အောက် ၇ ဆက်မြောက်ကျွတ်၏သား သည်လည်း ဆွေမျိုးမဟုတ်တော့ပေ။

*

## သက်ရာကျော်များ

**မေး**။ အရှင်ဘုရား။

ရွှေလက်ထက်၊ သက်ရာကျော်မည် သူများရယ်လို့၊ မှတ်သားဖို့ ဖြေစေချင်။

သက်တော်ရှိကိုလ၊ မှတ်မိရန် ဖော်ကာပြ၊ ရေးပ့ါအရှင်။
မှတ်ပါချင်၊ နှုတ်တွင်ပ ဆောင်ရေး။
ဆောင်စရာ၊ ကဗျာမှုကို ပြုပ့ါမနှေး။

သုတမောင်(ရွှေမန်း)

**ဖြေ**။ ကဿပ၊ ထေရတဲ့ အာနန္ဒာ။
ပေါက္ခရသာတိနှင့်၊ ဗာဝရီပြဟ္မာ ယှဉ်ငဲ့ပြင်၊
(မာတုဆာ၊ မာတုစ္ဆာ= မိထွေး) မာတုဆာ ပဇာပတိ၊ မင်းဝိသာခါ။
ယင်းတို့မှာ တစ်ရာက နှစ်ဆယ်စွန်း။
အနုရုဒ္ဓါ၊ ဗာကူလတို့မှာ၊ ရာမှငါးဆယ်ရောက်ကာပ၊
ခြောက်ဆယ်တိုင် သက်ရှည်ရတယ်၊ ထိုးပ့ါ မော်ကွန်း။

*

## ဘုရားဆုနှင့် ဗျာဒိတ်တော်

**မေး**။ အရှင်ဘုရား။

တပည့်တော်သည် ငယ်စဉ်ဘဝကပင် လူကြီးသူမများက ဘုရားအကြောင်းကို ပြောပြသဖြင့် အလွန်ကြည်ညိုကာ အိမ်ရှိဘုရားကို အမြဲရှိခိုး၍ ဘုရားဖြစ်ရပါလိုကြောင်း ဆုတောင်းခဲ့ပါသည်။ တပည့်တော်

www.dhammaransi.com

သည် ဘုရားအထံမှ ဘယ်သောအခါ ဗျာဒိတ်ရမည်နည်း။ အထူးသိလို ပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

ထွန်းထွန်းနိုင်၊
မကွေးမြို့။

**ဖြေ**။ 'မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္တာရဒဿနံ၊ ပဗ္ဗဇ္ဇာဂုဏ သမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ၊ အဋ္ဌဓမ္မသမောဓာနာ၊ အဘိ ဟာရော သမိဇ္ဈတိ'ဟူသော သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ် အဖွင့်အရ (၁) လူသားစင်စစ် ဖြစ်ခြင်း၊ (၂) ယောကျ်ားစင်စစ် ဖြစ်ခြင်း၊ (၃) တိဟိတ် ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်နိုင်သော ဥပနိဿယနှင့် ပြည့်စုံ ခြင်း၊ (၄) ဘုရားအစစ်ကို ဖူးတွေ့ရခြင်း၊ (၅) ရသေ့၊ ရဟန်းဖြစ်ခြင်း၊(၆) ဈာန်အဘိညာဉ်ဂုဏ်နှင့် ပြည့်စုံခြင်း၊ (၇) အသက်ကို စွန့်၍ ဘုရားဆုကို တောင်းခြင်း၊ (၈) ဘုရားဖြစ်ကြောင်းပါရမီကို ဖြည့်လိုသောဆန္ဒရှိခြင်း ဟု အင်္ဂါ ၈ ပါး ရှိသည်။

ဤ ၈ ပါးသော အင်္ဂါနှင့်ပြည့်စုံလျှင် ဘုရားဖြစ်ရန် နိယတဗျာဒိတ် ကို ရရှိနိုင်သည်ဟု ဆိုပါသည်။ ယခုခေတ်အချိန်၌ ဤအင်္ဂါ ၈ ပါးတွင် ၄ နှင့် ၆ ပြည့်စုံနိုင်ခြင်း မရှိပါ။ ထို့ပြင် ၇ အင်္ဂါအရ အလုံးစုံသောစကြ ဝဠာ မီးခဲအပြည့်ရှိအံ့၊ လှံသွားအတိ ပြွမ်းအံ့၊ ၎င်းတို့ကို နင်း၍ သွားနိုင် မှ ဘုရားဆုပြည့်မည်ဆိုလျှင်ပင် နင်းသွား၍ ဘုရားဆုကို ရယူလိုစိတ် ရှိရမည်။ ဤမျှဘုရားဖြစ်လိုစိတ် အားကြီးရမည် ဆိုပါသည်။

*

## ဟင်္သာရုပ်နှင့် တံခွန်တိုင်

**မေး**။ အရှင်ဘုရား။

စေတီတော်ရင်ပြင်၌ ဟင်္သာရုပ်၊ တံခွန်တိုင်များကို တွေ့ရလေ့ ရှိပါသည်။ အဘယ်ကြောင့် ဟင်္သာရုပ်ကို တံခွန်တိုင်ထိပ်ဖျား၌ တင်၍

www.dhammaransi.com

ထားရပါသနည်း။ မည်သည့်အထိမ်းအမှတ် ဖြစ်ပါသနည်း။ ဖြေကြား တော်မူပါဘုရား။

အရှင်ဝရသိရိ(ပုဂံ/ညောင်ဦး)

**ဖြေ**။ ဘုရားလောင်း ဇနကမင်းသည် ထွက်လာသော နေနှင့်ပြိုင်၍ ပျံသန်းရာတွင် နေမင်းထက် လျင်မြန်သောအဟုန် ရှိကြောင်း၊ ထို့နောက် သေခြင်းတရားသည် မိမိထက် လျင်မြန်ကြောင်း၊ မင်းအား တရားဟောကြောင်း ဇနကဇာတ်တွင် ပါရှိသည်။ ထိုအကြောင်းကို ပင် ထင်ရှားရန် ဘုရားရင်ပြင်၌ ဟင်္သာရုပ်တံခွန်တိုင်များ ပြုလုပ်ထား ရှိကြောင်းကို ရှေးဆရာတော်ကြီးများ အမိန့်ရှိပါသည်။

*

## စရဏတရား တစ်ဆယ့်ငါးပါး

**မေး**။ အရှင်ဘုရား။

စရဏတရား တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံမှ ဝိဇ္ဇာဉာဏ်ကို ရနိုင်သည်ဟု ဆိုပါသည်။ စရဏတရား တစ်ဆယ့်ငါးပါးကို သိလိုပါသည်။ ဝိဇ္ဇာဉာဏ်ဆိုသည်မှာလည်း ဝိဇ္ဇာဇော်ဂျီတပသီကို ဆိုလိုပါသလား ဘုရား။

ဦးဘလှိုင်(လှိုင်ကော်)

**ဖြေ**။ စရဏတရား တစ်ဆယ့်ငါးပါးဆောင်ပုဒ်မှာ "သီ၊ ဣန်၊ ဘော၊ ဇာ၊ သဒ္ဓမ္မာသတ်၊ လေးမှတ်ရူပ၊ စရဏ၊ မှတ်ကြ တစ်ဆယ့်ငါး" ၎င်းဆောင်ပုဒ်၏အဓိပ္ပာယ်မှာ (၁) သီလသံဝရ၊ (၂) ဣန္ဒြိယဂုတ္တ၊ (၃) ဘောဇနမတ္တညုတ၊ (၄) ဇာဂရိယာနုယောဂ၊ သူတော်ကောင်းတရား ၇ ပါး၊ ( သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ ဝီရိယ၊ ပညာ) လေးမှတ်ရူပ (ရူပဈာန် စတုက္ကနည်း လေးပါး၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်) ၎င်း ၁၅ ပါးကို စရဏတရားခေါ်သည်။ ဝိဇ္ဇာဉာဏ်

www.dhammaransi.com

ရကြောင်းဖြစ်သည်ဆိုသည်မှာ အဘိညာဉ်တရားများဆိုင်ရာ အရိယာ ဝိဇ္ဇာကို ဆိုပါသည်။ လောကီဝိဇ္ဇာ ဇော်ဂျီများနှင့် မဆိုင်ပါ။

*

## ဗောဓိဆု

**မေး**။ အရှင်ဘုရား။

ဗောဓိဆုဆိုသည်မှာ ဘာကို ခေါ်ပါသနည်း။ ဆုကြီးပန် ပုဂ္ဂိုလ် ဆိုသည်မှာ ဘုရားဆုပန်သူဟု ယူဆရမည်လား။ အခြားအဂ္ဂသာဝက၊ မဟာသာဝက၊ ပစ္စေကဗုဒ္ဓါဆု ပန်သည်ကိုလည်း ဆုကြီးပန်ဟု ဆိုလို ပါသလား အရှင်ဘုရား။

ဦးမောင်ဦး

မီးရထားဆေးပေးခန်း၊ တောင်ငူ။

**ဖြေ**။ ဗောဓိဟူသော ပါဠိစကားမှာ ဗောဓိ(ဗုဓိ+ဏိ) မဂ်ဉာဏ်၊ဖိုလ် ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ညောင်ဗုဒ္ဓဟေပင်၊ ဗောဓိညောင်ပင်တို့ကို ဆိုသည်။ ဗောဓိဆုဆိုသည်မှာ အရဟတ္တမဂ် ဉာဏ်၊ သဗ္ဗညုတဉာဏ်များကို ဟော၍ ဗောဓိဆုဟုဆိုလျှင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဆုများကို ဆိုလိုသော်လည်း ဆုကြီးပန်ဟု သီးခြားခေါ်ဆိုလျှင် ဘုရားဆုပန်သည် ကိုသာ တိုက်ရိုက်ရနိုင်ပါသည်။

*

## ပိဋကတ်တော်များ ရောက်ရှိချိန်

**မေး**။ အရှင်ဘုရား။

ပိဋကတ်တော်များကို သီဟိုဠ်(သီရိလင်္ကာ) ဘာသာမှ မာဂဓဘာ သာသို့ အရှင် ဗုဒ္ဓဃောသ ပြန်ဆို၍ယူဆောင်ခဲ့သည်ဟု သိရပါသည်။ မြန်မာနိုင်ငံသို့ ဘယ်လိုရောက်ရှိသည်ကို ဖြေကြားပေးပါဘုရား။

မောင်သိန်းနိုင်(ဆားလင်းကြီး)

www.dhammaransi.com

**ဖြေ**။ သာသနာတော် ၉၃၀ ပြည့်နှစ်တွင် အရှင် ဗုဒ္ဓဃောသ သီဟိုဠ်(သီရိလင်္ကာ)သို့ ကူး၍ သီဟိုဠ်(သီရိလင်္ကာ) ဘာသာဖြင့် ရေးသားလေသော ပိဋကတ်သုံးပုံပါဠိတော်၊ အဋ္ဌကထာတို့ကို မာဂဓပြန်၍ ယူဆောင်ခဲ့သဖြင့် သုဝဏ္ဏဘူမိ မည်သော သထုံပြည်သို့ ရောက်သည်။ ထိုမှသည် အရိမဒ္ဒန မည်သောပုဂံပြည်သို့ အနော်ရထာ ပင့်ဆောင်သည်ဟူ၍ စူဠဝင် ဗုဒ္ဓဃောသုပ္ပတ္တိ သာသနာဝင်စာတို့၌ လာသည်။ (သီဟိုဠ်က စွန်း၊ ဇမ္ဗူကျွန်း၊ တည်ထွန်း ဘယ်ချိန် ရောက်သနည်း။ (ဖြေ ၆၇၁ စွယ်စုံကျော်ထင်ကျမ်းမှ ယူသည်)

*

## မြတ်စွာဘုရား ကျိန်းစက်ခြင်း

**မေး**။ အရှင်ဘုရား။

မြတ်စွာဘုရားသည် ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံများတွင် မည်သည့်အခါ၌ ကျိန်းစက်တော်မူပါသနည်း။ မြတ်စွာဘုရား ကျိန်းစက်တော်မူခြင်းကို သိလိုပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

စိုးမောင်(သထုံ)

**ဖြေ**။ မြတ်စွာဘုရား ကျိန်းစက်ခြင်းကို သိလိုလျှင် မြတ်စွာဘုရား၏ ဗုဒ္ဓကိစ္စတော်ငါးပါးကို သိထားဖို့လိုပါသည်။ ၎င်းမှာ 'နေ့မှာကား လူ၊ ညမူ ရှေ့ယံ၊ သမဏံတည်း။ လယ် ယံ ရှေ့နတ်၊ ဖ လတ် လျောင်း နောက်၊ မိုးသောက်ရောက်က၊ များမြောက်ဝေနေ၊ ရှုကြည့်လေသည်။ ပရမေ ကိစ္စငါးပါးတည်း။ အဓိပ္ပာယ်မှာ မြတ်စွာဘုရားသည် (၁) နေ့အခါတွင် လူတို့အား တရားဟောတော်မူ၏။ (၂) ညအခါ ပထမရှေ့ယံတွင် ရဟန်းတို့အား တရားဟောတော်မူ၏။ (၃) မဇ္ဈိမအလယ်ယံ ရှေ့အဖို့တွင် နတ်တို့အား တရားဟောတော်မူ၏။ (၄) မဇ္ဈိမအလယ်ယံ နောက်အဖို့တွင် ဖလသမာပတ်ကို ဝင်စား၍ ခေတ္တစကြံလျှောက်ကာ

www.dhammaransi.com

လျှောင်းစက်တော်မူ၏။ (၅) ပစ္ဆိမနောက်ယံ(မိုးသောက်ယံ)တွင် ဝေနေယျသတ္တဝါတို့အား ကျွတ်ထိုက်၊ မကျွတ်ထိုက် တရားဟောရန် ကြည့်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤခေတ် စက်နာရီအားဖြင့် နှစ်နာရီနှင့်လေးနာရီအကြားလောက် (တစ်နေ့တွင် နှစ်နာရီခန့်မျှလောက်သာအနားယူ) ကျိန်းစက်တော်မူသည်ဟု မှတ်သားရန် ဖြေကြားလိုပါသည်။

*

## သံဃိကကျောင်း

**မေး**။ အရှင်ဘုရား။

သံဃိကကျောင်း၌ ကျောင်းထိုင်ဘုန်းကြီး၏မယ်တော်၊ ခမည်းတော်နှင့် ဆွေမျိုးဉာတိများ ကိုယ်ပိုင်အိမ်လို သဘောထား၍ အမြဲနေကောင်း၊ မကောင်း၊ နေလျှင်လည်း နေသူများ၏ ဖြစ်နိုင်သော အကျိုးအပြစ်များကို ဖြေကြားပေးပါရန်၊ ဘယ်လိုပုဂ္ဂိုလ်မျိုးမှသာ နေထိုင်သင့်သည်ကို သနားသောအားဖြင့် ဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ကျော်ဇေယျ၊ ရန်ကုန်။

**ဖြေ**။ သံဃိကကျောင်း၌ လူများကို မဆိုထားဘိ၊ ရဟန်းသံဃာတော်များပင် လွန်စွာ အလေးအမြတ်ပြု၍ နေကြရပါသည်။ ကျောင်းနံရံအခင်း စသည်များ ပွန်းပဲ့ပေကျံမှု မရှိရန်၊ ခန္ဓာကိုယ်နှင့် မထိမခိုက်ရန်၊ ရေစိုသော ခြေဖြင့် ကြမ်းပြင်ပေါ် မသွားရန်၊ ချွေးအညစ်အကြေးရှိသော ခန္ဓာကိုယ်နှင့် မထိမိစေရန် စသည်အထူးစောင့်စည်းရပါသည်။ ရဟန်းဘဝဖြင့် သံဃိကကျောင်း၊ အုတ်အင်္ဂတေအခင်းတွင် မီးဖိုခဲ့၍ အမည်းကွက်ကြီး ဖြစ်စေခဲ့သဖြင့် ၎င်းဘဝမှ စုတေသော် အပ်အမွေး ပေါက်သော သူစိတ်လောမဘီလူးဖြစ်၍ မိမိအမွေးမှ အခါမပြက် ...

www.dhammaransi.com

ဒုက္ခကြီးစွာဖြစ်ရသောဝတ္ထု ရှိပါသည်။ ရဟန်းများပင် ထိုမျှ စောင့်စည်းရသည်ကို ကြည့်၍ ရဟန်းခမည်းတော်၊ မယ်တော်၊ ဆွေမျိုး ဉာတိပင် ဖြစ်စေ လူများအဖို့ မည်မျှရိုသေလေးစားရမည်ကို မှန်းဆသိသာနိုင် ပါသည်။

*

## ကုသိုလ်အတူရ မရ

**မေး**။ အရှင်ဘုရား။

အိမ်ထောင်တစ်ခုတွင် ခင်ပွန်းဖြစ်သူ ကုသိုလ်ဒါနပြုလျှင် ခင်ပွန်းသည်သာ ရရှိသည်။ ဇနီးမရရှိပါ။ ဇနီးဖြစ်သူ ကုသိုလ်ဒါနပြုလျှင် ခင်ပွန်းသည်သာ ထပ်တူထပ်မျှ ရရှိသည်ဟု ပြောဆိုနေကြပါသည်။ မှန်မမှန် သိလိုပါ၍ ဖြေကြားတော်မူပါ အရှင်ဘုရား။

ဒေါ်ဝင်းဝင်းမေ၊ ဆင်တဲ။

**ဖြေ**။ ဇနီးမောင်နှံတို့ အလှူဒါနပြုရာတွင် သမသဒ္ဓါ တူမျှသော သဒ္ဓါတရားရှိခြင်း၊ သမ စိတ္တာ စိတ်ထားတူမျှခြင်းရှိလျှင် နှစ်ဦးစလုံးပင် ကုသိုလ်ကောင်းမှု၏အကျိုးကို ရရှိပါသည်။ ဤသို့ သဒ္ဓါစိတ်ဓာတ်မတူညီပါက ပြုသူသာရ၍ နှစ်ဦးလုံးမရနိုင်ပါ။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာတွင် 'ပြုခြင်းအလို၊ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာ မရ၊ လင်ပြုကလည်း၊ မိန်းမအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး၊ သူဇာ မာဃ၊ အသယှတို့၊ ရှေးကဝတ္ထု၊ နှိုင်းယှဉ်ရှု၍၊ အကုသလ၊ ကုသလ၏၊ ကမ္မဿကာ၊ လက္ခဏာကို၊ မြဲစွာဝမ်းတွင်း၊ နှလုံးသွင်းလော့(မဃပုဒ်-၂၈၉)ဟု ဖွဲ့ဆို သတိပေးထားပါသည်။

ရဝေထွန်း

www.dhammaransi.com